www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အခန်းတစ်

ခြံထဲမှာ စံပယ်တွေလှိုင်နေသည် ...

စီးပွားဖြစ် စိုက်ပျိုးထားခြင်းဖြစ်၍ စံပယ်ပင်ငယ်များစွာ စုပေါင်းဖွဲ့အုံထားသည့် စံပယ်ရုံချည်း ဆယ့်နှစ်ရုံရှိသည်။

တစ်သက်လုံး ခြံစိုက်စားလာသော 'ဦးဘခင်' ၏ ကျွမ်းကျင်မှုကြောင့် စံပယ်ရုံတိုင်းမှာ လတ်ဆတ်လန်းဆန်းသော အရွက်ဖားဖားကြီးများက စိမ်းညို့ ထောင်မော့နေကြသည်။

ရွက်ချင်းဆက်နေသည့် စံပယ်ရုံတစ်ပြင်လုံးမှာ ဖွေးဖွေးဆွတ်နေသော စံပယ်ငုံတို့က နံနက်ဦးမှာ ပွင့်အာနေကြပြီ။ အပွင့်တိုင်း ကြီးမားပြန့်ကားသဖြင့် အစိမ်းရင့်ပေါ်မှာ အဖြူဆွတ်ဆွတ်အရောင်က ပိုမိုတောက်ပနေပေသည်။

"မွှေးလိုက်တာဗျာ၊ တစ်ခန်းလုံးကို သင်းနေတာပဲ၊ ဒါနဲ့ တိုးဆင်းလာကြည့်တာ"

အသံကြားရာကို လှည့်ကြည့်လိုက်တော့ ကောင်လေး ပေါက်စလေးတစ်ယောက်။

"မောင်လေးက တိုက်သစ်ကြီးကို ပြောင်းလာတာလားဟင်"

www.burmeseclassic.com



"ဟုတ်တယ်၊ တိုးတို့ မနေ့ကမှ ပြောင်းလာကြတာ"

"ဩော် ..."

စံပယ်ပန်းများကို ဆက်တိုက်ရှုးရင်းက ကောင်လေးကို ကြည့်လိုက်မိသည်။ ပိန်ပိန်ရှည်ရှည်လေး။ အသားလေးကတော့ ဖွေးနေအောင် ဖြူသည်။ နှာခေါင်း ချွန်ချွန်၊ မျက်ခုံးကောင်းနှင့် ပြုံးနေသည့် မျက်နှာလေးက ချစ်စရာ။

"မမနာမည် ဘယ်လိုခေါ်လဲဟင်"

"စံပယ်လှိုင်"

"ဟုတ်လို့လားဗျ"

"ဟာ ... နာမည်ပဲ ဘာလို့ညာပြောရမှာလဲ"

"ဒါဆို နာမည်နဲ့ သိပ်လိုက်တာပဲ၊ အဲဒီနာမည်ကို ဘယ်သူပေးတာလဲဟင်"

"အမေ"

"မမကို ခုလို စံပယ်တွေ လှိုင်လှိုင်ပွင့်တဲ့အချိန်မှာမွေးလို့ ပေးတဲ့နာမည်ပဲဖြစ်မယ်နော် ဟုတ်လားဟင်"

ကောင်လေးကို တအံ့တသြ ကြည့်လိုက်မိသည်။ အရွယ်နှင့် မလိုက်အောင် အတွေးအခေါ်ကောင်းလှသော ကလေးလေးပါလား ...။

သူပြောသလိုပင် စံပယ်လှိုင့်ကို မွေးတဲ့မနက်က ဘယ်သူမှ စံပယ်ပန်း မရှုးအားကြ၊ တစ်ခြံလုံး စံပယ်တွေဖွေးပြီး၊ မွေးပြီး လှိုင်နေလို့ အမေကိုယ်တိုင် စံပယ်လှိုင်လို့ ပေးခဲ့တဲ့အမည်ဖြစ်ကြောင်း ဒီကလေးကြိုတွေးတတ်နေပါလား ...။

"မမ စံပယ်လှိုင်"

သူက သံဆူးကြိုး၏ ဟိုမှာဘက်က လှမ်းခေါ်ပြီး လက်ကလေး တစ်ဘက် ထုတ်ကမ်း၍ ...





"တိုးကို စံပယ်တစ်ဆုပ်လောက် ပေးပါနော်"

သူ့ဒွေးသားဆိုပြီး ရင့်သီးဟန်နှင့် ရောင်းစမ်းပါဟု ငွေစကား မပြောလေသော ကောင်လေး၏လက်တွင်းသို့ စံပယ်တစ်ဆုပ်ကြီး ထည့်ပေးလိုက်ပြီး ...

"မောင်လေးနာမည်က တိုးတဲ့လား"

"ဟုတ်ကဲ့ဗျ၊ တိုးဆိုတာ ခွေးတိုးပေါက်၊ ကြွက်တိုးပေါက်ဆိုပြီးလဲ 'ပြောနေကြတာပဲ"

စံပယ်လှိုင်က ရယ်မောရင်း ...

"တိုး တစ်လုံးတည်းလား"

"ကျောင်းနာမည်က တိုးလွင်ဦးပါ"

"နာမည်က လှသားနဲ့ ဦးဆိုလဲ ကောင်းတာပဲ"

"ဦးဆိုတာက အခု ဘယ်ကောင်းမလဲ၊ အသက်ကြီးမှ 'ဦး' လို့ခေါ်လို့ကောင်းမှာ။ အဲဒီအချိန်ကျတော့လဲ ဦးလို့ခေါ်တဲ့လူ ပေါ်ချင်ပေါ်လာဦးမှာပေါ့နော် မမစံပယ်လှိုင်"

ပထမဆုံး စတင်တွေ့ရသည့်နေ့ကပင် တိုး ဆိုသော ကောင်လေးသည် နောင်တစ်ချိန်၌ ဦးအဖြစ် ခံယူချင်သော စကားတစ်ရပ်ကို ပြောဆိုခဲ့ပေသည်။ 'ဦး' ဆိုသည်မှာလည်း စံပယ်လှိုင်နှင့် သက်ဆိုင်ပတ်သက်လာလေမည် ဟူသည်ကိုလည်း တွေးစရာအဖြစ်ပင် မတွေးမိခဲ့ ...။

"စံပယ်ပန်းပေးတာ ကျေးဇူးပဲမမ၊ တိုးရဲ့ စာကြည့်စားပွဲမှာထားပြီး စာသွားကျက်ဦးမယ်နော်"

"ကောင်းပြီတိုး၊ နောက်လိုချင်လဲ လာယူနော်"

"ဟုတ်ကဲ့၊ မမစံပယ်လှိုင်"

▢



www.burmeseclassic.com

www.burmeseclassic.com



## အခန်းနှစ်

"ဟဲ့ ... မုန့်တွေက များလှချီလား၊ နင်သွားတောင်းသလား"

"ဟာ ... အမေကလဲ သူတောင်းစားမှမဟုတ်တာ၊ တောင်းပါ့မလား"

"အေးလေ၊ နင့်အမေ မေးပုံကလဲ"

"ကောင်လေးက သူ့ဟာသူ လာပေးတာပါ။ သူ့မွေးနေ့အတွက် မွေးနေ့ကိတ်တွေ လာပေးကြတဲ့အထဲက ပေးတာတဲ့ ... သမီးဆီကလဲ စံပယ်ပန်းတွေ လာလာတောင်းနေတာပဲ"

"ကောင်လေးက နွဲ့နွဲ့ပျောင်းပျောင်းလေး၊ မိန်းမလျာလေးကျ နေတာပဲ"

အမေ 'ဒေါ်အေးမေ'၏ ဝေဖန်စကား ...။

စံပယ်လှိုင်တို့က မိသားစုသုံးယောက်တည်းသာ ...။

အဖေက ခြံလုပ်ငန်းကို ဝါသနာကြီးစွာ၊ ဝီရိယကြီးစွာ လုပ်ကိုင်တတ်သည်။ အိမ်ပေါ်မှာ ထိုင်နေရသည်ထက် ခြံထဲမှာ ပေါင်းသင်မြက်ရှင်း၊ အပင်ပျိုး၊ အပင်ခွဲ၊ ဆေးဖြန်း စသည်တို့ကို ပိုမို၍ လုပ်ချင်နေတတ်သော အဖေပါပေ။





အမေကတော့ ရောဂါသည်၊ သူ့တွင်ရှိနေသော ရောဂါကိုလည်း မြတ်နိုးစွာ လက်ခံနေတတ်သူပါ။

"မနေ့ကမှ တော်သေးတယ်။ ဒီနေ့ ပိုပြီး နေမကောင်းဘူး၊ မနေ့ကထက် အသက်ရှူပိုကျပ်တယ်"

ဆိုသောစကားကို အမေ တစ်နေ့ကလည်း ပြောခဲ့သည်။ မနေ့ကလည်း ပြောသည်။ နေ့စဉ် ပြောနေတတ်သော အမေ ...။

အမေ့ရောဂါက မစိုးရိမ်ရ၊ မျိုးရိုးစဉ်ဆက် ပါလာသော ပန်းနာရင်ကျပ်ရောဂါဖြစ်သည်။ အလုပ်လည်း ကောင်းစွာ မလုပ်နိုင်ရှာ။

အမေ့ကို အဖေနှင့် စံပယ်လှိုင်တို့က ခွင့်လွှတ်ထားကြသည်။ ချစ်ခင်မြတ်နိုးစွာဖြင့် ဘာအလုပ်မှ မလုပ်စေရ။

အဖေက ခြံစိုက်ပြီး စီးပွားရှာသည်။ စံပယ်လှိုင်က ထမင်းချက်၊ အဝတ်လျှော် အိမ်အလုပ် အကုန်လုံးလုပ်။

မနက် လေးနာရီခွဲလောက် ထပြီး တစ်ခြံလုံးက စံပယ်တွေခူး ...

သည်သို့ပင် ချမ်းသာခြင်း၊ ပြည့်စုံခြင်းများ မရှိသော်လည်း မိသားစု သုံးယောက် ဝလင်အောင်စားပြီး အေးငြိမ်းစွာနေထိုင်ရပါလေသော စံပယ်လှိုင်တို့ မိသားစုလေးပါ။

ခြံက ဧကဝက်ရှိသည်။ ခြံ၏နောက်ဘက်နားတွင် စံပယ်လှိုင်တို့ နေခွင့်ရသော အိမ်ငယ်လေးတစ်လုံးက သပ်သပ်ရပ်ရပ်ရှိသည်။

"ကိုဘခင် တို့လဲ တိုက်မဆောက်နိုင်သေးဘူး၊ ကြာဦးမှာပါ။ ဆွည်းစုရဦးမယ်၊ ဒါကြောင့် ခြံထဲမှာ လာနေပေးပါ"

ဦးဘခင် ငယ်စဉ်ကပင် ရင်းနှီးယုံကြည်ခံခဲ့ရသော ဤမြေပိုင်ရှင် ဦးအောင်ဟိန်းက အပ်နှံသဖြင့် ဦးဘခင်တို့မိသားစု ဤဝင်ဒါမီယာသို့ ပြောင်းရွှေ့လာဖြစ်ခဲ့ကြသည်။ အစက ဘောက်ထော်မှာ ဦးဘခင်၏



www.burmeseclassic.com

www.burmeseclassic.com



ညီမိသားစုနှင့် တွဲနေပြီး ခြံပဲလုပ်စားကြသည်။ ဂေါ်ဖီ၊ ဆလတ်ရွက်၊ ပဲသီး စသော ရာသီသီးနှံများကို ကိုယ်တိုင် ထမ်းပို့ရသဖြင့် ပင်ပန်းလှချေသည်။

ယခုတော့ ဤခြံမှာ စံပယ်ရုံနှင့်ပင် မိသားစုစားလောက်နေပါ၏။ ရေပိုက်သွယ်ပြီးသားရှိ၍လည်း ဘောက်ထော်မှာလို တွင်းမှ ရေငင်မနေရ။

ထွက်သမျှ စံပယ်ပန်းများကိုလည်း ဝယ်သူက အဆင်သင့်။ စံပယ်ပွင့်များ ရာရေနှင့် ရောင်းချရုံသာ။

ခြံထောင့်မှာ အုတ်ပုံတစ်ပုံက သစ်ပင်လေးများ ပင်ပေါက်နေအောင် အသက်ရှည်ခဲ့လေပြီ။

နှစ်ထပ်တိုက်တစ်လုံးစာ ပစ္စည်းရပြီး တိုက်ကြီးပြီးခါမှ သူတို့ဤခြံမှာ ဖယ်ပေးရမည်ထင်သည်။ သုံးလေးနှစ်တော့ ကြာလိမ့်ဦးမည်ပင်။ တိုက်ပိုင်ရှင် ပြောင်းလာလျှင်လည်း သူတို့ကို ဆက်လက်၍ ထားချင်ထားမလား မပြောနိုင်သေး။

"ဟာ အေးမာ ကိတ်မုန့်တွေ စားလှချည်လား၊ တော်ကြာ ရင်ကျပ်နေဦးမယ်"

"တော်ကလဲ ...၊ ဒါမျိုးက ဝယ်စားနိုင်တာ မဟုတ်ဘူး ...၊ အလကားရတုန်း စားရတာ၊ ကျပ်ကျပ်တော် ဆေးသောက်ယူမယ်"

"ကောင်းကွာ၊ သူကြိုက်တာဆိုရင် ဆေးသောက်ယူမယ်၊ မကြိုက်တာဆိုရင် မစားဝံ့ပါဘူးတော် ..."

"ကိုဘခင် ရှင်နော်"

အဖေက အမေ့ကို စ ပြီး တဟားဟား ရယ်မောလျက် ခြံထဲဆင်းသွားတော့သည်။





"ဟိုဘက်တိုက်ကြီးကို ပြောင်းလာတာ သူဌေးတွေထင်တယ်နော် သမီး"

"ဒီတိုက်ကြီးဝယ်ပြီး ပြောင်းလာပါတယ်ဆိုမှ ချမ်းသာလို့ပေါ့ အမေရာ"

"မိသားစု ဘယ်နှစ်ယောက်လဲ"

"တိုးဆိုတဲ့ ကောင်လေးရယ်၊ သူ့အဖေနဲ့ အမေရယ် ဒါပဲ၊ အိမ်ဖော်တွေတော့ ပါတာပေါ့"

"မိသားစုက သုံးယောက်တည်းပေါ့"

"အင်း"

"အခြွေအရံတွေကတော့ အများကြီးပါလား၊ ကားကလဲ နှစ်စီးတောင် မြင်တယ်"

"သူတို့ကသိုလ်နဲ့ သူတို့ပေါ့ အမေရာ"

စံပယ်လှိုင် အမေ့နားမှ ထလာသည်။ နက်ဖြန် စံပယ်ကုံးများသီဖို့အတွက် ကြိုးစလေးများ ဖြတ်ပြီး ဖယောင်းတိုင်တိုလေးနှင့် တိုက်ထားရဦးမည်။ မြန်မာဖြစ် အပ်ချည်များက ပြတ်တတ်၍ ခပ်တောင့်တောင့်လေး ဖြစ်နေလျှင် သီ၍ လွယ်ကူရန်ပါ ...။

အမေတော့ ကိတ်မုန့်များစားပြီး အိပ်ရန် ပြင်ဆင်နေလေပြီ ...။

အဖေက ခြံထဲမှ သူ့သစ်ပင်လေးများကြားမှာ အေးငြိမ်းရှင်ပျစွာ အလုပ်လုပ်နေပါ၏။

ပြည့်စုံကြွယ်ဝခြင်းကင်းသော်လည်း စိုးရိမ်ပူပန်ရသော သောကများ မရှိသည့်၊ သာယာအေးငြိမ်းလှသော မိသားစုလေးအတွင်းမှ စံပယ်လှိုင် မည်သော မိန်းကလေး၏ ရှေ့ခရီးသည် ...။

❐



www.burmeseclassic.com

www.burmeseclassic.com



## အခန်းသုံး

"မမစံပယ်လှိုင်က ကျောင်းမနေတော့ဘူးလားဟင်"

"မနေတော့ဘူး တိုး၊ လေးတန်းအောင်ပြီးတာနဲ့ ထွက်လိုက်ရတယ်"

"ဘာဖြစ်လို့လဲ"

"အမေတို့က မထားနိုင်လို့ပေါ့"

"မထားနိုင်ဘူးဆိုတာ ဘာကိုပြောတာလဲဟင်"

"သြော် ... မောင်လေးရယ်၊ မထားနိုင်ဘူးဆိုတာက ပိုက်ဆံမတတ်နိုင်တာကို ပြောတာပေါ့"

"ဟာ ... ကျောင်းတက်တာ ပိုက်ဆံမှမပေးရတာ မမစံပယ်လှိုင်ရဲ့၊ တိုးတို့က ကျူရှင်တွေတက်နေရလို့ ပိုက်ဆံကုန်တာ"

"ကျောင်းလခမပေးရပေမယ့် မိဘဆရာအသင်းကြေးတို့၊ ကျောင်းဝင်ကြေးတို့ ပေးရတယ်မဟုတ်လား၊ စာအုပ်ဖိုးကလဲ ကုန်သေးတယ်။ မမတို့က ဆင်းရဲတယ်လေ တိုးရယ်၊ ပြီးတော့ ဒီခြံအလုပ်ကို မမပါဝင်ကူပေးနေရတော့ ကျောင်းလဲ မတက်အားတော့ဘူးပေါ့၊ ဒါနဲ့ မောင်လေးက ဘယ်နှစ်တန်းလဲဟင်"

"ရှစ်တန်း အောင်ပြီဗျ"

"ကျောင်းဖွင့်ရင် ကိုးတန်းတက်ရတော့မှာပေါ့နော်"

"ဟုတ်တယ်၊ ကိုးတန်းတည်းက အပြတ် ကျုံးရမယ် မမစံပယ်လှိုင်ရ၊ ဒါမှ တိုး အမ်(မ်)စီ ဝင်မှာ"

"ဘာဝင်မှာ"

"ဆရာဝန်လိုင်းရမှာကို ပြောတာ"

"သြော် ... တိုးက ဆရာဝန်ကြီး လုပ်မလို့လား"

"ဟုတ်တယ်၊ ဒေါက်တာတိုးလွင်ဦး ဖြစ်ချင်တယ်"

"ဖြစ်မှာပေါ့၊ မောင်လေးတို့က သူဌေးပဲ"

"ငွေပေးပြီး သင်နိုင်တာတော့ ဟုတ်တယ်၊ တိုးကလဲ ကြိုးစားရဦးမှာ မမစံပယ်လှိုင်ရ"

"အေးပေါ့"

"မမ ဘာစားတာလဲ ဟင်"

"စလူမုန့်"

"ပြစမ်း"

စံပယ်လှိုင်လက်တွင်းမှ ညိုဝါရင့်ရောင် ရှည်မျောမျော မုန့်လေးများကို ကြည့်ပြီး ...

"တိုး မစားဖူးဘူး၊ ကြားတောင် မကြားဖူးဘူး"

"ကောက်ညှင်းနဲ့ ဆန်ကြမ်းကိုကြိတ်ပြီး စလူဖက်နဲ့ထုပ်ပြီး လုပ်ထားတဲ့မုန့်၊ ထန်းလျက်ရည်လဲ ပါတယ်၊ စားကြည့်ပါလား"

တိုးက လှမ်းယူတော့ အုန်းသီးများများ ပါသွားအောင် လူးကပ်ပေးလိုက်မိသည်။

"ကောင်းတယ်နော် ... မမ"

"တိုးတို့က မြန်မာမုန့်တွေ မစားကြဘူးထင်တယ်"





www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မနက်ဆို ပေါင်မုန့်ကင်နဲ့ ကြက်ဥပဲ စားရတယ်၊ မစားချင်လဲ စားရတယ်"

"ဒါဆို မမခြံဘက်ကူးခဲ့လေ၊ မမဈေးက မုန့်တွေဝယ်လာခဲ့မယ်"

"အင်း ... ဝယ်ခဲ့၊ တိုး လာလာပြီးစားမယ်၊ မာမီ မသိစေနဲ့နော်"

"စိတ်ချ"

သည်သို့ဖြင့် တိုးနှင့် စံပယ်လှိုင်တို့၏ လျှို့ဝှက်မှုကြီးက နေ့စဉ်နေ့စဉ် အောင်မြင်နေတော့သည်။ မုန့်ဗိုင်းတောင့်၊ ပဲမုန့်၊ ဘီးမုန့်၊ ကောက်ညှင်းပေါင်း ပြန်ပေါင်း၊ သာကူမုန့်ဖက်ထုပ်၊ ကောက်လှိုင်းတီ၊ ထန်းသီးမုန့်မှအစ နောက်ဆုံး ဈေးပေါပေါ ခေါက်ဆွဲသုပ်များအထိ တိုးက နှစ်ခြိုက်စွာ သူ့မာမီ မသိအောင် လာ၍ ခိုးစားနေကျ ...။

"မမစံပယ်လှိုင်တို့ ခြံလေးက ပျော်စရာလေးနော်"

"အိုး ... တိုး စကားကပြောင်းပြန်၊ လိုလေသေးမရှိတဲ့ တိုးတို့ရဲ့ တိုက်ကြီးကမှ ပျော်စရာကြီးပါကွာ၊ ဒီမှာက ဘာမှ မှ မရှိတာ"

တိုးတို့ တိုက်ကြီးပေါ်တွင် ခိမ်ခံပစ္စည်းမျိုးစုံ ရှိနေကြောင်း စံပယ်လှိုင် သိခွင့်ရပြီးသား။

တိပ်ရီကော်ဒါနှင့်၊ စန္ဒရားနှင့်၊ ရေခဲသေတ္တာနှင့်၊ ရုပ်ရှင်ပြစက်ပင် ရှိသည်ဟု တိုးတို့အိမ်မှ ထမင်းချက် ကြီးကြီးစုက ပြောပြဖူးသည်။ စံပယ်လှိုင်တော့ တိုးတို့ တိုက်ကြီးပေါ်ကို တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးခဲ့။

"တိုးတို့ဆီမှာ အစုံရှိပေမယ့် ဒီခြံလေးကြည့်ရတာ ပျော်စရာ၊ ဟိုလေ ... အေးချမ်းသာယာတယ်လို့ ပြောရမယ်ထင်ပါရဲ့ မမစံပယ်လှိုင်ရယ်။ ကြည့်ပါဦး၊ ခြံကျယ်ကြီးတစ်ခုလုံး ရှင်းလို့၊ စံပယ်ဖူးလေးတွေက ဖွေးပြီး နှင်းဆီဖူးလေးတွေကျတော့ ပန်းနုရောင်၊ ပြီးတော့ တစ်ခြံလုံးက အရွက်တွေက ပိုစိမ်းပြီး ပိုလန်းနေသလိုပဲနော်၊ ကြည့်ရတာကိုက ရင်အေးစရာ"





တိုးလွင်ဦး ဆိုသော ကလေးငယ်သည် ပြည့်စုံမှုဖြင့် ပိတ်ကျပ်ခြင်းထက်၊ လွတ်လပ် အေးငြိမ်းခြင်းကို ပိုမို စုံမက်နှစ်သက်ခြင်းရှိပါကြောင်း ထိုအချိန်က တိုးရော သူ့မမစံပယ်လှိုင်ပါ သရုပ်မခွဲတတ်ခဲ့ကြ ...။

"မမစံပယ်လှိုင်က သိပ်အလုပ်လုပ်တာပဲနော်"

ခြံထဲမှာရှိသော သစ်ပင်ကြီးများမှာ မိုတွယ်နိုင်ခြင်း ကင်းလေပြီဖြစ်သော ဇရာရွက်ကြွေများကို တစ်ရွက်ချင်း လိုက်ကောက်ပြီး မီးရှို့ရန် စုပုံနေသော စံပယ်လှိုင်ကို ကြည့်ပြီး တိုးက ပြောသည်။

"အလုပ်လုပ်လို့ ပိန်ညှောင်လေး မဖြစ်တာပေါ့ တိုးရ"

"ဒါ တိုးကို ပြောတာဗျ၊ ဟုတ်တယ်နော်၊ မမစံပယ်လှိုင်ရဲ့ လက်နဲ့ တိုးရဲ့လက်နဲ့ ယှဉ်ကြည့်စမ်း၊ အဟား တစ်ဝက်လောက်ပဲ ရှိတယ်နော် ..."

စံပယ်လှိုင်၏ လက်ကိုဆွဲယူပြီး လက်ဖျံချင်း ယှဉ်ကြည့်လိုက်သည်။

သူပြောသလိုပင် ဖြူဖြူဖွေးဖွေး လက်ကလေးက စံပယ်လှိုင်၏ လက်နှင့် တစ်ဝက်စီလောက် ကွာခြားနေ၏။

စံပယ်လှိုင်က အသားညိုပြီး ဝိုနေသည်။ အပျိုစင်လေးမို့ နေရာဘိုင်း တင်းပြည့် ပြေပြစ်နေလေသည်။

စံပယ်လှိုင်၏ မျက်နှာက အပြစ်ပြစရာမရှိအောင် လှသော်လည်း အသားညိုသဖြင့် အလှက မပေါ်လွင်လှ ...

"မောင်လေး ..."

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အဖေတို့အသိ သူဌေးသားတစ်ယောက်က တစ်ခါက ပြောဖူးတယ်၊ သူယောက်ျားပီသတာ ရေကူးလို့တဲ့။ ဟုတ်မယ်ထင်တယ် တိုးရဲ့၊ သူ့အရပ်က အရှည်ကြီး၊ ဗလကလဲ ကောင်းတယ်"

"ဟုတ်လား၊ တိုး ရေကူးသင်ရင် ကောင်းမယ်ထင်တယ်နော်၊ မမစံပယ်လှိုင်ရော ရေကူးတတ်လား ဟင်"

"ကူးတတ်တာပေါ့၊ အမေတို့ ရွာပြန်တုန်းက ချောင်းထဲမှာ သင်လာခဲ့တာ၊ တိုး ရေကူးသင်လို့ဖြစ်မှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲ မမစံပယ်လှိုင်ရ"

"တိုးတို့အိမ်က ဘယ်စိတ်ချမလဲ၊ ကျောင်းသွားတာတောင် လွယ်အိတ်လွယ်ပြီး လိုက်စောင့်သူက တစ်ယောက်၊ ကားမောင်းသူက တစ်ယောက်"

"အခု ကျောင်းပိတ်ထားတုန်းဆို ရေကူးကန်မှာသင်ရင် ရမယ်"

"ရေကူးကန်ဆိုတာ ရေကူးသင်လို့ ရတယ်လား။ ရေကူးကန်ဆိုတာ ကြားသာကြားဖူးတာ၊ မမ တစ်ခါမှ မမြင်ဖူးဘူး"

"သင်လို့ရတယ်၊ မမပြောတဲ့ ဒီခြံပိုင်ရှင်လဲ ရေကူးကန်မှာ ကူးမှာပေါ့၊ ရန်ကုန်မြို့မှာ ချောင်းမှ မရှိတာ"

"အေးနော်"

"ဒီခြံပိုင်ရှင်က မာမီတို့နဲ့ အမျိုးလို့ပြောတယ်၊ ဒါကြောင့် တိုးတို့လဲ ဟိုဘက်ခြံ ဝယ်ဖြစ်တာတဲ့"

"တိုးတို့က အစက ဘယ်မှာနေတာလဲဟင်"

"မြို့ထဲမှာ၊ ပန်းဆိုးတန်းမှာ။ အခုမှ ချမ်းသာလာလို့ ဒီကိုပြောင်းလာတာ မမစံပယ်လှိုင်ရ ..."

တိုးတို့ အခုမှ ချမ်းသာလာသည် ဆိုသော်လည်း ဘာကြောင့်





ချမ်းသာသည်၊ ဘာစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြသည် ဆိုသည်များကို မမေးမိလိုက်၊ မေးစရာအကြောင်းဟူ၍လည်း မထင်ခဲ့မိ။

သြော် ... ဒီတုန်းကလဲ စံပယ်လှိုင်က ဆယ့်ရှစ်နှစ်သမီး၊ ရှစ်တန်းကျောင်းသားလေး တိုးက ဆယ့်လေးနှစ်သားလေး အရွယ်ပဲကိုး။ ဘဝနှင့်ယှဉ်သော အတွေးအသိများ ကင်းမဲ့ခဲ့သဖြင့်လည်း ဆက်ဆံခင်မင်မှုမှာ ပေါ့ပါး လွတ်လပ်ခဲ့လေသည်။

ကာလသည် တိုးနှင့် စံပယ်လှိုင်တို့၏ ရင်းနှီးမှုများကို ပိုမို၍ခိုင်မြဲစေခဲ့ပါပြီ။

ကျောင်းများဖွင့်ပြီး တိုး ကိုးတန်းတက်ရသော အချိန်ကာလများရောက်လာတော့ တိုးနှင့် စံပယ်လှိုင်တို့၏ ခင်မင်မှုမှသည် ရင်းနှီးမှုသို့ပြောင်းလဲခဲ့ပြီး ဘယ်သောအခါမျှ မမေ့ပျောက်နိုင်အောင် ခိုင်ခံ့မြဲမြံသော သံယောဇဉ်များလည်း နှစ်ဦးလုံး၏ရင်မှာ ဖြစ်တည်ခဲ့ကြပါပြီ ...။

❐



www.burmeseclassic.com

www.burmeseclassic.com



## အခန်းလေး

"ဟယ် ... စံပယ်လှိုင် ဟိုဘက်ခြံကို ကြည့်လိုက်စမ်း"

"ဟာ ... ဒုက္ခပါပဲ"

ဂျာမနီနိုင်ငံမှ အရှေ့ဘာလင်နဲ့ အနောက်ဘာလင်တို့ ပိုင်းခြားကာရံလိုက်စဉ်က မိသားစုများ၊ ချစ်သူများ ခံစားကြရမည့် ခံစားမှုမျိုးထက် လျော့နည်းမည်မထင်၊ စံပယ်လှိုင်၏ရင်မှာ တစ်ခုခု ဆုံးရှုံးသွားသလို ခံစားလိုက်ရပါ၏။

ယခင်က သံဆူးကြိုးအဆွေးများ ကာရံထားပြီး ဟိုဘက်ခြံနှင့် သည်ဘက်ခြံသို့ ငုံ့၍ဝင်လို့ရသော နေရာတွင် ...

အုတ်များ တစ်ချပ်စီ၊ တစ်ချပ်စီ၊ တစ်ထပ်စီဆင့်၍ ခြံစည်းရိုးခတ်လိုက်လေပြီ၊ ဘယ်လိုမှ ကူး၍မရနိုင်သော ခိုင်မာ မြင့်မားသည့် အုတ်တံတိုင်းကြီးက တိုးနှင့် စံပယ်လှိုင်တို့ကို ပိုင်းခြားဆီးကာခဲ့လေပြီ။

"တိုး ကူးလာလို့ မရတော့ဘူးပေါ့နော် အမေ"

စားပွဲဝိုင်းပေါ် ဝါးအုပ်ဆောင်းအောက်မှ အုန်းသီးနိုင်နိုင်နှင့် ထန်းသီးမုန့်ပန်းကန်ရှိရာကို ကြည့်ပြီး စံပယ်လှိုင် ဝမ်းနည်းလာမိသည်။





မောင်လေးတိုး သိပ်ကြိုက်သဖြင့် မနက်က ဈေးမှဝယ်လာခဲ့ခြင်းဖြစ်သည်။

"ညည်းနှယ်အေ ခြံတံတိုင်းခတ်တော့ရော ဘာဖြစ်လဲ၊ သူလာချင်ရင် အိမ်ရှေ့ပေါက်က လှည့်လာလိမ့်မယ်ပေါ့၊ ဟော ပြောရင်းဆိုရင်း လာပါပြီတော်"

အတွေးလွန်မိသော အဖြစ်ကြောင့် ရှက်စနိုးလေးပြုံးကာ တိုးကို ပြေးကြိုမိသည်။

"မမစံပယ်လှိုင် ကဗျာ တိုးကို စံပယ်ပန်းလဲ ဒီမနက်ပေးမသွားဘူး"

"အပွင့်ကြီးတွေ ခူးထားတာ တိုးရဲ့၊ မနက်က မမ ဈေးသွားတော့ တိုးတို့အိမ်က ဘယ်သူမှ မထကြသေးဘူး။ ထမင်းချက်တဲ့ ဒေါ်သက်စကြီးများ ထွက်လာမလားလို့ မမ အကြာကြီး စောင့်ကြည့်နေသေးတာ၊ မတွေ့လို့ မပေးခဲ့ရတာ၊ တိုးအခန်းကလဲ ပိတ်ထားတယ်"

"တိုး ကိုးနာရီကျော်မှ အိပ်ရာက ထတယ်"

"အိပ်ပုပ်ကြီးလေး"

တိုးက ပြုံးနေသည်။ စံပယ်လှိုင်က သောက်ရေအိုးဖုံးပေါ်မှာ ရေစပ်စပ်နှင့် တင်ထားခဲ့သော စံပယ်ခက်များကို စုစည်းယူလာခဲ့သည်။ အဖူးလေးတွေရော၊ အပွင့်များပါ စုစည်းနေသည့် စံပယ်ရိုးညှာကို စိမ်းလတ်သော အရွက်များပါ ပါလာသည်။

ဤစံပယ်ခက် တစ်စုတစ်စည်းစာကို တိုးက မနက်တိုင်းယူသွားပြီး သူ့အခန်းမှာ ငွေပန်းအိုးဖြင့် စိုက်ထိုးထားလေ့ရှိကြောင်း ပြောပြ၏။ စံပယ်လှိုင်ကလဲ လှပေ၊ အပွင့်ကြီးပေ့ဆိုသော စံပယ်ခိုင်များကို တိုးအတွက် ဖယ်ချန်ထားရသည်က နေ့စဉ် ဝတ္တရားတစ်ခုပါ။

"စားလေ ... ကလေး၊ မင်းနှယ်ကွယ် ယောကျာ်းလေးဖြစ်ပြီး ကြွက်ကြွက်ဖန်ဖန် ပန်းကြိုက်ရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



“တခြားပန်း မကြိုက်ပါဘူး ကြီးကြီးရ၊ မမစံပယ်လှိုင် ပေးတဲ့ စံပယ်ပန်းတွေကိုသာ တိုးက ကြိုက်တာပါ”

“ကောင်းပါလေ့တော်၊ မင်းအစ်မကလဲ မင်းအတွက်ဆို အမြတ်တနိုးပါ။ ကဲ … စားလေ ထန်းသီးမုန့်၊ ရေနွေးကြမ်းသောက်၊ အကြီးတို့အိမ်ကတော့ကော်ဖီမရှိဘူးကွဲ့”

“ကော်ဖီလဲ မသောက်ချင်ပါဘူး ကြီးကြီးရဲ့၊ သြော် … ရော့ မမစံပယ်လှိုင်ဖို့ ချောကလက်”

“ဟင် … ဒီတစ်ခါ ချောကလက်အပြားကြီးကလဲ အေးစက်လို့ပါလား”

“ရေခဲသေတ္တာထဲက ထုတ်လာလို့ပါ မမစံပယ်လှိုင်ရဲ့၊ စားလေ”

သူယူလာသောမုန့်ကို စားမှ တိုးက ကြိုက်သည်။ ချောကလက်တော့ အမေက မကြိုက်၊ ထုံးစံအတိုင်း သူမကြိုက်သည့်အစာမို့ အမေက ရင်ကျပ်မည်ဟု အကြောင်းပြ၏။

“ကောင်းတယ်နော်၊ အေးနေတော့ ပိုပြီး စားလို့ကောင်းတယ်”

“နောက်တစ်ခါ ယူလာခဲ့ဦးမယ်”

“နေပါစေ မောင်လေးရယ်၊ အိမ်က ဆူနေပါဦးမယ်”

“ဒါ တိုးအတွက် ဒယ်ဒီက ဝယ်လာတာ၊ မဆူပါဘူး”

“နေပါစေကွာ၊ မမတို့က ဆင်းရဲသားပဲ၊ ဒါတွေကိုလဲ မစားတတ်ပါဘူး”

“မမစံပယ်လှိုင်၊ မမစံပယ်လှိုင်တို့က ဘာလို့ ဆင်းရဲပြီး တိုးတို့က ဘာလို့ ချမ်းသာတာလဲဟင်”

“ဟောတော့၊ မေးပုံကလဲ၊ ဘယ်လို ဖြေရမှန်းတောင် မသိတော့ဘူး”

“တိုး ပြန်တော့မယ်”





“ဟင်”

“ကျူရှင်ဆရာ လာခါနီးပြီ မမစံပယ်လှိုင်ရဲ့”

“မမစံပယ်လှိုင်လဲ ကြီးကြီးအရွယ်ကျမှ ရောဂါဖြစ်နော်”

“ဟင် … ဘာပြောတာလဲ တိုးရဲ့”

“အဲဒီအရွယ်ကျတော့ တိုးက ဆရာဝန်ကြီး ဖြစ်နေပြီလေ မမစံပယ်လှိုင်ရဲ့”

“အေး အေး အောင့်ထားမယ်၊ အမေ့အရွယ်ကျမှ ရောဂါတွေစုဖြစ်မယ်၊ အဲဒီကျတော့ တကယ်ကုပေးနော်”

“စိတ်ချ၊ မမစံပယ်လှိုင် ဘယ်တော့မှ မသေနိုင်အောင် တိုးက ကုပေးမှာပါ”

ပြောပုံလေးက ချစ်ရကောင်းလွန်းသဖြင့် သူ့ပခုံးလေးကို ဆုပ်ကိုင် ဖျစ်ညှစ်လိုက်မိသည်။

“ကဲ ရော့ … စံပယ်ခက်တွေ၊ ပြန်တော့လေ မောင်လေး၊ ဆရာလာတော့မယ်ဆို”

“ဟုတ်ကဲ့၊ တိုးပြန်တော့မယ်နော် မမစံပယ်လှိုင်”

တိုးက စကားဆုံးသည်နှင့် ခြံကျယ်ကြီးထိပ်သို့အရောက် ခုန်ပေါက်ပြေးလွှား၍ ထွက်သွားလေပြီ။

“မမစံပယ်လှိုင်တဲ့ …”

ဘယ်သောအခါမှ မမတစ်လုံးတည်းမခေါ်၊ သူ့ခေါ်ပုံလေးကိုလည်း စံပယ်လှိုင်က ကျေနပ်နှစ်သက်နေမိသည်။

ဤကလေးလေးကို စံပယ်လှိုင်မှာ စံပယ်ပွင့်လေးများကဲ့သို့ပင် ဖြူဖွေးရှင်းသန့်သော မေတ္တာစစ်ဖြင့် ချစ်ခင်သံယောဇဉ်တွယ်မိခဲ့ပါပြီတည်း …။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၄

ကိုးတန်း၏နှစ်ဝက်ပင် ကျိုးခဲ့ပြီ။ နွေရာသီက ရေကူးသင်ခဲ့သော တိုးမှာ တစ်ပတ်တွင် လေးရက် ညနေတိုင်း ရေကူးခဲ့သဖြင့် အလျင်လို ဖြူဖြူဖျော့ဖျော့ ပိန်ပိန်ကပ်ကပ်ကလေး မဟုတ်တော့။ အသားဆိုင်တွေ ကျစ်မာလာသည်။ အရပ်က ရှည်ထွက်လာ၏။ ယခု ကိုးတန်းနှစ်လယ်ကျခါမှ တိုးလွင်ဦးသည် လူပျိုလေးတစ်ယောက် ဖြစ်လာကြောင်း သဘာဝတရားက သတ်မှတ်ပေးခဲ့ပါ၏။

"ဒေါ်သက်စု သားလေးရော"

တိုး၏မိခင် 'ဒေါ်ခင်ထားထား'က မီးဖိုခန်းမှာ လာရှာနေ၍…

"ဟိုဘက်ခြံသွားတယ် ထားထား"

"ဘယ်ဘက်ခြံလဲ"

"ဟို စံပယ်ပန်းစိုက်စားတဲ့ ခြံလေ"

"သူက ဘာသွားလုပ်တာလဲ"

"မသိဘူးလေ၊ သူ နေ့တိုင်းသွားနေကျပဲ"

ဒေါ်ခင်ထားထား မီးဖိုခန်းထဲမှ ထွက်လာပြီးသည်နှင့် အိမ်ရှေ့ဘက်သို့ထွက်ခဲ့ပြီး တစ်ဘက်ခြံသို့ ကူးခဲ့သည်။





သည်ခြံသို့ ပြောင်းခါစက… သားလေး ဟိုဘက်ခြံထဲမှာ ပြေးလွှားနေတတ်သည်။ စံပယ်ပွင့်တွေ လက်ခုပ်နှင့်အပြည့် သယ်ယူလာတတ်သည်များကို မြင်မိသော်လည်း မတားမြစ်မိခဲ့၊ ယခုမှ…

"သူ နေ့တိုင်း သွားနေကျပဲ"

ဆိုသော ဒေါ်သက်စု၏ စကားရပ်သည် ခေါ်ခင်ထားထား၏ နှလုံးသားကို လှုပ်ရှားစေနိုင်ခဲ့ပါ၏။

"ဟိုဘက်ခြံမှာလဲ စံပယ်ပန်း ခူးခူးနေတဲ့ ကောင်မလေးတစ်ယောက် မြင်မိတယ်၊ အို ဒီလောက်နိမ့်ကျ ဆင်းရဲတဲ့ နေရာကို ငါ့သားလေးက ဘာလို့ နေ့တိုင်း သွားသွားနေရတာလဲ"

စိုးရိမ်စိတ်ဖြင့် ခြံတွင်းသို့ လှမ်းဝင်လာချိန်မှာ…

စံပယ်ရုံဆောင်း၌ ဦးဘခင် ရိုက်ထားသော ခုံတန်းလျားကျဉ်းကျဉ်းလေးပေါ်မှာ ထိုင်ပြီး အလယ်က စံပယ်ပန်းပွင့်တွေကို နှစ်ယောက်သားအတူ ရေတွက်နေကြသော တိုးနှင့် သူ၏ မမစံပယ်လှိုင်…။

ဒေါ်ခင်ထားထားသည် သားအတွက် တစ်ကြိမ်တစ်ခါမျှ မစိုးရိမ်ခဲ့ရဖူးသေးသော သောကသည် ရင်၌ မီးကဲ့သို့ လောင်မြိုက်လာ၏။

"ငါ့သားလေး အရွယ်ရောက်လာပြီ၊ ဒီစံပယ်ပန်းသည်မကများ အမိဖမ်းလိုက်မှဖြင့်…"

ယင်းအတွေးကြောင့် ခြေလှမ်းက သွက်လာသည်။ ပျက်နေသော မျက်နှာကိုပင် ပြင်ချိန်မရ။ ပြင်ရမည်ဆိုသော အသိလည်း မရှိ။

"ဟဲ့… သား… လာခဲ့ပြန်မယ်…"

ဒေါ်ခင်ထားထား၏ တွက်စစ်တွေးတောသလိုလည်း သူတို့နှစ်ဦးမှာ လုံးဝ တွေးထင်မိခဲ့ခြင်း မရှိခဲ့ကြပါ။

"ကဲ… တိုး သွားတော့၊ စာသင်ဖို့ထင်တယ်၊ တိုးတို့ မေမေလာခေါ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီစံပယ်ခက်တွေ ယူသွားမယ်နော် မမစံပယ်လှိုင် ..."

"ယူသွား မောင်လေး ယူသွား"

"တိုးသွားတော့မယ်နော် မမစံပယ်လှိုင်"

ရွှန်းဝေသော အပြုံးဖြင့် စံပယ်လှိုင် ခေါင်းညိတ်ဖြစ်၏။

ဤနှုတ်ဆက်စကားသည် တိုးနှင့် မမစံပယ်လှိုင် မည်သော အသည်းနှလုံးနှစ်ခုကို ကူးဆက်ထားသည့် သံယောဇဉ်တံတားလေးကို ဘယ်သောအခါမှ ပြန်လည် ဆက်သွယ်ခွင့်မရအောင် ပိုင်းဖြတ် ရိုက်ချိုးခဲ့ရသော ...

နောက်ဆုံး နှုတ်ဆက်စကားဟူ၍ အဖြူရောင် နှလုံးသားရှင်လေး နှစ်ဦးတို့ မသိရှိခဲ့ကြရှာပါ။

ဒေါ်ခင်ထားထား၏ ဦးနှောက်အတွင်းမှာဖြင့် ...

"မဖြစ်ဘူး ... မဖြစ်ဘူး ...၊ ဦးလေးဦးအောင်ဟိန်းကို ပြောမှ၊ ဒီခြံက ခြံစောင့်သားအမိတစ်တွေကို အမြန်ဆုံး နှင်ပစ်လိုက်ပါလို့ ..."

❒





## အခန်းခြောက်

မိုးစက်ပွင့်တို့ ဆုတ်ခွာ၍ နှင်းရည်နှင်းငွေ့တို့ တစ်ခြံလုံးမှာ သွန်းဖျန်းထားပါသော်လည်း ...

စံပယ်ပင်တို့ လန်းလတ်မလာတော့ ...။

စံပယ်ရုံတိုင်း၏ အောက်ခြေမှာ ဝါကြန့်ကြန့်စံပယ်ရွက်တို့က အပုံလိုက် ကြွေသက်နေကြသည်။

အပင်သေမှတော့ အပွင့်လည်း မဝေနိုင်တော့ပါ။

ဘယ်ရနံ့နှင့်မှ မတူအောင် သင်းသင်းလေး အမြဲမွှေးနေသော ဤခြံတွင်းမှာ ရနံ့ကင်းခဲ့လေပြီ ...။

တချို့ စံပယ်ရုံမှာ ရိုးတံတို့ပင် ကိုင်းနေကြပြီ။ ရွက်စိမ်းတို့ စွန့်ခွာမြေသက်ခဲ့သဖြင့် ပူရပ်ဆင် စံပယ်ရုံဘေးက ခုံတန်းလျားလေးမှာ ...

တိုးလွင်ဦး ငြိမ်သက်စွာ ထိုင်နေသည်။

အကြည့်ကလည်း ဇရာရုပ်သွင် စံပယ်ပင်တို့ပေါ်မှာ ငြိမ်သက်စွာ [illegible]ရောက်နေလေသည်။

ထာဝရ စိမ်းမြခြင်းများဖြင့် လန်းဝေနေသော ဤခြံကျယ်ကြီးမှာ [illegible]ိုင်းအတွင်း၌ပင် ဘဝပြောင်းခဲ့ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အပင်နုမို့ ပြုစုမည့်သူ ဝေးသည်နှင့်ပင် ရှင်သန်နိုင်ခြင်း အင်အားတို့လည်း လျင်မြန်စွာ ကုန်ခမ်းသွားခဲ့လေပြီ။

"မမစံပယ်လှိုင်ရယ်"

တိုး၏ရင်တွင်းမှ တမ်းတမ်းတတ ခေါ်မိသည်။

အကြည့်ကို စံပယ်ရုံမှလွှဲ၍ သက်ပြင်းရှည်ကို ချမိသော်လည်း ရင်၌ ပန်းလျနာကျင်မှုက မပြေလျော့...။

အကြည့်က ဖြည်းဖြည်းချင်း မြင့်တက်လာပြီး ကောင်းကင်ကို မော့ကြည့်လိုက်တော့ အပြာရောင် ကောင်းကင်တစ်ပြင်လုံး နေမင်း၏ အပူရှိန်က အုပ်စိုးဝါးမျိုထားသည်။ အေးကွက်ဆို၍ တိမ်ဆိုင်တစ်ခုကိုပင် မမြင်ရ မတွေ့ရ။

"မမစံပယ်လှိုင်ရယ်၊ စံပယ်ပွင့်လေးတွေနဲ့အတူ ပြန်လာပါလားဗျာ"

"မမစံပယ်လှိုင်ကိုလဲ လွမ်းတယ်"

"စံပယ်ပွင့်လေးတွေနဲ့လဲ တိုး ပြန်တွေ့ချင်တယ်"

တိုးလွင်ဦးသည် ရင်ပန်းလျစွာ ထိုင်ရာမှထလိုက်ပြီး ...

"မမစံပယ်လှိုင်ကလေ ... တိုး ကျောင်းကပြန်လာအောင်တောင် မစောင့်ဘဲ ချက်ချင်းကြီး ပြောင်းသွားခဲ့တယ်နော်"

"တိုးကို နှုတ်ဆက်သွားဖို့တော့ ကောင်းပါတယ်ဗျာ"

"မမစံပယ်လှိုင်က တိုးကိုမှ မချစ်တာ၊ တိုးက ... တိုးကတော့..."

တိုးလွင်ဦးသည် သူ့ရင်မှအတွေးကိုပင် သူ လန့်သွားသည်။

ဤအတွေးကို အဆုံးမသတ်ရဲ ...။

'ချစ်တယ်' ဆိုသော စကားရပ်ကလေးတစ်ခု သူ့နှလုံးသားမှာ မွေးဖွားလာခဲ့ပြီဆိုသည်ကိုလည်း နုသစ်ဦးသော နှလုံးသားရှင်လေး တိုး မတွေးရဲခဲ့။





"ဘာပဲ ဖြစ်ဖြစ်လေ ..."

"မမစံပယ်လှိုင်ဆိုတဲ့သူဟာ တိုးရဲ့ နှလုံးသည်းပွတ်ကို ပထမဆုံး ခံစားမှုများစွာ ပေးစွမ်းနိုင်တဲ့ ...

"ပထမဆုံး လှုပ်ခတ်စေနိုင်တဲ့သူဆိုတာတော့ တိုးရဲ့ နှလုံးသားအိမ် တည်တံ့နေသမျှ ကာလအတွင်းမှာ မှတ်ယူထားပါ့မယ် မမစံပယ်လှိုင် ရေ ..."

❒



www.burmeseclassic.com

www.burmeseclassic.com



## အခန်းခုနစ်

သူရောက်လာသည့်နေ့က ရေပန်းကရားနှင့် သွပ်ပုံးနှစ်ခုကို ထမ်းလျက် မှန်လာပျိုးခင်းလေးများကို စံပယ်လှိုင် ရေလောင်းနေချိန် ...

"ရေလောင်းရတာကလဲ ပင်ပန်းလိုက်တာ၊ လူငှားထားပါလား စံပယ်လှိုင်ရယ်"

"ကိုယ်တိုင်လုပ်တာတောင် ဝင်ငွေက မလောက်ဘူးလေ၊ အမေ့ဆေးဖိုးတွေက ကုန်နေတယ်"

"ယောက်ျားလေးကျနေတာပဲ လုပ်နေလိုက်တာ"

"ဒါက လုပ်နေကျပါ၊ အိမ်ထဲ သွားထိုင်လေ၊ အဖေရှိပါတယ်"

"ဒီမှာပဲ ထိုင်တော့မယ်၊ စံပယ်လှိုင် ရေလောင်းပြီးမှပဲ အိမ်ထဲ အတူတူသွားကြရအောင်နော်"

ရေစက်လက်ကျနေသော ရေပုံးထမ်းလျက်ဖြင့်ပင် သူ့ကို လှမ်းကြည့်မိသည်။

စပို့ရှပ်နှင့် သက္ကလတ်ဘောင်းဘီနှင့်၊ သူ မောင်းလာသော အိုပယ်လ်ကား၏ သော့ကွင်းကို လက်ညှိုးမှာစွပ်၍ လှည့်ဝဲရင်း စံပယ်လှိုင်ကို ရွှန်းရွှန်းစားစားကြီးကြည့်နေသော ...





"ကိုလင်းမောင်မောင်"

အရပ်က မရှည်လှားလှ၊ အသားကမူ ဆွတ်ဆွတ်ဖြူနေ၏။ နှုတ်ခမ်းက ပါးလှသည်၊ နှာခေါင်းက မပေါ်လွင်လှ၊ ဆံပင်ထူထူ၊ မျက်ခုံးကောင်းကောင်း။

မျက်ဝန်းက ခပ်ကျဉ်းကျဉ်းနှင့် ခပ်လျှားလျှားဖြစ်သော်လည်း အကြည့်က စူးစူးနက်နက်။

စံပယ်လှိုင်၏ အရိုးအသားများကို ဖောက်ထွင်းဝင်သွားသလား ထင်မှတ်ရအောင် သူ့အကြည့်က စူးရှလှသည် ...။

အင်အားကြီးမားလွန်းသော အရာတစ်ခုဖြင့် ညှို့ထားခြင်းခံရသလို စံပယ်လှိုင်၏ လှုပ်ရှားမှုများ ရပ်ဆိုင်းသွားခဲ့ရသည်။

"ရေကုန်နေပြီပဲ၊ ပုံးကြီးချလိုက်ပါဦး စံပယ်လှိုင်ရဲ့၊ လာလေ အိမ်ထဲသွားကြစို့"

အမိန့်တစ်ရပ်ကို နာခံရသလိုပင် ဘာငြင်းဆိုချက်မှ မထုတ်ဝံ့ပါဘဲနှင့် အိမ်ထဲဘက်သို့ လာဖြစ်ခဲ့ရသည်။

ကိုလင်းမောင်မောင် ကို စံပယ်လှိုင် နှစ်ကြိမ်နှစ်ခါ တွေ့ခဲ့ဖူးပါသည်။ ယခုက တတိယအကြိမ် ...။

ပထမ သည်ခြံသို့သူလာစဉ်က စံပယ်လှိုင်ကသာ သူ့ကို မြင်သည်၊ သူက စံပယ်လှိုင်ကို မြင်တွေ့မသွားခဲ့ ...။

အဖေတို့နှင့် ငွေကြေးကိစ္စ၊ နေရေးကိစ္စများကို မေးမြန်းပြီး ပြန်သွားခဲ့သည်ကို အိမ်ခန်းလေးထဲမှနေ၍ စံပယ်လှိုင် မြင်လိုက်ရဖူးသည်။

ဒုတိယအကြိမ် ငွေငါးရာ သူလာပို့တော့ စံပယ်လှိုင်နှင့် ပက်ပင်းကြုံခဲ့သည်။

ယခု တတိယအခါက်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာလာလုပ်ပါလိမ့်။

အဖေသည် လေးစားရိုကျိုးစွာ ခရီးဦးကြိုပြု၏။

အမေကလည်း အိပ်ရာမှလူးလဲထလာပြီး အားရဝမ်းသာဟန်နှင့် ပြုံးနေလေသည်။

ဦးလေး၏ ကလေးနှစ်ယောက်က အနားမှာကပ်နေကြရုံမက ခြံထဲ၌ ဆော့နေကြသော ကလေးနှစ်ယောက်ကပါ ပြေးတက်လာပြီး ဧည့်သည်ကို ဝိုင်းပတ်ထားကြ၏။

"ကလေးတွေ သွားဆော့နေကြလေ၊ ဘာလို့ ဧည့်သည်နား ဝိုင်းနေကြတာလဲ"

အမေ၏ အသံဖျော့ဖျော့လေးနှင့် ဝေါက်ငန်းမှုကို လုံးဝ ဂရုမပြုသည့်အပြင် စပ်ဖြဲဖြဲမျက်နှာနှင့်ပင် အမေ့ကို လှောင်ပြောင်နေကြသေးသည်။

အဖေ၏ညီ မိသားစုသည် အလွန့်အလွန် စိတ်ပျက်ဖွယ်ကောင်းသော မိသားစုပါ။ ဤကလေးများကို ဘယ်သူကမှ မဆုံးမကြ၍ ကလေးများ အားလုံး ဘယ်သူ့မှ လူမထင်၊ ပြောင်စပ်စပ်၊ ပျက်ချော်ချော်နှင့် အလွန် ရိုင်းစိုင်းကြသည်။

"ဟဲ့ ...၊ သွားကြဆို"

အဖေ ဝေါက်တော့ ငြိမ်သွားကြသည်။ ဒါပေမယ့် ဘယ်သူကမှ နေရာက မထကြ၊ မင်းမထလျှင် ငါလဲမထဘူးဆိုသည့် သဘောနှင့် တစ်ယောက်အရိပ်အကဲ တစ်ယောက်ကြည့်နေကြ၍ ...

"နေပါစေ ဦး၊ ဒီကလေးတွေရဲ့ဒုက္ခကိုလဲ ကြာရှည်မခံရတော့ပါဘူး"

"ဟင် ဘာပြောတာလဲ မောင်လင်းမောင်"





"ဒယ်ဒီက ငွေပေးခိုင်းလိုက်ပါပြီ၊ ရော့ စံပယ်လှိုင် ရေကြည့်၊ ငွေသုံးထောင်အတိပဲ"

ကမ်းပေးသော ငွေထုပ်ကို လှမ်းယူရသော စံပယ်လှိုင်၏ လက်ကလေးများ တုန်နေသည်။

ငါးဆယ်တန် အသစ်ကလေးတွေချည်း။

"ရေကြည့်လေ စံပယ်လှိုင်"

"ပြည့်မှာပါ၊ ကျွန်မ မရေတတ်ဘူး"

ကိုလင်းမောင်မောင်က ပိုမို ရွှန်းလက်တောက်ပသော အကြင်နာအပြုံးလေးနှင့် ကြည့်လိုက်ပြီးမှ စံပယ်လှိုင်ထံမှ အကြည့်ကို လွှဲယူပြီး ...

"ကဲ ... ဒီငွေတွေကို အပြည့်ပေးပြီး ဦးလေးရဲ့ညီ မိသားစုကို နှင်ထုတ်လိုက်တော့လေ ..."

"ဆရာကျေးဇူး ကြီးလှပါပေတယ်ကွယ်၊ ဝင်ဒါမီယာခြံက ပြောင်းလာရပြီးကတည်းက တစ်ခါမှ စိတ်မချမ်းသာရပါဘူး၊ စိတ်ညစ်တယ်လို့ ညည်းလိုက်မိတာနဲ့ ခြံတန်ဖိုးတစ်ဝက် ပေးလေ၊ အခုပေးနိုင်ရင် အခုပြောင်းမယ်ဆိုပြီး ခယ်မလုပ်သူက မပေးနိုင်မှန်းသိလို့ ငြူစူစောင်းမြောင်းခံနေရတာ နေ့တိုင်းပါပဲ"

"အဲဒီ အခက်အခဲတွေသိလို့ ဒယ်ဒီကို ပြောပြတာနဲ့ ချက်ချင်း ပေးခိုင်းလိုက်တာပါ"

"ဆရာကို လာကန်တော့မယ်လို့ ပြောလိုက်ပါ လူလေးရယ်"

ဦးဘခင် နုပျိုစဉ်ဘဝကပင် ဦးအောင်ဟိန်းထံ၌ အလုပ်လုပ်လာသူဖြစ်၍ ဦးဘခင် သစ္စာရှိကြောင်း ဦးအောင်ဟိန်းက သိပြီးသား။

သည်အတွက် ဝင်ဒါမီယာမှ သူ့ခြံ၌ စောင့်ပေးရင်း အလကား နေရသည်ပါ။ ကြိုက်တာလည်း စိုက်စားပါဟူ၍ ခွင့်ပြုခဲ့သဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



စံပယ်ခြံ၊ စံပယ်ရုံလေးများနှင့် ငြိမ်းအေးစွာ သားအမိသုံးယောက် နေထိုင်ခွင့်ရခဲ့ရာမှ ဘာကြောင့်မှန်းမသိဘဲ ...

"ချက်ချင်း ပြောင်းကြတော့"

ဟူသော အမိန့်ကြောင့် မူလ နေထိုင်ရာခြံသို့ အစီအစဉ်မဲ့စွာဖြင့် ကသုတ်ကရက် ပြန်ပြောင်းလာခဲ့ကြရသော စံပယ်လှိုင်တို့ မိသားစု သုံးဦးကို ဦးလေး 'ကိုဘရင်' ကို့ မိသားစုက လုံးဝ မကျေနပ်ကြ။

ဤခြံသည် ဦးဘခင်နှင့် ဦးဘရင်တို့ မိဘနှစ်ပါး၏ လက်ငုတ်။

ညီအစ်ကိုနှစ်ယောက် ထက်ဝက်စီ ပိုင်ဆိုင်ကြသော ခြံကျယ်နှင့် တစ်ထပ် ပျဉ်ထောင်အိမ်ဟောင်းလေးတစ်လုံး ...။

ဦးဘရင်၏ မိန်းမကလည်း ခြံ၏ လက်ရှိပေါက်ဈေးက ခြောက်ထောင်တန်၍ တစ်ဝက်ပေးလျှင် အခုချက်ချင်း ဆင်းမည်ဟု ပြောကြားလေ့ရှိသော စကားကို ဦးဘခင်က ကိုလင်းမောင်မောင် လာစဉ်က စကားအဖြစ်နှင့် ပြောကြားလိုက်မိသည်။

သည်မျှ ငွေကြေးကို ပေးလိမ့်မည်ဟုလည်း မထင်ခဲ့မိ၊ ပေးပါစေဟု ရည်ရွယ်၍လည်း ပြောမိခဲ့ခြင်း မဟုတ်။

"ဒေါ်အေးမေ ဆေးဖိုး" ဟု ဟိုတစ်ပတ်က ငွေငါးရာ လာပေးသည်ကိုပင် ကျေးဇူးတင်လှပါပြီ၊ ယခုတော့ ...

"မောင်လင်းမောင်ရယ်၊ ဦးလေးဖြင့် ကျေးဇူးတင်လွန်းလို့ ဘာ ပြောရမှန်းတောင် မသိတော့ပါဘူး"

"ဘာမှ ပြောမနေပါနဲ့ ဦးလေးရာ၊ ဦးလေးတို့ အခက်အခဲကို သိပြီး စံပယ်လှိုင်ကိုလဲ သနားတာနဲ့ 'ဒယ်ဒီရာ သူတို့မိသားစု အေးအေး နေပါစေ' လို့ ပြောလိုက်တာနဲ့ပဲ ဒီငွေကို ပို့ခိုင်းလိုက်တာပါ"

"ကျေးဇူးကြီးလှပါတယ်ကွယ်၊ အဒေါ်တို့လဲ အဆင်ပြေ ပြေသလို စုပြီး ပြန်ဆပ်ပါ့မယ်လို့ ပြောပါ"





"ဟုတ်တယ်၊ ဦးလေး လူငှားတစ်ယောက်လောက်ခေါ်ပြီး သမီးနဲ့ ခြံကို ကြိုးစားလုပ်လိုက်ရင် သုံးလေးနှစ်အတွင်း ကျေသွားမှာပါ"

"အဟား ... ဦးလေးရာ ငွေလေး သုံးလေးထောင်လောက်များ"

"သြော် ... သားတို့က သူဌေးတွေကိုး၊ ဦးလေးတို့မှာတော့ သူများ ကစီဖတ်"

"တော် ဦးလေး၊ ဒါ အကြွေးတင်ဖို့ပေးတာမှ မဟုတ်ဘဲ၊ အလကား ပေးတာ၊ ကျွန်တော်က ဦးလေးတို့မိသားစုရဲ့ အခက်အခဲကို တင်ပြလို့ ဒက်ဒီက အလကားကို ပေးခိုင်းလိုက်တာပါ၊ ဘယ်တော့မှ ပြန်ဆပ်စရာ မလိုပါဘူး"

စံပယ်လှိုင်သည် ငါးဆယ်တန်အသစ် အရွက်ခြောက်ဆယ်ကို လက်မှာကိုင်ပြီး ကိုလင်းမောင်မောင်သို့ ...

"အလကားပေးတယ် ဆိုပေမယ့် ကျွန်မတို့က ကျေးဇူးမကန်းတတ်ပါဘူး အစ်ကို၊ တစ်နည်းနည်းနဲ့ ပြန်ဆပ်မှာပါရှင်"

"ကောင်းပါပြီဗျာ၊ တစ်နည်းနည်းနဲ့ ပြန်ဆပ်တာကိုတော့ လက်ခံရမှာပေါ့လေ၊ စံပယ်လှိုင်ကပဲ ပြန်ဆပ်နိုင်ပါစေလို့ အစ်ကို ဆုတောင်းပါတယ်"

ကိုလင်းမောင်မောင်၏ စကားကို မိသားစုသုံးယောက်လုံး ပြုံးပြုံး ဝေဝေဖြင့် နားယူမိခဲ့ကြသည်။

ငှက်ခတ်သမား၏ လျှို့ဝှက်စွာ ချိန်ရွယ်နေသော မြားတစ်စင်းကို ...

သစ်ပင်ပေါ်၌ အေးငြိမ်းစွာ နားနေရင်း တေးသီနေရှာသော ငှက်ငယ်လေးက မမြင်လိုက်မိ၊ မတွေ့လိုက်မိသည်သို့ပါ ...

❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်းရှစ်

ဆယ်တန်းနှစ်မို့ တိုးလွင်ဦး ခေါင်းမဖော်နိုင်တော့။

ရုပ်ရှင်ကြည့်ခြင်း၊ သူငယ်ချင်းများနှင့် လည်ပတ်ခြင်းတို့ကို မလုပ်နိုင်ရုံမက၊ တိုးလွင်ဦး နှစ်သက်ပျော်ရွှင်သော ရေကူးခြင်းကိုပင် စွန့်လွှတ်ထားရသည်။

နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ကျောင်းနှင့် ကျူရှင်များနှင့် အချိန်ကုန်ခဲ့ရသည်။

နေတော့ အ - ထ - က (၁) ဒဂုံ။

ကျူရှင်ယူတော့ တစ်ဆယ်တန် မဟုတ်။ တစ်ဘာသာကို ဆရာတစ်ယောက် အိမ်လာသင်ရသော စနစ်နှင့် ဆရာတွေ တစ်ယောက်ပြီး တစ်ယောက် ဝင်လိုက် ထွက်လိုက်။

ကိုယ်တိုင် စာကျိုးကျက်ရသည်ထက် ဆရာတစ်ယောက် အနားမှာထားပြီး မေးလိုက်၊ ရှင်းပြလိုက်၊ ကျက်မှတ်လိုက် လုပ်နေသဖြင့် စာတွေက ညက်ညက်ကျေနေလေပြီ။

"အမ်(မ)စီ ဝင်ရမယ်"

ဆိုသော ပန်းတိုင်ထားရှိပြီး တိုးလွင်ဦးမှာ နေ့မအိပ် ညမအိပ်၊ စာမှစာ ...။





ဘေးက ဖြည့်ဆည်းသော အာဟာရကလည်း အပြည့်။

မနက်အိပ်ရာထမှာ အိုဗာတင်း၊ ကြက်ဥက မစားမနေရ၊ တခြားသော မုန့်က မျိုးစုံ စီစဉ်ထားပြီးသား။

ကြက်သားနှင့် ပလာတာ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ရှမ်းခေါက်ဆွဲ တစ်မျိုးမျိုး ကြိုက်ရာစား၊ ပြီးတော့ အချိုအတွက် ကိတ်မျိုးစုံ။

ငှက်ပျောသီး၊ သပျစ်သီး၊ ပန်းသီးတို့ကိုလည်း ရေခဲသေတ္တာမှ ထုတ်ယူပြီး တိုး၏ စာကြည့်စားပွဲမှာ အဆင်သင့် တင်ပေးထားသည်။

"ဆယ့်နှစ်နာရီထိုးပြီ၊ သားလေး အိပ်တော့လေ"

ဒေါ်ခင်ထားထားက နွားနို့နွေးနွေး တစ်ခွက်နှင့် အားဆေးလုံးကို ကိုင်ပြီး ကိုယ်တိုင်ကျွေးသည်။

နှစ်ပတ်တစ်ခေါက်လောက် ဆရာဝန်နှင့် စမ်းသပ်စေသည်။

ဆရာဝန်ထံသွားလျှင် သား အချိန်ကုန်မှာစိုး၍ ဆရာဝန်ကို အိမ်လာစေသည်။ အားနည်းနေသလား၊ သွေးအားဖြည့်ဖို့ လိုသလား၊ ဘာညာ အကုန်စမ်းသပ်ခိုင်းသည်။

အိမ်မှာလည်း တိုးလွင်ဦး စာကျက်ချိန်မှာ ရေဒီယို၊ ဗီကော်ဒါ မဖွင့်ရ၊ စကားပင် အိမ်သားများအချင်းချင်း တိုးတိုးပြောကြရပါ၏။

သည်တော့ ...

ကလေးတစ်ယောက်သည် တိုးလွင်ဦးထက် ဉာဏ်ရည်သာသည် ပဲထား ...

မိသားစုများမည်၊ စာကျက်ရာတွင် အနှောင့်အယှက် ဖြစ်စေသော အိမ်ခန်းကျဉ်းလေးနှင့် နေရမည်။

မပြေလည်သော မိဘ၏ စီးပွားရေးကို ဝိုင်းလုပ်ပေးတန်ပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမများက ရန်ဖြစ်ကြမည်၊ မီးလင်းနေ၍ မအိပ်တတ်ဟု အဘွားလုပ်သူက ညည်းညူမည်။

တစ်ဆယ်တန် ကျူရှင်တက်နိုင်ခွင့် ရစေဦးတော့ ဘတ်(စ်)ကားနှင့် သွားရပြန်ရ၊ စောင့်ရသည်၊ အချိန်ကာလများစွာက စာကျက်ရန် အချိန်ထဲမှ လျော့နည်းခဲ့ရလေပြီ ...။

သည်တော့ သာမန်မိသားစုမှ ကလေးတစ်ယောက်သည် ထူးချွန်လှသော ပညာပါရမီရှိပါမှ ဆေးတက္ကသိုလ်သို့ ဝင်ခွင့်ရနိုင်ပေမည်။

ဉာဏ်ကောင်းစေဦး၊ ကလေးက ကြိုးစားစေဦး၊ အခြေအနေက မပေး၍ ဆေးတက္ကသိုလ်နှင့် ဝေးကြရသည့် ကလေးတို့က လက်ညှိုးထိုး၍မလွဲ ...။

တိုးလွင်ဦးလို သာမန် ဉာဏ်အဆင့်ရှိပြီး ကိုယ်တိုင်က လိုချင်သော ကလေးတစ်ယောက်အဖို့ ဘေးပံ့ပိုးမှုများက အပြည့်အလျှံ ဝိုင်းရံလိုက်တော့ ...

တိုးလွင်ဦး ဆေးတက္ကသိုလ်ဝင်ခွင့် ရရှိခဲ့ပါလေပြီ ...။

တိုးလွင်ဦး ဆရာဝန်တစ်ယောက် ဖြစ်ရမည်ဟု ချီးမွမ်းဖွယ်ဖြစ်အောင် ဆန်းကြယ်သောကိစ္စ မဟုတ်ပါလေတော့ ...။

*

"ကြီးကြီးစု ... ခုလို မိုးတွေရွာလာတော့ ဟိုဘက်ခြံမှာ စံပယ်တွေ ပွင့်နေသလားဟင်"

"ပွင့်တယ် သားရဲ့၊ နွေတုန်းက ညှိုးသွားပေမယ့် မိုးရွာတော့ တချို့အပင်လေးတွေ ပြန်ရှင်လာတယ်၊ ဒါပေမယ့် စံပယ်လှိုင်တို့ ရှိတုန်းကလိုတော့ တစ်ခြံလုံးဖွေးနေအောင် မပွင့်တော့ဘူးပေါ့"

"ကြီးကြီးစု"

"ဘာလဲ လူလေး"





"မမစံပယ်လှိုင်တို့က ချက်ချင်းကြီး ဘာလို့ ပြောင်းသွားကြရတာလဲဟင်"

ဒေါ်သက်စုသည် တိုးလွင်ဦးကို စူးနက်စွာကြည့်မိ၏။

"မင်းနဲ့စိတ်မချလို့ မင်းအမေက ခြံပိုင်ရှင်ကိုပြောပြီး ချက်ချင်းကြီး နှင်လွှတ်လိုက်တာလေ"

ဆိုသောစကားကို ရင်၌ မြှုပ်နှံထားရသဖြင့် နှလုံးသားထဲ နာကျင်သလို ဖြစ်လာသည်။

ဤကလေးနှစ်ယောက်လုံးကို ဒေါ်သက်စု ချစ်သနား၏။ သူတို့နှစ်ဦး ကိုယ်တိုင် နားမလည်နိုင်သေးသောအရွယ်၊ အဖြူရောင်မေတ္တာများ ဆက်သွယ်နေကြချိန် ကာလကို အမည်းရိပ်စွန်းစေသော အမြင်များဖြင့် ဒေါ်ခင်ထားထားက ဖြတ်တောက်ပစ်ခဲ့သည်လေ ...။

"မမစံပယ်လှိုင်တို့ ဘာလို့ ပြောင်းသွားရတာလဲလို့ ..."

"ကြီးကြီးလဲ မသိရပါလားသားရယ် ..."

ဒေါ်သက်စု လိမ်ညာပြောလိုက်ရသည်။

"ဘယ်ကို ပြောင်းသွားကြတာလဲဟင် ..."

"ကြီးကြီး မသိဘူးသားလေး"

သည်တစ်ခါတော့ မညာပါ။

ဒေါ်သက်စု ကိုယ်တိုင်လည်း မသိ။

သူတို့ သားအဖသုံးယောက် ဘယ်အရပ် ဘယ်ဒေသက ပြောင်းရွှေ့လာပြီး ဘယ်နေရာ ဘယ်ဌာနသို့ ပြန်သွားကြလေသနည်းဟူ၍ ဒေါ်သက်စု တကယ်ပင် မသိရှိလိုက်။

တိုးလွင်ဦး မီးဖိုခန်းတံခါးမှ ခြံထဲသို့ ထွက်လိုက်သည်။

မမစံပယ်လှိုင်တို့၏ ခြံမြေနှင့် အိမ်ငယ်လေးကိုပင် မြင်နိုင်ခွင့် မရှိအောင် အုတ်တံတိုင်းကြီးက ပိတ်ခြား ဆီးကာထားခဲ့လေပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



မမစံပယ်လှိုင်နှင့် ဝေးရပြီးမှ ...

စံပယ်ခက်ကလေးများကိုလည်း တစ်ခါမှ ... မရှူးဆွတ် မဝယ်ယူဖြစ်တော့ မြန်မာမုန့်များကိုလည်း မစားမိ။

မိခင်ကြီး ဝယ်ကျွေးသည့်အထဲမှာ မမစံပယ်လှိုင် ဝယ်ကျွေးဖူးသော မုန့်များကို မတွေ့ရှိရ။

ပင်ကိုက ခပ်အေးအေးနေတတ်သော တိုးလွင်ဦးမှာ သူ၏ဆန္ဒများကို ထုတ်ပြလေ့မရှိ။ အဆင်ပြေသလိုသာ လိုက်လျောညီထွေ နေပစ်လိုက်ပါသည်။

နေ့စဉ်ရက်ခါက်မဟုတ်သည့်တိုင် မမစံပယ်လှိုင်ကိုလည်းကောင်း၊ စံပယ်ခက်ကလေးများကိုလည်းကောင်း တစ်ခါတစ်ရံမှာ ... ရင်၌ ဆွတ်ကျင်လာအောင် တမ်းတမ်းတတ သတိရလျက်ရှိနေဆဲပါ။

စံပယ်လှိုင်ဆိုသော မိန်းကလေးသည် ...

တိုးလွင်ဦးဆိုသော ကောင်လေး၏ ပထမဦးဆုံးသော ခင်မင်သူ၊ ခွဲလမ်းသူ၊ မြတ်နိုးသူ၊ ချစ်ခင်ခဲ့မိသူအဖြစ် နှောင်နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် တိုးလွင်ဦး၏ ရင်ထဲမှာ စွဲငြိနေပေဦးမည်။

ဝေးကွာသွားရ၍ ခင်မင်ခွဲလမ်းမှု ရှက်နုပင်ပျိုတို့ သေဆုံးသွားခဲ့ပြီဟု သတ်မှတ်ခဲ့လျှင်ပင် ...

ရင်၌ သံယောဇဉ်ဟူသော အမြစ်မြွာတို့သည် သေဆုံးခြင်း ကင်းမဲ့စွာဖြင့် တွယ်ကုပ်ကာ ကျန်ရစ်ပါလေ၏။

သည်သို့ဖြင့် ...

'တိုး၏ မမစံပယ်လှိုင်' ဆိုသော မိန်းကလေးကို မေ့ပျောက်ပိုက်။ တစ်ခါတစ်ရံ တိုက်ဆိုင်မှုလေးများ ကြုံသည့်အခါ သတိရလိုက်ဖြင့် ...

တိုးလွင်ဦး၏ ဆေးတက္ကသိုလ် စာသင်နှစ်များစွာကို ဖြတ်သန်းနေချိန် ကာလအတွင်းမှာ ...

❐





# အခန်းကိုး

"သမီးရယ် မောင်လင်းမောင်လာလျှင် ကောင်းကောင်း ညှိခံလိုက်ပါ၊ သူက တို့သားအမိတွေရဲ့ ကျေးဇူးရှင် မဟုတ်လား"

"သမီးသိပါတယ် အမေ၊ သူ ဒီနေ့လာမယ်ဆိုလို့ ဈေးက နို့ဆီတစ်လုံး ဝယ်လာပါတယ်၊ ကော်ဖီတိုက်ဖို့လေ"

"မုန့်ရော"

"မုန့်တော့ မပါဘူး၊ ဘာဝယ်ရမှန်းလဲ မသိလို့၊ ခြံကထွက်တဲ့ ဒူးရင်းသြဇာသီးနဲ့ သဘော်သီးလဲ ရှိပါတယ်၊ ငှက်ပျောခိုင်လဲ မှည့်နေပြီ"

"ဩော် ... အေးအေး၊ အသီးအနှံ လတ်လတ်ဆတ်ဆတ် စားရတာ အရသာရှိတယ်၊ ကျွန်တော်ကြိုက်တယ်လို့ ပြောဖူးတယ်၊ လာရင် ဂရုစိုက်ပါကွယ်"

"ဟုတ်ကဲ့ပါ၊ အမေ နေကောင်းတယ်နော် ..."

"ကောင်းတယ်လေ၊ အကြောဆေးထိုးပြီးကတည်းက ရင်ထဲမှာနေရတာ အနေချောင်သွားတယ်၊ မောင်လင်းမောင် ဝယ်လာပေးတဲ့ ဖရာနော့ဆိုတဲ့ ရင်ကျပ်ဆေးပြားကလဲ တကယ်ကောင်းတာပဲ၊ သောက်လိုက်တာနဲ့ ရင်ထဲကို ရှင်းသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာပါတယ် အမေရယ်"

"ကိုဘရင်တို့ ပြောင်းသွားပြီးမှ သမီးအဖေလဲ အလုပ်လုပ်ရတာ စိတ်ချမ်းသာနေရှာတယ်၊ ကိုယ့်ခြံ ကိုယ့်သဘောမို့ သူလည်း မည်းပြီး ဝလို့ ..."

"ဟုတ်တယ်၊ အဖေလဲ ကျန်းမာရေးကောင်းနေတယ်"

စံပယ်လှိုင်တို့ မိသားစုသုံးဦး၏ ပျော်ရွှင်ကြည်နူးဖွယ် အကောင်းဆုံးသော ကာလလေးပါတကား ...

*

စံပယ်လှိုင်တို့ခြံက ကတ္တရာကားလမ်းမနှင့် အတော်ကလေး ဝေးသေးသည်။

လမ်းကလည်း ချိုင့်ခွက်များသော မြေနီလမ်းမို့ ကား၏ တဂိဂိ မြည်သံကို အဝေးမှပင် ကြားနိုင်ပါ၏။

"ဟဲ့ ... လာပြီ သမီး၊ ရေနွေးအဆင်သင့် ရှိရဲ့လား"

"ရေနွေးက ဓာတ်ဘူးမှာ ထည့်ထားပါတယ်၊ နို့ဆီသာ ဖောက်ရဦးမှာ"

"အေး အေး ... ထွက်ကြိုလိုက်ပါဦး၊ သမီး အဖေကလဲ မုန်လာဥဈေး မကိုက်လို့ တခြားကုန်စိမ်းရုံမှာသွင်းဖို့ ဈေးသွားညှိနေတယ်"

စံပယ်လှိုင်မှာ အိမ်နှင့် အတော်လေးလှမ်းသေးသော ခြံတံခါးဆီသို့ သူ့ကား ရောက်မလာမီမှာပင် လျှောက်သွားရသည်။

ခြံတံခါးဆိုသော်လည်း တံခါးမဟုတ်၊ သစ်သားတိုင်နှစ်ခု ထောင်ထားပြီး တိုင်မှာ အပေါက်တွေ ဖောက်ထားသည်။ ထိုအပေါက်များကြားမှာ ဝါးလုံးရှည်များ ကန့်လန့်ထိုးပြီး ပိတ်ဆီးထားသော ခြံတံခါးပါ။





ဝါးလုံးရှည်လေးလုံး တွန်းရွှေ့ပြီးချိန်မှာ ကားက ခြံဘက်သို့ ဦးချိုးကွေ့လိုက်ပြီး ...

"လာလေ စံပယ်လှိုင်၊ ကားပေါ်တက်"

"ဟင်"

"အိမ်ထဲအထိ ပြန်လျှောက်မနေရအောင်ပါ"

"ဟင့်အင်း ... သွားပါ၊ တံခါးပိတ်ရဦးမယ်၊ ခြံထဲ နွားတွေဝင်လိမ့်မယ်"

သည်တော့မှ ကိုလင်းမောင်မောင်က ပြုံးပြီး ခြံတွင်းသို့ ကားမောင်းနှင် ဝင်သွားတော့သည်။

သူ့ကား ဝင်သာရန်နှင့် မောင်း၍ ညက်ညောအောင် အဖေကိုယ်တိုင် ခင်းထားပေးခဲ့သော လမ်း ...။

ခြံထိပ်မှ အိမ်ထဲပြန်လာတော့ သူက မဝင်သေး၊ စံပယ်လှိုင် ရောက်အလာကို စောင့်နေပြီးမှ အိမ်ထဲသို့ အတူဝင်သည်။

"ဒေါ်ဒေါ် နေကောင်းတယ်နော်"

"ဟိုတလောက အကြောဆေး သွင်းပြီးကတည်းက ကောင်းသွားတာ၊ ရင်ထဲက ကျပ်လာရင် မောင်လင်းမောင် ပေးထားတဲ့ ဆေးပြားလေး စားလိုက်ရင် တစ်ခါတည်း ရင်ထဲကို ရှင်းသွားတာပဲကွယ်၊ မောင်လင်းမောင်ကို ဒေါ်ဒေါ် ကျေးဇူးတင်လိုက်တာ"

"ကျွန်တော့်ကြောင့် ဒေါ်ဒေါ်တို့မိသားစု အဆင်ပြေတယ်ဆိုတာ ကြားရရင် ကျွန်တော် သိပ်ဝမ်းသာပါတယ်၊ နောင်လဲ လိုတာခိုင်းပါနော်"

"ခိုင်းတယ်လို့ မပြောစမ်းပါနဲ့ကွယ်၊ ဒေါ်ဒေါ်တို့က ဆင်းရဲသား ..."

"ဟာ ... ဒေါ်ဒေါ်ကလဲ ဆင်းရဲတာနဲ့ပဲ မရှိသေရတော့ဘူးလား၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ကြီးသူကို ငယ်သူက ရှိသေရတာ မင်္ဂလာ တစ်ပါးပါ”

ဒေါ်အေးမေသည် အံ့သြ ချီးမွမ်းသော အကြည့်များဖြင့် ကိုလင်းမောင်မောင်ကို ပြုံးပြုံးကြီး ကြည့်လိုက်ပြီးမှ ...

“ဟဲ့ ... သမီး၊ နှင့်အစ်ကိုဖို့ စားစရာလေး ဘာလေး လုပ်လေ၊ ကော်ဖီဖျော်မယ်ဆို”

“ဟုတ်ကဲ့ အမေ”

“နေ ... နေဦး၊ စံပယ်လှိုင်”

သူ့အမိန့်ကြောင့် ထခါနီးမှ ပြန်ထိုင်ပြီး သူ့ကို ကြည့်လိုက်ရသည်။

“ကော်ဖီက ပူလို့ မသောက်ချင်ဘူး”

“ဒါဖြင့် လမ်းထိပ်မှာ ကြရည် သွားဝယ်လိုက်ရမလားဟင်”

“စံပယ်လှိုင်ရယ် တပင်တပန်းနဲ့ တခမ်းတနားကြီး ဧည့်ခံမနေစမ်းပါနဲ့”

“ကျွန်မတို့က ဒီကကို ကျေးဇူးတင်နေတာပါ”

အမေက ‘နှင့်အစ်ကို’ သူက ‘အစ်ကိုကလေ’ဟု ဆိုသော်လည်း စံပယ်လှိုင် မခေါ်ရဲ၊ မခေါ်ချင်၊ ‘ဒီကကို’ ဟူသော စကားရပ်သည် ကိုလင်းမောင်မောင်အတွက် နာမ်စား ...

“အခု ခြံထဲမှာ ဘာတွေ စိုက်ထားလဲ”

“မုန်လာခင်း ကြဲထားပါတယ်၊ ပြီးတော့ ဆလပ်ရွက်လဲ စိုက်ထားတယ်၊ အဖေကတော့ သစ္စာပန်းဥတွေလဲ ဝယ်ထားပြီ ...”

“ကားမောင်းလာရတာ ပူလို့၊ အိမ်ထဲကလဲ လှောင်သလိုပဲ၊ ခြံထဲ လျှောက်ကြည့်ရအောင်၊ စံပယ်လှိုင် လိုက်ပြပါလား”

စံပယ်လှိုင် မငြင်းနိုင်မီမှာပင် ...

“ဟဲ့ ... သွားလိုက်ပြလိုက်လေ သမီး”





အမေ့စကားဦးသန်းမှုကြောင့် စံပယ်လှိုင် မငြင်းဖြစ်နိုင် ...။

“ခြံက အကျယ်ကြီးပဲနော်”

အိမ်ငယ်လေး၏ နောက်ဘက်တွင်လည်း မြေကွက်များစွာ ...။

“အဲဒီခြံကို ကျွန်မတို့ချည်းပဲပိုင်တာ၊ ကိုလင်းမောင်မောင်တို့ သားအဖရဲ့ ကျေးဇူးပါ”

“ဘယ်နှယ် ကိုလင်းမောင်မောင်လဲ၊ စံပယ်လှိုင်က အစ်ကို့ထက် ဆယ်နှစ်လောက် ငယ်တာပဲ၊ အစ်ကိုက နှစ်ဆယ့်ကိုးနှစ်တောင် ရှိပြီလေ၊ အစ်ကို့ကို အစ်ကိုလို့ပဲခေါ်နော် ကြားလား စံပယ်လှိုင်”

“ဟုတ်”

ဟုတ်ကဲ့ဟုပင် ပီသစွာ မပြောဖြစ်တော့၊ သူ့လွှမ်းမိုးမှုက အရာရာကို ချုပ်ကိုင်နိုင်စွမ်းရှိချေ၏။

“စံပယ်လှိုင်တို့ခြံက ပန်းမစိုက်ဘူးလား”

“စိန်ချယ် နည်းနည်းပဲ ပျိုးထားပါတယ်၊ သူက သိပ်ဈေးမရဘူး”

“ဟိုခြံမှာတုန်းက စံပယ်တွေ အများကြီးပဲနော်၊ နှမြောစရာ၊ အခုတော့ သေကုန်ရောပေါ့”

ဝင်ဒါမီယာမှာ စံပယ်ရုံများ၊ စံပယ်ပွင့်များနှင့်အတူ တိုး၏ ချစ်ဖွယ် စကားလုံးလေးများ၊ အပြုံးလေးများက အတွေး၏ အမြင်အာရုံမှာ ရှင်သန် လှုပ်ရှားလာကြသည်။

“တိုးရယ်”

ရင်ထဲမှာ အဖြူရောင် စေတနာများဖြင့် တမ်းတစွာ သတိရမိသည်။

တိုးသည် မိမိဘဝအတွက် ချစ်ရလေမည့်သူ၊ လက်တွဲရလေမည့်သူ ဟူ၍ တစ်ကြိမ်တစ်ခါမှလည်း မတွေးခဲ့မိပါ။



www.burmeseclassic.com

www.burmeseclassic.com



တွေးတော မျှော်လင့်စကောင်းသော အရာလည်း မဟုတ်ပါဟု အဖြူရောင် နှလုံးသားက ခံယူပြီးသားပါ။

"အစ်ကိုကတော့ ယောက်ျားမို့လား မသိဘူး၊ ဘာပန်းမှ မကြိုက်ဘူး"

စံပယ်ခက်ကလေးများကို နှစ်သက်တတ်သော တိုးနှင့် ယှဉ်နိုင်းကြည့်မိသည်။

"စံပယ်လှိုင်"

"ရှင်"

"ဒီခြံကို စံပယ်လှိုင်တို့ နေ့ချင်းညချင်း ဘာလို့ ပြောင်းလာရတယ်ဆိုတာ သိပြီလားဟင်"

"သိတယ်လေ"

"ဘယ်လို သိတာလဲ"

"ဟို ... အ ... အစ်ကို့အဖေကပဲ ခြံရောင်းမှာမို့ ချက်ချင်းပြောင်းပေးကြ၊ ပြောင်းစရိတ် ငွေသုံးရာယူ၊ နောက်လဲ ထပ်ပေးဦးမယ်လို့ အဖေ့ကို ခေါ်ပြောလို့ ပြောင်းခဲ့ရတာလေ"

"ခြံက ဒီအတိုင်းပဲ"

"ဝယ်သူနဲ့ ဈေးမတည့်လို့လား"

"အစကတည်းက ဘယ်သူ့ကိုမှ မရောင်းခဲ့တာပဲ"

"ရှင်"

"စံပယ်လှိုင် အံ့ဩသွားသလား၊ ဒီထက် အံ့ဩစရာ ပြောဦးမယ်၊ စံပယ်လှိုင်တို့ကို အမြန်ဆုံးပြောင်းခိုင်းတာ ဒက်ဒီ မဟုတ်ဘူး၊ ဒေါ်ခင်ထားထား"

"ကျွန်မ ဘာမှ နားမလည်ဘူး"

"ဒေါ်ခင်ထားထားကိုရော သိတယ်မဟုတ်လား"





"သိတယ်၊ တိုးရဲ့ အမေပဲ"

"ဟုတ်တယ်၊ သူပြောင်းခိုင်းတာ၊ သူ့သားနဲ့ စံပယ်လှိုင်နဲ့ နီးစပ်သွားမှာစိုးလို့၊ သူတို့ခြံနားမှာ မထားနိုင်ပါဘူးလို့ အန်တီထားက ဒက်ဒီကို ငိုကြီးချက်မနဲ့ လာပြောလို့ ..."

"အို"

စံပယ်လှိုင်၏ မျက်နှာတစ်ခုလုံး နီရဲသွားအောင် အံ့ဩခြင်းနှင့် ရှက်လန့်ခြင်းတို့ ရောထွေးသွားပြီးမှ ...

"တိုး ... တိုးက ကလေးလေးပဲ၊ ပြီးတော့ ကျွန်မတို့နှစ်ယောက် ရိုးရိုးခင်ကြတာပါ"

"ခင်မင်မှုကနေ သံယောဇဉ်၊ သံယောဇဉ်ကနေ မေတ္တာ ဖြစ်လာမယ်ပေါ့လေ ...၊ သူတို့ရဲ့သား ပိုးဟပ်ဖြူလေးကို မတရား အထင်ကြီးနေတာ ..."

"တိုးကတော့ စိတ်သဘော သိပ်ကောင်းရှာပါတယ်"

"ဒါကြောင့် စံပယ်လှိုင်နောက်ကို ပါသွားမှာ ကြောက်လို့တဲ့ဗျ"

စံပယ်လှိုင်သည် မခံစားဖူးသေးသော နာကြည်းမှုဝေဒနာတစ်ရပ်ကို ရင်၌ ခံပြင်းစွာ ခံစားရင်း ...

"တိုးကလဲ ကျွန်မလို စံပယ်ပန်းသည်မကို မကြိုက်ပါဘူးရှင်၊ တကယ်လို့ သူက ကြိုက်သည့်တိုင်အောင်လဲ ကိုယ့်ဘဝ ကိုယ်နားလည်ပါတယ်၊ တိုးနဲ့ မတန်ဘူးဆိုတာ ..."

မျက်ရည်တွေ ဝိုင်းလာသည့် စံပယ်လှိုင်၏ မျက်နှာလေးကို ကြည့်ပြီး ...

"လာပါ စံပယ်လှိုင်၊ တို့ ပိန္နဲပင်ကြီးအောက် သွားရအောင်"

နေပြောက်မထိုးနိုင်အောင် အရွက်ချင်း ထပ်လျက် ယှက်ကာထားသော ပိန္နဲပင်စည်၏ဘေးမှာ ထိုင်ဖြစ်ကြသည် ...။



www.burmeseclassic.com

www.burmeseclassic.com



"ခုန စံပယ်လှိုင်ပြောတဲ့ ကိုယ့်ဘဝ ကိုယ်နားလည်ပါတယ်ဆို တာဟာ စံပယ်လှိုင်က ဆင်းရဲလို့၊ တိုးလွင်ဦးက ချမ်းသာလို့ ဒီလို မဟုတ်လားဟင်"

"ဟုတ်ပါတယ်ရှင်"

"အဲဒါက မေတ္တာအတုမှာသာ လူတန်းစား ခွဲခြားတတ်ကြတာ ပါ စံပယ်လှိုင်၊ မေတ္တာစစ်နဲ့ ချစ်လာပြီဆိုရင် ဆင်းရဲတာ၊ ချမ်းသာ တာ၊ ပညာတတ်တာ၊ ပညာမဲ့တာတွေနဲ့ မဆိုင်တော့ပါဘူး"

စံပယ်လှိုင် နားမလည်သော နိယာမမို့ ငြိမ်တွေနေလိုက်မိသည်။

"စံပယ်လှိုင်"

"ရှင်"

"စံပယ်လှိုင်ကို အစ်ကိုချစ်တယ်"

"ဟာ"

"လက်ထပ်ပါရစေ"

"အို"

"ဘာလို့ ဒီလောက်အံ့သြသွားရတာလဲ စံပယ်လှိုင်"

"မဖြစ်နိုင်တဲ့ ကိစ္စပဲရှင်"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ"

"ဒီလောက်မတူတဲ့ အတန်းအစားနှစ်ခုကို ဘာလို့များ ပေါင်းစပ် ချင်ရတာလဲ ကိုလင်းမောင်မောင်ရယ် ..."

"စံပယ်လှိုင် ကျေနပ်တဲ့အဆင့်အထိ အစ်ကို့ဘက်က နှိမ့်ပြီး စံပယ်လှိုင်ကို မြှင့်တင်ပေးပါ့မယ်၊ အစ်ကို့ကို ယုံပါ၊ အစ်ကိုချစ်"

"အို ... ဒါတွေ ကျွန်မကို လာမပြောပါနဲ့"

"စံပယ်လှိုင်ကို ချစ်တာ စံပယ်လှိုင်ကို မပြောလို့ ဘယ်သူ့ကို ပြောရမလဲကွယ်"





"ကျွန်မ မကြားရဲဘူး၊ နားရှက်တယ်"

"ဒီလိုဆိုရင်တော့ ဦးလေးနဲ့ ဒေါ်ဒေါ်ကိုပဲ ခွင့်တောင်းရတော့မှာ ပဲပေါ့"

"ကျွန်မ မသိဘူး"

"သူတို့က သဘောတူတယ်ဆိုရင်တော့ စံပယ်လှိုင် မငြင်းပါနဲ့ နော်"

စံပယ်လှိုင်၏ မျက်နှာသည် ကိုလင်းမောင်မောင်နှင့် ဆန့်ကျင် ဘက်အရပ်သို့ လွှဲထားမိသည်။

နောက်ထပ် သူ့ထံမှ ချောမြေ့ ညက်ညောသော စကား၊ စေတနာ ပါသော အသံများကို ကြားနာနေရပါလျက် နားထဲက ပြန်ထွက်သွား သည်။ ရင်ထဲမှာ တစ်လုံးမှ ငြိတွယ် ကျန်ရစ်ခြင်းမရှိ ...။

နောက်ဆုံး သူပြန်ခါနီးမှာ နှုတ်ဆက်စကားဆိုပြီး အမေ့ရှေ့မှာ ရွှန်းရွှန်းဝေအောင် စကားတွေပြောတော့မှ စံပယ်လှိုင် သူ့မေးခွန်းများ ကို ဖြေကြားဖြစ်သည်။

မေတ္တာတို့၊ လက်ထပ်ဖို့တို့ဆိုသော အကြောင်းအရာနှင့် မပတ် သက်လေသော စကားများပါ။

ရင်ထဲမှာ ခံစားနေရသည်က တိုးနှင့် ဖြစ်သွားမှာ၊ ချစ်သွားမှာ နိုး၍ နွားမောင်းသလို မောင်းထုတ်လိုက်သည့် ဒေါ်ခင်ထားထား၏ ပြုမူချက် ...။

ရင်၌ ယင်း အကြောင်းအရာတို့သာ ကြီးစိုးနေမိရာက ကိုလင်း မောင်မောင် ပြန်ခါနီးတွင် စကားတစ်ခွန်း မေးဖြစ်၏။

"ခုလောက်ဆို တိုး ဆယ်တန်းအောင်ပြီးသွားရောပေါ့၊ သူ [illegible] [illegible]လိုင်း ရသွားရဲ့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အမ်(မ်)စီဝင်တယ်၊ မကြာခင် ဆရာဝန်ကြီး ဖြစ်တော့မယ့် တိုးလွင်ဦးလေ"

ဤသတင်းစကားသည် ဘယ်သောအခါမှ အအေးဓာတ်ပြယ်လွင့်ခြင်း ရှိမည်မဟုတ်သော နှင်းရည်တစ်စက်အဖြစ် စံပယ်လှိုင်၏ နှလုံးသားမှာ ထာဝရ တည်တံ့နေပေလိမ့်မည်သာ ...။

□





## အခန်းတစ်ဆယ်

ဦးအောင်ဟိန်းဆိုသော တက္ကသိုလ်မှ အငြိမ်းစား ကထိကကြီးသည် စာပေများနှင့်သာ မွေ့လျော်နေသူ ဖြစ်၏။

မိဘ ဘိုးဘွားများ လက်ထက်ကတည်းက ချမ်းသာလာခဲ့၍ ခြံမြေများစွာ ပိုင်ဆိုင်သူဖြစ်ရုံမက ဘဏ်တွင် အပ်ထားသော ငွေများမှ ရရှိသော အတိုးနှင့် ပင်စင်လခတို့ဖြင့် ချမ်းချမ်းသာသာ နေနိုင်သော အဘိုးကြီးတစ်ဦးပါပင်။

"ဟင် ... မောင်ဘခင်တို့ သားအဖပါလား"

"ဆရာ့ကို လာကန်တော့တာပါ"

"မလိုပါဘူးကွယ်၊ လက်အုပ်ချီ ကန်တော့လဲ ပြီးတာပဲ၊ ဒါက ဘာတွေတုန်း"

အဖေက ရိုကျိုးစွာ ပြုံးနေ၍ စံပယ်လှိုင်ကပင် ...

"ခြံထွက် ငှက်ပျောလက်ရင်းဖီးနဲ့ ကိတ်မုန့်တစ်ဘူးပါ ဘဘ၊ ဒါက ပလေကတ် လုံချည်ပါ"

"မလိုပါဘူးကွယ်၊ လုံချည်ကို မောင်ဘခင်ဝတ်ဖို့ ပြန်ယူသွား"

"စီးပွားရေးလေး အဆင်ပြေလာလို့ ကန်တော့တာ လက်ခံပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့လည်း ပြုံး၍ ခေါင်းညိတ်ရှာသည်။

အဖေပျို့ရွယ်စဉ် စံပယ်လှိုင်တို့ ကလေးဘဝကပင် ဦးအောင်ဟိန်းက ခြံစောင့်အဖြစ် ခန့်ထားခဲ့သော အလုပ်သမားကောင်းတစ်ယောက် ဖြစ်ခဲ့၍ ယခုအချိန်ထိ သံယောဇဉ်ရှိနေကြသော ဆရာတပည့် နှစ်ဦးပါ ...။

စံပယ်လှိုင်တို့သားအဖ ကန်တော့အပြီးတွင် သမီးကိုပင် ဘာတစ်ခွန်းမှ ကြိုတင်ပြောကြားခြင်း မရှိပါဘဲလျက် အဖေက ...

"ဆရာ့ကို ကျွန်တော် အစီရင်ခံစရာတစ်ခု ရှိပါတယ်"

"မင်းကလဲကွာ ဘာများတုန်း၊ လျှောက်လွှာတင်တာ ကျနေတာပဲ"

ဦးအောင်ဟိန်းက ပြုံး၍ပြောသော်လည်း အဖေက တည်ကြည်ငြိမ်သက်သော မျက်နှာနှင့် ...

"မောင်လင်းမောင်မောင် ကျွန်တော်တို့ခြံကို မကြာခဏ လာပါတယ်၊ အခုတော့ ... သူက ကျွန်တော့်ဆီ ခွင့်တောင်းတာနဲ့ ကျွန်တော်က ဆရာ့ဆီလာပြီး တင်ပြတာပါခင်ဗျာ"

"ဘာများတုန်း မောင်ဘခင်ရ"

"သူ ... သူက ... သမီး မစံပယ်လှိုင်ကို လက်ထပ်ခွင့်ပြုပါတဲ့ ဆရာ"

"ဟေ"

အေးချမ်းစွာပြုံးနေသော ဦးအောင်ဟိန်း၏ မျက်ဝန်းများ ပြုံးကျယ်သွားသည်။ ပြီးတော့ စံပယ်လှိုင်ကို အသေအချာကြည့်လာ၍ စံပယ်လှိုင် ခေါင်းငုံ့ပစ်လိုက်ရသည်။

"အဖေကလဲလေ ဒီစကားမျိုးပြောချင်တာများ ငါ့ကို ခေါ်လာခဲ့ရသလား၊ သေသာသေချင်တော့တာပဲ"





စိတ်မှရေရွတ်ရင်း ဤနေရာမှ ထွက်ပြေးချင်စိတ်ပင် ပေါ်လာနေဆဲ ဦးအောင်ဟိန်း၏ အမေးစကားကို ကြားလိုက်ရသည်။

"နို့ သူတို့ချင်း မေတ္တာမျှနေကြလို့လား"

"ဒီလိုမဟုတ်ပါဘူး ဆရာ၊ သမီးကို သူက ခွင့်တောင်းတာနဲ့ သမီးလေးက အဖေနဲ့အမေကို ပြောပါလို့ ပြောလိုက်တယ်တဲ့ ဆရာ ..."

အမှန်ကတော့ အဖေပြောသလို စံပယ်လှိုင် မပြောမိခဲ့ပါသော်လည်း အဖေတို့သိနေသည်က ကိုလင်းမောင်မောင်၏ အာဘော်အတိုင်းမျှသာ ဖြစ်ချေမည်။

"မောင်ဘခင်တို့က ဘယ်လိုသဘောရလို့လဲ"

"မဆုံးဖြတ်ရဲလို့ ဆရာ့ဆီလာပြီး တင်ပြတာပါဆရာ"

အဘိုးကြီးက ခေါင်းတညိတ်ညိတ် လုပ်ပြီးမှ ...

"တို့ မြန်မာပြည်ဥပဒေက တို့ယောကျ်ားတွေ အသာစီး တယ်ရတာပဲကွ၊ ကိုယ်ကျွေးနိုင်လျှင်၊ တာဝန်ယူနိုင်လျှင် မိန်းမအယောက်တစ်ရာပဲ ယူယူတဲ့လေကွာ"

အဘိုးကြီး၏စကားကြောင့် စံပယ်လှိုင်မှာ ချထားသော မျက်လွှာကို ပင့်ကြည့်ဖြစ်၏။

"ငါသား လင်းမောင်မောင်ကလဲ တာဝန်ယူနိုင်မယ်၊ မင်းတို့ကလဲ ကျေနပ်တယ်ဆိုလျှင်တော့ ဆရာ့အနေနဲ့ ဘာမှဝင်ပြီး စွက်ဖက်စရာအကြောင်း မရှိပါဘူး မောင်ဘခင်"

အဖေလည်း ငြိမ်သက်သွားသည်။

"ငါ့သားအကြောင်းလဲ မင်းသိသားပဲ ဘခင်၊ မင်းတို့ ကြိုက်သလို ဆုံးဖြတ်၊ ငါ မကန့်ကွက်ဘူး ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ဆရာ"

"မင်းငါ့ကိုပြောချင်တာ ဒီအကြောင်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပါပဲဆရာ"

"အေး ဒါဖြင့် ပြန်တော့၊ မင်းသမီးလေး သိပ်ပြီး အနေကျုံ့နေရှာပြီ"

စာနာစွာ သိတတ်လွန်းသော ဦးအောင်ဟိန်းပါတကား ...။

အဖေနှင့် စံပယ်လှိုင်တို့ အပြန်လမ်းတစ်လျှောက်လုံး စကားမပြောဖြစ်ခဲ့ကြသည်မှာ အိမ်ရောက်သည်အထိပါ ...။

*

"ဘယ်နှယ့်လဲ၊ ဦးအောင်ဟိန်းက ဘာပြောလိုက်လဲ၊ သဘောမတူဘူးတဲ့လားဟင် ကိုဘခင် ..."

စောင့်ကြိုနေသော အမေ၏စကားသံက ဆန္ဒစောလွန်းလှသည်။

"ဒီကိစ္စမှာ သူဘာမှ ဝင်ရောက်မစွက်ဖက်ဘူးတဲ့၊ မင်းတို့ ကြိုက်သလို ဆုံးဖြတ်တဲ့၊ ဒါပဲ ..."

"အို ... ဒါဆို ကော်တာပဲ ...၊ ကျုပ်တို့က ဆင်းရဲလို့ သမီးနဲ့ သဘောမတူနိုင်ဘူးလို့ ပြောလွှတ်မယ်ထင်နေတာ၊ ဒီစကားကြားရတာ ဝမ်းသာလိုက်တာ ကိုဘခင်ရယ် ..."

ဤကိစ္စ၌ အမေက သဲသဲလှုပ်နေ၏။ ကိုလင်းမောင်မောင်က လက်ထပ်ခွင့်တောင်းသည်ကိုပင် အိမ်ရှေ့မင်းသား တော်ကောက်ပြီး ဘုရင်ဖြစ်သည့်အခါ တောင်ညာစံဒေဝီမြှောက်တော့မလောက် အမေက သွေးနားထင်ရောက်နေလေသည်။

ဦးအောင်ဟိန်း ထံ သွားရန်လည်း အမေ၏ တိုက်တွန်းချက်ပါလေမည်။

အဖေကတော့ တွေဝေသောမျက်နှာနှင့် တွေးတောနေရာမှ ...

"သမီး မစံပယ်"

"ရှင်အဖေ"





"တကယ်လို့ အဖေတို့က သဘောတူတယ်ဆိုရင်ကော ငါ့သမီး မောင်လင်းမောင်ကို လက်ထပ်နိုင်ပါ့မလား"

"သမီးမသိဘူး အဖေ"

"ငါ့သမီး ဆန္ဒကို အဖေသိချင်တယ်"

"သမီးမှာ ဘာဆန္ဒမှ မရှိပါဘူး အဖေ၊ သူ့ကို လက်ထပ်ချင်တဲ့ဆန္ဒလဲ မရှိဘူး၊ ငြင်းချင်တဲ့ဆန္ဒလဲ မရှိဘူး၊ အဖေနဲ့ အမေရဲ့ သဘောပါပဲ"

စကားဆုံးသည်နှင့် စံပယ်လှိုင် ခြံတွင်းသို့ ဆင်းလာခဲ့သည်။

အဖေတို့နှင့် ဆက်လက်၍ ဤအကြောင်းကို ဆွေးနွေးမနေချင်တော့၊ စံပယ်လှိုင် ဆင်းလာသည်ကို အမေကိုယ်တိုင်ကလည်း မတားမြစ် ...။

အဖေနှင့် အမေသည် ဤအကြောင်းကို အရေးတကြီး ဆွေးနွေးနေကြချိန်တွင် စံပယ်လှိုင်က ခရေပင်ကြီးအောက်မှာ ထိုင်၍ ခရေပွင့်ကြွေများကို ကောက်ယူလျက် လက်နှင့်လုံးခြေနေမိသည်။

ဖူး၊ ပွင့်၊ ဝေ၊ ကြွေ ဆိုသော ပန်းတို့၏ နိယာမကိုလည်း နှိုက်နှိုက်နဲ့နဲ့ ဆင်ခြင် တွေးမိခြင်းမရှိ။

မွေးဖွားသည်၊ အရွယ်ရောက်သည်၊ ဘဝ၏ကြင်ဖော် ရှာသည် ဆိုသော လူသားတို့၏ စနစ်ဇယားကိုလည်း နားလည်ချင်လှသော ဆန္ဒမရှိ။

ယခု အဖေနှင့် အမေတို့ လေးလေးနက်နက် တင်ပြနေကြသော 'အိမ်ထောင်ရေး' ဆိုသောအရာသည် မိန်းမသားတစ်ဦး၏ အရေးအကြီးဆုံးသော ဘဝ၏ တစ်ဆစ်ချိုးဆိုသည်ကိုလည်း စံပယ်လှိုင် နားမလည်လှ ...။



www.burmeseclassic.com

www.burmeseclassic.com

ကိုလင်းမောင်မောင် ဆိုသောသူအား မိမိ၏မျက်စိဖြင့် ကြည့်စရာမလို၊ အဖေအမေတို့က တာဝန်ယူ၍ကြည့်ပြီး သူနှင့် လက်ထပ်ပါဆိုလျှင်လည်း လက်ထပ်လိုက်ရုံသာ ...။

ပြီးလျှင်လည်း အဖေနှင့် အမေလိုပင် ကလေးမွေး၊ ငြိမ်းအေးစွာ အတူနေကြရပေလိမ့်မည်ဟု စံပယ်လှိုင် ပေါ့ပေါ့လေး တွေးခဲ့မိသည်။

စံပယ်လှိုင်ဆိုသော မိမိသည် မိခင် ဒေါ်အေးမေကဲ့သို့ အေးဆေးတည်ငြိမ်သော အိမ်ရှင်မတစ်ယောက် ဖြစ်နိုင်ပါသော်လည်း ...

ကိုလင်းမောင်မောင်ဆိုသော သူသည် အဖေ ဦးဘခင်နှင့် ဆန့်ကျင်ဘက် ယောကျ်ားစားမျိုး ဖြစ်လိမ့်မည်ဟူ၍ စံပယ်လှိုင် မထင်တတ်ခဲ့။

လုံးဝ တွေးထင်မျှော်လင့်ခြင်း မရှိခဲ့ပါချေ ...။

▢





## အခန်းဆယ့်တစ်

အဖေကတော့ မျက်နှာမကောင်းလှ။

အမေကဖြင့် တက်ကြွနေပေသည်။

စံပယ်လှိုင်ကတော့ သူနှင့်ဆုံရလေတိုင်း ရင်ခုန်နှုန်းမြန်လာသည်ကလွဲ၍ ပြင်းပြသော ခံစားမှုမျိုး ရင်၌ မဖြစ်ထွန်းမိ ...။

"အင်း ... ကျေးရူးတွေက စူးနစ်နေလို့သာကွယ်၊ ငါတော့ တယ်ပြီး စိတ်မအေးလှဘူး အေးမေရယ်"

"တော်ကလဲတော်၊ ဟိုတုန်းကဟာတွေကလဲ ပြီးပြီးပြတ်ပြတ်ဖြစ်ကုန်ပြီ၊ သူ့ဖခင် သူဌေးကြီးဦးအောင်ဟိန်း ကိုယ်တိုင်လဲ သိနေပြီ၊ မင်းတို့ကလဲ ကျေနပ်တယ်ဆိုလျှင်တော့ ငါ့အနေနဲ့ ဘာမှ ဝင်ပြီးနှောက်ဖက်စရာ အကြောင်းမရှိပါဘူးလို့ တော့်ကိုပဲ ပြောလိုက်ပြီးပြီဆို"

"အေးလေ"

"ဒါဆိုလဲပြီးနေပြီပဲ ကိုဘခင်ရယ်၊ သူ့အဖေ ကိုယ်တိုင်က မကန့်ကွက်ဘူး၊ ကျေနပ်တယ်ဆိုနေမှတော့ ကျုပ်တို့က ဘာငြင်းနေစရာလိုသေးလဲ"

"ငါတစ်ခုပဲ စိတ်ပူတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ဒီကောင် ငါ့သမီးလေးကို သားမှတ်မှတ်၊ မယားမှတ်မှတ်မှ ပေါင်းပါ့မလားလို့"

"ခက်တဲ့ ကိုဘခင်ပဲ၊ မရောင်ရာဆီလူးနေပြန်ပြီ၊ ကျုပ်တို့သားမိတတွေ အတူတူနေကြရမှာပဲဟာ၊ သူက သမီးကို ဒီကခေါ်ထုတ်သွားမှာမှ မဟုတ်တာ၊ ကိုယ့်မျက်စိအောက်တွင်ပဲဟာ"

"အင်း"

"ပြီးတော့ သမီးကိုလဲ ဖူးဖူးမှုတ်ထားတာပါတော် ...၊ ဝယ်လာလိုက်တာတွေများ ညွှန့်နေတာပဲ၊ အရေးလုပ်လိုက်တာလဲ မပြောနဲ့တော့၊ ရှင့်တုန်းကတောင် ကျုပ်ကို ဒီလိုပို့ခဲ့တာ မဟုတ်ဘူး"

"မင်းကလဲကွာ အရေးထဲမှာ"

"ကဲပါ၊ ရှင်တွေဝေနေတာနဲ့ပဲ ဟိုခမျာလဲ သနားစရာ၊ ကျုပ်ကြွေအန်စေ့နဲ့ ကြည့်ပေးတဲ့ဗေဒင် မေးပြီးပြီ။ သမီးဟာ ကတော်ဆယ်ပါးတစ်ပါး အပါအဝင်တဲ့၊ ကြီးပွားမယ်၊ ချမ်းသာမယ်တဲ့"

ပညာနည်း၍ အသိဉာဏ်ပါ နုံချာလှသော ဇနီးသည် ဒေါ်အေးမေကို ဦးဘခင် စိတ်ပျက်စွာ ကြည့်နေမိသည်။ ဘာမှချေပမနေတော့။

"ဟော ... မောင်လင်းမောင် လာပြီ"

သူနှင့်အတူ လက်သမားဆရာနှစ်ဦးပါ ပါလာပြီး ခြံတွင်း၌ နှစ်ထပ် ပျဉ်ထောင်အိမ်ဆောက်ရန် တိုင်းထွာဖို့အတွက် ခေါ်ဆောင်လာခြင်းပါ။

ခြံတွင်းမှာ သစ်ပုံတစ်ပုံနှင့် အုတ်ဖိနပ်ခံဆောက်ရန် အုတ်နှင့်ဘိလပ်မြေအိတ်များပါ ရောက်ရှိနေလေပြီ။

သည်သို့ဖြင့် ...





ဦးဘခင်၏ တွေဝေခြင်းများကို လင်းမောင်မောင်၏ ဓနအင်အားဖိုးမှုများက ခြေဖျက်တိုက်စားလေ၏။

သည်အထဲမှာ ဇနီးသည်၏ လိုလားတပ်မက်လှသော ဆန္ဒများကြောင့် အထမြောက်မှုက မြန်ဆန်ခဲ့ပါသတည်း။

*

ခြံထဲမှာ ဒံပေါက်ဆွမ်းကပ်ပြီး တစ်ရပ်ကွက်လုံးသို့ ဖိတ်ကြားလျက်အလှူပယ် ကျွေးမွေးခဲ့သည်။

အသံချဲ့စက်မှ အခါတော်ပေးနှင့် မင်္ဂလာမောင်မယ်သီချင်းတို့က အားကွဲမတတ် တစ်ရပ်လုံးသို့ လွှင့်အော်ပေးနေသည်။

ဦးအောင်ဟိန်း ထံမှ သူနေမကောင်း၍ မင်္ဂလာပွဲ မလာရောက်နိုင်ပါဟူသော အမှာစကားနှင့်အတူ စံပယ်လှိုင့်အတွက် ရွှေဆွဲကြိုးတစ်ကုံး လက်ဖွဲ့အဖြစ် ပေးပို့လိုက်၏။

ရပ်ကွက်ထဲမှ လူကြီးများနှင့် ဦးဘခင် – ဒေါ်အေးမေ တို့ကိုသာ ကန်တော့ပြီးသည်နှင့် မင်္ဂလာအခမ်းအနားက ပြီးဆုံးလိုက်ရသည်။

စံပယ်လှိုင်သည် ...

ဘီးဆံထုံးလှလှလေးထုံးကာ ပဝါလေးခြုံရသော သတို့သမီးလည်း လုပ်လိုက်ရ။

ထိုနေ့က ကြွရောက်ခဲ့ကြသော ဧည့်သည်များအားလုံးကို စီးကရက်တစ်လိပ်စီကမ်း၍ ပါးစပ်နှင့်ဖိတ်ရသော တောထုံးစံအတိုင်းသာ ဖိတ်ကြားခဲ့ရသည်။

ဘာဖိတ်စာတစ်စောင်မှ မရိုက်ခဲ့ရ။

ဘယ်သတင်းစာမှာမှလည်း လက်ထပ်ပြီးစီးခြင်း ကြော်ငြာမပါပါဘဲနှင့် ...

စံပယ်လှိုင်ဆိုသော မိန်းကလေးသည် ...



www.burmeseclassic.com

www.burmeseclassic.com



လင်းမောင်မောင်၏ တရားဝင် ဇနီးသည်လေးအဖြစ်သို့ ရောက်ရှိခဲ့ရပါသတည်း။

❒





ဆယ့် ခြောက် နွေ

ဆယ့် ခြောက် မိုး

ဆယ့် ခြောက် ဆောင်း

ဆိုသော ကာလများစွာကို ဖြတ်သန်းပြောင်းလဲပြီးချိန်မှာ...

❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်

အလုပ်ဝင်ချိန်မှစပြီး နယ်များ၌သာ တာဝန်ကျခဲ့ရာမှ လွန်ခဲ့သော ခြောက်လကမှ ရန်ကုန်ဆေးရုံကြီးသို့ လက်ထောက်ဆရာဝန်အဖြစ် ပြန်လည်တာဝန်ချထားခြင်းခံရသော...

'ဒေါက်တာ တိုးလွင်ဦး'အခန်း ၁၁–၁၂ မှာ တာဝန်ကျပြီး တာဝန်ချိန်ပြီးဆုံး၍ ပြန်ရန် အချိန်ကျနေသော်လည်း ကားက ရောက်ရှိမလာသေး။

အိမ်ကို ဖုန်းဆက်တော့လည်း ထွက်သွားတာ နေ့လည် နှစ်နာရီကတည်းကဟု ဆိုသည်။

တစ်နေ့ကုန် ပင်ပန်းပြီးနောက် ညနေပိုင်း ဆေးခန်းကလည်း ထိုင်ရဦးမည်။

ဆေးရုံမှ တာဝန်ပြီးဆုံးချိန်နှင့် ကိုယ်ပိုင်ဆေးခန်းသို့ သွားရမည့် အချိန်၏ ကြားကာလလေးသည်သာ တိုးလွင်ဦး၏ ကိုယ်ပိုင်အားချိန်၊ နားချိန်။

ဤအချိန် တို့တို့လေးကိုပင် ကားစောင့်ရသော အချိန်အဖြစ် အဆုံးရှုံးခံလိုက်ရ၍ ဒေါသစိတ်သည် ရင်မှာ လှိုက်ခုန်နေ၏။





နာရီဝက်ကျော် စောင့်ရပြီးကာမှ ၈ျ–နံပါတ်နှင့် ဖောက်စ်ဝက်ဂွန်း နို့နှစ်ရောင် ကားသစ်ကလေးတစ်စီးသည် ဆေးရုံကြီးဝင်းအတွင်းသို့ တရကြမ်းဝင်လာ၍ ဆေးရုံရှေ့မှလူများ လန့်ဖျပ်စွာ ရှောင်ဖယ်လိုက်ကြရသည်။

အရှိန်ပြင်းစွာ မောင်းနှင်ခဲ့ရာမှ ရုတ်တရက် တုံ့ခနဲရပ်လိုက်ပြီး...

"ဆောရီးပဲ ကိုကို၊ ဗိုလ်ချုပ်ဈေးမှာ ကြာသွားတာနဲ့ နည်းနည်းတောင် နောက်ကျသွားတယ်"

ဘာမှ မပြောဖြစ်။

ဇနီးသည်ဘေးမှ ကားတံခါးကိုဖွင့်ပြီး ဝင်ထိုင်လိုက်၍ 'မိုနီကာ ထွန်းလွင်'က အံ့ဩသလိုကြည့်ပြီးမှ ဘာမှမပြောတော့ဘဲ ကားကို ဝင်လာတုန်းကလိုပင် တရကြမ်းမောင်း၍ ပြန်ထွက်လာခဲ့သည်။

ခါတိုင်းက လာကြိုသော ဇနီးသည်နှင့် နေရာချင်းပြောင်းပြီး ဒေါက်တာ တိုးလွင်ဦးက ကားမောင်းနေကျ...

ယခုတော့ မောင်းချင်စိတ်လည်းမရှိ။

"ဘာလဲ ကိုကိုက မိုနီ လာကြိုတာနောက်ကျလို့ စိတ်ကောက်နေတာလား"

ဘာမှ မဖြေဖြစ်။

သမ္မတရုံရှေ့နှင့် ဘူတာကြီးဘက်မှ ထွက်လာသောကားများ ရှုပ်ယှက်ခတ်နေသည်ကို ရှောင်ရှားကွေ့ပိုက်၍ ယောက်လမ်းတွင်းသို့ ချိုးကွေ့ပြီးမှ...

"မိန်းမလှလှယူထားရင် စိတ်ရှည်ရတယ် ကိုကိုရဲ့"

မာန်နှင့် ရောမွှေထားသော အပြုံးမျက်နှာကို ဒေါက်တာတိုးလွင်ဦး လှည့်ကြည့်မိခိုက်မှာ...

"လူဆိုတာ လှပါတယ်ပြောလေ ပိုလှချင်လေပဲ၊ ကိုယ့်အလှနဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖက်အောင်လည်း အဆင်တန်ဆာက လိုသေးတယ်မဟုတ်လား ဒီနေ့ သွားရွေးတဲ့ အကျီတွေက ပုံမကျလို့ တစ်ခါတည်း စောင့်ပြင်နေ တာနဲ့ လာကြိုတာ နောက်ကျသွားတာလေ ကိုကိုရဲ့"

တံခါးဘောင်ပေါ်မှာ တံတောင်ဆစ်ကွေး လက်တင်ပြီး ရှေ့သို့သာ ငေးကြည့်နေမိသည်။ ဘာမှမပြောမိ၊ ပြောစရာအကြောင်းလည်း မရှိ

ယောက်လမ်းမှထွက်၍ ရွှေတိဂုံဘုရားလမ်းကိုဖြတ်ပြီး ဦးဝိစာရ လမ်းပေါ်အရောက်မှာ ကားမောင်းရတာ သက်သောင့်သက်သာ ရှိသွား ပြီမို့...

"ဘာလို့ ကိုကိုက မိုနီ့ကို စိတ်ဆိုးနေတာလဲ"

"ကိုကို ဘာပြောလို့လဲ"

"ဘာမှမပြောဘဲနေတာ စိတ်ဆိုးနေတာနဲ့ အတူတူပဲ"

"စိတ်မဆိုးပါဘူး၊ စိတ်ညစ်တာပါ"

"ဘာလဲ မိုနီနဲ့ အတူတူနေရတာကိုလား"

"မဟုတ်ပါဘူး၊ ဒီညနေ နာရီဝက်ကျော် စောင့်ရတာကိုပါ"

"အဲဒီ နာရီဝက်အတွက် ဘယ်လို ပြစ်ချက်တွေများ ပေးချင်နေ သလဲဟင် ကိုကို"

"တော်ပါတော့ မိုနီရယ်"

"မတော်နိုင်ဘူး၊ ကိုယ့်မိန်းမက အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြနေ တာကိုပဲ ခွင့်မလွှတ်နိုင်ဘူးတဲ့လား၊ ကိုကို မိုနီ့ပေါ်ကိုတော့ လာပြီး မကြီးကျယ်နဲ့နော်"

"ကဲပါ မိုနီရယ်၊ ကိုကိုကပဲ တောင်းပန်ပါတယ်၊ မိုနီ စိတ်ဆိုး တာကို ကိုကို မခံယူချင်ဘူး၊ ရန်ဖြစ်နေရတာကိုလည်း ကိုကို စိတ်ညစ် လွန်းလို့ပါ၊ ကိုကိုကပဲ တောင်းပန်ပါတယ်ကွယ်"

မိုနီကာထံမှ ဘာမှမဖြေ၊ နောက်ထပ်လည်း ဘာစကားမှမပြော၊ ကျေနပ်သော မျက်နှာလဲ မရှိ။





"ဪ... ခက်လှပါဘိကွယ်"

မိုနီကာထွန်းလွင်သည် နိုင်ငံခြားမှာ မွေးဖွားလာခဲ့သူ ဖြစ်သည်။

ဖခင်က နိုင်ငံတော် တာဝန်ထမ်းဆောင်ရင်း အနောက် ဂျာမနီ နိုင်ငံမှာ မွေးဖွားလာခဲ့သူဖြစ်လေသည်။

မိုနီကာ၏မိခင် ဦးထွန်းလွင်၏ဇနီး ဒေါ်ကာရိုလိုင်းဇော်မှာ သူ့ ဘိုးအေလက်ထက်က ဆာဘွဲ့ရသော သူဌေးကြီးတစ်ဦးဖြစ်လေသည်။

ဦးထွန်းလွင်တို့မိသားစု နိုင်ငံခြားမှ ပြန်ရောက်လာချိန်မှာ သမီး ကြီး မိုနီကာထွန်းလွင်မှာ အပျိုဦးရွယ်လေးဖြစ်သည်။ သူ့အောက် မောင်လေးတစ်ယောက်နှင့် ညီမလေးတစ်ယောက်သာ ရှိပါ၏။

ရန်ကုန်ရောက်မှ ဆယ်တန်းဖြေပြီး အင်္ဂလိပ်စာ အဓိကဘာသာ ဖြင့် ဝိဇ္ဇာဘွဲ့ရပြီးသော မိုနီကာ...

လှသော မိုနီကာ...

ချမ်းသာ ကြွယ်ဝလွန်းလှသော မိုနီကာကို...

ဝိုင်းဝိုင်းလည်အောင် လိုက်နေကြသည့်ကြားမှ ဒေါက်တာ တိုးလွင်ဦး၏မိခင် ဒေါ်ခင်ထားထား၏ အမြော်အမြင်ကြီးမှု၊ လည်ပတ် မှု၊ အကွက်ဆင်ကောင်းမှုများကြောင့်...

"မောင်တိုးလွင်ဦးက ရိုးသားတယ်၊ သိပ်ပြီးအေးတယ်၊ ဒါမှပဲ သမီး မိုနီကာရဲ့ ဖွဲ့မျိုးကိုခံနိုင်မှာ"

ဆိုတော့ ဆုံးဖြတ်စီရင်ချက်များနှင့်အတူ...

ဒေါက်တာ တိုးလွင်ဦး ..M . B ., B . S (Rgn:) M . Sc (Med:) နှင့်...

မိုနီကာထွန်းလွင် B . A (English)

တို့၏ ခမ်းနားကြီးကျယ်လှသော လက်ထပ်မင်္ဂလာပွဲသတင်းသည်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်မှ ထွက်သမျှ သတင်းစာ အသီးသီးတွင် ထည့်သွင်းဖော်[illegible] ခဲ့သည်။

ဦးတင်ဦးနှင့် ဒေါ်ခင်ထားထားတို့ပိုင်ဆိုင်သော ဝင်ဒါမီယာ လ[illegible] သွယ်မှ မြေကွက်ပေါ်တွင် မိုနီကာတို့ဘက်မှ တစ်ထပ်ခွဲတိုက်လု[illegible] လေးနှင့် ဗောက်စ်ဝက်ဂွန်း ကားတစ်စီး လက်ဖွဲ့ခဲ့သည်။

ဘွဲ့တွေ၊ ဂုဏ်ဒြပ်တွေ၊ တိုက်တွေ၊ ကားတွေနှင့် ငွေကို ရေလ[illegible] သုံးနိုင်ခဲ့ကြသော တိုးလွင်ဦးနှင့် မိုနီကာတို့၏ အိမ်ထောင်ရေးမှ[illegible] မြင်ရသူတို့ အားကျဖွယ်ဖြစ်စေနိုင်ရုံမှလွဲ၍…

"ကိုကို့ကို ချစ်လိုက်တာ"

"ကိုကိုဟာ မိုနီ့ရဲ့ အချစ်ဦးပါပဲကွယ်"ဆိုသော နှလုံးသား[illegible] အချိုမြိန်ဆုံးသော အာဟာရ စကားလုံးများကို မကြားဖူးခဲ့ရသလို[illegible]

"ကိုကို့ကို ချစ်ရဲ့လားဟင် မိုနီ"

"မိုနီ့ကိုလေ ကိုကို သိပ်ချစ်တာပဲ"ဟူသော စကားလုံးများဖြင့်[illegible] လည်း မတုံ့ပြန်မိ။

ဒေါက်တာ တိုးလွင်ဦး၏အိမ်ထောင်ရေးသည် ကိုယ်ခန္ဓာအတွက်[illegible] စည်းစိမ်ချမ်းသာအပေါင်းနှင့် ပြည့်စုံကြွယ်ဝနေပါသော်လည်း…

နှလုံးအိမ်တွင်းမှ ရင်ခုန်သံသစ်များ…

ရင်ခွင်တွင်းအထိ နင့်သွားစေသော ရှိုက်မက်ဖွယ် အနမ်းဦးများ[illegible] ဖြင့်…

ကလူကျီစယ်ရသော ကာလများလည်း ပျောက်ဆုံးနေခဲ့သည်။

ပင်ကိုကမှ မိုနီကာကို ချစ်၍ ယူခဲ့သည်မဟုတ်ပါဘဲ၊ ဒီအထဲမှာ[illegible] မိုနီကာက ချစ်အောင်၊ ချစ်လာစေအောင် တစ်ခါမှလည်း မဆောင်[illegible] ရွက်ပေးခဲ့။





စိတ်ကောက်ခြင်းများ၊ မာနတင်းခြင်းများဖြင့်သာ အိမ်ထောင်ရေး ကာလများကို ဖြတ်သန်းစေခဲ့သည်။

သူ့ဘက်ကလည်း သိပ်ချော၊ သိပ်လှ၊ သိပ်ပြည့်စုံပြီး အင်္ဂလိပ်စာ သိပ်တတ်သော မိန်းမတစ်ယောက်က ဘယ်ယောကျ်ားကိုမှ ဒူးထောက် ခစရာမလို၊ ဖြစ်များဖြစ်နိုင်မည်ဆိုလျှင် သူ့မျက်နှာတော်ကို မော်ဖူးစေ ဟူသော ပဒေသရာဇ် အာဏာမျိုးကို သုံးချင်သည်အထိ ဘဝင်မြင့်လှ သော မိန်းမ။

သူတို့၏ ဆယ်ပုံတစ်ပုံမျှပင် မချမ်းသာဘဲ ဆရာဝန်ဘွဲ့လေးတစ်ခု နှင့် တိုးလွင်ဦးဟူသော ယောကျ်ားသားတစ်ယောက်သည် သူ့လိုမိန်းမ ကို မ… နေရမည်၊ ဖူးဖူးမှုတ်ကာ သူ့အငြိုငြင်ကို လုံးဝ မခံရအောင် နေ့ရာတကာမှာ အလိုလိုက်၍ အကြိုက်ဆောင်ပေးနေရမည်ဟု မိုနီကာ ခံယူထားလေသည်။

အကယ်၍ မိုနီကာသည်သာ တိုးလွင်ဦး၏ အချစ်ဦးဖြစ်ခဲ့လျှင်၊ အချစ်ဦး မဖြစ်သည့်တိုင် သူ ချစ်သော မိန်းကလေးဖြစ်ခဲ့လျှင် မိုနီကာ၏ ဆန္ဒများ ပြည့်စုံစေရပါမည်။

သူ့သူငယ်ချင်းတစ်ယောက် မိန်းမရစဉ်က…

"ငါ့မိန်းမလိမ်းဖို့ သနပ်ခါး ငါ အမြဲ သွေးပေးတယ်ကွ"ဟူသော စကားနှင့်တစ်ဆက်တည်း…

"ငါ့မိန်းမက ဒီနေ့ ငါ့လက်သည်း ခြေသည်းတွေ ညှပ်ပေးလိုက် တယ်"ဟူသော အကြွားစကားနှင့် သူ့လက်ခြေများကို ထောင်ပြဖူးသည့် သူငယ်ချင်း၏မျက်နှာမှ အပြုံးက ကြည်ဝင်းတောက်ပလှချေသည်။

လင်ရယ် မယားရယ်လို့ ဖြစ်လာတဲ့အခါ သူ့အလုပ် ကိုယ့်အလုပ် ခွဲခြားခြင်းမျိုး မဖြစ်စေသင့်၊ တစ်ယောက်တည်းက အောက်ကျခံ၍ လုပ်ဆောင်ပေးရန်လည်းမလို။



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း သက်ဆွေ သွေးပေးသော သနပ်ခါး လူးခွင့်ရသော သူ့ချစ်ဇနီး၏ ကြည်နူးရမှုက အတိုင်းမသိ ဖြစ်ခဲ့ချေမည်။

သူ့ဇနီးလေး ခြေသည်း ညှပ်ပေးနေချိန်မှာ သက်ဆွေ၏ကျေနပ်နှစ်သိမ့်ခြင်းများကလည်း ရင်ကို သိမ့်ခါစေနိုင်ပေလိမ့်မည်သာ။

ဤသို့သော အိမ်ထောင်ရေး တည်ဆောက်ခြင်းမျိုးကိုဖြင့် ဘယ်သောအခါမှ ရရှိနိုင်မည်မဟုတ်တော့ကြောင်း တိုးလွင်ဦး နားလည်လိုက်ရပါချေပြီ။

သူ့အနေနှင့် မိုနီကာကိုသာ ချစ်လာခဲ့မိလျှင် သနပ်ခါးသွေးပေးရမှာ ဝန်မလေးပါသော်လည်း...

မိုနီကာအနေဖြင့် သူ့ခြေသည်းများကို ဘယ်သောအခါမှ ညှပ်၍ပေးလိမ့်မည် မဟုတ်ပါ။

မာနပေါင်းစုံတို့ဖြင့် အမြင့်မှာလွင့်နေသော မိုနီကာဆိုသည့် မိန်းမ။

"ကဲ... ရေချိုးလေ ကိုကို၊ ဆေးတိုက်သွားဖို့ အချိန်တောင်နီးနေပြီ။

မိုနီကာ၏ တိုက်တွန်းချက်စကားကို ကြားနာပြီးချိန်မှာ နာကြည်းစွာ ပြုံးလိုက်မိသည်။

"ကိုကို ဆာနေလား၊ ထမင်းစားတော့မလား"ဆိုသော စကားကို သူ မေ့နေသည်။

ဆေးတိုက်သွားဖို့၊ ငွေရဖို့သာ အဓိက တိုက်တွန်းချက်ဟု တိုးလွင်ဦး ရင်နာစွာ တွေးလိုက်မိသည်။

"သမီးလေးရော"

"နာနီနဲ့ ဟိုဘက်ခြံ သွားလည်နေမှာပေါ့"

"ခေါ်ခိုင်းလိုက်ပါ"

"ဘာလုပ်မလို့လဲ"

"ချီချင်လို့"





အလုပ်မဟုတ်တာ အလုပ်ရှာနေတာပဲ ဟူသော စိတ်အပြောဖြင့် မျက်စောင်းတစ်ချက် ဝင့်ကြည့်လိုက်ပြီး...

"ဟဲ့... စန်းမြင့် နော်လုကို သွားခေါ်လိုက်စမ်း၊ ပြန်လာခဲ့ သူ့အဖေက သူ့သမီးကို ချီချင်လို့လို့ ပြောလိုက်"

မိုနီကာသည် အနောက်တိုင်း စရိုက်များဝင်ကာ မိခင်စိတ် ကင်းမဲ့နေချေပြီ။

မိခင်၏နို့ရည်သည် ရင်သွေးအတွက် အကောင်းဆုံးသောအာဟာရဖြစ်သည်ဆိုသော သိပ္ပံ အသိပညာကို နားမလည်၍မဟုတ်...

ကလေးအတွက် အချိန်မပေးချင်၍၊ သူ၏အလှ ပျက်စီးမည်စိုး၍ ကလေးကို ကလေးထိန်းနှင့်၊ နို့ဘူးနှင့် မွေးစေသော မိခင်။

"မီးမီးလေး ဒက်ဒီဆီ သွားနော်"

ကလေးထိန်း ကရင်မလေးက ပြုံးပြီး ပြောရှာသည်။ သန့်ပြန့်သန့်ရှင်းပြီး ကလေးကို စနစ်တကျ ထိန်းတတ်သော ကရင်ခြံမှ ကလေးထိန်း နော်လုကို ခေါ်တာ တိုးလွင်ဦး ကျေးဇူးတင်ရပါသေးသည်။

သူ ကမ်းလင့်ထားသော လက်အတွင်းသို့ ခြေကလေးဆတ်ဆတ်ဆတ်ဆတ်နှင့် ပြုံးရွှင်မြူးထူးစွာ ထိုးလိုက်လာရှာသော...

"သမီးလေးရယ်"

ကလေးကို ရင်ခွင်မှာ မြတ်နိုးစွာပိုက်ပွေ့ရင်း ဖောင်းအိနွေးထွေးသော ပါးပြင်လေးကို ယုယုယယ နမ်းရှိုက်လိုက်မိသည်။

မျက်နှာချင်းဆိုင်အဖြစ် ပေါင်ပေါ်တင်ထားချိန်မှာ သမီး၏ လက်ကလေးနှစ်ဖက်က တိုးလွင်ဦး၏မျက်နှာကို ကိုင်စမ်းနေသည်။

"ရှစ်လ"

အသက်နှင့်အမျှ ရစ်ပတ်ချည်နှောင်ထားလေမည့် ရင်သွေးဟူသော သံယောဇဉ်ကြိုး။



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီး ကလေးမယူချင်ဆို၍ နှစ်နှစ်ခွဲကြာပြီးမှ ကလေးယူခဲ့သည်။

အဆင့်မြင့် တတ်ကျွမ်းလာသော ဆေးပညာအရ အိမ်ထောင်ပြီးသော်လည်း သားမမွေးချင်သေးလျှင် ရ၏။ လိုချင်ချိန်မှ ယူလျှင်လည်း ဖြစ်၏။

"တော်ပြီ ဒီတစ်ယောက် မွေးရတာနဲ့ လန့်သွားပြီ၊ နောက်ဘယ်တော့မှ ကလေးမယူတော့ဘူး"

ဟူသော မိုနီကာ၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်ခဲ့လျှင် ဤသမီးလေးသည် တိုးလွင်ဦးဘဝ၏ တစ်ဦးတည်းသော မြတ်နိုးတွယ်တာစရာ သံယောဇဉ်ကလေးပါ။

တိုးလွင်ဦး လက်မထပ်ခင်ကပင် ဖခင် ဦးတင်ဦး ကွယ်လွန်ခဲ့သည်။

မနှစ်ကတော့ ဒေါ်ခင်ထားထားသည် သွေးတိုးရောဂါဖြင့် ရေချိုးခန်းမှာမူးလဲ၍ ဆေးရုံ၌ သုံးရက်သာ ကုသခွင့်ရပြီးချိန်မှာ ကွယ်လွန်ခဲ့သည်။

ထိုစဉ်က တိုးလွင်ဦး နယ်မှာ။

မိခင်၏အသက်ကို မီရုံကလေးသာ အချိန်ရလိုက်သည်။ မိခင်ကြီး မျှော်လင့်ခြင်းကြီးစွာဖြင့် ဖြစ်စေချင်လွန်းသော ဆရာဝန်၏အတတ်ပညာဖြင့် မိခင်ကို ကယ်တင်ကုသခွင့်မရရှိလိုက်။

ယောကျ်ားလေးဖြစ်သော်လည်း ချစ်တတ်၊ သံယောဇဉ်ကြီးတတ်ပြီး အယုယခံချင်ခဲ့ရှာသော တိုးလွင်ဦးမှာ မိဘ၏မေတ္တာ စိမ့်စမ်းရေများ စောစီးစွာ ခန်းခြောက်ခဲ့ရလေသည်။

တိုးလွင်ဦး၏ဘဝမှာ သူ့ကို နှစ်နှစ်ကာကာ ချစ်မည့်သူလည်းမရှိ။

သူ့အနေနှင့်လည်း ဘာမှမသိတတ်သော ရှစ်လသမီးလေး 'ဒေဝစ္ဆရာ'မှလွဲ၍ တစ်လောကလုံးတွင် မြတ်နိုးစုံမက်စရာ လူသားဟူ၍





တစ်ယောက်မှ မရှိပါလား။

မိုနီကာ၏ မထေမဲ့မြင်အပြုအမူများ၊ ထောင်လွှားလွန်းသော မာနတရားများကြောင့် လမ်းခွဲရန် အခါခါ စိတ်ကူးမိသည်။

တိုးလွင်ဦးအနေနှင့်သာ ကွာရှင်းမလားဟု အခုမေးကြည့် မိုနီကာက ဒေါသအမျက်ကြီးစွာဖြင့် ပက်ပက်စက်စက်ပြောပြီး နာရီပိုင်းအတွင်းမှာ ကွာရှင်းပစ်လိုက်မှာ သေချာသည်။

တိုးလွင်ဦးကိုယ်တိုင်က မခွဲခွာတော့ပါဟူသော ဆုံးဖြတ်ချက်များဖြင့် မပျော်ရွှင်၊ မချမ်းမြေ့လေသော ရက်များစွာကို ကျော်ဖြတ်နေခြင်းမှာ...

"သမီးလေးကြောင့်"

ဘာပဲဖြစ်ဖြစ် ကလေးကို ဂရုမစိုက်သော်လည်း မိခင်နှင့်သမီးမို့ ရက်စက်စိတ်တော့ ဘယ်သောအခါမှ ဝင်မည်မဟုတ်။

မိခင်နှင့် ဖခင်ဆိုတော့ အဖိုးအနဂ္ဃ ထိုက်တန်လှသည့်ကြားမှာပင် သမီးလေး ရှင်သန်အရွယ်ရောက်လာပါစေတော့ကွယ်။

ထိုနေ့က ဆေးရုံမှာလည်း အရေးကြီးသော လူနာများ ကုသပေးရ၍ ပင်ပန်းလာ၊ နာရီဝက်လုံးလုံး ကားစောင့်ရ၍ စိတ်တို၊ စိတ်ညစ်စွာဖြင့်...

ညနေပိုင်း ဆေးခန်းကို လုံးဝ မသွားဖြစ်တော့

တိုးလွင်ဦးတို့သားအဖ ခုတင်ပေါ်တွင် သမီးလေးနှင့် ဆော့ကစားနေစဉ်မှာ မိုနီကာသည် ရွေးလာသော အင်္ကျီများကို တစ်ထည်ပြီးတစ်ထည် ဝတ်ကြည့်ပြီးနောက်၊ သစ်လွင်လှပသော ဝတ်စုံတစ်စုံကို လဲလှယ်လျက် တိုးလွင်ဦးနှင့် သမီးလေးကို နှုတ်မဆက်တော့ဘဲ ကားကိုမောင်း၍ ထွက်သွားတော့သည်။

တိုးလွင်ဦး၏ သက်ပြင်းရှိုက်သံသည် ခန်းလုံးအနှံ့ ပျံ့ပါ၏။

❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်

ဆေးရုံကြီး၏ အပေါ်ထပ် အခန်း ၁၁ နှင့် ၁၂ ကြားရှိ အမျိုးသမီးအခန်းနှင့် အမျိုးသားအခန်းကြားမှ ဆရာဝန်များ တာဝန်ကျရာ အခန်းရှေ့တွင် လွယ်အိတ်ကလေးလွယ်လျက် အင်္ကျီအဖြူ၊ လုံချည်အစိမ်း၊ ကျောင်းဝတ်စုံလေးနှင့် ဆယ့်ငါးနှစ်ရွယ် မိန်းကလေးတစ်ဦး မဝံ့မရဲ ရပ်နေရှာသည်မှာ ကြာပြီ။

"မင်း ဘာပြောချင်လို့လဲ"

ထွက်လိုက်ဝင်လိုက်လုပ်နေသော သူနာပြု ဆရာမက 'မြဟင့်ဆုမွန်' ကို ကြည့်ပြီး ခပ်တင်းတင်း မေးလာ၍...

"ဟို... ဆ... ဆရာနဲ့ တွေ့ချင်လို့ပါ"

"ဘယ်ဆရာလဲ"

"ဒေါက်တာ ဦးတိုးလွင်ပါရှင်"

"ဆရာနဲ့ သိလို့လား"

"ဟုတ်"

ခေါင်းညိတ်ရမလား၊ ခေါင်းခါရမလား၊ မသိပါဘဲနှင့် အလိုလို





'ဟုတ်'တစ်လုံး ထွက်သွားသည်။ 'ဟုတ်ကဲ့'ဟူ၍ပင် အပြည့်အစုံ မပြောနိုင်အောင် အသံက တိမ်ဝင်သွားသည်။

ကြောက်ရွံ့အားငယ်လွန်းသော မျက်နှာလေးနှင့်ကြည့်နေ၍ ဆရာမက ဝပ်(ဒ်)ထဲမှ လူနာတစ်ဦးဦး၏ကလေးဟု သာမန်အားဖြင့်ထင်ပြီး အခန်းတွင်း ဝင်သွားသည်။

တုန်တုန်ယင်ယင်ဖြင့် အတော်လေးကြာအောင် စောင့်နေရပြီးမှ စောစောက ဆရာမ ထွက်လာပြီး...

"ဆရာကြီးရှိတယ် ဝင်သွား"

အခန်းထဲကို ဝင်သွားချိန်မှာ ဒေါက်တာတိုးလွင်ဦးသည် အင်္ဂလိပ်စာတစ်အုပ် ဖတ်နေရာမှ လူရိပ်မြင်လိုက်၍ မော့ကြည့်လိုက်တော့...

နုနယ်သော မျက်နှာလှလှလေးမှာ ကြောက်ရွံ့ စိုးရိမ်ပူပန်ခြင်း အပြည့်ဖြင့် သူ့ကို မဝံ့မရဲကြည့်နေသော ကျောင်းသူရွယ် မိန်းကလေး ငယ်ငယ်လေးတစ်ယောက်...

သူ့လက်နှစ်ဖက်ဖြင့် တစ်စုံတစ်ခုကို ယုက်ကိုင်ထားပါလားဟု သောအကြည့်ဖြင့် သတိထား ကြည့်လိုက်မိတော့ အရွက်စိမ်းလတ်လတ်များဖြင့် စံပယ်ပန်းခက်ကလေးများ...

"ဘာကိစ္စလဲ ကလေး"

"မေ... မေမေက လွှတ်လိုက်လို့ပါရှင်"

အသံလေးများ ဆတ်ဆတ်တုန်ရုံမက မျက်ရည်ပါ ဝဲလာသည်။

ဖြည်းညင်းစွာဖြင့် သူ့လက်တွင်းမှ စံပယ်ခက်လေးများကို ဒေါက်တာ တိုးလွင်ဦး၏စားပွဲပေါ်သို့ တင်နေသော လက်ကလေးများပါ တုန်နေရှာသည်။

"မေမေဆိုတာ ဘယ်သူလဲ"

"ဒေါ်စံပယ်လှိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ဒေါ်စံပယ်လှိုင်လဲ ဆရာနဲ့သိတယ်လို့ ပြောလို့လား"

"ဟုတ်... ဟုတ်ကဲ့၊ ဦး ငယ်ငယ်ကနဲ့ သိပ်ခင်တယ်လို့ ပြောပါတယ်ရှင်"

"နေစမ်းပါဦး၊ ဒေါ်စံပယ်လှိုင်ဆိုတာက ဘယ်မှာနေတာလဲ"

"ဝင်... ဝင်ဒါမီယာတုန်းက ခြံချင်းကပ်လျက် နေဖူးတယ်၊ ဦး ငယ်ငယ်က စံပယ်ပန်း သိပ်ကြိုက်တယ်လို့"

"ဪ... ဟုတ်ပြီ... ဟုတ်ပြီ၊ မမစံပယ်လှိုင်ရဲ့ သမီးလေးကိုး"

ကလေး၏ ကြောက်ရွံ့တုန်လှုပ်နေသော မျက်နှာလေးမှာ သူငယ်စဉ်က မှတ်သားဖူးသော မမစံပယ်လှိုင်၏ မျက်နှာလေးအတိုင်းပါပဲလား၊ ဒီကလေးကျတော့ အသားလေးက ဆွတ်ဆွတ်ဖြူနေသည်။

"မေ... မေမေက ဦးနဲ့ သိပ်တွေ့ချင်နေပါတယ်ရှင်၊ 'တိုးငယ်ငယ်က သိပ်ရင်းနှီးခဲ့ကြတဲ့ မမစံပယ်လှိုင်က တွေ့ခွင့်ပေးပါလို့ တောင်းပန်ပါတယ်'လို့ သ... သမီးကို ပြောခိုင်းလိုက်လို့ပါ"

"အို... မငိုနဲ့လေ ကလေး၊ အခု ဒေါ်စံပယ်လှိုင် ဘယ်မှာလဲ"

"ဒီ... ဒီဆေးရုံကြီးမှာပါ"

"ကောင်းပြီလေ လာခဲ့မယ်၊ ဒီဝ(ဒ်)ထဲမှာပဲ မဟုတ်လား"

"မဟုတ်ပါဘူးရှင်"

"ဒါဖြင့် ဘယ်ဝ(ဒ်)မှာလဲ"

"အခုပဲ ဆုနဲ့ ခဏ လိုက်ခဲ့ပေးပါလား ဦးရယ်"

"လာခဲ့ပါ့မယ်လေ၊ ဘယ်နေရာလဲ ပြောခဲ့"

တည်ကြည်သော မျက်နှာကြောင့် မြတ်ဆုမွန်မှာ ပို၍ ကြောက်ရွံ့အားငယ်စွာဖြင့်

"ဟို... တ... တရားခံတွေထားတဲ့နေရာ"

"ဟင်..."

ရာဇဝတ်မှုနှင့် ပြစ်မှု တစ်စုံတစ်ရာ ကျူးလွန်သော တရားခံများ





ာမကျန်းဖြစ်လျှင် ထောင်တွင်းဆေးရုံမှာ ကုသပေး၏။ ထိုထောင်ဆေးရုံ၌ ကုသ၍ မရနိုင်လောက်အောင် ရောဂါပါကြီးလျှင် သက်ဆိုင်ရာမှ ဆေးရုံသို့ ပို့ပေးပါ၏။ လူနာ တရားခံများထားရာ နေရာသည် ရန်ကုန်ဆေးရုံကြီး၏ မြေညီထပ်မှာ အစောင့်အရှောက်နှင့်ပါ။ မြတ်ဆုမွန် မျက်ရည်တွေ ပေါက်ပေါက်ကျလာသည်။

"ဘာဖြစ်လို့လဲ"

"သမီး... သမီး မပြောပါရစေနဲ့၊ ဦး ခဏ လိုက်ကြည့်ပေးပါရှင်"

ဒေါက်တာတိုးလွင်ဦး တည်ငြိမ်စွာဖြင့်...

"အေး... အဲဒီနေရာကို သိပါတယ်၊ ဒီက တာဝန်ချိန်ကုန်တော့ လာခဲ့မယ်လို့ ပြောလိုက်၊ မင်းပြန်တော့"

ဒေါက်တာ တိုးလွင်ဦးကိုယ်တိုင် စိတ်ညစ်သွားသဖြင့် ဤမိန်းကလေးကို အခန်းတွင်းမှ ထွက်သွားစေလိုက်သည်။

ရှိုက်သံလေးကို ထိန်းချုပ်၍ ခေါင်းငုံ့ကာ ထွက်သွားရှာသော မမစံပယ်လှိုင်၏ သမီးလေး။

ပင်ကိုစိတ်က ထာဝရ စိတ်ညစ်နေရသဖြင့် ပတ်ဝန်းကျင် ဆက်ဆံရေးပါ ညှိုးဖျော့နေခဲ့သော တိုးလွင်ဦး။

ဤမိန်းကလေး လာခေါ်ခေါ်ချင်း ထလိုက်သွားရမှာကို မိမိ၏ ဂုဏ်သိက္ခာ ဝတ်ရုံကြီး ကွာကျသွားတော့မလို အထင်ရှိမိသဖြင့်လည်း မိန်းကလေးကို အခန်းတွင်းမှ ထွက်စေခဲ့သည်။

စာကို ပြန်မဖတ်ဖြစ်။

စားပွဲပေါ်က မှန်သားပေါ်တွင် စံပယ်ခက်ကလေးများကို ငေးကြည့်နေပြီးမှ စံပယ်အုပ်စုလေးထဲမှ စံပယ်ခက်ကလေးတစ်ခက်ကို ဆွဲယူပြီး လက်ညှိုးနဲ့ လက်မကြားမှာ ဝှေ့လှည့်နေမိသည်။

"တိုးကို စံပယ်တစ်ဆုပ်လောက် ပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနယ်ကွယ် ယောကျ်ားလေးဖြစ်ပြီး ကြဲကြဲဖန်ဖန် ပန်းကြိုက်ရတယ်လို့"

"တခြားပန်းတွေ မကြိုက်ပါဘူး ကြီးကြီးရဲ့ မမစံပယ်လှိုင်ပေးတဲ့ စံပယ်ပန်းတွေကိုသာ တိုးက ကြိုက်တာပါ"

မနက်တိုင်း ဖြူဆွတ်သော အပွင့်ကြီးများပါရှိသည့် စံပယ်ခိုင်များကို တိုး၏ စားကြည့်ခန်းထဲမှ ငွေပန်းအိုးမှာ ထိုးခွင့်ရခဲ့သော ကာလများဆီက မမစံပယ်လှိုင်...

မြတ်နိုးလေးစားစိတ်နှင့် တရင်းတနှီး ခင်မင်ပြီးကာမှ သူ့ကိုပင် နှုတ်ဆက်ဖော်မရဘဲ ပျောက်ခြင်းမလှ ပျောက်သွားခဲ့သော မမစံပယ်လှိုင်တို့ မိသားစု...

"ဆရာ"

အလုပ်သင် ဆရာဝန်ဘဝကပင် ခင်မင်ခွင့်ရခဲ့သော သူနာပြုဆရာမ 'ဒေါ်သောင်းသောင်း'က သွက်လက်သူမို့ အပြုံးဝေစွာကြည့်ရင်း...

"ဆရာ့စားပွဲမှာ စံပယ်ပန်းတွေနဲ့ပါလား၊ ဘယ်သူ လာပေးတာလဲ ဆရာ"

"ဩော်... ဟော်... ဟို... လူနာရှင်တစ်ယောက်ကပါ"

"ပေးစရာရှားလို့ ဆရာ့များ စံပယ်ပန်း ပေးရတယ်လို့၊ ပန်းပေးတယ်ဆိုတာ အလျှော့ပေးတဲ့သဘောနော်၊ ပေးတာက ကောင်မလေးလား ဆရာ"

"အလကားပါဗျာ"

ရယ်ပွဲ ဖွဲ့စရာလေးတစ်ခုသာ ဖြစ်သွားခဲ့ရသည်။

ရှက်စိတ်ဖြင့် စံပယ်ပန်းခက်ကလေးများကိုလည်း ဖယ်ရှားပစ်လိုက်မိသည်။

"ဆရာ ဖုန်း"





ဒေါ်သောင်းသောင်း ကမ်းပေးသော ဖုန်းကို ကိုင်၍ထူးလိုက်တော့...

"ကိုကို ဒီနေ့ စောစောပြန်နိုင်မလား"

"ဘာဖြစ်လို့လဲ မိုနီ"

လက်မှ နာရီကိုကြည့်မိတော့ သုံးနာရီ ဆယ့်ငါးမိနစ်...

"မိုနီ မြို့ထဲရောက်နေလို့ ကိုကို့ကို တစ်ခါတည်း ဝင်ကြိုသွားလျှင် ဖြစ်မလားလို့ပါ"

အလုပ်တာဝန်ကတော့ ပြီးဆုံးခါနီးပါပြီ၊ အရေးကြီးသော ကေ့စ်လည်းမရှိ၊ လက်ထောက်ဆရာဝန်၊ အလုပ်သင် ဆရာဝန်များနှင့်လွှဲခဲ့၍ ဖြစ်သည်။

သို့သော်လည်း

ဒေါ်စံပယ်လှိုင်ဆိုသော တစ်ခါက တိုး၏ မမစံပယ်လှိုင်ထံ သွားသင့် မသွားသင့် ချင့်ချိန်နေမိဆဲ။

"ကဲ... ဒီလိုလုပ် ကိုကိုရာ၊ မိုနီ အခု မဂိုလမ်းက ပြောနေတာ၊ အခုပဲ လာခဲ့ပြီး ကိုကို့ကို စောင့်နေမယ် ဟုတ်လား၊ ကိစ္စပြီးတော့မှ ဆင်းခဲ့လေ၊ ဒီရွှေဆိုင်က မကြည်လည်း ပြန်တော့မှာဆိုတော့ မိုနီလည်း ပြန်မှဖြစ်မှာ၊ ဆေးရုံအောက်ကပဲ လာစောင့်နေတော့မယ်နော်"

"ကောင်းပြီလေ"

မိုနီကား လာမည်ဆိုသော်လည်း သူ့အတွက် အချိန်ရနိုင်ပါသေးသည်။ မိုနီကာက ရှုံလို့ဆိုပြီး ဘယ်သောအခါမှ ဆေးရုံပေါ်သို့ တက်လာလေ့မရှိ။

ဒေါ်စံပယ်လှိုင်ထံသို့ သွားခွင့် သွားချိန်ရပါလျက်နှင့် ထိုနေ့က သွားဖို့ ဆုံးဖြတ်လိုက်မိသည်။

မိုက်မဲ ရက်စက်သော ဆုံးဖြတ်ချက်ဟု မထင်မိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



စံပယ်ပန်းခက်ကလေးများကိုပင် ကလေးကလားဆန်သောအလုပ် သူနှင့် မတန်မရာသော ပစ္စည်းစုလေးအဖြစ်ဖြင့် သူနာပြုဆရာမလေး များကိုပင် ရက်ချင်လာသလိုလို။

ထိုနေ့ညနေ ဦးက...

ဒေါက်တာ တိုးလွင်ဦးသည် သူ၏ 'သိက္ခာဝတ်ရုံ'ကြီးကို လုံခြုံစွာ ခြုံလျက်...

မျက်ရည်စက်လက် မျက်ဝန်းလေးများဖြင့် လာရောက်တောင်းပန် ခဲ့ရှာသော မြတ်ဆုမွန်ဆိုသည့် 'ဆု'ဆိုသော ကလေးငယ်အားလည်း ကောင်း...

တစ်ချိန်က သံယောဇဉ်ဦး ဖြစ်ခဲ့ဖူးသော မမစံပယ်လှိုင်ဆိုသည့် တရားခံမ လူနာတစ်ဦးအားလည်းကောင်း...

ကျောခိုင်းလျက်၊ အတက်ချီကေ့စ်ကိုဆွဲ၍ ဆေးရုံကြီးပေါ်မှ ဆင်းလာတော့ မိုနီကာ၏ကားက အဆင်သင့်။

❐





## အခန်း သုံး

"သမီး မိဆု"

"သမီး ဘာလုပ်ပေးရမလဲဟင် မေမေ"

"မေမေ လုပ်စေချင်တာ တစ်ခုတည်းပဲရှိတယ် သမီး"

"ပြောပါ မေမေ"

"သမီး ပြန်တော့"

"ဒီစကား မနေ့ကလည်း ပြောပြီးပါပြီ၊ ဒါတော့ သမီး နား မထောင်ပါရစေနဲ့ မေမေရယ်၊ မေမေ့နားမှာ နေခွင့်ရအောင် မနည်း တောင်းပန်ပြီး နေရတာပါ"

ဒေါ်စံပယ်လှိုင်သည် သမီးငယ်၏မျက်နှာကိုကြည့်ပြီး အံတင်း တင်း ကြိတ်လိုက်သည်။

လောကကြီး၏ ခါးသီးဖွယ် ဒုက္ခအပေါင်းကို ခါးစည်း၍ ခံလာ ခဲ့ရသော မိန်းမမို့လည်း ရင့်ကျက်လှပါပြီ။

မျက်ရည်မကျဖြစ်အောင် အထူးသဖြင့် သမီးလေးရှေ့မှာ မျက်ရည် မကျရလေအောင် ထိန်းချုပ်ထား၏။

ရင်ထဲမှာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



အသည်းနှလုံးနှင့်အတူ ခံစားချက်များအားလုံး လောင်ကျွမ်း ကြွေမွ ခဲ့ပြီးပါပြီ။

"ဆု"

"ရှင် ... မေမေ"

"သမီးလေးနဲ့ မေမေနဲ့ဟာ မထိုက်တန်တော့သလိုပဲ"

"ဒီလိုမပြောပါနဲ့၊ ဒါတွေမပြောပါနဲ့ မေမေရယ် ..."

"မေမေ့သမီးလေးဟာ စာသိပ်တော်တယ်၊ သိပ်လိမ္မာတယ်၊ ပြီးတော့ သိပ်လှတယ်၊ အပြစ်မဲ့တယ်"

"မေမေရယ်"

"အဲဒီလို ... မျှော်လင့်ချက်များစွာနဲ့ နုဦးစွာ ဘဝစနေတဲ့ သမီးလေးကို မေမေ့လို လူသတ်တရားခံမနားမှာ ရှိမနေစေချင်ဘူး သမီး ..."

"တော်ပါတော့၊ တော်ပါတော့ မေမေရယ်၊ သမီးဟာ မေမေနားမှာမှ နေခွင့်မရလျှင် ဘယ်သူ့နားမှာ သွားနေရမှာလဲ မေမေရဲ့"

မြတ်ဆုမွန် ခုတင်အောက်မှာ ဒူးထောက်၍ မိခင်ကို ဖက်လျက် ငိုလေပြီ။

"သမီးက မေမေ့နားမှာမှ နေခွင့်မရလျှင် ဘယ်သူ့နားမှာ သွားနေရမှာလဲ မေမေရဲ့"

ဆိုသော သမီးငယ်၏ စကားသည် ကွဲကြေပြီးသား နှလုံးအိမ်ကို အစိတ်စိတ်အမြွှာမြွှာ ထပ်မံ ကွဲပြန့်စေသည်။

"ဘယ်သူ့နား သွားနေရမှာလဲ မေမေရဲ့" ဆိုသော သမီးလေး၏ ငိုရှိုက်နေသော ကိုယ်ခန္ဓာလေးကို ဖက်ပွေ့ရန် လက်ရွှေ့လိုက်တော့ ...

"အို"

ခုတင်တိုင်နှင့် လက်နှင့်ကို တွဲခတ် ချိတ်တွယ်ထားသော လက်ထိတ် ...





ဆေးရုံရောက် လူနာတစ်ဦးဖြစ်သော်လည်း လူသတ်တရားခံမို့ ဥပဒေအရ ဆောင်ရွက်ထားကြသည်လေ ...။

ဤလက်ဖြင့် သမီးလေးကို ပွေ့ဖက် ထွေးပွေ့ခွင့် မရနိုင်တော့သည်မှာ ယခုတစ်ချိန်၊ ယခုတစ်ခါသာမဟုတ် ...

နှစ်ကာလ များစွာကြာအောင် ...

သို့မဟုတ်

ထာဝရ ထွေးပွေ့ခွင့်မရရှိအောင် ဖြစ်ရတော့မည်ဆိုသည်ကို အတပ်သိရှိပြီးဖြစ်နေသော ဒေါ်စံပယ်လှိုင် ...။

မိမိ၏ဘဝသည် မီးသဂြိုဟ်စက်အတွင်းမှာ ပြာအဖြစ်နှင့် ဘဝကို အဆုံးသတ်ခွင့် ကြုံချင်ကြုံမည် ...။

အကယ်၍ ဤရောဂါများပျောက်ကင်း၍ သေခြင်းတရားမှ လွတ်မြောက်ခွင့် ရခဲ့သည့်တိုင် ...

ချစ်လှစွာသော သမီးလေးနှင့် အုတ်ရိုးတံတိုင်းခြား၍ နှစ်ပေါင်းများစွာ ထောင်ထဲမှာ နေရတော့မည်ဟူသော အသိကြောင့် ...

ချုပ်ထိန်းထားရသော မျက်ရည်တို့ မဆည်နိုင်တော့၊ ရေကာတာကျိုးသည့်နှယ် ...။

"အို ... မေမေ ... မေမေရယ်၊ ဒီလောက် မငိုပါနဲ့၊ သမီးငိုလို့ မေမေ ငိုတာလားဟင်"

"မဟုတ်ပါဘူး သမီးလေးရယ်"

ဒေါ်စံပယ်လှိုင်သည် ခံစားမှုများ သွန်းချခြင်းနှင့် ထိန်းချုပ်ခြင်းတို့ကို တစ်ပြိုင်တည်း ဖြစ်ထွန်းနေရင်းက ...

"သမီး ... ဆု"

"မေမေ"

"ဒေါက်တာတိုးလွင်ဦးကို သွားခေါ်ပေးပါဦး သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com

"မနေ့ကလဲ သမီး ခေါ်ခဲ့ပြီပဲ၊ သူမလာချင်လို့ မလာတာပါ၊ ခေါ်မနေပါနဲ့၊ ဒီမှာလဲ ဆရာဝန်တွေ မေမေ့ကို ကြည့်ပေးနေတာပဲ"

"မဟုတ်သေးဘူး သမီးရယ်၊ မေမေ သူနဲ့ သိပ်တွေ့ချင်တယ်"

"သူက မတွေ့ချင်လို့ မလာတာပေါ့"

"ဒီတစ်ခါတည်း ထပ်ပြီး သွားခေါ်ပေးပါ သမီး၊ အပေါ်ထပ်တွင်ပဲ"

"ဟုတ်ပါတယ်၊ နီးလျက်နဲ့ မလာချင်လို့ မလာတာပေါ့ မေမေ"

"ဆု"

"မေမေ"

"တိုးမှာ ဒီလောက် ရက်စက်တဲ့စိတ်မျိုး မရှိနိုင်ပါဘူးလို့ မေမေ ယုံကြည်နေမိတယ် သမီး၊ ဒီတစ်ခါ နောက်ဆုံးအဖြစ်နဲ့ သွားပေးပါ သမီး၊ မေမေကဲ တောင်းပန်နိုင်းလိုက်ပါတယ်၊ ခဏလေး စကားပြောခွင့်ပြုပါလို့"

"ကောင်းပါပြီ မေမေ၊ ဘာပဲဖြစ်ဖြစ် မေမေခိုင်းတာ သမီး လုပ်ပေးပါတော့မယ်၊ မေမေ မောလှပါပြီ၊ နားပါတော့နော်"

စကားပြောရလွန်းရုံမက လှိုက်လှဲဆို့နစ်စွာ ငိုရှိုက်လိုက်ရ၍ ဒေါ်စံပယ်လှိုင်၏ ရင်အစုံက မို့မောက်လိုက်၊ နိမ့်ဆင်းလိုက်ဖြင့် မောဟိုက်ပင်ပန်းစွာ အသက်ရှူနေရပြီး စကားပင် မပြောနိုင်တော့ ...။

ဆုသည် တာဝန်ကျဆရာမများကို ပြေး၍ခေါ်တော့ ဆရာဝန်ပါ လိုက်လာကြည့်ပြီး အောက်ဆီဂျင် တပ်ပေးလိုက်သည်။

"သူ့ကို သိပ်ပြီး စကားမပြောစေနဲ့လေ၊ ရလာတဲ့ဒဏ်ရာအပြင် သူ့မှာ နှလုံးရောဂါအခံပါရှိနေတော့ သိပ် စိတ်လှုပ်ရှားလို့ မကောင်းဘူး"

"ဟုတ်ကဲ့ပါ ဆရာ"





အောက်ဆီဂျင်ပေးပြီး ဆေးတစ်လုံးထိုးပေးထားတော့ ဒေါ်စံပယ်လှိုင် သက်သာစွာ ငြိမ်သက်သွားသည်။

ဆုလည်း စကားမပြောရဲတော့ ...

မှိတ်ထားသော မေမေ၏ မျက်ဝန်းအစုံမှ ကျဆင်းခဲ့ရသော မျက်ရည်တို့ကိုသာ စုထားလျှင် ဆည်ကြီးတစ်ခုလောက် ဖြစ်နိုင်သည်။

ဆု လူမှန်းစပြီး သိတတ်ကတည်းက မေမေ ငိုနေသည်ကို နေ့စဉ်နှင့်အမျှ မြင်တွေ့နေကျပါ။

"အေးလေ ...၊ မေမေ သိပ်တွေ့ချင်နေတဲ့ ဟို ဆရာဝန်ကြီးကို ငိုပဲခိုးရခိုးရ ငါ သွားတောင်းပန်ကြည့်ဦးမယ်၊ ဒါမှ မေမေ စိတ်ချမ်းသာမယ် ထင်ပါရဲ့"

"အဲဒီ မာနကြီးတဲ့ ဆရာဝန်ကြီးဟာ မေမေနဲ့ ဘယ်လိုများ ပတ်သက်ခဲ့ပါလိမ့်နော်"

ယင်းအတွေးများကြောင့် မှိန်း၍ ငြိမ်သက်နေသော ချစ်မေမေ၏ မျက်နှာကို ရင်နင့်စွာကြည့်ပြီး 'ဆု' အပေါ်ထပ်သို့ တက်လာဖြစ်ပြန်သည်။

ဒေါက်တာတိုးလွင်ဦး အခန်းရှေ့မှာ လူများ ရှုပ်ယှက်ခတ်နေသည်။

သေအံ့မူးမူး လူနာတစ်ဦး၏ မိသားစုများ ဖြစ်ဟန်တူသည်။

ဒေါက်တာတိုးလွင်ဦးကိုယ်တိုင် ဦးဆောင်ပြီး ကူညီစီစဉ်ပေးနေသည်။

ကန့်လန့်ကာဖြူအတွင်းမှာ အရေးတကြီး ကိုယ်တိုင်ဆောင်ရွက်ပေးနေသော ဒေါက်တာတိုးလွင်ဦး၏ ခေါင်းပိုင်း တစ်စွန်းတစ်စနှင့် ရှူးဖိနပ်ခြေစုံကို မြင်သာနေသည်။

"ဒီဆရာက မာနကြီးပုံရပေမယ့် စေတနာတော့ ကောင်းပုံရသား"



www.burmeseclassic.com

www.burmeseclassic.com

"လူနာရှင်တွေ ကြည့်ရတာ ဆင်းဆင်းရဲရဲ စုတ်စုတ်ပြတ်ပြတ်"

"အဲဒါကိုလဲ ဂရုတစိုက် ကြည့်ပေးနေသားပဲ"

"ကိစ္စတွေ အမြန်ပြီးပါစေ"

"မေမေ့ကို လိုက်ကြည့်ပေးပါစေ"

ဆိုသော စိတ်ဆန္ဒနှင့်အတူ ဆု၏ရင်မှာ တထိတ်ထိတ် ခုန်တိုးနေသည်။

မိနစ်လေးဆယ်ကျော်ကြာမျှ စောင့်ရပြီးကာမှ သူ့အခန်းတွင်းသို့ ဝင်ခွင့်ရခဲ့သည်။

ဒါလည်း အဆင်ပြေစွာ မဟုတ်ပါ။

ဆရာမတစ်ယောက်၏ အဟောက်ခံပြီးမှ ဇွတ်အရဲစွန့်ပြီး ဝင်လိုက်တော့ သူ့ရှေ့မှာ ဧည့်သည်တစ်ယောက် ရှိနေသည်။

"ဘာကိစ္စလဲကွဲ့"

"ပြီး … ပြီးမှပဲ ပြောပါမယ်"

တုန်လှိုက်နေသော အသံကြောင့် ဧည့်သည်က လှည့်ကြည့်လာပြီး …

"ဆေးရုံက လူနာအတွက် ဆေးလက်မှတ် လာယူရုံပါ၊ ဒါမှ ပြည်သူ့ဆိုင်က ရမယ်ဆိုလို့လေ၊ ကျေးဇူးပဲ ကိုတိုးလွင်ဦး၊ ကျွန်တော် ပြန်မယ် …"

ဧည့်သည်က ဆေးရုံတံဆိပ်ပါ ဆေးဝယ်ခွင့်လက်မှတ်ကို အိတ်ထဲထည့်ပြီး ထွက်သွားတော့ …

"မနေ့ကလဲ မအားတာနဲ့ လာမကြည့်ဖြစ်ဘူး၊ မင်းရဲ့အမေ နေကောင်းသွားပြီလား …"

ဆု ကြောက်နေ၍ပဲလားမသိ၊ ဒေါက်တာတိုးလွင်ဦး၏ အသံက တင်းမာနေသည်ဟု ထင်မိသည်။





မိမိ ရောက်ရှိလာခြင်းအတွက် စိတ် အနှောင့်အယှက်ဖြစ်သွားဟာတော့ သေချာပြီဟု ဆု ယုံကြည်သည်။

မတတ်နိုင်တော့ …

ချစ်လှစွာသော မေမေ၏ ဆန္ဒလွန်ကဲမှုကို ဖြည့်ဆည်းပေးချင်လှပါ၍ …

"ဦး … ဦးရယ် … သမီးတောင်းပန်ပါတယ်၊ မေမေ့ကို ခဏလေး လိုက်ကြည့်ပေးပါရှင် …"

ကြောက်လန့် တုန်လှုပ်လွန်းသော အဖြစ်ကြောင့် ရပ်တည်နိုင်စွမ်းမရှိသည်ကို အကြောင်းပြုပြီး ဆု ဖြည်းညင်းစွာ ညွှတ်ခွေကျသွားတော့ ဒူးထောက်လျက်သား။

"အို … မငိုနဲ့လေ၊ ထ … ထ" သူလည်း ယခုတော့ လှုပ်ရှားသွားပါ၏။

ဆတ်ဆတ်တုန်နေသော နှုတ်ခမ်းလေးနှင့် ပါးပြင်မှာ အလျှင်မပြတ်သော မျက်ရည်စီးကြောင်း နှစ်သွယ်နှင့် နငယ် သနားစရာကောင်းလွန်းလှသော မိန်းကလေး …

"သမီး … တဲ့"

"ဦး … တဲ့"

သမီးရှင်မို့ 'ငါ့သမီးလေးသာ' ဆိုသော အစားထိုး ခိုင်းနှိုင်းခြင်းများဖြင့် ဖခင်စိတ်ဝင်စွာ …

"ကောင်းပြီ သမီး ဦး အခုပဲ လိုက်ကြည့်ပေးပါ့မယ်"

ဆု၏ နှလုံးသားကို လက်နှင့်ဆုပ်ကိုင် တွန်းမပေးလိုက်သည်သို့ပင် ဆရာဝန်ကြီး၏စကားက ဝမ်းသာအားရစရာ ကောင်းလှပါဘိ၏။

"မျက်ရည် သုတ်လိုက်၊ သွားနှင့်တော့"



www.burmeseclassic.com

www.burmeseclassic.com



"မေ ... မေမေ့အခန်း"

"ဦး သိပါတယ်"

'ဦး' ဟူသော နာမ်စားကိုစ၍ သုံးဖြစ်သော ပထမဆုံးစကား ...။

လိုက်မလာပါမလား ဟူသော မယုံကြည်စိတ်ဖြင့် နောက်ကို လှည့်ကြည့်လှည့်ကြည့်နှင့် လူနာဆောင်များကြားမှ ဖြတ်ပြီးသည့်တိုင် ပေါ်မလာသေး၍ ...

လှေကားအချိုး တံခါးကွယ်မှစောင့်၍ ခိုးကြည့်နေမိသည်။

ငါးမိနစ်မျှအကြာတွင်မှ ဂျူတီကုတ်အဖြူ တလွင့်လွင့်၊ ဘောင်းဘီရှည်နှင့် နားကျပ်ကိုလည်ကုပ်မှ သွယ်ချကာ လျှောက်လာနေသော ဒေါက်တာတိုးလွင်ဦးကို တွေ့လိုက်ရတော့မှ ဆုမှာ လှေကားမှ မှောက်လျက်လဲမတတ် ပြေးဆင်းဖြစ်ခဲ့သည်။

ဆုက စောင့်ပြီး ချောင်းကြည့်နေကြောင်းလည်း ဦး မမြင်စေချင်။

မေမေ့ထံမှ ထွက်လာသည်မှာလည်း ကြာမြင့်ပြီဖြစ်၍ ပြေးလာပြီး မေမေ့ဆီ ဝင်လာတော့ ...

"အို"

ညှိုးလျှော် ပင်ပန်းလှသော အသွင်အပြင်ဖြင့် မောနေသော မေမေ့ကို ရင်နင့်စွာ မြင်လိုက်ရ၍ ...

ခုတင်အောက်မှာ ဒူးထောက်၍ မေမေ့လက် အေးအေးလေးကို ဆုပ်ကိုင်ပြီး ...

"မေမေ"

"မေမေရယ် ..."

ယဲ့ယဲ့လေး လှုပ်လာသော်လည်း မေမေ မျက်စိဖွင့်မကြည့်။

"ဆ ... ဆရာ ... မေမေခေါ်ခိုင်းတဲ့ ဆရာ ...၊ လိုက်လာပြီ မေမေရဲ့"





ခေါင်းညိတ်ပြပြီး မျှော်လင့်စွာ မျက်စိကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လာ၏။ ဒေါက်တာတိုးလွင်ဦး ရောက်မလာသေးပါလား ...

မျှော်လင့်ရာလွန်းသော မေမေ့အတွက် စိုးရိမ်ပူပန်စွာဖြင့် လာစေချင်လွန်းသောစိတ်ကြောင့် ဆု အခန်းအပြင် ပြေးထွက်ကြည့်လိုက်တော့ ...

သက်ဆိုင်ရာဆရာဝန်နှင့် စကားပြောနေသော ဒေါက်တာတိုးလွင်ဦးကို မြင်လိုက်ရ၍ ရင်မှအပူမီးတောက်တစ်ခု ငြိမ်းသွားသည် သို့ပါ။

သက်ဆိုင်သော ဆရာဝန်ထံ ခွင့်ပြန်နေခြင်းလား၊ အသိမို့ နှုတ်ဆက်နေခြင်းလား ဆိုသည်ကိုဖြင့် ဆု မသိ။

မိနစ်ပိုင်းအတွင်းမှာပင် ဆုတို့ ရှိရာဘက်သို့ လျှောက်လာ၍ ...

"လာပြီ မေမေ၊ လာပြီ" ဆု၏ ဝမ်းသာသံလေး ကျယ်လောင်သွားရသည်။ ဒေါက်တာတိုးလွင်ဦးလည်း ကြားသွားလေသလားပင် ...။

မေမေ၏ ညှိုးမှိန်နေသော မျက်ဝန်းများ ချက်ချင်းကြည်လဲ့စွာဖြင့် လက်တစ်ဖက်ကို အားယူ၍ ဆန့်တန်းပြီး

"တိုး ... တိုး"

မေမေ ဆန့်တန်းပေးသောလက်ကို ဆုပ်ကိုင်ခြင်းမပြုဘဲ နားမှ နားကျပ်ကို တပ်လိုက်ပြီး စမ်းသပ်ရန် ကိုယ်ကိုကိုင်းညွှတ်လိုက်စဉ်မှာ

မေမေသည် ခေါင်းကို ခါယမ်းလျက် ...

"တိုးကို တွေ့ချင်တာ ကုပေးစေချင်လို့ မဟုတ်ပါဘူး၊ ပြောခဲ့ချင်တာတွေ ရှိလို့ပါ ..."

"ဒါစပယ်လှိုင် နေကောင်းသွားဖို့က အဓိက မဟုတ်ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



ဆု၏ တစ်သက်တာတွင် မမြင်ဖူးသေးသော အပြုံးတစ်ခုဖြင့် ယဲ့ယဲ့လေးပြုံးရင်း မေမေက ...

"ဒေါ် ... ဒေါ်စံပယ်လှိုင်တဲ့လား တိုးရယ် ..."

နာကျင် ပင်ပန်းလွန်းလှသော နှလုံးသည်းပွတ်တွင်းမှ ဖြတ်သန်း လာသော စကားသံကြောင့် တုန်ခိုက် လှိုက်ခုန်နေပေသည်။

ရွှန်းလက်စ မေမေ၏ မျက်ဝန်းမှာ မျက်ရည်တွေ ဝေနေရင်းက ဒေါက်တာတိုးလွင်ဦးကို ပို့မို၍ ရူးနက်စွာ စိုက်ကြည့်နေရှာသည်။

"ခွင့်လွှတ်ပါ ...၊ ခွင့်လွှတ်ပါ တိုးရယ် ...၊ မမစံပယ်လှိုင်ဟာ ကိုယ့်ဘဝကိုယ် မေ့သွားမိပါတယ်"

"ဗျာ"

"သြော် ... မမစံပယ်လှိုင်ရဲ့စိတ်ထဲမှာ တိုးဟာ ဟိုးတုန်းက မောင် လေးအဖြစ်နဲ့ မှတ်ယူနေမိဆဲမို့ပါ"

ဒေါက်တာတိုးလွင်ဦး ထံမှ သက်ပြင်းတစ်ရှိုက် ချသံကို ဆုကြား လိုက်မိသလိုလို ...။

"ထိုင်ပါဦး"

ဆု ရွှေ့ပေးသော ခုံလေးပေါ်မှာ ဒေါက်တာတိုးလွင်ဦး ဖြည်းလေး စွာ ထိုင်ချလိုက်ချိန်မှာ မေမေဒေါ်စံပယ်လှိုင်၏ မျက်ဝန်းမှ မျက်ရည် များ အဆုပ်လိုက်၊ အပွင့်လိုက် ကျကြွေလာပြီး ...

"သမီး အပြင်သွားနေစမ်း"

ဆုကို နှင်နိုင်သော်လည်း ဒေါ်စံပယ်လှိုင်၏ အနားမှာ စောင့် နေသော တာဝန်ကျရဲကိုဖြင့် ဒေါ်စံပယ်လှိုင် နှင်နိုင်ခွင့်မရှိပါလား ...။

သို့ပါသော်လည်း ဆရာဝန်ကြီးတစ်ယောက် လာကြည့်နေ၍ ရဲ သားလေးသည် ခပ်လှမ်းလှမ်းမှာပင် ကျောခိုင်းနေပေးရှာပါ၏။

"တိုး"





"ဟုတ်ကဲ့"

"မမစံပယ်လှိုင်ဆီကို လာကြည့်ပေးရတာ တိုးအတွက် သိက္ခာ ကျစရာများ ဖြစ်နေသလားဟင်၊ မမစံပယ်လှိုင်ကို အားမနာပါနဲ့"

"မဖြစ်ပါဘူး"

"ဒါဖြင့် ပြောချင်တာလေးတွေ ပြောခွင့်ပြုပါနော်"

"ဟုတ်ကဲ့ ပြောပါ"

"ပထမဆုံး ပြောချင်တာက တိုးတို့ခြံဘေးက မမစံပယ်လှိုင်တို့ မိသားစု ချက်ချင်းကြီး ပြောင်းပြေးရတဲ့အကြောင်းပါ"

"ဟုတ်တယ်၊ ကျွန်တော့်ကိုတောင် နှုတ်ဆက်မသွားဘူးလို့ မကြာ ခဏ သတိရနေမိသေးတယ်"

တိုးနှင့် မမစံပယ်လှိုင် မှသည် ဒေါ်စံပယ်လှိုင်နှင့် ကျွန်တော့်ဘဝ ရောက်ရှိသွားလေပြီဆိုသော အသိဖြင့်ပင် ...

"တိုးတို့မေမေက ဦးအောင်ဟိန်းကိုပြောပြီး ချက်ချင်းပြောင်း ခိုင်းလိုက်လို့ပါ"

"ဟင် ... ဘာဖြစ်လို့လဲ"

"တိုးရယ်၊ မမစံပယ်လှိုင်ရယ် တစ်ကြိမ်တစ်ခါမှ မတွေးမိခဲ့ ကြတဲ့ အတွေးကိုတွေးပြီး စိတ်ပူလို့ပါ"

"ဗျာ ... ဘယ်လို"

"တိုးရယ် ...၊ မမစံပယ်လှိုင်က တိုး ... တိုးကို ... ရအောင် ကြံသွားမှာ စိုးလို့တဲ့"

"ဟင်"

"အဲဒီတုန်းက လုံးဝ မတွေးမိ၊ မတွေးတတ်ခဲ့သေးပါဘူး တိုးရယ်၊ တကယ့်ကိုအရိုးခံ မေတ္တာတရားနဲ့ မမရဲ့ မောင်လေးအရင်းလို ချစ်ခဲ့၊ ဂရုစိုက်ခဲ့တာပါ၊ သံယောဇဉ် ကြီးခဲ့မိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



တိုး ဘာမှမပြော၊ သောကရုပ်သွင်နှင့် ဇရာအစ ဒေါ်စံပယ်လှိုင်၏ မျက်နှာကို စိုက်ကြည့်နေရာမှ ...

စံပယ်ပန်းတွေ နေ့တိုင်းပေးတတ်သော မမစံပယ်လှိုင် ...

တိုးကြိုက်တတ်သော မြန်မာမုန့်များကို နေ့စဉ် ကျွေးလေ့ရှိသော နုသစ်ဦးအလှနှင့် မမစံပယ်လှိုင်၏ ငယ်ရုပ်သွင်ကို ပြန်လည် မြင်တွေ့လာရသည်။

"တကယ်လို့ လူကြီးစိတ်ဝင်ပြီး နားလည်ခဲ့သည့်တိုင် နောက်ဆုံးကွယ် တိုးက တောင်းဆိုခဲ့သည့်တိုင် မမစံပယ်လှိုင်အနေနဲ့ ဘယ်လိုနည်းနဲ့မှ တိုးရဲ့ လှပ မြင့်မြတ်လှတဲ့ ဘဝကို မဖျက်ဆီးရက်ပါဘူးဆိုတာ တိုး သိပ်သိစေချင်လို့ပါ"

"ကျွန်တော် နားလည်ပြီ၊ စကားပြောရတာ သိပ်မောနေသလားဟင်"

"တိုးဟာ မမစံပယ်လှိုင်အတွက် အချိန် သိပ်မပေးနိုင်ဘူးထင်တယ်"

"ရပါတယ်"

"မဟုတ်ဘူး၊ တိုးကို သိပ်တွေ့ချင်တာ နှစ်ချက်ပဲ ပြောချင်တာပါ"

မောဟိုက်နွမ်းနယ်လွန်းသော်လည်း စိတ်ဆန္ဒကြီးမားစွာဖြင့် ပြောကြားနေရှာသော ဒေါ်စံပယ်လှိုင်ကို ကြည့်ပြီး ...

ဒေါက်တာတိုးလွင်ဦး ကိုယ်ပေါ်၌ လွှမ်းခြုံထားသော သိက္ခာဝတ်ရုံကြီးသည် တဖြည်းဖြည်းလျှောကာ လုံးဝ ကွာကျသွားခဲ့ပါပြီ။

သာမန် လူသားတစ်ယောက်ကို ကူညီလေ့ရှိသော ခပ်ပေါ့ပေါ့ခံယူချက်ဖြင့် လိုက်လာမိခဲ့ရာမှ ...

ဒေါ်စံပယ်လှိုင်၏ လေးနက်သော၊ လှိုက်လှဲသော စကားလုံးများ





သည် သူ့ရင်တွင်းမှာ အထပ်ထပ် ဖုံးလွှမ်းနေခဲ့သော ကာလခြားခြင်းများ အလွှာလိုက်ကွာကျကာ ...

လွန်ခဲ့သော ဆယ့်ခြောက်နှစ်ကျော် ကာလဆီသို့ ပြန်လည်ရောက်ရှိသွားခဲ့ပြီ ...။

တိုး၏မိခင်သည် သား၏အိမ်ထောင်ရေးကို အလွန်အမင်း အလေးထားလွန်းသူ၊ ဆန္ဒစောလွန်းသူ၊ စိုးရိမ်စိတ် လွန်ကဲလွန်းသူတစ်ယောက်ဖြစ်ကြောင်းကို သိရှိခဲ့ရပါပြီ ...။

ယခု ဒေါ်စံပယ်လှိုင် ပြောသလိုပင် ထိုစဉ်က မေမေ တွေးမိသလို တိုးရော မမစံပယ်လှိုင်ပါ လုံးဝ မတွေးမိခဲ့ကြပါလျက်နှင့် ...

ရိုးသားလှသော မမစံပယ်လှိုင်တို့ မိသားစုလေးမှာ စံပယ်ခြံတွင်းမှ ချက်ချင်း လွင့်စဉ်ထွက်ပြေးခဲ့ရသည်မှာ တိုး မိခင်ကြီး၏ စနက်၊ တစ်နည်းအားဖြင့် တိုးအတွက် ...၊ တိုးကြောင့်။

"ဪ ... ဒါကြောင့် တိုးကိုတောင် နှုတ်မဆက်ဘဲ သွားခဲ့ကြရတာကိုး"

'တိုး' ဟူသော နာမ်စားကြောင့် ဒေါ်စံပယ်လှိုင်၏ မျက်ဝန်းမှာ အားပြည့်လာသည်။

"နှုတ်ဆက်ခွင့်ကို မပေးဘဲ တိုး ကျောင်းကပြန်မလာခင် အမြန်ဆုံး ထွက်သွားရမယ်လို့ ပြောခဲ့လို့ပါ တိုးရယ် ..."

"ဒါတွေ တိုး ဘာမှမသိခဲ့ပါဘူး"

"တိုး မသိဘူးလို့ မမစံပယ်လှိုင် ယုံကြည်ပြီးသားပါ"

ဒေါက်တာတိုးလွင်ဦးသည် မချမ်းမြေ့သော ရင်ဖြင့် ကြည့်လေ၏။ သူ့မျက်ဝန်းမှ အကြင်နာရောင်စဉ်များကို ဒေါ်စံပယ်လှိုင် ကောင်းကောင်း မြင်တွေ့ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



“အဲဒီခြံက ပြောင်းရွှေ့ပေးရတဲ့အတွက် သမီးလေးရဲ့ အဖေနဲ့ ဆုံဆည်းဖို့ အကြောင်းဖန်လာခဲ့ပါတယ် တိုး”

“သြော် ...”

“သူနဲ့ ဆုံခဲ့ရချိန်ကစပြီး ဒုက္ခပင်လယ်ထဲမှာ နစ်နေခဲ့ရတဲ့ မမစံပယ်လှိုင်ဟာ အခုလို အဆိုးရွားဆုံး အဖြစ်ကြီးကို ရင်ဆိုင်ခဲ့ရတာပါပဲလေ”

“ဘယ်လိုများဖြစ်ရတာလဲ မမစံပယ်လှိုင်ရယ် ...”

“တိုး ... တိုး ...၊ မမစံပယ်လှိုင်ရဲ့ တိုးရယ် ...”

တိုးလွင်ဦး၏လက်ကို ဆုပ်ကိုင်ပြီး ဒေါ်စံပယ်လှိုင်မှာ ကြေကွဲခြင်းနှင့် အားတက်ခြင်းတို့ ရောယှက်ခံစားရသော မျက်ရည်တို့ဖြင့် ရှိုက်ငင်ကြီးစွာ ငိုကြွေးမိပါ၏။

“မမစံပယ်လှိုင်” ဟု သူခေါ်လိုက်သဖြင့် ဒေါ်စံပယ်လှိုင်၏ ခံစားမှုများ ပြောင်းလဲသွားရကြောင်းလည်း ဒေါက်တာတိုးလွင်ဦး သိပါ၏။

“မမစံပယ်လှိုင်”

“ဟင်”

“မငိုပါနဲ့လေ ...၊ တိုး ရှိနေပြီပဲ”

ဒေါ်စံပယ်လှိုင်၏ အေးစက်နေသော လက်ကလေးများဖြင့် ပိုမိုတင်းကျပ်စွာ တိုး၏လက်ကို ဆုပ်ကိုင်ထားရှာသည်။

“သိပ်မောနေပြီ၊ စကားမပြောနဲ့၊ ခဏနားလိုက်ပါဦး”

“တိုး”

“ဟုတ်ကဲ့”

“မမစံပယ်လှိုင်ရဲ့ ရောဂါအခြေအနေကို အမှန်အတိုင်း သိပါရစေ တိုးရယ်”

“နေကောင်းသွားမှာပါ”





“မနှစ်သိမ့်ပါနဲ့ တိုး၊ မမစံပယ်လှိုင်အတွက် အချိန်ဟာ သိပ်အရေးကြီးနေပါပြီကွယ်”

“တိုး ... ချပ်ဒ်ကို ကြည့်ပြီးပါပြီ၊ တိုးတို့ ကြိုးစားကုလျှင် ပျောက်မှာပါ၊ ဒါနဲ့ တိုးကို ပြောချင်စရာ နှစ်ချက်ရှိတယ်ဆိုတာ ပြီးပြီလား”

“တိုး ပြန်ရတော့မှာမို့လား”

“မဟုတ်ပါဘူး၊ မမစံပယ်လှိုင် ပြောချင်တာရှိတယ်ဆိုလို့ပါ”

ဒေါက်တာတိုးလွင်ဦးသည် ဒေါ်စံပယ်လှိုင် ပြောခဲ့ချင်သည်ဆိုသော စကားနှစ်ရပ်ကို ပြောဖြစ်ခဲ့စေချင်သည်။

သူ နာယူထားနှင့်လိုပါ၏။

မမစံပယ်လှိုင်၏ အခြေအနေသည် အားရဖွယ်မရှိတော့ကြောင်း တိုး သိနှင့်နေခဲ့ပြီ။

“တိုး”

“ဗျာ”

“ပြောချင်တာနှစ်ချက်အနက်က တိုးကို နှုတ်ဆက်ခွင့်မရဘဲ အနှင်ခံရလို့ ပြောင်းပြေးရတာပါဆိုတာကို ပြောပြီးပါပြီ တိုး”

“ဒုတိယအချက်ကရော”

“အဲဒီ ဒုတိယအချက်မမေးခင်၊ မမမေးတာကို တိုး ဖြေစေချင်တယ်”

“ဘာကိုလဲ မမစံပယ်လှိုင်”

“မမစံပယ်လှိုင်ရဲ့ ရောဂါအခြေအနေကို အမှန်အတိုင်း သိခွင့်ပေးပါ တိုးရယ်၊ အဲဒါ သိခွင့်ရမှပဲ မမစံပယ်လှိုင် ပြောပါရစေ”

“ရောဂါအခြေအနေက မဆိုးပါဘူး၊ မမစံပယ်လှိုင်ရဲ့ ဒဏ်ရာများ၊ ရောဂါပါ ကုသမှုကောင်းလျှင် မကြာခင် ပျောက်သွားမှာပါ”

“ဒါဆိုရင် မမစံပယ်လှိုင်အတွက် အချိန်ရှိပါသေးတယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ခေါင်းညိတ်လိုက်ရသော်လည်း ရင်ပန်းလျှလှချေ၏။

"တိုး ပြန်တော့လေ၊ အခုလောက် အချိန်ပေးတာ ကျေးဇူးတင်ပါတယ် တိုး ရယ်"

"ကိစ္စမရှိပါဘူး၊ မမစံပယ်လှိုင် ပြောချင်တယ်ဆိုတာ ဘာလဲဟင်၊ တိုး နားထောင်ချင်လို့ပါ"

မမစံပယ်လှိုင်၏ ကြောက်မက်ဖွယ်ရောဂါသည် ကာလပိုင်းခြင်း၌ မရစကောင်း၊ သူ့ဆန္ဒကို တိုး သိထားလိုက်ချင်သည်။

"နေဦး တိုး၊ တိုး အခုလို မမစံပယ်လှိုင်ဆီကိုလာတာ အားတက်လှပါပြီ၊ ဒါကြောင့် ဒီညနေ သမီးလေး အိမ်ပြန်ရင် မှာစရာရှိတာ၊ ယူစရာရှိတာယူခိုင်းပြီး တိုးကိုမှာခဲ့၊ အပ်ခဲ့ပါရစေကွယ်"

ခေါင်းညိတ်ရင်း လေးလံသော သက်ပြင်းကိုချမိသည်။

ဒေါက်တာတိုးလွင်ဦး အနေနှင့် သည်ထက် တိုက်တွန်း၍ မသင့်လျော်တော့ပါပေ။

"တိုးဟာ တိုးလို့ပြောပြီး မမစံပယ်လှိုင်လို့ ခေါ်ကတည်းက ဟိုး အရင်က ခင်မင်မှုတွေ မပျက်သေးဘူးလို့ မမစံပယ်လှိုင် ယုံကြည်သွားမိပြီကွယ်၊ ဟုတ်ရဲ့လား တိုးရယ် ဟင် ..."

"ဟုတ်ပါတယ် မမစံပယ်လှိုင်၊ တိုးကြောင့် ပြောင်းသွားရတယ်ဆိုတာ ခုမှသိလို့ စိတ်မကောင်းပါဘူးဗျာ"

"စိတ်မကောင်း မဖြစ်ပါနဲ့ကွယ်၊ မိခင်တစ်ယောက်ရဲ့ မေတ္တာဟာ အံ့မခန်းအောင် ဆန်းကြယ်တယ်ဆိုတာ မမစံပယ်လှိုင်ကိုယ်တိုင် မိခင်ဖြစ်လာမှ သိခွင့်ရခဲ့ပါပြီ တိုး"

"ဟုတ်ပါတယ် မမစံပယ်လှိုင်၊ တိုးမှာလဲ သမီးလေးတစ်ယောက် ရနေပါပြီ"





"အို ... ဟုတ်လား၊ ဝမ်းသာလိုက်တာ တိုးရယ်၊ တိုးရဲ့မိန်းမဘာရော ဆရာဝန်မလေးလား ဟင် ...၊ အဆင့်အတန်းမြင့်မြင့်ထဲကပဲဖြစ်မှာပါလေ"

"ဟုတ်ပါတယ်၊ သိပ်ချမ်းသာပါတယ်"

"ကြားရတာ ရင်ချမ်းမြေ့လိုက်တာ တိုးရယ်"

ဒေါက်တာတိုးလွင်ဦး တည်ကြည်ငြိမ်သက်စွာ ငေးကြည့်နေမိသည်။ ဘာမှမသိရှာသော မမစံပယ်လှိုင်ကို ဘာမှလည်း မပြောလိုတော့ပါ။

"ဒေါ်ခင်ထားထားက သဘောတူရဲ့လား"

"ဟုတ်ကဲ့၊ မေမေ ပေးစားသွားတာပါ"

"ဟင် ... အခု တိုးတို့ မေမေရော"

"မေမေရော ဖေဖေရော ဆုံးသွားပါပြီ၊ မမစံပယ်လှိုင်ရဲ့ အဖေနဲ့ အမေရော"

"အဖေတော့ ရှိတယ်၊ အမေ ဆုံးသွားပြီ"

"မမစံပယ်လှိုင်ရဲ့ ယောကျ်ားက ဘာအလုပ်လုပ်လဲဟင် ..."

မမစံပယ်လှိုင်၏ မျက်နှာတွင် အဓိပ္ပာယ်ဖော်ကျူးရန် ခက်ခဲသော သဏ္ဌာန်ကို မြင်တွေ့ရပါ၏။

"တိုး"

"ခင်ဗျာ"

"နက်ဖြန် ဆေးရုံလာဦးမှာလား ဟင်"

"လာရမှာပေါ့ မမစံပယ်လှိုင်ရဲ့"

"ဒါဖြင့် မနက်ပိုင်းပဲ အားတဲ့အချိန် ခဏလာခဲ့ပေးပါဦးနော်"

"ဟုတ်ကဲ့ အားတာနဲ့ ဆင်းခဲ့ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမစံပယ်လှိုင် သိပ်ပြောချင်တဲ့ အလွန်အရေးကြီးတဲ့ကိစ္စတွေကို ပြောခဲ့ပါရစေနော် တိုး ..."

"စိတ်ချပါ၊ တိုး လာခဲ့ပါ့မယ်"

"သိပ်အားရှိသွားပြီ မောင်လေးရယ်၊ ကဲ ပြန်တော့လေ ..."

ဒေါ်စံပယ်လှိုင်လည်း နွမ်းလျ မောပန်းနေရှာပြီ၊ သူလည်း ပြန်ရန် သင့်ပြီမို့သာ ထလိုက်ရသည်။

တကယ်တော့ မမစံပယ်လှိုင်ကို မထားရစ်ခဲ့ချင်သေးပါ။

လွန်ခဲ့သော ဆယ့်ခြောက်နှစ်ကျော် ကာလဆီက သံယောဇဉ်သည် ယခင်ပုံစံအတိုင်းပင် ပြောင်းလဲခြင်းမရှိသော စိတ်ထားများဖြင့် တိုးလွင်ဦး၏ ရင်ခွင်မှာ ပြန်လည် ရှင်သန်လာချေသည်။

"မမစံပယ်လှိုင်ကို တိုး တစ်ခုမေးပါရစေ"

ထိုင်ရာမှထပြီး နှုတ်ဆက်ထွက်ခွာခါနီးမှာ မေးလာသော တိုးလွင်ဦးသို့

"မေးပါ တိုးရယ် မေးပါ"

"မမစံပယ်လှိုင် အမှုဖြစ်လာတာက ဘာမှုလဲဟင်"

"လူသတ်မှု"

"ဗျာ"

"မမစံပယ်လှိုင်ရဲ့ ယောကျ်ားကို သတ်ပစ်မိခဲ့တဲ့ ပြစ်မှုပါပဲ တိုး ... "

□





## အခန်းလေး

အိမ်ပြန်ရောက်တော့ မိုနီကာ ပြန်မလာသေး ...။

သမီးလေးသည် သူ့အခန်းတွင်းမှ ခုတင်ပေါ်၌ နှစ်ခြိုက်စွာ အိပ်ပျော်နေရှာသည်။ အနီး၌ ကလေးထိန်း နော်လုက စာအုပ်တစ်အုပ်ဖတ်ရင်း စောင့်နေသည်။

ကလေးကို နာနီနှင့် သိပ်ရသော အလေ့အကျင့်ကိုလည်း ဒေါက်တာ တိုးလွင်ဦး မနှစ်ခြိုက်လှပါ။

မိခင်နှင့် ဖခင်၏ ရင်ခွင်ကြားမှာ သမီးလေးကိုထား၍ သိပ်ချင်လှသော်လည်း ဇနီးသည် မိုနီကာ၏ ဆန္ဒကို သူ မကျော်လွန်ရဲ။

မိုနီကာ၏ မိခင် သူ့ယောက္ခမကြီးကိုယ်တိုင်က စီစဉ်ကာ ကရင်ခြံမှ ငှားရမ်းပေးခဲ့သော ကလေးထိန်းမို့ သူပို၍မပြောဝံ့။

နော်လုက စနစ်တကျ ကလေးထိန်းတတ်ပြီး သဘောလည်းကောင်းသဖြင့် တော်ပါသေးသည်။

ယခု သူတို့၏အိမ်တွင် ယောက္ခမကြီးက အစစအရာရာ ခြယ်လှယ် စီစဉ်ပေးနေခြင်း ဖြစ်လေသည်။

ဆရာဝန်တစ်ဘွဲ့နှင့် မြန်မာပြည်မှ ဘွဲ့လွန်ဘွဲ့တစ်ခုပိုင်ရှင် ...



www.burmeseclassic.com

www.burmeseclassic.com



ရထားသည်က စက်စက်ယိုအောင်လှသော မိန်းကလေး ...။

မြင့်မြတ်လိုက်သည့်အမျိုး ... ။

ချမ်းသာကြွယ်ဝလိုက်သည့်ဖြစ်ခြင်း။

မြင်သူအပေါင်းတို့ အားကျစေလောက်သော ဒေါက်တာတိုးလွင် ဦး၏ ဘဝက ပြီးပြည့်စုံစွာ လှပလျက်ပါ။

သမီးလေးကို ဖွဖွလေးနမ်းပြီး ကိုယ့်အခန်းကိုပြန်လာတော့ နိုင်ငံခြားဖြစ် ပစ္စည်းများစွာနှင့် အဖိုးတန်လှသော အိပ်ခန်းကျယ်ကြီး အတွင်းမှာ ...

တိုး တစ်ယောက်တည်းပါ ... ။

ဆေးရုံမှပြန်လာသော အဝတ်အစားများကိုချွတ်၍ ခြေရင်း၌ဖြစ် သလို ပုံထားလိုက်သည်။ ပေါ့ပါးလွတ်လပ်သော ပါတိတ် ရှပ်အကျႌ နှင့် ချည်ပုဆိုးတစ်ထည်ကို ထုတ်ဝတ်လျက် အိပ်ရာထက်မှာ နှမ်းလျ စွာ လဲလျောင်းလိုက်သည်။

"မမစံပယ်လှိုင်"

သံယောဇဉ် တွယ်တာတတ်စ၊ ပထမဦးဆုံး နှလုံးသားဆီမှ စတင် စွဲလမ်းခဲ့ရဖူးသော မမ ... ။

အသက်သုံးဆယ်ကျော် လေးဆယ်နီး အရွယ်နှင့်၊ ရောဂါနှင့်၊ အမှုကိစ္စနှင့် ဖြစ်နေသော်လည်း မမစံပယ်လှိုင်၏ ရုပ်ရည်က ကျဆင်း ခြင်းမရှိ။

ငယ်စဉ်ကထက် ပို၍ဝလာသဖြင့် အသားများပင် လတ်လာ သည်။

နက်မှောင်သော ဆံပင်အုံ၊ ကျဉ်းသော နဖူးပြင်၊ မျက်ခုံးနက် နက်၊ နှာတံပေါ်ပေါ်၊ မျက်ဝန်းလှလှနှင့် အပြစ်ပြစရာမရှိအောင် လှ လွန်းသော မမစံပယ်လှိုင်၏ မျက်နှာမှာ ...





"သူ သိပ်ကြေကွဲပြီး သိပ်ခံစားနေရတဲ့ကြားက ငါ့ကိုတွေ့တော့ သိပ်အားတက်သွားရှာတယ်၊ သိပ်ဝမ်းသာသွားရှာတယ်၊ သနားပါတယ်"

"မနေ့က ငါ့ကို ခေါ်ခိုင်းလျက်နဲ့ ငါ မသွားမိလေခြင်းကွယ်"

"ငါ့စိတ်ထဲမှာ ခင်မင်ခဲ့ဖူးသော မိန်းမတစ်ယောက် အဆင့် လောက်သာ မှတ်ယူပြီး သွားရမှာပဲ သိမ်ငယ်နေသလိုလို ထင်ခဲ့မိတယ်"

"မမစံပယ်လှိုင်ရယ်၊ မမစံပယ်လှိုင် ခုလောက် ခံစားနေရမှန်း၊ တိုးကို ဒီလောက်ကြီး မျှော်လင့်နေမှန်းသာသိခဲ့လျှင် တိုး မနေ့ကတည်းက လာခဲ့ပါတယ်ဗျာ"

နောင်တစိတ်နှင့် သနားကြင်နာရခြင်း ခံစားမှုတို့က ရင်မှာ ပြည့်လျှမ်းစွာ ...

မျက်စိထဲမှာတော့ မမစံပယ်လှိုင်၏ မျက်နှာ ... ။

"ဆရာ လိမ္မော်ရည်"

"အင်း ... အင်း ထားခဲ့ပါ ဒေါ်အေး"

"ဆေးတိုက်မသွားခင် ထမင်းစားမလား၊ ဆင်းဒဝစ်ပေါင်မုန့်နဲ့ လက်ဖက်ရည် သောက်သွားမလား ဆရာ"

"နေပစေ ဒေါ်အေး၊ စားချင်တာရှိမှ ကျွန်တော် ပြောမယ်"

"သဘော်သီးစိတ် ယူခဲ့ရမလား"

"တော်ပြီ"

အိမ်ဖော် ဒေါ်အေးက သူ့တာဝန်ကျေပြီဆိုသော မျက်နှာနှင့် ကြည့်ပြီး ထွက်သွား၏။ အခန်းထဲမှာ လိမ္မော်ရည်ဖန်ခွက်နှင့် ပန်းသီး စိတ်ပြီးသား တစ်ပန်းကန် ...။

ဤလိမ္မော်ရည်တစ်ခွက်နှင့် ပန်းသီးစိတ်တို့သည် တစ်ချိန်က မမစံပယ်လှိုင် ကျွေးခဲ့ဖူးသော အနန်းသီးနိုင်နိုင်နှင့် စလူမုန့်တစ်လုံး လောက် ချိုမြိန်နိုင်ခြင်း မရှိပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဤလောကတွင်ရှိသော အစားအစာ၊ အဝတ်အထည်၊ အသုံး အဆောင် မှန်သမျှတို့သည် 'သူ့ချည်း တည်ရှိနေပြီး ကိုယ်က ယူငင် သုံးစွဲရသောအခါ အရသာကင်း၏'' ဟူသော အသိကို ဒေါက်တာ တိုးလွင်ဦး သိရှိခဲ့သည်မှာ ကြာပါပြီ။

လိမ္မော်ရည် မသောက်ရလျှင် နေပါစေ။ ဇနီးသည် ခပ်ပေး သော ရေအေးအေးတစ်ခွက်ကို သောက်သုံးခွင့်ရသော ခင်ပွန်းသည်၏ ရင်မှာ ပို၍ချမ်းမြေ့စေပါလိမ့်မည်။

အခုလို အိငြိမ့်နေသော ဖုံမွေ့ရာကြီးပေါ်မှာ တစ်ယောက်တည်း အပန်းဖြေနေရမည့်အစား ...

ဖျာကြမ်းပေါ်မှာဖြစ်စေ၊ သနပ်ခါးနံ့လေးသင်းနေသော ချစ်ဇနီး ၏ ရင်ခွင်မှာ အပန်းဖြေခွင့်ရသော လင်ယောက်ျား၏ ကြည်နူးရမှုက ဤလောက၏ အနှစ်သာရကို ပိုင်ဆိုင်ခွင့်ရခြင်း မည်ပါလေမည်။

အကယ်၍သာ ...

မိုနီကာလို မိန်းမကို လက်ထပ်ခွင့်မကြုံဘဲ မမစံပယ်လှိုင်လို မိန်းမနှင့် ဆုံခွင့်ရခဲ့ပါလျှင် သူ့ကို ပြုစုယုယလိုက်မည်ဖြစ်ခြင်း။

မီခင်နှင့်တူသော မယားလည်းဖြစ်မည်၊ ကျေးကျွန်နှင့်တူသော မယားမျိုးလည်းဖြစ်အောင် သူ့အရိပ်ကိုကြည့်ကာ သူ့အလိုဆန္ဒဟူသမျှ ဖြည့်ဆွမ်းပေးရှာလေမည့် မိန်းမမျိုး။

"တိုးလေ မမစံပယ်လှိုင်နဲ့ ဘာလို့များ မဆုံခဲ့ရတာလဲဗျာ"

"အို ... မဟုတ်ဘူး၊ မဟုတ်သေးပါဘူးလေ၊ မိုနီ့ကို စိတ်နာနာ နဲ့ ငါ ဘာတွေများ စိတ်ကူးနေမိပါလိမ့်"

"မမစံပယ်လှိုင် ပြောလိုက်သလို တိုးနဲ့ မမစံပယ်လှိုင်တို့ဟာ မရိုးသားတဲ့အချစ်နဲ့ ချစ်ထတ်ဖို့ကိုတောင် မတွေးမိကြသေးတဲ့ အရွယ် တွေပါ၊ အဲဒီတုန်းက တိုးက ကလေးပဲ ရှိပါသေးတယ်လေ"





"ဟုတ်တယ် တိုးနဲ့ မမစံပယ်လှိုင်ဟာ သန့်သန့်စင်စင်၊ ဖြူဖြူ လွင်လွင်နဲ့ စံပယ်ပန်းလေးတွေကြားမှာ စံပယ်ပန်းလေးတွေလို အပြစ် မဲ့စွာ ချစ်ခဲ့ကြတာပါ"

ဒေါက်တာ တိုးလွင်ဦး အိပ်ရာမှထပြီး လိမ္မော်ရည်ဖန်ခွက်ကို ကိုင်၍ ပြတင်းပေါက်နားမှာ ရပ်လိုက်သည်။

မာလီ၏ ပြုပြင်မှုဖြင့် ခြံမှာ ရှင်းပြန့်နေ၏။ အဖိုးတန် သစ်ခွ ပန်းအိုးများက စနစ်တကျ။

စံပယ်ရုံတော့ တစ်ရုံမှမရှိ။

စံပယ်ပွင့်ကိုလည်း တစ်ပွင့်မှမတွေ့ရ။ အပြင်ဘက်ကို ငူငိုင်စွာ ငေးရင်း လိမ္မော်ရည်ကို သောက်မိ၏။ ဘာအရသာမှ မခံစားလိုက်ရ ဘဲ တစ်ဖန်ခွက်သာ ကုန်သွားခဲ့သည်။

"မမစံပယ်လှိုင်"

"မမစံပယ်လှိုင်ဟာ ရိုးသားတဲ့၊ သန့်စင်တဲ့၊ မြန်မာဆန်တဲ့၊ ဘာသာတရားကို လေးစားကိုင်းရှိုင်းတဲ့ မြန်မာအိမ်ရှင်မ တစ်ယောက် ပါဗျာ၊ တိုး မှန်းမိသိရှိပါတယ်"

"ဒါပေမဲ့ ဘာကြောင့်များ ..."

"ဘာကြောင့်များ မမစံပယ်လှိုင်ဟာ လူသတ်တရားခံမကြီး ဖြစ်နေရတာလဲဗျာ"

"ပြီးတော့ မမစံပယ်လှိုင် သတ်လိုက်တဲ့လူဟာ မမစံပယ်လှိုင် ရဲ့ ယောက်ျားကိုယ်တိုင်တဲ့နော်"

"ဘယ်လိုအပြစ်တွေများ သူ ကျူးလွန်လို့ သူ့ကို သတ်ပစ် လိုက်တဲ့အထိ ဖြစ်သွားရတာလဲဗျာ"

"မမစံပယ်လှိုင်ကလည်း ပြောချင်နေမှာပါ"

"တိုးကို အသိပေးချင်နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန် တိုး လာခဲ့မယ်၊ မမစံပယ်လှိုင်နဲ့ တိုးနဲ့ ဝေးကွာနေခဲ့ကြတဲ့ ဆယ့်ခြောက်နှစ်ကာလကို ပြန်လည်တူးဖော်ယူမယ်နော်"

"ပြီးတော့လေ ...

"မမစံပယ်လှိုင်ရဲ့ ရောဂါအခြေအနေကိုလည်း တိုး အားမရလှဘူး၊ ဒေါက်တာကြီးကလည်း ရှိသေးတယ်"

တိုးလို ဆရာဝန်တစ်ယောက် အမြင်နဲ့တော့ မမစံပယ်လှိုင်ရဲ့ ရောဂါဟာ အခြေအနေ မငကောင်းလှဘူး မမစံပယ်လှိုင်ရေ"

ယင်းအတွေးစုများထဲမှ "တိုးလို ဆရာဝန်တစ်ယောက်" ဟူသော စကားစုလေးကြောင့် ...

"စာကြိုးစားနော် မောင်လေး၊ ဒါမှ မောင်လေးပြောတဲ့ ဆရာဝန်ကြီးဖြစ်မှာ"

"မမစံပယ်လှိုင်"

"ဟင်"

"မမစံပယ်လှိုင်လည်း ကြီးကြီးအရွယ်ကျမှ ရောဂါဖြစ်နော်"

"ဟင် ... ဘာပြောတာလဲ တိုးရဲ့"

"အဲဒီအရွယ်ကျတော့ တိုးက ဆရာဝန်ကြီးဖြစ်ပြီလေ မမစံပယ်လှိုင်ရဲ့"

"အေး ... အေး၊ အောင့်ထားမယ်၊ အမေ့ အရွယ်ကျမှ ရောဂါတွေစုဖြစ်မယ်၊ အဲဒီကျတော့ တကယ်ကုပေးနော်"

"စိတ်ချ၊ မမစံပယ်လှိုင် ဘယ်တော့မှ မသေနိုင်အောင် တိုးက ကုပေးမှာပေါ့"

ထိုစဉ်က ကြည်ရွှင်အားတက်လွန်းသော အပြုံးများပြုံးလျက် မမစံပယ်လှိုင်သည် သူ၏ပခုံးကို ဆုပ်ကိုင်ဖျစ်ညှစ်ခဲ့ဖူးသည်ကို တိုး မမေ့ပါ မမစံပယ်လှိုင်။





"အင်း ... ငယ်စဉ်က ပြောခဲ့သလို မမစံပယ်လှိုင် ဘယ်တော့မှ မသေနိုင်အောင် ငါ့ရဲ့ အတတ်ပညာနဲ့ ကုသပေးနိုင်ပါ့မလား"

"ကုသနိုင်ခွင့်အချိန်လည်း မီပါတော့မလား"

"အို ... ဘာပဲဖြစ်ဖြစ် မမစံပယ်လှိုင် မှာထားတဲ့အတိုင်း နက်ဖြန်တော့ ဆေးရုံကို ငါ အစောကြီး ကြိုသွားမယ်"

"မမစံပယ်လှိုင် ပြောခဲ့ချင်တယ်ဆိုတာတွေအားလုံး ငါ နားထောင်မယ်"

"ငါ သိချင်တာတွေ အကုန်မေးမယ်"

"ပြီးတော့ သူ့အသက်ချမ်းသာအောင်၊ သူ့အမှုက သက်သာခွင့်ရအောင် ငါ ကူညီမယ်"

"မမစံပယ်လှိုင်အတွက် တိုးရဲ့ တတ်စွမ်းနိုင်သမျှသော အတတ်ပညာ၊ အသိပညာ၊ ငွေကြေးကုန်ကျမှုများနဲ့ စက်လဲပြီး ...

"မမစံပယ်လှိုင်ကို တိုး ကူညီမယ်"

❐



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ငါး

"ဒုန်း … ဒုန်း … ဒုန်း"

ဆိုသော တံခါးထုသံနှင့်အတူ မိုနီကာ၏ အော်သံက ရေပန်းမှ ရေကျသံများကို ကျော်လွှန်ကာ …

"ကိုကိုရေ … ရေမြန်မြန်ချိုးပြီး ထွက်ခဲ့တော့၊ အမြန်ထွက်ခဲ့တော့"

"ဘာဖြစ်လို့လဲ သမီး ဘာဖြစ်လို့လဲ"

"သမီး ဘာမှမဖြစ်ဘူး၊ မာမီ မူးလို့ ဖုန်းဆက်တယ်၊ မြန်မြန်ထွက်စမ်းပါ"

ဘာပဲဖြစ်ဖြစ် ကိုယ့်သမီးလေး ပြဿနာမဟုတ်၍ စိတ်အေးသွားရသေးသည်။ ရေကိုတော့ အမြန်ချိုးဖြစ်ပါ၏။

ထွက်လာတော့ မိုနီကာက မျက်စိမျက်နှာပျက်စွာနှင့် …

"မာမီ မူးလဲသွားလို့တဲ့၊ လုပ်ပါ မြန်မြန်သွားကြရအောင်"

"သတိလစ်သွားသလား"

"မလစ်ဘူးထင်တယ်၊ ဒက်ဒီ ကိုယ်တိုင် ဖုန်းဆက်တာ၊ မောင်တိုးလွင်ဦးနဲ့ အမြန်လာခဲ့ပါတဲ့၊ မြန်မြန်လုပ်စမ်းပါ ကိုကိုရဲ့"





မိုနီကာ၏ အရေးတကြီး ဆော်ဩမှုကြောင့် ဒေါက်တာတိုးလွင်ဦးလည်း အဝတ်ကို ကြုံသလိုစွပ်၊ ခေါင်းကိုပင် မဖြီးနိုင်ပါဘဲလျက် မိုနီကာနှင့်အတူ သူကိုယ်တိုင် ကားကို အမြန်နှုန်းနှင့် မောင်းနှင်ခဲ့ပြီး ဝင်ဒါမီယာမှသည် စွန်နီရံပတ်(ခ်)သို့ အပြေးအလွှား လာခဲ့ကြရသည်။

ဒေါ်ကာရိုလိုင်း၌ သွေးတိုးရောဂါ ရှိသည်။ မူးလဲတယ်ဆိုတော့လည်း စိတ်ပူစရာပါပဲ။

ဒေါက်တာ တိုးလွင်ဦးတို့ ရောက်သွားတော့ တစ်ခြံကျော်မှ အငြိမ်းစား ဆရာဝန်ကြီးလည်း လာရောက်ကြည့်ရှုပေးနေသည်။ အခြေအနေက စိုးရိမ်ဖွယ်ရာမှ ကျော်လွန်ခဲ့ပါပြီ။ လိုအပ်သော ဆေးကုသမှုများနှင့် ကိစ္စအားလုံး ဆောင်ရွက်အပြီးမှာ …

"ကိုကို ဒီနေ့ ဆေးရုံမသွားပါနဲ့လား"

"ဟုတ်တယ် ဖြစ်နိုင်လျှင်တော့ ဒီတစ်နေ့ ခွင့်ယူလိုက်စေချင်တယ် မောင်တိုးလွင်ဦး၊ မင်း အန်တီအတွက် အနားမှာ ဆရာဝန်တစ်ယောက် ရှိနေစေချင်တယ်"

မိုနီကာနှင့် ယောက္ခမကြီး ဦးထွန်းလွင်၏ စကားကြောင့် တုန့်လှုပ်စွာ နာရီကြည့်လိုက်မိသည်။

"ရှစ်နာရီ မိနစ်လေးဆယ်"

ယခု ထသွားနိုင်တောင်မှ ကိုးနာရီကျော်လောက်မှ ဆေးရုံရောက်နိုင်ပါလိမ့်မည်။

"မဖြစ်ဘူးထင်တယ် မိုနီ၊ ဆေးရုံမှာ အရေးကြီးတဲ့လူနာ ရှိနေလို့"

"အို … ဆေးရုံဆိုတာ အရေးကြီးတဲ့လူနာ အမြဲရှိနေတာပဲ၊ ဘာပဲဖြစ်ဖြစ် ကိုကို ဒီတစ်နေ့ ခွင့်ယူပါ၊ မာမီက သိပ်အရေးကြီးနေတယ်၊ မိုနီ မာမီ့ကို စိတ်မချဘူး"



www.burmeseclassic.com

www.burmeseclassic.com

“ဆေးလည်း ထိုးထားတယ်၊ ဆေးလည်း ပေးထားပါပြီ၊ ကိုကို ဆယ့်နှစ်နာရီမှာ ပြန်လာကြည့်ပါ့မယ်၊ အန်တီ့အတွက် စိတ်ချပါ မိုနီ”

“အို … ဘာပဲပြောပြော ကိုကို ဒီနေ့ ဆေးရုံမသွားရဘူး”

သူ့မိသားစု ရှေ့မှာမို့ မိုနီကာက လင်ကိုပိုင်ကြောင်း ပို၍ပြချင်နေသည်။

ပိုင်လည်း ပိုင်ခဲ့ပါသည်။ ခါတိုင်း သည်အိမ်လာလည်တာတောင်မှ မိုနီကာက ပြန်ကြစို့ဆိုမှ ပြန်ရသည့် တိုးလွင်ဦးပါ။

ယခုတော့ …

“နေ့လယ် ဆယ့်နှစ်နာရီမှာ ပြန်လာခဲ့မယ်၊ အန်ကယ်(လ်) ကျွန်တော့်ကို ခွင့်လွှတ်ပါ”

ယောက္ခမကြီးကို ခွင့်ပန်ပြီး မိုနီကာကို တစ်ချက်မျှ လှည့်မကြည့်ပါဘဲနှင့် မိုနီကာ၏ ဗောက်စ်ဝက်ဂွန်း ကားလေးပေါ်သို့ အမြန်တက်ပြီး ထွက်လာခဲ့တော့သည်။

မိုနီကာ မည်သို့ကျန်ရစ်လေမည် မသိ။

မတတ်နိုင်၊ မတတ်နိုင်ပါ။

ဒေါက်တာ တိုးလွင်ဦးအတွက် အရေးအကြီးဆုံးက …

မမစံပယ်လှိုင်သာ။

▢





## အခန်းခြောက်

နောက်ကျနေ၍ တာဝန်ကျအခန်းသို့ အလျင်ဆုံးသွားပြီး ဆေးရုံရောက်သည့်အချိန် ကိုးနာရီ မိနစ်နှစ်ဆယ်ဟု ဖော်ပြပြီး စာအုပ်မှာ လက်မှတ်ထိုးလိုက်သည်။

“ဆရာ့ကို ဟိုနေ့က စံပယ်ပန်း လာပေးတဲ့ ကလေးမလေးလာရှာတာ သုံးခါတောင်ရှိသွားပြီ၊ ငိုလို့”

ရင်ထိတ်ဖွယ် သတင်းကြီးက ကြိုနှင့်သည်။

“မမစံပယ်လှိုင်များ သေဆုံးသွားနှင့်ပြီလား”

ဆိုသော စိုးရိမ်စိတ်က လျှံပြည့်စွာဖြင့် …

“ကျွန်တော် အောက်ထပ်က လူနာဆီ ခဏသွားလိုက်ဦးမယ်”

ခြေထောက်ကိုပင် စိတ်မရှည်ချင်၊ ဓာတ်လှေကားက အသင့်ရှိ၍ ဓာတ်လှေကားနှင့် ဆင်းလိုက်လာပြီး မမစံပယ်လှိုင်၏ အခန်းရှေ့ရောက်လာချိန်မှာ နေရာ၌ မမစံပယ်လှိုင် မရှိတော့။

ပူပန်စိုးရိမ်စိတ်ဖြင့် မေးကြည့်မိတော့မှ အခြေအနေမကောင်း၍ အချုပ်သားများထားရာ အခန်းမှ အခန်းတစ်နှင့် နှစ်သို့ ပြောင်းပေးလိုက်ပြီဟု သိရ၏။



www.burmeseclassic.com

www.burmeseclassic.com



“ဟင် ... တော်ပါသေးရဲ့”

မြေညီထပ်မှ ပြန်တက်လာပြီးချိန်မှာ မမစံပယ်လှိုင်ကို ထားရှိရာ အခန်းသို့အရောက်တွင် ...

အသက်ရှင်မှု အထောက်အကူပြု ပစ္စည်းများဖြင့် ဆက်သွယ်ထားနေသည်။

သွေးအိတ်ပုလင်းတွင်းမှ သွေးစက်များ၏ တစ်စက်ချင်း စီးဆင်းမှုကို ခံယူနေဆဲ။

အသက်ရှူနိုင်ခြင်းအတွက်လည်း အောက်ဆီဂျင် ဓာတ်ငွေ့၏ အကူအညီကို ခံယူနေဆဲပါ။

ဝဒ်ထဲမှာမို့ တခြားသော အမျိုးသမီးတရားခံ လူနာလည်းမရှိ။ အစောင့်ရဲသားတစ်ယောက်က ခပ်လှမ်းလှမ်းမှာ ရပ်နေ၏။

ဆု ဟူသော မမစံပယ်လှိုင်၏ တစ်ဦးတည်းသော သမီးလေး မြတ်ဆုမွန်သည် သူ့မိခင်၏ ခုတင်ဘေးမှာထိုင်လျက် အသံမထွက်အောင် ကြိတ်၍ရှိုက်ငိုနေရှာသည်။

“မမစံပယ်လှိုင်”

လက်ကိုဆုပ်ကိုင်ပြီး သွေးခုန်နှုန်းကို စမ်းသပ်ရင်း ခေါ်လိုက်တော့ အားယူ၍ လှုပ်ရှားလာရှာသည်။

“ဦး ... ဦးရယ်၊ မမေ ဦးကို အကြီးအကျယ် မျှော်နေပါတယ်”

“အေးကွယ် ဒီနေ့မှပဲ”

ဆုသို့ စကားမဆက်ဖြစ်တော့ဘဲ အသင့်ကိုင်လာမိသော နားကျပ်နှင့် မမစံပယ်လှိုင်၏ နှလုံးအိမ်နေရာကို တိုး၏ နားဖြင့် ကြားနာလိုက်သည့်အခါ သိခွင့်ရခဲ့ပါပြီ။

“မမစံပယ်လှိုင်ရယ်”

“တိုး ... တိုးလားဟင်”





“ဟုတ်တယ် မမ၊ တိုး ရောက်လာပါပြီ”

“မ ... မမ တိုးကို ပြောချင်စရာတွေ အ ... အများကြီး”

“နေဦး မမစံပယ်လှိုင်၊ တိုး ဆေးတစ်လုံး ထိုးပေးဖို့ သွားပြီး အကူအညီ တောင်းလိုက်ဦးမယ်၊ ခဏလေး မမ ဘာစကားမှ မပြောနဲ့ဦး”

“တိုး”

“ဦး ... ဦး”

ခေါ်သံများကို ကျောခိုင်းပြီး တာဝန်ကျ ဆရာဝန်၏ အခန်းသို့ရောက်လာတော့ တာဝန်ကျသူက သူငယ်ချင်း ဆရာဝန်ဖြစ်နေ၍ အဆင်ပြေစွာ တိုင်ပင်၍ နားလည်မှုယူပြီး ဆေးထိုးပေးဖို့ ပန်ကြားရသည်။ ဤဆေးကို သူ အစားပြန်ပေးပါမည်ဟု ဒေါက်တာ တိုးလွင်ဦးက ပြောသော်လည်း ဆေးရုံ၌ ဆေးရှိလျှင် လိုအပ်သော လူနာတိုင်းကို တစ်လုံးမှ နှစ်လုံး၊ အများဆုံး သုံးလုံးအထိ ထိုးပေးတတ်ပါ၏။

တာဝန်ကျ သူငယ်ချင်း ဆရာဝန်က လိုက်လာပြီး ထိုးဆေးကို ထိုးပေးခါနီးမှာ ...

“သူငယ်ချင်း ကိုယ် ရီကွက်စ်တစ်ခု လုပ်ပါရစေ၊ တာဝန်ကို ကျော်လုပ်တာမျိုးဖြစ်နေလို့ ကိုယ့်ကို ခွင့်လွှတ်ပါ၊ ဒီလူနာဟာ ကိုယ့်အစ်မ ဖြစ်နေလို့ ကိုယ်ကိုယ်တိုင် ထိုးပေးပါရစေ”

“ဒီလောက်ကတော့ ရပါတယ်ကွာ ... ရော့”

သူငယ်ချင်းက ပြုံး၍ ဆေးထိုးအပ်ကို လက်ပြောင်းပေးပြီး သွေးကြောကို ဝိုင်းရှာပေးပါ၏။ ဒေါက်တာ တိုးလွင်ဦး ကိုယ်တိုင် သူ့ မမစံပယ်လှိုင်၏ သွေးကြောများမှတစ်ဆင့် ကိုယ်ခန္ဓာတွင်းသို့ Solu. Cortef ခေါ် အသက်ကယ်ဆေးကို ဖြည်းဖြည်းချင်း ထိုးသွင်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤနောက်ဆုံးပေါ်ဆေး၏ အာနိသင်မှာ လူ၏ခန္ဓာကိုယ်အတွင်းမှ ဟိုမုန်းဓာတ်များ ထွက်လာစေသည်။ တစ်နည်းအားဖြင့် ကိုယ်ခံအား တက်လာစေအောင် လှုံ့ဆော်ပေးနိုင်စေသော သတ္တိထူး ရှိပါ၏။

မိနစ်ပိုင်းအတွင်း၌ပင် ပင်ပန်းစွာ ခံစားနေရသော ရောဂါများမှ မမစံပယ်လှိုင် အနည်းငယ်မျှ သက်သာခွင့် ရရှိသွားခဲ့ပါလေပြီ။

“တိုးရယ် ရင်ထဲမှာ နေလို့ကောင်းသွားလိုက်တာ”

“နေကောင်းသွားမှာပါ၊ တိုး ငယ်ငယ်က ပြောဖူးခဲ့တယ်လေ မမစံပယ်လှိုင် အသက်ကြီးမှ ရောဂါဖြစ်ပါ၊ တိုး ကုပေးမယ်ဆိုတာလေ”

“သိပ်မှတ်မိတာပေါ့ မောင်လေးရယ်”

ဒေါက်တာ တိုးလွင်ဦးက လှိုက်လှိုက်လှဲလှဲ ပြုံးပြလိုက်သည်။

ရင်ထဲမှာတော့ မချိတင်ကဲပါ။ သူငယ်ချင်း ဆရာဝန်ကလည်း နှုတ်ဆက်ကာ သူတာဝန်ကျရာ အခန်းသို့ ပြန်သွားလေပြီ။

တိုး၏ အပြုံးကြောင့် မမစံပယ်လှိုင် ပို၍အားတက် အားရှိသွားပုံရစွာဖြင့် …

“တိုးရေ ဒါ … မမစံပယ်လှိုင်ရဲ့ နှလုံးသည်းပွတ်နဲ့ ထပ်တူချစ်တဲ့ သမီးလေးပါ၊ ဆု တဲ့”

“ဒီကလေးက မမစံပယ်လှိုင်လိုပဲ လှတယ်နော်”

ရောဂါကို မေ့ပျောက်ပါစေဟူသော စေတနာစကားနှင့် ဆု၏ လှလွန်းသော ရုပ်သွင်လေးကိုကြည့်ပြီး ပြောမိခြင်းပါ။

“ရုပ်က အမေရုပ်၊ အသားက သူ့အဖေ အသားလေ”

“မမစံပယ်လှိုင်”

“တိုး”

“မမစံပယ်လှိုင် ဘာဖြစ်ခဲ့တယ်ဆိုတာ တိုးကို ပြောပြမယ်ဆို လူတစ်ယောက်ကို သတ်ပစ်နိုင်လောက်အောင် မမစံပယ်လှိုင် မရက်





…က်နိုင်ပါဘူး၊ မမစံပယ်လှိုင်ရဲ့ ယောကျ်ားက ဘယ်လောက်များ နာကြည်းအောင် …”

“တိုး”

“ဗျာ”

“အဲဒီအကြောင်းကို ဒုတိယအနေနဲ့ ပြောပြပါရစေ၊ မမစံပယ်လှိုင် ပြောနိုင်တဲ့အင်အားလည်း မရှိဘူး၊ ဘာမှ ရေရေရာရာလည်း မသိခဲ့ရပါဘူး တိုးရယ်”

“အို … မျက်ရည်မကျနဲ့လေ မမစံပယ်လှိုင်ရယ်၊ ကဲပါ ထားပါ၊ ဒီအကြောင်းတွေ ထားလိုက်စမ်းပါ”

“နက်ဖြန် တိုး လာတော့ ပြောပြမယ်နော်”

“ဟုတ်ပြီ မမစံပယ်လှိုင်၊ တိုး ဘာမှမမေးတော့ဘူး၊ မမစံပယ်လှိုင် ပြောချင်တာပြောပါ၊ တိုး နားထောင်မယ်နော်”

“အချိန်ရရဲ့လား”

“ရတယ်၊ ကူညီပါလို့ တာဝန်လွှဲပေးခဲ့တယ်၊ တိုး ဒီနေ့ မမစံပယ်လှိုင်နားမှာ အကြာကြီးနေပေးမှာပါ”

“တိုး၊ မောင်လေး၊ မမစံပယ်လှိုင်ရဲ့ မောင်လေးရယ်”

အားအင်မဲ့သော လက်ကလေးနှင့် တိုး၏ လက်ကို ဆုပ်ကိုင်ထားရှာသည်။ မမစံပယ်လှိုင်၏ မျက်နှာနှင့် မျက်ဝန်းမှာ အားသစ်များ ပိုင်ဆိုင်လာသည်သို့ပင် ရှိချေ၏။

“သမီးလေး ဆု”

“မေမေ”

ကိုယ်ကို ကွယ်ကာ၍ မျက်ရည်များ သုတ်ပြီးမှ ဒေါ်စံပယ်လှိုင့်ဘက်သို့ လှည့်လာသည်။

“ဟိုအထုပ် ခြင်းထဲက ထုတ်လိုက်စမ်း”



www.burmeseclassic.com

www.burmeseclassic.com

ဆု လှမ်းပေးသော လွယ်အိတ်ကလေး တစ်လုံးက ထုံး
ထားသည်။

ဒေါက်တာ တိုးလွင်ဦးမှာ လူသားတို့၏ အံ့မခန်းဖွယ် စိတ်အ
အားကို မယုံနိုင်ဖွယ်ရာကောင်းလောက်အောင် တွေ့မြင်ရပါပြီ။

မမစံပယ်လှိုင်၏ ရင်တွင်းမှ ယိုယွင်းနေသော နှလုံးသား
မတန်မျှစွာ မမစံပယ်လှိုင်၏ အခြေအနေက ကောင်းမွန်နေပေသည်

တိုးလွင်ဦးသို့ ပြောချင်သော၊ ပေးချင်သော၊ မှာချင်သေ
စကားရပ်များနှင့် ဆောင်ရွက်ဖွယ်ကိစ္စများက သေခြင်းတရားကို
အန်တုနိုင်လောက်အောင် အင်အားကြီးမားလှပါပေသည်။

"ဒီထဲမှာ သူ့အဘိုး ပေးခဲ့တဲ့ ရွှေဆွဲကြိုးလေးတစ်ကုံး အပါအဝ
မမစံပယ်လှိုင် ပိုင်ဆိုင်သမျှ ပစ္စည်းတွေ ပါရှိတယ်၊ ပြီးတော့ မမစံပ
လှိုင်တို့ ခြံရဲ့ ဂရန်လည်းရှိတယ်"

"ဟုတ်ကဲ့"

"အဲဒါတွေနဲ့အတူ သမီးလေးဘဝရဲ့ အရေးကြီးတဲ့ ပစ္စည်းတွေ
လည်း အားလုံးပါရှိတယ် တိုး"

"အဲဒါတွေက"

"အဲဒါတွေ အားလုံး တိုးကို အပ်ခဲ့ပါရစေ"

"အို … တိုး မယူပါရစေနဲ့"

"တိုးရယ် မမစံပယ်လှိုင် ပြောတာလေးကို ဆုံးအောင်နားထောင်
ပါဦးနော်"

"ဩော် … ဟုတ် … ဟုတ်ကဲ့ပါ မမစံပယ်လှိုင်၊ ပြောပါ တိုး
နားထောင်ပါ့မယ်"

"သမီးလေးဟာ အင်မတန် စာတော်ပါတယ်၊ ဒီထဲမှာ သူ့ရတဲ့





ဆုလက်မှတ်တွေ ပါပါတယ်၊ တစ်ကျောင်းလုံးမှာ ပထမချည်းရခဲ့ပါ
တယ်"

"ဟုတ်လား"

"သမီးလေး သိပ်ဖြစ်ချင်တဲ့၊ မမစံပယ်လှိုင်က သိပ်ဖြစ်စေချင်
တဲ့ ဆန္ဒတစ်ခု ရှိပါတယ်ကွယ်"

"ဘာများလဲ မမစံပယ်လှိုင်"

"တိုးလိုပဲ တိုး ငယ်ငယ်ကလိုပဲ သူ ဆရာဝန် သိပ်ဖြစ်ချင်တယ်"

"ဟာ … ကြိုးစားတဲ့သူဟာ ဖြစ်ရမှာပေါ့"

"အဲဒီအတွက် တိုး ကူညီပါ၊ တိုး ကူညီပေးပါလို့ မမစံပယ်လှိုင်
တိုးကို ရှိခိုးတောင်းပန်ခဲ့ပါရစေ မောင်လေးရယ်"

"ဟာ … မမစံပယ်လှိုင်ကလည်းဗျာ၊ တိုး ကူညီမယ်၊ ဘာလုပ်
ပေးရမလဲသာ ပြောပါ"

"အဲဒီထဲက ပစ္စည်းလေးတွေ ထုခွဲရောင်းချပြီး ကျောင်းထား
ပေးပါ၊ မလောက်ခဲ့လျှင် ခြံရောင်းပြီး ထားပေးပါနော်"

စကားပြောသံများ လေးတွဲ့လာသည့်ကြားက အားယူ၍ အား
တင်းကာ ပြောနေရှာသော မမစံပယ်လှိုင်ကို တိုး ရင်နင့်စွာ ကြည့်မိ
သည်။

"မမစံပယ်လှိုင် ယုံကြည်တယ် တိုး"

"ဘာကိုလဲဟင်"

"သမီးရဲ့ ကြိုးစားအားထုတ်မှု"

"ဟုတ်ကဲ့"

"ဘေးက ထိန်းကျောင်းပေးပါ၊ ဆရာဝန်ဖြစ်အောင် သင်ကြား
ဖို့ ကျူရှင်ကိစ္စအစ တာဝန်ယူပေးပါနော် တိုး"


www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ မမစံပယ်လှိုင် စိတ်ချပါ၊ စာတော်တဲ့ကလေးကို ကူညီရတာ လွယ်ကူမှာပါ"

"တိုး"

"ဗျာ"

ဒေါ်စံပယ်လှိုင်သည် နှုတ်ခမ်းအစုံကို ဖိကိုက်၍ ရောဂါဝေဒနာ၏ဒဏ်ကို အားတင်း အံကြိတ်၍ ခံလိုက်ပြီးမှ ...

"အဲဒီထက် ခက်ခဲတဲ့ တာဝန်တစ်ခုယူပေးပါ မောင်လေးရယ်"

"ဗျာ"

"သ ... သမီး ... ဆု"

ဆက် ပြေးလာပြီး ဒေါက်တာ တိုးလွင်ဦး ထိုင်နေသည့်ခုံဘေးမှာ ဒူးထောက်ထိုင်ချပြီး ခုတင်ပေါ်မှ ဒေါ်စံပယ်လှိုင်၏ လက်ကလေးကို ဆုပ်ကိုင်ပြီး ...

"မေမေ ... သ ... သမီးကို ဘာနိုင်းမလို့လဲဟင်"

ဒေါ်စံပယ်လှိုင် ခေါင်းယမ်းပြီး ...

"တိုး"

"ဗျာ ... မမစံပယ်လှိုင်"

"သမီးလေးဆုရဲ့ ဘဝကိုပါ တိုးကို အပ်ခဲ့ပါရစေကွယ်"

"ဗျာ"

"သမီး ဆုကို သမီးလေးလို သဘောမထားနိုင်တောင်မှ နှမလေးလို၊ တူမလေးလို သဘောထားပြီး သူ့ ... သူ့ဘဝလေးကို ပြုစုပျိုးထောင်ပေးပါ တိုးရယ်"

ဒေါ်စံပယ်လှိုင် မတင်းနိုင်ရှာတော့၊ လှိုက်လှဲစွာ ငိုကြွေးရှာလေပြီ။





"သမီးလေးဟာ လောကကြီးမှာ တစ်ယောက်တည်းမှ တကယ့်တစ်ယောက်တည်း ကျန်ရစ်ခဲ့ရမယ့်အဖြစ်ပါ တိုးရယ်"

"ငိုရှိုက်သံက ဆုထံမှ ပိုမိုကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဒါကြောင့် တိုး အိမ်ကိုခေါ်ထားလို့ဖြစ်လျှင် ခေါ်ထားပါ၊ ခိုင်းစရာရှိတာလဲ ခိုင်းပါ"

ဒေါက်တာ တိုးလွင်ဦး ရင်တင်းကျပ်စွာ သက်ပြင်းချမိပါ၏။

"တ ... တကယ်လို့များ ခေါ်ထားလို့ မဖြစ်နိုင်ဘူးဆိုလျှင် ..."

ဒေါ်စံပယ်လှိုင် စကားမဆက်နိုင်ရှာသေးပါ။

ဒေါက်တာ တိုးလွင်ဦး အနေနှင့်လည်း ဤကိစ္စကို လက်ခံ တာဝန်ယူရန် မဖြစ်နိုင်ပါကြောင်း ကိုယ့်အကြောင်းကိုယ်သာ အသိဆုံးပါလေ။

မမစံပယ်လှိုင်သို့လည်း လိမ်ညာ၍ မနှစ်သိမ့်လိုက်ချင်ပါ။

ဆု ကိုယ်တိုင်လည်း ဘေးမှာရှိနေဆဲ။

"တိုး"

"ဟုတ်ကဲ့၊ တိုး နားထောင်နေပါတယ် မမစံပယ်လှိုင်"

"တိုး ခေါ်ထားလို့ မဖြစ်ဘူးဆိုခဲ့လျှင် သမီးလေးကို လုံခြုံစိတ်ချရတဲ့ နေရာမှာထားပေးပါ တိုးရယ်"

"တိုး ဘယ်လိုဆောင်ရွက်ပေးရမယ် ဆိုတာကို နားမလည်သေးဘူး မမစံပယ်လှိုင်"

ဆု၌ အန္တရာယ် တစ်စုံတစ်ရာ ရှိနေလေသလားဟူသော အတွေးစိတ်နှင့် မေးမိသည်။

"ဒီလိုပါ တိုး"

ဒေါ်စံပယ်လှိုင်၏ အားတင်းရမှုက မြင်ရသူပင် ပင်ပန်းလှချေသည်။



www.burmeseclassic.com

www.burmeseclassic.com

"သမီးလေးဟာ တစ်ကောင်ကြွက် မျက်နှာငယ်ဘဝနဲ့ ကျန်ရစ်ရရှာမှာ၊ သူ့မှာ ဘာဆွေမျိုးမှမရှိဘူး တိုး"

ဆုက မျက်နှာကို ခုတင်ပေါ်မှာမှောက်ပြီး ငိုနေရှာသည်။ သွေးသွင်းထားသော လက်တစ်ဖက်က မလှုပ်နိုင်၍ ကျန်လက်တစ်ဖက်ဖြင့် သမီးငယ်၏ ခေါင်းလေးကို ပွတ်သပ်၏။ ရဲအစောင့်ရှိသော်လည်း လက်ထိတ် ခတ်မထားတော့ပါ။

"တိုးရယ်၊ လုံခြုံစိတ်ချရတဲ့နေရာဆိုတာ သူ့ရဲ့ စာသင်နှင့်ကာလလေးမှာ ဘဝမပျက်အောင် ထိန်းကျောင်းပေးနိုင်မယ့် နေရာမျိုးကို ပြောတာပါ"

ဒေါ်စံပယ်လှိုင် စကားပြောနေသည်မှာ ပန်းဟိုက်ပင်ပန်းလှသော်လည်း တိုးက မတားမြစ်ချင်တော့။ သူ ပြောလိုသမျှ ပြောပါစေ။ သူ့ဆန္ဒရှိသမျှ နားထောင်မှ ဖြစ်ရတော့မည့် အခြေအနေ။

"တိုး"

"ဟုတ်ကဲ့"

"စိတ်ချရတဲ့ ဘော်ဒါဆောင် ရှိသလားဟင်၊ ဒါမှမဟုတ် တိုးတို့ တပည့်တစ်ယောက်ယောက် အိမ်မှာထားပြီး သူ့စားစရိတ်၊ နေစရိတ်ကို တိုးက စီစဉ်ပေးလျှင်ရော ဖြစ်မလား"

"တိုး နားလည်ပြီ မမစံပယ်လှိုင်"

"သမီးလေးရဲ့ဘဝကို လုံခြုံအောင် ကာကွယ်ပေးပါ၊ အခုပေးခဲ့တဲ့ ပစ္စည်းနဲ့ ဆရာဝန်ဘွဲ့ရတဲ့အထိ ဝေမျှပေးကမ်း စီစဉ်ပေးပါ တိုးရယ်"

"ကောင်းပါပြီ မမစံပယ်လှိုင်"

"မ … မမကို ကတိပေးပါ တိုးရယ်၊ သမီးလေးအတွက် စိတ်မချနိုင်လွန်းလို့ပါ၊ တိုးကိုပဲ အပ်ခဲ့ပါရစေ၊ သမီးလေးရဲ့ ဘဝတစ်ခုလုံး





တိုးကိုပဲ အပ်ခဲ့ပါရစေ မောင်လေးရယ်၊ မမစံပယ်လှိုင် တောင်း … တောင်းပန်းပါတယ် …။ ရှိ … ခိုးပြီး တောင်းပန်ခဲ့ပါတယ်။

"အို … မဟုတ်တာဗျာ"

ယှက်ယှက်အုံ့ဆဲဆဲ လက်ကိုဆွဲပြီး တားဆီးလိုက်မိသည်။

မောဟိုက်ပင်ပန်းလွန်းစွာ စကားကို အားယူပြောနေရှာမှက မျက်ရည်များ အသွယ်သွယ် စီးဆင်းနေသော မမစံပယ်လှိုင်၏ အဖြစ်ကိုကြည့်ပြီး ဒေါက်တာ တိုးလွင်ဦးပင်လျှင် မျက်ရည်ဝဲလာခဲ့ပါပြီ။

"သမီး … ဆု"

"ရှင် … မေမေရယ်"

"ဒီမှာကြည့်စမ်း"

"ဟုတ် … ဟုတ်ကဲ့"

"ဒီ … ဒီက တိုးဟာ မေမေ့ဘဝရဲ့ အချစ်ဆုံးမောင်လေး"

"မေမေ ပြောပြခဲ့ဖူးလို့ သမီး သိနေပါတယ် မေမေ"

"အေး … ချစ်သလို အားလည်းကိုးတယ်၊ ဒီမှာ သမီး"

"ရှင်"

"ခုချိန်ကစပြီး တိုးဟာ သမီးဘဝရဲ့ပိုင်ရှင် ဖြစ်သွားပြီ နားလည်လား၊ သမီးရဲ့ ဦးလေး၊ တိုး စီမံသမျှ အားလုံးနာခံရမယ်၊ လိုက်နာရမယ်၊ ဘာပဲဖြစ်ဖြစ် သူပြောသမျှ နာခံရမယ်နော်၊ ကြား … ကြားရဲ့လား သမီး၊ ဟင် …"

"ကြားပါတယ် မေမေ၊ ဦး ပြောသမျှ သမီး နားထောင်ပါ့မယ် မေမေရယ်"

"တိုး"

"ခင်ဗျာ မမစံပယ်လှိုင်"

"သမီးလေးရဲ့ ဘဝကို အပ်ခဲ့ပါရစေ၊ တိုး ကြိုက်သလို ပြုပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမ ညွှန်ကြားပေးပါ၊ ဆရာဝန်မလေးဖြစ်အောင် သင် ... သင်"

"တော်ပါတော့ မမစံပယ်လှိုင်၊ တိုး အားလုံး နားလည်သဘော ပေါက်ပါပြီဗျာ၊ သမီး ဆုရဲ့ ဘဝတစ်ခုလုံးအတွက် တိုး တာဝန်ယူပါတယ်လို့ ကတိပေးပါတယ် မမစံပယ်လှိုင်"

"ဝမ်းသာလိုက်တာ တိုးရယ်၊ သေလျှင်တောင် မမစံပယ်လှိုင် အသေဖြောင့်ပါပြီကွယ်"

"ကဲ ... စကားတွေ ရပ်ပါတော့၊ နားပါတော့ဗျာ"

"သူ့အဖေနဲ့ ပတ်သက်တဲ့အကြောင်း မမစံပယ်လှိုင် ကိုယ်တိုင်မ ... မသိလိုက်ရတဲ့ လူသတ်မှု ... ဆို ... တဲ့"

"တော်ပြီ မမစံပယ်လှိုင်၊ မမ ပြောချင်တဲ့ အဓိက ဆုရဲ့ကိစ္စ ပြောပြီးပြီ၊ တော်ပြီ"

"ဟုတ်ပါတယ်လေ၊ မမစံပယ်လှိုင် ရင်ထဲမှာ သမီးအတွက် စိတ်ချသွားရပြီလို့"

"စိတ်ချပါ၊ ကဲ ... မမ မောလှပါပြီဗျာ နားပါတော့၊ လူသတ်မှုကိစ္စနဲ့ မမစံပယ်လှိုင်ရဲ့ ယောကျ်ားအကြောင်းကို မနက်ဖြန်မှပဲ ပြောတော့နော်"

"တိုး"

"ဗျာ"

"မနက်ဖြန်အထိမှ မမ ... ဟာ"

"ဟာ ... မမစံပယ်လှိုင်ကလည်း၊ အခုပဲ တိုး ကိုယ်တိုင် ကုပေးနေပြီပဲ၊ နားစမ်းတော့ဗျာ"

"ဟုတ်သားပဲ မေမေရယ်၊ စကားပြောရတာ မေမေ ပင်ပန်းလှပါပြီ နားလိုက်ပါတော့၊ ဦး ပြောတဲ့စကားကို မေမေ နားထောင်ပါနော် မေမေ"





ခေါင်းလေးညိတ်ပြီး သူချစ်သော တိုးနှင့် သူ့ရင်နှစ်သမီးချစ်ကလေးတို့ကိုကြည့်ပြီး ဒေါ်စံပယ်လှိုင် ပြုံးလိုက်သည်။

လှပအားပြည့်လိုက်သည့် အပြုံး။

ဒေါ်စံပယ်လှိုင်သည် အမောငြိမ်စွာဖြင့် သက်သောင့်သက်သာ မှိန်းသွားလေမှ ...

"ကဲ ... ဦးရဲ့ ဝဒ်ကို သွားလိုက်ဦးမယ်နော် ဆု၊ နေ့လယ်ကျလည်း အိမ်ခဏပြန်ရဦးမယ်"

"မေမေ့ အခြေအနေက ဘယ်လိုလဲ ဦးရယ်"

"ကောင်းသွားမှာပါကွယ်"

❒



www.burmeseclassic.com

www.burmeseclassic.com



## အခန်းခုနစ်

နေ့လယ် ဆယ့်နှစ်နာရီခွဲမှာ စွန်နီရံပတ်(ခ်) အိမ်သို့ပင် ဒေါက်တာ တိုးလွင်ဦး ပြန်လာခဲ့သည်။

ကားပေါ်မှ ဆင်းလိုက်သည်နှင့်ပင် မိုနီကာ၏ မျက်နှာတင်းတင်းကို ရင်ဆိုင်လိုက်ရသည်။

"အန်တီ ဘယ်လိုနေလဲ"

မိုနီကာ တစ်ဖက်သို့လှည့်သွား၍ အဘိုးကြီးက အားနာဟန်ဖြင့် …

"သိပ်တော့မကောင်းလှသေးဘူး၊ နည်းနည်းတော့ မူးနေတယ်လို့ ပြောတာနဲ့ အန်ကယ်လ် စိတ်မချလို့ ရော်နယ်(လ်)ကို ခေါ်ထားတယ်"

ရော်နယ်(လ်)ဘဦး ဆိုသည်မှာ ဒေါ်ကာရိုလိုင်း၏ မောင်တော်ဝမ်းကွဲ ဆရာဝန်။

ဒေါက်တာ တိုးလွင်ဦးထက် စီနီယာကျသဖြင့် သူ ဝင်ရောက်ကုသပေးစရာမလို။ ဆွေးနွေးမေးမြန်းခြင်းဖြင့်သာ ဒေါက်တာ ရော်နယ်(လ်)နှင့် ဒေါ်ကာရိုလိုင်း၏ အနားမှာ ထိုင်နေရသည်။





"သမီး … မောင်တိုးလွင်ဦး ထမင်းစားဖို့ စီစဉ်ပေးလိုက်ဦးလေ"

မိုနီကာက အတွင်းသို့ဝင်သွားသည်။ သည်တော့မှ ဆာလောင်မှုတ်သိပ်မှုကို သတိရမိ၏။

မမစံပယ်လှိုင် နားမှာချည်း နေခဲ့မိသည်။ အိမ်က ထွက်ကတည်းကလည်း ဘာမှမစားဖြစ်ခဲ့။

ပြီးတော့ ဇနီး၏ မျက်နှာတင်းမာမှုကိုလည်း တောင်းပန်ရဦးမည် မဟုတ်ပါလား။

"မိုနီရော စားပြီးပြီလားဟင်"

လက်ဆေးစတီးခွက်မှာ လက်ဆေးရင်း အပြုံးနှင့်မေးရပါ၏။

"မစားရသေးပါဘူး၊ မနက်ကလုပ်သွားတဲ့ အချိုးကို ခုထိ မခံချင်ဖြစ်နေတုန်းပဲ"

"ဒီနေ့ အခန်းရဲ့တာဝန်ခံ ဆရာဝန်ကြီး အစည်းအဝေး သွားရလို့၊ ကိုကို့ တာဝန်ချည်း ဖြစ်နေလို့ပါ။ ပြီးတော့ ဗွီအိုင်ပီလူနာလည်း ရှိနေလို့၊ ကိုကို မရှိလျှင်မဖြစ်လို့ သွားရတာပါ"

ဗွီအိုင်ပီ လူနာဆိုသည်မှာ လျစ်လျူရှု၍မဖြစ်ကြောင်း မိုနီကာ နားလည်သွားသဖြင့် သက်သာခွင့်ရသွားခဲ့ပါပြီ။

တကယ်တော့ ဒေါက်တာ တိုးလွင်ဦး၏ အရေးကြီးသော ဗွီအိုင်ပီလူနာမှာ မမစံပယ်လှိုင်ပါ။

ထမင်းအတူစား၍ ပြေလည်နေချိန်မှာ …

"ညနေပိုင်းတော့ မသွားနဲ့တော့ ကိုကို၊ အန်ကယ်(လ်)က ပြန်ဦးမှာတဲ့၊ သူ့ဆေးတိုက်ချိန်ပြီးလျှင် ဒီမှာ လာအိပ်ပေးမယ်တဲ့"

သည်တစ်ခါတော့ ငြင်း၍မတော်တော့။



www.burmeseclassic.com

www.burmeseclassic.com



"နေမယ်လေ၊ ညကျတော့ရော"

"ညတော့ အန်ကယ်(လ်)ရော်နယ်(လ်) ရှိနေမှာပဲ၊ ကိုကို သမီးနဲ့ ပြန်အိပ်လိုက်ပေါ့၊ မိုနီတော့ ဒီည ဒီမှာပဲ အိပ်လိုက်တော့မယ်လေ"

"အိပ်ပါ မိုနီ၊ သမီးအတွက်လည်း စိတ်ချပါ၊ ကိုကိုပြန်လျှင် ကားယူသွားလို့ ဖြစ်မလား"

"ဖြစ်တယ်လေ၊ ဆေးတိုက်လည်း သွားရဦးမှာ မဟုတ်လား၊ ဒီမှာက ကားနှစ်စီးတောင် ရှိနေတာပဲ"

ကားယူသွားချင်သည့် အကြောင်းက ညနေ သို့မဟုတ် ညဦးပိုင်းလောက်မှာ ဆေးရုံသို့ တစ်ခေါက်ပြန်၍ မမစပယ်လှိုင်၏ အခြေအနေကို ကြည့်ရှုဦးမည်ဟူသော ရည်ရွယ်ချက်နှင့်ပါ။

ယခု နေ့လယ်မှသည် ညနေဦး လေးနာရီလောက်အထိတော့ ဤအိမ်မှာပင် သောဝပ်စွာနေမှ ဖြစ်ပါလေမည်။

မိုနီကတို့ မိသားစု၏ ချမ်းသာကြွယ်ဝမှုကတော့ လိုအပ်သော အရာဆိုသည်ကို မရှိသလောက်ပါပင်။

ဟည်းနေသော တိုက်ကြီး။

သီးနေသော စိန်ရွှေရတနာများစွာနှင့် တောက်ပပြောင်လက်သော အဖိုးတန် အိမ်ထောင်ပရိဘောဂနှင့် အိမ်၏ အသုံးအဆောင်များကြောင့် ...

ယောက္ခမအိမ်တက်ရသော သမက်၏အရှိန်သည် အလိုလိုနေရင်း သိမ်ငယ်သွားရသလို ဖြစ်ရလေပြီ။

လေးနာရီထိုးသည်နှင့် ...

"ကိုကို ပြန်တော့လေ၊ သမီးကို ခဏလောက်ကြည့်ပြီး ဆေးတိုက်သွားရဦးမှာ မဟုတ်လား"





"ဟုတ်တယ် မိုနီ၊ ဆေးတိုက်ကလည်း ငါးနာရီလောက်တော့ ရောက်မှ"

"အင်း ... အင်း၊ ဒက်ဒီနဲ့ မာမီကို နှုတ်ဆက်ပြီး သွားတော့လေ၊ ကားကိုလည်း ဖြည်းဖြည်းမောင်းနော်"

လူကို စိတ်မချခြင်းတော့ ဟုတ်မည်မထင်။

နိုင်ငံခြားမှ အသစ်စက်စက် ရောက်လာသော ကားကို ယောက္ခမများက ဝယ်ပေးထား၍ ကား၌ အနာအဆာဖြစ်သွားမှာ စိုးရိမ်၍သာ မိုနီကာက မှာနေကျ ဖြစ်လေမည်။

ယောက္ခမအိမ်မှ တစ်ယောက်တည်း ကားမောင်း၍ ထွက်လာသည်ကိုပင် ရင်၌ လွတ်လပ်ပေါ့ပါးနေမိသည်။

မေမေ။

တို့၏ မေမေသည် ဤချွေးမကို ရရှိရန်အတွက် ကြီးမားသော ကြိုးပမ်းချက်များဖြင့် ဆောင်ရွက်ပေးခဲ့ရှာသည်။

ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှုကတော့ ပြောဖွယ်ရာမရှိပါ။

စိတ်ပိုင်းဆိုင်ရာကျတော့ တိုးလွင်ဦးသည် ကြည်နူးချမ်းမြေ့စရာ အစအနလေးများကိုပင် ကုန်းကောက်စရာ မရှိအောင် မွဲတေလှချေသည်။

အိမ်သို့ ပြန်ရောက်ချိန်မှာ သမီးလေးသည် လှည်းပေါ်မှာထိုင်လျက် နာနီက ခြံတွင်းမှာ တွန်းနေသည်။

"သမီး ... သမီးလေး"

ဖခင်က လက်ကမ်းလိုက်သည်နှင့် ပျော်ရွှင်မြူးထူးစွာ လက်ကလေး မြှောက်လာသော သမီးလေးကို ကောက်ချီပြီး နစ်သွားအောင် နမ်းရှိုက်လိုက်မိသည်။

အိမ်ထဲသို့ မဝင်ဖြစ်သေး။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေး လက်ညှိုးထိုးရာ အရုပ်များဆီသို့သွားပြီး ပန်းလေးတစ်ပွင့်ကိုခူး၍ လှည့်ပြနေမိ၏။ သမီးလေးက သဘောကျစွာဖြင့် ပန်းပွင့်လေးကို ရအောင်လိုက်ပြီး ဆွဲယူဖမ်းသည်။

"အာ ... သမီးလေး ပါးစပ်ထဲ မထည့်ရဘူး၊ အော့အော့ကြီးနော်"

ပန်းကို လွှင့်ပစ်ပြီး ကောင်းကင်ပြင်မှာ ပျံသန်းသွားနေသော ငှက်တစ်အုပ်ကို လက်ညှိုးညွှန်၍ သမီးလေးကို မြင်သာအောင် ပြနေဆဲ ...

"ဆရာ ဖုန်းလာနေပါတယ်"

"မိုနီ့ဆီကလား"

"မဟုတ်ဘူး ဆရာ၊ ဒေါ်သောင်းသောင်းတဲ့"

"အင်း ... အင်း လာပြီ"

ကလေးကို နာနီလက်ထဲ ပြန်ပေးခဲ့တော့ ကျီကျီတက်အောင် ငို၍ ကျန်ရစ်ရှာသည်။

"လာ ... လာ၊ အိမ်ထဲခေါ်ခဲ့"

ဖခင်နောက်သို့ လိုက်လာခွင့်ရသည်နှင့်ပင် အငိုတိတ်သွားတော့သည်။

သားသမီးတို့သည်လည်း မိဘနှစ်ပါးကို အပျောက်မခံနိုင်လောက်အောင် ချစ်ခင်တတ်ကြသည်ပါလား။

ဤအသိတရားများဖြင့် ဖုန်းကိုကိုင်၍ ထူးလိုက်တော့။

"သောင်းသောင်းပါ ဆရာ"

"ဝဒ်ထဲမှာ ဘာအကြောင်းထူးလို့လဲ ဒေါ်သောင်းသောင်း"

"ဝဒ်ထဲမှာ ဘာမှမဖြစ်ပါဘူး၊ ဆရာ့ဆီ လာလာနေတဲ့ ကလေးမလေး ရောက်နေတယ်"

"ဟုတ်လား ဘာတဲ့လဲ"





"သူ့မေမေ ဆုံးသွားပြီတဲ့ ဆရာ"

"ဟာ"

တယ်လီဖုန်းကိုပင် အလန့်တကြား တအားဆုပ်ကိုင်လိုက်မိသည်။

"အဲဒါ ဆရာနဲ့ တွေ့ပါရစေဆိုပြီး တအားငိုနေတယ်၊ အထုပ်လေးတစ်ခုလည်းပိုက်လို့ သနားစရာကောင်းလိုက်တာ ဆရာရယ်"

"သူ့ ... သူ့အမေက ဘယ်အချိန်လောက်က ဆုံးသွားတာတဲ့လဲဗျာ"

"လွန်ခဲ့တဲ့ တစ်နာရီကျော်လောက်ကပဲ ထင်တယ်၊ အလောင်းတောင် မော်ကျူရီ သယ်သွားပြီ"

"ဖြစ်မှဖြစ်ရလေ"

"အဲဒီ ကလေးမလေးကို သောင်းသောင်း ဘာပြောလိုက်ရမလဲ ဆရာ"

ဒေါက်တာ တိုးလွင်ဦး၏ စကားသံ ရပ်သွားသည်။ မျက်ဝန်းမှာ မျက်ရည်တို့ ဝေလာ၏။ ရင်ထဲမှာ တုန်ခိုက်လှိုက်လှဲသော ခံစားချင်အတွ ...

"မမစံပယ်လှိုင်ရယ် ဖြစ်ရလေဗျာ"

"ရောဂါကျွမ်းနေပြီဆိုတာ တိုး သိပါတယ်၊ ဒါပေမဲ့ ဒီလောက်အားတက်သရော စကားတွေပြောနိုင်လို့ ဒီလောက်မြန်မြန်ကြီး ဖြစ်သွားရလိမ့်လို့ တိုး မထင်သေးဘူး မမစံပယ်လှိုင်ရယ်"

"ဆရာ ... ဆရာ"

"ဗြော် ... ဟင်"

"ဒီကောင်မလေးကို ဘာပြောလိုက်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ … အင်း … အဲဒါ စဉ်းစားနေလို့ပါ၊ ဒီမှာ ဒေါ်သောင်း သောင်း"

ဆရာမကိုလည်း သူ့ရင့်မှ ဝေဒနာနှင့် သူ့အတိတ်ဆီမှ သံယော ဇဉ်ကာလများကို မသိစေချင်။

"ပြောပါဆရာ"

"အဲဒီကလေးကို ပြောပါ၊ အခန်းထဲမှာပဲ စောင့်နေ၊ ဘယ်မှ မသွားနဲ့လို့နော်"

"ဟုတ်ကဲ့ ဆရာ"

"ကျွန်တော် အခုပဲ ဆေးရုံကိုလာခဲ့မယ်လို့ ပြောပေးပါ"

"ကောင်းပါပြီ ဆရာ"

□





## အခန်းရှစ်

ဆောက်စ်ဝက်ပွန်း ကားလေးကို ခပ်ဖြည်းဖြည်း မောင်းနေရာမှ နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်လိုက်တော့ …

လွယ်အိတ်ကလေး၏ ကြိုးစကို အားကိုးရာကြီး တစ်ခုလို ဆုပ်ကိုင်ပြီး မျက်ရည်ပေါက်များ အလိမ့်လိမ့် ကျကြွေနေသော်လည်း ရှိုက်သံမထွက်အောင် နှုတ်ခမ်းကို ကိုက်ပိတ်ထားရှာသော …

"ဆု"

ရင်မှ ပရိဒေဝ၏ ဟုန်းဟုန်းတောက်လောင်မှုကို အရွယ်လေးနှင့်မမျှအောင် သူ့ရင်၌ ပိတ်ဆို့ကြိတ်မျိုထားရှာသည်။

ဒေါက်တာ တိုးလွင်ဦး၏ အရှိန်အဝါကို လန့်၍လည်းဖြစ်မည်။ သူ သိပ်ငိုနေသည်ကို ကြိုက်ပါ့မလား။ သူများကားပေါ်မှာဆိုသော အသိဖြင့်လည်း မငိုရဲရှာသော ဆု၏ နှလုံးသားနုနုလေးနှင့် မတန်မျှအောင် ခံစားနေရသော ဆု၏ အဖြစ်ကို ရင်နင့်စွာကြည့်၍ ဒေါက်တာ တိုးလွင်ဦးပါ ရင်မှာတင်းကျပ်ဆို့နင့်လာမိသည်။

"ငါ ဘယ်သွားရလျှင် ကောင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com

ကားခေါင်း ဦးတည်ရာသို့သာ မောင်းနေမိသည်။ ရည်ရွယ်ချ က မရှိ။

ဤမိန်းကလေး၏ ဘဝတစ်ခုလုံးကို မမစံပယ်လှိုင်ထံမှ ပြောင်းလက်ခံရယူလာပြီးခဲ့လေပြီ။

မမစံပယ်လှိုင်၏ အသုဘကိစ္စ။

သူတို့ ရပ်ကွက်ဝန်းကျင်များဆီသို့ အကြောင်းကြားခြင်း၊ သပိ သပိတ်သွတ်ခြင်းနှင့် ခြံ၏စောင့်ရှောက်ရေး တာဝန်များ။

ဒါက နက်ဖြန်မှ သွားရောက်ပြီး အကြောင်းကြားလို့ဖြစ်သ ထား။

ယခု …

ဆုကို ဘယ်ခေါ်သွားပြီး ဘယ်မှာထားကာ ဘာလုပ်ပေးရမလဲ

ဒေါက်တာ တိုးလွင်ဦး၏ အဖြေက ဘာမှမရေရာသေး။

အသည်းနှလုံးက ပူနေ၍ ဦးနှောက်ပါဆူဝေကာ သင့်တင့်မျှ သော စီစဉ်နိုင်မှုကို စဉ်းစား၍မရနိုင်သေးခြင်းလည်း ဖြစ်ပါလေမည်။

မမစံပယ်လှိုင် ဆိုသော မိန်းမသား လူသားတစ်ယောက်၏ နောက်ဆုံးကာလ၊ လူ့ဘဝ၏ နောက်ဆုံး နာရီပိုင်းလေးအတွင်းမှ အားကိုးခြင်းကြီးစွာဖြင့် အထပ်ထပ်အခါခါ မှာကြားသွားခဲ့ရှာလေသော မမစံပယ်လှိုင်ရယ်လေ။

မီးပွိုင့်နီနေ၍ ကားရပ်နေရင်းက နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်နေမိပြန်သည်။

အသုဘတစ်ခုတွင် မိန်းမသားတို့ ငိုလေ့ရှိသည့်အတိုင်း လူးလှိမ့် အော်ဟစ်ငိုနေသည်ကမှ တော်ပေဦးမည်။

ယခု ဆု၏ ပိတ်ဆို့ငိုကြွေးနေရပုံလေးကို ကြည့်ရသည်မှာ ရင်၌နင့်နေအောင် နာမိသည်။





မိမိကိုယ်တိုင်ကလည်း မမစံပယ်လှိုင်အတွက် ယူကျုံးမရအောင် ကြေကွဲနေမိသည်မို့ သူတို့ သားအမိအတွက် မျက်ရည်သည် မျက်ဝန်းမှာမစို၊ ရင်ထဲမှာ ငိုနေမိသော ဒေါက်တာ တိုးလွင်ဦးပါ။

ဆေးရုံကြီးမှထွက်ပြီး ကားကို ဦးတည်ရာမောင်းလာရာမှ ကန်ဘော်ကြီးကို ကွေ့ပတ်မိတော့ …

'ဦးထွန်းမြတ်လမ်း' ဆိုသည်ကို သတိရပြီး ကွေ့၍ဝင်လိုက်သည်။

စစ်ကြိုခေတ်က တည်ဆောက်ထားပြီး မပြုမပြင်ခဲ့သည်မှာ နှစ်ပေါင်းကြာလှပြီမို့ တိုက်ကြီးက အိုမင်းလှချေပြီ။ အရောင်အဆင်းလည်း မရှိတော့။

"ကြီးကြီးမြတ် … ကြီးကြီးမြတ်"

ဟွန်းလည်းတီး ခေါ်လည်းခေါ်တော့ တုန်တုန်ချည့်ချည့်နှင့် အဘွားကြီးတစ်ဦး ထွက်လာသည်။

"ဘဘကြီးရော"

"မောင်မောင်ထိုက်လား၊ သူ့အမှုသည်က လာခေါ်လို့ လိုက်သွားတယ်"

"ကြီးကြီးမြတ် တစ်ယောက်တည်းလား"

"မြကြည် ရှိတယ်လေ"

"အင်းပေါ့လေ ကြီးကြီးမြတ်တို့ အိမ်က ပေါင်းမှ သုံးယောက်တည်းရှိတာပဲ"

ကားထဲမှထွက်ရင်း ကြီးကြီးမြတ် ဆိုသော အသက်ခြောက်ဆယ်ကျော် အရွယ်ခန့် အဘွားကြီးနှင့် ဒေါက်တာ တိုးလွင်ဦးက နှုတ်ဆက်စကား ပြောနေသည်။

"ဆု … လာ ဆင်းခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ တိုးလွင်ဦး ခေါ်သဖြင့် ဆင်းခဲ့ရသော ဆုသည် ...

"ဦးမောင်မောင်ထိုက်"

"လွှတ်တော်ရှေ့နေ"

ဆိုသော ဘွဲ့ထူးများစွာနှင့် ဆိုင်းဘုတ်ကိုကြည့်ပြီး ဒေါက်တာ တိုးလွင်ဦး ဦးဆောင်ရာသို့ လိုက်ခဲ့ရသည်။

ကြီးကြီးမြတ်ဆိုသော အဘွားကြီး၏ အကြည့်က စိမ်းလွှန်းလှချေသည်။

အိမ်တွင်းမှ ညှော်ခန်းမှာ မှောင်နေသည်။ တစ်အိမ်လုံးမှ ရှိသမျှသော အိမ်ထောင်ပရိဘောဂနှင့် ပစ္စည်းတို့မှာလည်း အဘွားကြီးနှင့်အပြိုင် ဇရာရုပ်သွင်နှင့် အိုဟောင်းလှချေပြီ။

"သူက ဘယ်သူတုံး သား"

ကြီးကြီးမြတ် ဆိုသူက စတင်စပ်စုလေပြီ။

"သြော် ... ကျွန်တော့် ပေးရှင့်ရဲ့ သမီးလေးပါ၊ သူ့ကို ဒီည ကြီးကြီးမြတ်တို့ အိမ်မှာ လာထားတာ"

"နေပါဦး ဘာကိစ္စ လာထားရတာလဲ၊ သူ့မှာ ပြန်စရာအိမ် မရှိဘူးလား၊ မိဘ မရှိဘူးလား"

တင်းမာသော စကားသံနှင့်အတူ 'မိဘမရှိဘူးလား' ဆိုသော စကားသည် ဆု၏ ထိန်းသိမ်းနိုင်မှုမှ လွှတ်ကင်းစွာ ဆု ငိုချလိုက်မိပါတော့သည်။

"သား ... တိုး"

"ဘာလဲ ကြီးကြီးမြတ်ရဲ့"

"ရှုပ်ရှုပ်ယှက်ယှက်ကွယ်၊ ဘယ်ကဟာမှန်းမသိ၊ ဘာမှန်းမသိ ကိုယ့်လူနာရဲ့ သမီးလေးဆိုတိုင်း မင်းက သနားလာရသလား၊ တော် ကြာ"





"တော်ပြီ ကြီးကြီးမြတ်၊ ဘာမှမပြောပါနဲ့၊ ကျွန်တော် ဘယ်တုန်းက ဘာတွေလုပ်ပြီး ဘာတွေရှုပ်ခဲ့ဖူးလို့လဲ၊ အခုဟာကလည်း ကိုးတန်းကျောင်းသူ ကလေးလေးပါ၊ သူ့မိခင်က ကျွန်တော့်ရဲ့ ကျေးဇူးရှင်၊ ဒီကလေးအတွက် ဒီတစ်ည လုံလုံခြုံခြုံ ရှိပါစေဆိုပြီး အမျိုးတော်တဲ့ ကြီးကြီးမြတ်ကို အားကိုးပြီး လာခဲ့တာပါ"

သည်တော့လည်း အဘွားကြီးက နောင်တရသွားသော မျက်နှာနှင့် ဆုကို အသေအချာကြည့်သည်။

ကိုယ်လုံးကိုယ်ထည် ဖွံ့ထွားၡသော အပျိုလေးတစ်ယောက်ဟု မြင်နေမိသော်လည်း ဆု၏ မျက်နှာက ကလေးရုပ်ကလေးပင် မပျောက်ချင်သေး။

"အေးလေ ဒါဆိုလည်းထားခဲ့ပေါ့"

ကြီးကြီးမြတ် ဆိုသူက ခွင့်ပေးလိုက်သည်နှင့် ကိစ္စပြီးသွားတော့ဟန်နှင့် ...

"ဟဲ့ ... မြကြည် ကော်ဖီယူခဲ့ပါ၊ ဒီမှာ တိုး ရောက်နေတယ်"

အဘွားကြီး၏ လေသံက မြင့်ပြောသော်လည်း အိမ်ထဲမှ ကြားဟန်မတူ၍ ...

"တယ် ... ဒီကောင်မဟာ"

ဟူသော ဒေါသသံနှင့်ပြောပြီး အိမ်တွင်းသို့ ဝင်သွားသည်ကို ဆုမှာ ကြောက်ရွံ့စွာ ငေးကြည့်နေမိပြီးမှ လှည့်လိုက်တော့ ဒေါက်တာ တိုးလွင်ဦးသည် ဆုကို စူးစူးစိုက်စိုက် ကြည့်နေ၏။

"ဆု"

"ရှင် ... ဦး"

"ဒီမှာ ဒီတစ်ည အိပ်လိုက်နော်၊ နက်ဖြန်ကျတော့ ဆုအတွက် အားလုံး ဦး စီစဉ်ပေးမယ်၊ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com

ဆု ငုံ့ထားသည်။ ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမဖော်။

"ဆု"

ထပ်ခေါ်တော့ မော့ကြည့်ဖြစ်၏။

"ဒီအိမ်မှာ နေခဲ့ချင်သလား၊ မနေချင်ဘူးလား ပြောစမ်း"

"ဦး ... ဦးထားလျှင် နေပါ့မယ်"

အသံနှင့် မျက်ရည်တို့ တစ်ပြိုင်တည်း ထွက်လာသည်။

"ရော့ ... ဦး"

ရင်ခွင်မှာ အားကိုးရာလို ပွေ့ဖက်ထားသော လွယ်အိတ်ကိုကမ်းပေးပြီး ...

"မေမေက ဦးကို အပ်လိုက်လို့ မှာခဲ့တာမို့ ဦး ယူသွားပါ"

ကမ်းပေးသော လွယ်အိတ်ကိုယူပြီး ဆု၏ ရှေ့တွင် ဝင်ထိုင်လိုက်သည်။

ကြီးကြီးမြတ်က အရွယ်နှင့် မလိုက်အောင် ခတ်ဆတ်ဆတ်လျှောက်လာ၏။ သူ့နောက်မှ မြကြည်ဆိုသော သက်လတ်ရွယ်အိမ်ဖော်က ကော်ဖီဗန်းကိုကိုင်ပြီး ထွက်လာကြသည်။

ကြီးကြီးမြတ် ဆိုသည်မှာ ဒေါက်တာ တိုးလွင်ဦး မိခင်ဘက်မှ တစ်ဖက်စီတော်သော ဆွေမျိုးဖြစ်လေသည်။ သူက အပျိုကြီး၊ သူ့မောင် ဦးမောင်မောင်ထိုက်က မိန်းမဆုံးသွားပြီး သားသမီးမရှိသဖြင့် ဤမောင်နှမ နှစ်ယောက်သာနေကြသည်။ ချမ်းသာပုံရသော်လည်း နှမြောတွန့်တိုလှမည့် အမျိုးအစားထဲက ဖြစ်လေမည်။

သူတို့ချင်း စကားတွေပြောနေစဉ် တယ်လီဖုန်းလာ၍ ကြီးကြီးမြတ် ထသွားပြီး စကားပြောနေချိန်မှာ ...

"နက်ဖြန် မေမေ့အတွက် ဆွမ်းသွတ်ဖို့နဲ့ သန်ဘက်ခါ အသုဘချဖို့တွေကို ဘယ်လိုစီစဉ်မှာလဲဟင် ဦး"





"အင်း ... ဆုတို့ ခြံကိုတော့ နက်ဖြန်သွားရဦးမှာပဲ"

"ဆုရော လိုက်ခဲ့ပါရစေ"

"အေးပါ"

"မနက်စောစောလာခဲ့ပါ ဦးရယ်၊ ဒီအိမ်မှာနေရမှာ ဆု ကြောက်တယ်"

ဒေါက်တာ တိုးလွင်ဦး ဘာမှမပြောတော့ဘဲ ငြိမ်တွေစွာ ထိုင်နေ၏။

ကြီးကြီးမြတ် ဖောင်ဖွဲ့နေသော စကားတို့ကို အလိုက်သင့်ပြောနေရသော်လည်း စိတ်ပါပုံမရ။ တစ်စုံတစ်ခုကို စဉ်းစားသလိုလုပ်ပြီးမှ ထိုင်နေရာကထလိုက်၍ ဆု လက်သို့ လွယ်အိတ်ကို ပြန်ပေးလိုက်ပြီး ...

"ကျွန်တော် ပြန်မယ် ကြီးကြီးမြတ်၊ သူ့ကိုပါ ပြန်ခေါ်သွားခဲ့တော့မယ်၊ လာ ... ဆု"

"အို ... မင်းဟာကလည်း"

အဘွားကြီးများ ဆွဲထားလေမလားဟူသော ကြောက်စိတ်ဖြင့် ဆုသည် ဤအိမ်ကြီးပေါ်မှ ပြေးဆင်းကာ ကားတွင်းသို့ ချက်ချင်းဝင်ထိုင်ဖြစ်၏။

ဦး၏ ကားကလေးသည် ဆု၏ ဘဝကို လုံခြုံအောင် ကာရံပေးထားသည့် နေရာဒေသအဖြစ် ဆု အားရှိသွားမိသည်။

မောင်းနေသည့် နောက်တည့်တည့်မှာ မထိုင်ဖြစ်ဘဲ ဒီဘက်ထောင့်မှာ ထိုင်မိ၍ ဦး၏ မျက်နှာကို ဘေးတိုက်မြင်နေရပါ၏။

ကြည်လင်ခြင်း အလျင်းမရှိသော ဒေါက်တာ တိုးလွင်ဦး၏မျက်နှာ။

"ဦး"



www.burmeseclassic.com

www.burmeseclassic.com



အသံက တိုးတိမ်လွန်းသဖြင့် ဦး မကြားသာ။

အားယူ၍ ထပ်ပြီးခေါ်လိုက်လေမှ အကြည်က ရှေ့မှာထားပြီး ခေါင်းကိုသာ စောင်းလှည့်လျက် ...

"ဟင်"

"သမီး ဟိုအိမ်မှာပဲ နေခဲ့ပါမယ် ဦးရယ်"

"ဘာဖြစ်လို့လဲ"

"မေ ... မေမေက နောက်ဆုံးအချိန်အထိ မှာသွားပါတယ်"

"ဟင်"

"ဦး စီစဉ်သမျှနာခံတဲ့၊ ဘာတစ်ခုမှ မငြင်းရဘူးတဲ့"

ဆု၏ ရှိုက်သံများကြားမှ စကားလုံးများကို မနည်းနားထောင်ရသည်။

"မငိုနဲ့ ဆု၊ ခုလည်း အကောင်းဆုံး စီစဉ်ပေးနိုင်အောင် ခေါ်လာခဲ့တာပါကွယ်"

ဆု ရင်ထဲမှာ 'ဦးကို တောင်းပန်ပါကြောင်း' စကားတွေပြောချင်လှသော်လည်း ဘာစကားမှပြော၍ မထွက်တော့။

နာရီပိုင်းလေးအတွင်းကပင် ချစ်လှစွာသော မေမေ သေဆုံးခဲ့ရပြီး နိကိုးရာမဲ့စွာဖြင့် ကြောက်ကြောက်လန့်လန့်နှင့် ရင်ထဲမှာ ဖြောင်းဆန်အောင် ခံစားနေရရှာလေသော ဆု ပါလေ။

ဦးတည်ချက်ရှိသော ခရီးဖြစ်၍ ကားရှိန်ကို မြှင့်၍မောင်းလိုက်သည်။

ကန်တော်ကြီးလမ်းမှထွက် ဗဟန်းဘက်မှ ဖြတ်မောင်းပြီး မကြာခင်မှာပင် ဒေါက်တာ တိုးလွင်ဦး၏ ဝင်ဒါမီယာမှ အိမ်သို့ ပြန်လည်ရောက်ရှိသည်။

ဒေါက်တာ တိုးလွင်ဦးက ခေတ်မီလှပသော တိုက်ကလေးတွင်းသို့ ဝင်သွားသည့်တိုင် ဆုက ကားထဲမှာ ထိုင်နေမိဆဲပါ။





ဆု ဘဝကလည်း ဦး နေဆိုနေ ဆင်းဆိုဆင်းရမည်လေ။

"ဆင်းလေ ဆု၊ ဒါ ဦးရဲ့အိမ်"

ဦးရဲ့အိမ် ဆိုတော့လည်း စောစောက ကြီးကြီးမြတ်တို့ အိမ်မှာ ဆက် ကြောက်လန့်ခြင်းက လျော့နည်းမသွားမိ။

ကိုယ့်ဘဝကိုယ်သိစွာဖြင့် ဧည့်ခန်းမှာ ခင်းထားသော ဆိုဖာပေါ်တွင် မထိုင်ရဲ၍ တံခါးဘေးမှာ လွယ်အိတ်ကလေးဖက်လျက် ရပ်နေမိဆဲမှာ ...

ဒေါက်တာ တိုးလွင်ဦးက ပြေလည်ပုံရသော ထမင်းချက် အမျိုးသမီးကြီး တစ်ဦးကို ခေါ်ထုတ်လာပြီး ...

"ဒီကလေးကို ကြီးကြီးစုရဲ့ အခန်းမှာပဲ အိပ်ရာခင်းပြီး လဲ့နေပါစေ၊ ကျွန်တော် ခုပဲလာခဲ့မယ်"

ဒေါ်သက်စု ဆိုသောသူသည် တိုး ငယ်စဉ်ကပင် အတူနေခဲ့ရသော မိန်းမကြီး ဖြစ်လေသည်။

ကြောက်ရွံ့စိုးထိတ်စွာ ကြိတ်၍ငိုနေရှာသော မြေးအရွယ် မိန်းကလေးကို လက်ဆွဲ၍ ယုယကြင်နာစွာ ခေါ်သွား၍ အားရှိလိုက်ရပါဘိခြင်း။

တိုက်သည် ရှေ့မှာတစ်ထပ်၊ နောက်မှာတော့ နှစ်ထပ်၊ တစ်ထပ်ခွဲတိုက်ဆိုတာ ဒါမျိုးထင်ပါရဲ့။

ဒေါ်သက်စုတို့ နေရသောနေရာက တိုက်၏အောက်ထပ် နောက်ဖေးဆောင်မှာ သီးသန့်ခန်းနှင့်။

သူ့ခုတင်ပေါ်မှာ အညာစောင်တစ်ထည်ကို ဖုံးအုပ်လိုက်သည်။ ပြီးတော့ ဖလုံတစ်ခုနှင့် ဓာတ်ဘူးတစ်လုံးပါ ဗီရိုငယ်လေးပေါ်တင်၍ ဆုကို အိပ်နေစေသည်။

ကြီးကြီးမြတ်လို ရှုပ်ရှုပ်ယှက်ယှက်ဟူသော အမြင်မျိုး ဒေါ်သက်စု



www.burmeseclassic.com

www.burmeseclassic.com



၏ မျက်ဝန်းမှာ မတွေ့ရ။ ခဏကြာတော့ ဒေါက်တာ တိုးလွင်ဦး ရောက်လာပြီး ...

"ပက်လက်လှန်စမ်း ... ဆု"

နားမှာ နားကြပ်တပ်ပြီး ဆု၏ ခံစားမှုအပေါင်းတို့ဖြင့် လှုပ်ရှား ခုန်မြန်နေသော နှလုံးအိမ်ကို နားကျပ်ဖြင့်ကပ်၍ နားထောင်လိုက်သည်။

မြန်လိုက်သည့် ရင်ခုန်သံ၊ နှလုံးသားနုနုလေးနှင့်ပင် မထိုက်တန်တော့။

"ကြီးကြီးစု ရေနွေးဇလုံ ယူခဲ့ပါ"

ဒေါက်တာ တိုးလွင်ဦးသည် ဆု၏ လက်မောင်းလေးကို ဖိကိုင်ဆုပ်ညှစ်လိုက်ပြီးမှ ဖွေးနေသော အသားထဲမှ စိမ်းနေသောသွေးကြောကို အလွယ်တကူ ရှာတွေ့သွားပြီး အကြောဆေးတစ်လုံး သွင်းလိုက်သည်။

နာ၍ မျက်စိလေးမှိတ်ပြီး အံကြိတ်ထားရှာသော်လည်း အသံတစ်ချက်မှ ထွက်မလာ။

အကယ်၍သာ အနားမှာ အဖေ သော်လည်းကောင်း၊ အမေ သော်လည်းကောင်း၊ မြေးမလေးကို ချစ်တတ်လွန်းသော အဖြစ်သည်းတတ်သည့် အဘွား သော်လည်းကောင်း ရှိနေမည်ဆိုပါလျှင် ဆု အသံထွက်အောင် အော်ချင်လည်း အော်မည်။ ငိုချင်လည်း ငိုလေမည်။

ယခုတော့ သူ ဆိုးနွဲ့စရာ တစ်ယောက်မှ မရှိရုံမက ကြောက်ရွံ့စရာ အခြေအနေတွေနှင့်မို့ ဝေဒနာအရပ်ရပ်ကို ကြိတ်၍ခံစားနေရရှာလေသော ဆု ဆိုသည့် မြတ်ဆုမွန်။

"ဪ ... ကလေးရယ်"

မိနစ်အနည်းငယ်အတွင်းမှာပင် အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားလေမည်။





အိပ်စက်နေခြင်းသည် သောကအပေါင်းတို့ဖြင့် ဖွဲ့စည်းရာ လူ့ခန္ဓာနှင့်စိတ်ကို ခေတ္တရှောင်ခွာခွင့် ရရှိစေသော ကာလပါပင်။

ကြီးကြီးစုက ဆုကို စောင်းစေ၍ အညာစောင်ပါးလေးတစ်ထည်ကို ခြုံပေးလိုက်သည်။

"ဒီကလေးကို ဒီခေါ်လာတာပဲ ကောင်းပါတယ်လေ၊ ကြီးစုကို အကြောင်းစုံပြောပြလျှင်လည်း သံယောဇဉ်ဖြစ်ပြီး ပိုဂရုစိုက်မှာပါ၊ ကြီးကြီးမြတ်တို့ရဲ့ အိမ်မှာ ဆုကို မထားခဲ့မိတာ တော်သေးတယ်"

"ဒီကလေးမလေးက ချစ်စရာကောင်းလိုက်တာ၊ ဘယ်ကခေါ်လာတာလဲဟင် ကိုတိုး"

"ကြီးစုကို ပြောပြလျှင် အံ့သြသွားလိမ့်မယ်"

"ဟော"

"တိုးတို့ ငယ်ငယ်က ဝင်ဒါမီယာမှာ နေကြတုန်းကလေ"

"အင်း"

"ဟိုဘက်ခြံမှာ စံပယ်တွေ လာစိုက်ပြီးနေကြတဲ့ သားအမိသုံးယောက် မှတ်မိလား"

"မှတ်မိပြီလားကွယ်၊ သိပ်စိတ်သဘောကောင်းကြတာ၊ ကြီးစုတို့လည်း နေ့ခင်းနေ့လယ် သွားလည်နေကျလေ၊ ကိုဘခင်နဲ့ မအေးမေ၊ သူတို့ သမီးလေးက စံပယ်လှိုင်ရယ်လေ"

"ဟုတ်တယ်၊ အဲဒါ အဲဒီ စံပယ်လှိုင်ရဲ့ သမီးလေးပဲ"

"အလို ... တိုက်တိုက်ဆိုင်ဆိုင် ဘယ်ကများ တွေ့လာတာလဲ သားရယ်"

"ဒီနေ့ပဲ ဆိုပါတော့"

"စံပယ်လှိုင်က အသားညိုပေမယ့် ချောကချောပါဘိနဲ့၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မောင်လေးတိုး၊ မောင်လေးတိုးနဲ့ သိပ်ချစ်ရှာတာ၊ အခု စံပယ်လှိုင်ရော”

“ဒီနေ့ပဲ ဆုံးသွားပြီ”

“အို ... ဘုရား ... ဘုရား၊ ဘာများဖြစ်လို့လဲကွယ်”

“နှလုံးရောဂါနဲ့ ဆိုပါတော့၊ ဆေးရုံကြီးမှာ၊ ဒီမှာ ကြီးစု”

“ဘာလဲ သား”

“လောလောဆယ် သူ့မှာ ပြန်စရာမရှိဘူး၊ သူ့အဖေလည်း ဆုံးပြီ၊ ဒါကြောင့် ဒီအိမ်မှာ ခဏခေါ်ထားမလို့၊ ကြီးစု ဂရုစိုက်ပေးလိုက်ပါဗျာ”

“စိုက်မှာပေါ့ကွယ်၊ ကိုယ့်ငယ်မိတ်ဆွေတွေရဲ့ ရင်သွေးလေးပဲ၊ ပြီးတော့ သနားစရာလေး”

“ကဲ ... ကျွန်တော် အပြင်သွားလိုက်ဦးမယ်”

“ဆေးတိုက်လား”

“ရောက်ချင်မှရောက်မယ်”

“နို့ ... မိုနီရော၊ သူ့အမေရော သက်သာရဲ့လား”

“သက်သာပါတယ်၊ ဒီည သူ ဟိုမှာအိပ်မယ်တဲ့”

ဒေါ်စုသည် ဒေါက်တာ တိုးလွင်ဦးသို့ လေးနက်စွာ ကြည့်ပြီးမှ ...

“ဒီကလေးကို ခေါ်ထားတာ မိုနီက နှစ်ခြိုက်ပါ့မလား ကွယ်”

“မတတ်နိုင်ဘူး ကြီးစုရေ၊ ကျွန်တော့်မှာ ကိစ္စတွေက အများကြီးရှိသေးတယ်၊ သွားလိုက်ဦးမယ်”

ဒေါ်စုသည် စိုးရိမ်စိတ် လွန်ကဲတတ်သော လူကြီးတစ်ဦးပီသစွာ ဒေါက်တာ တိုးလွင်ဦး၏ နောက်မှလိုက်လာပြီး ...

“ကြီးစု တစ်ခုပြောချင်တယ် သား”





“ပြော ကြီးစု”

“ဒီကလေးကို သား ခေါ်လာတယ်လို့ မပြောဘဲ ကြီးစုရဲ့ မြေးလေးလို့၊ ကြီးစု ခေါ်လာတာလို့ပြောလျှင် ကောင်းမယ်ထင်တယ်ကွယ်၊ မိုနီက ငါ့သားလုပ်လျှင် ဘာမဆို အကောင်းမထင်ဘူးလေ၊ ပြီးတော့ မိန်းကလေးက အရွယ်ရောက်နေပြီ”

ဒေါက်တာ တိုးလွင်ဦးလည်း ငြိမ်တွေသွားမိသည်။ သူ့ဘက်က မှန်သော်လည်း အရာရာ ပြဿနာရှာတတ်သော မိုနီကာနှင့် ပြဿနာ တက်ချင်။

“ကြီးစု ကောင်းမယ်ထင်သလိုသာ စီစဉ်ပေးပါ၊ ကျွန်တော့်မှာ ကိစ္စတွေ အများကြီးရှိသေးလို့ သွားလိုက်ဦးမယ်”

“ကောင်းပါပြီ သား”

“ဆု နိုးလာလျှင်သာ တစ်ခုခုလေး ချော့ကျွေးလိုက်ပါ”

“စိတ်ချ သား၊ စိတ်ချ”

ထွက်မည်လုပ်ပြီးမှ သတိတစ်ခုရပြီး ဆု အိပ်နေရာအခန်းတွင်းသို့ ဝင်လာခဲ့ဖြစ်သည်။

အပြစ်မဲ့စွာ အိပ်ပျော်နေရှာသော ဆုကို တစ်ချက်သာ လှစ်ခနဲ ကြည့်ပြီး သူ့ဘေးမှ မမစံပယ်လှိုင် အပ်ခဲ့သော လွယ်အိတ်ကလေးကို ယူထွက်လာခဲ့သည်။

အခန်းတွင်းမှာထားမည် စိတ်ကူးပြီးမှ ‘မိုနီကာ ပြန်ရောက်လာခဲ့လျှင်’ ဟူသော အတွေးကြောင့် တဆက်တည်း သယ်ယူလာပြီး ကားထဲထည့်လျက် ကားကို မောင်းထွက်ခဲ့သည်။

ယနေ့ ဆေးတိုက် မထိုင်နိုင်တော့။

နက်ဖြန်မှ သွားပြောမည်ဆိုသော အစီအစဉ်ကိုလည်း ဖျက်လိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ယခုပင် ဘောက်ထော်ရှိ မမစံပယ်လှိုင်၏ ခြံရှိရာသို့ ကားဦးတည်လျက် ...

❒





## အခန်းကိုး

ဆရာတော် 'ဦးပညာသာမိ' ရှေ့တွင် ခြံနီးချင်း ကိုးယောက် ဆယ်ယောက်လောက် ဝိုင်းထိုင်နေကြသည်။

အမျိုးသမီးကြီးနှစ်ဦးက မျက်နှာသုတ်ပဝါကို ပခုံးထက်မှာတင်လျက် ငိုလိုက်၊ သုတ်လိုက်ဖြင့် ကြေကွဲစွာ ငိုနေကြသည်။

ဆရာတော်သည် တရားဓမ္မ၌ မွေ့လျော်နေသော သံဃာတော်ဖြစ်သော်လည်း အရိယာ မဟုတ်သေး၍ ပရိဒေဝကို မငြိမ်းသတ်နိုင်သေးရှာ။

"သမီး အလိမ္မာလေးမှာမှ ဒီလောက်ကြီးမားတဲ့ အဖြစ်ဆိုးကြီးမျိုး ဖြစ်ရတယ်လို့ကွယ်၊ တယ်လည်း ဒုက္ခကြီးပါလား၊ ဘဝဝဋ်ကြွေးကြီးလှပါလား၊ ဒါယကာကြီးတို့ အသေအချာ ကြည့်ကြရဲ့လားဗျာ၊ နေရာများ ရွှေ့ထားကြသလား"

"မဟုတ်ပါဘူးဘုရား၊ ဦးပဒ္ဓင်းရဲ့သမီး စံပယ်လှိုင် နေ့လယ်လောက်ကပဲ ဆုံးသွားပြီ၊ သေစာရင်းတောင် မြတ်ဆုမွန်ကို ပေးလိုက်ပြီ၊ အလောင်းလည်း ရေခဲတိုက်ပို့လိုက်ပြီ"

"ဖြစ်မှဖြစ်ရလေ သမီးလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘခင် ဘဝမှ ရဟန်းဘဝသို့ ရောက်ရှိသွားရှာသော ဆရာတော်ကြီးလည်း မျက်ရည်ကျရှာ၏။

"နို့ ... မြေးမလေး ဆုရော"

"ဆရာဝန်ကြီးက ခေါ်သွားသတဲ့"

"ဟုတ်ရဲ့လားကွယ် ရှာကြပါဦး၊ မရှာနိုင်လည်း သက်ဆိုင်ရာ တိုင်ပေးကြပါ"

"အင်း ... ဦးပဉ္စင်းမှာတော့ ရဟန်းဘဝလည်း ရောက်နေ၊ ကျန်းကျန်းမာမာလည်းမရှိလို့ ဘာမှမစွမ်းဆောင်နိုင်ပေဘူး"

"ဒီအတွက်တော့ စိတ်ချပါ၊ ကိုလင်းမောင်မောင် ဆွမ်းသွတ်တဲ့ ကိစ္စမှာလည်း အားလုံး အံ့ရပ်ကပဲ ဝိုင်းပြီးလုပ်ပေးလိုက်ကြရတာပါပဲ"

"အင်းပေါ့၊ ကျုပ်ကလည်း မုံရွာတောရကျောင်း ရောက်နေတော့ ဒီလောက်ကြီးကျယ်တဲ့ အမှုကြီးဖြစ်ကြောင်း ခင်ဗျားတို့ အကြောင်းကြားတာနဲ့ လိုက်လာခဲ့တာ၊ ခုတော့ သမီး စံပယ်လှိုင်ကိုတောင် မတွေ့လိုက်ရပါလားကွယ်တို့"

ဦးပဉ္စင်းအိုကြီး ငိုတော့ အားလုံး မျက်ရည်မဆည်နိုင်ကြတော့ပါ။

ယခုဆိုလျှင် ကိုလင်းမောင်မောင် သေဆုံးခဲ့သည်မှာ ဆယ့်ခြောက်ရက် ပြည့်ခဲ့ပြီ။

ယနေ့ ခြံနီးချင်း ဦးကြီး နှစ်ယောက် ဆေးရုံသို့အသွားတွင် စံပယ်လှိုင် သေဆုံးသွားပြီဖြစ်ကြောင်း ကြားသိခဲ့ရသည်။

ဦးကြီးများပြန်ရောက်လာချိန်မှာ ဦးပဉ္စင်းကြီးက ခြံတွင် ရောက်နှင့်နေလေပြီ။

ခရီးကလည်းဝေး၊ လိပ်စာကလည်း မသေချာ၍ အချိန်နှောင်းမှ သိခွင့်ရရှာသော ဖခင်ကြီးမှာ ချစ်သမီးအတွက် ပူပန်စိတ်ဖြင့် လိုက်လာ





ရာမှာ ယခုတော့ သမီးကိုပါ အဆုံးအရှုံး ခံလိုက်ရလေပြီ။

"နေကြပါဦး၊ မောင်လင်းမောင်လည်းဆုံး၊ စံပယ်လှိုင်လည်း ဆေးရုံတက်နေတုန်းက ကျုပ်မြေးလေးက ဘယ်သူနဲ့နေတုံး"

"ဒီလိုပါဘုရား"

ခြံချင်းကပ်လျက်မှ ဦးအောင်သိုက်က ဝင်ရောက်လျှောက်ထားသည်။

"ကိုလင်းမောင်မောင် အသတ်ခံ၊ အဲလေ သေတော့ စံပယ်လှိုင်ကိုလည်း လာဖမ်းသွားကြတယ်"

"ကျုပ် သမီးလေးမှာ လူတစ်ယောက်ကို သတ်ရဲလောက်အောင် ကြမ်းကြုတ်ရက်စက်တဲ့ စိတ်ထားမျိုး မရှိနိုင်ပါဘူး"

"ဘယ်လိုက ဘယ်လို ဖြစ်ကုန်ကြတယ်လို့တောင် မလျှောက်ထားတတ်တော့ပါဘူး ဘုရား"

"အိမ်း ... ဝိပါက ဝဋ်ကြွေးတွေပေါ့လေ"

ဦးပဉ္စင်းအိုကြီးမှာ သက်နှ်းစနှင့် မျက်ရည်ကိုသုတ်ပြီး ...

"ဒီကောင်၊ ဒီသမက်ကြောင့် ကျုပ်လည်း ဒီဘဝရောက်သွားရတာပါ"

"ကိုလင်းမောင်မောင်ရဲ့ နောက်ကြောင်းတွေကိုတော့ မပြောချင်တော့ပါဘူး ဘုရား"

"ကျုပ်လည်း သိတယ်၊ ကျုပ်လည်း သိတယ်၊ ကဲပါလေ ကျုပ် မြေးမလေး အခုဘယ်မှာလဲ"

"အဲဒါ လျှောက်နေရင်းက ဘယ်ရောက်သွားမှန်း မသိတာပါ၊ ဒီလိုပါဘုရား စံပယ်လှိုင်ကို ဖမ်းသွားတော့ တပည့်တော်တို့ အိမ်မှာပဲ ကလေးကို ခေါ်ထားရတယ်၊ ငိုလိုက်တာဘုရား"

"ဖြစ်ရလေ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုနဲ့ စံပယ်လှိုင်ဟာ အချုပ်ထောင်မှာထားရင်း အင်မတန် နေမကောင်းဖြစ်တာနဲ့ ဆေးရုံကြီးကိုပို့ပေးပြီး ကုသခွင့်ပေးပါတယ်၊ အဲဒီအကြောင်း လာပြီးအကြောင်းကြားချိန်ကစပြီး ဆုဟာ ဆေးရုံမှာ သွားစောင့်ခွင့်၊ ပြုစုခွင့် ရပါတယ်"

"အင်း"

"လိုအပ်တာတွေတော့ တပည့်တော်တို့ အိမ်ကပဲ သွားပြီးပို့ပေးပါတယ် ဘုရား"

ဦးအောင်သိုက်သည် စံပယ်လှိုင်တို့နှင့် ခြံချင်းကပ်လျက် နေထိုင်သော ခြံသမားကြီး ဖြစ်သည်။

သူတို့ မိသားတစ်စုလုံး ရိုးသား၍ စိတ်သဘောထား ကောင်းကြပါ၏။ ရိုင်းပင်းကူညီလိုစိတ်လည်း ရှိကြသည်။ ဦးအောင်သိုက်နှင့် ဇနီး ဒေါ်ရွှေပွင့်၊ သားသမီး လေးယောက်တို့ နေထိုင်ကြကြောင်း ဦးပဥ္ဇင်းကြီး ဦးပညာသာမိ ဤခြံကြီးမှ အပြီးတိုင် ထွက်မသွားခင်ကပင် သိကျွမ်းရင်းနှီးပြီးသားပါ။

"အခု ဒီနေ့ညနေသွားတော့ စံပယ်လှိုင်လည်း ဆုံးပြီ၊ မြတ်ဆုမွန်ကိုလည်း ဆရာဝန်ကြီးတစ်ဦးက ခေါ်သွားတယ် ပြောပါတယ်"

"မြေးမလေးအတွက် စိတ်ပူစရာများ ရှိနိုင်သလား ဒါယကာကြီး"

"မရှိနိုင်ဘူးထင်ပါတယ် ဘုရား"

လျှောက်ထားသူရော၊ နာကြားသူ သံဃာတော်ပါ မြတ်ဆုမွန်အတွက် ရတက်မအေးနိုင်ကြသော်လည်း ဘာမှမပြောဖြစ်ကြတော့။

"ဒါယကာကြီး ကိုဘသိုက်"

"ဘုရား"





"ကျုပ်သမီး စံပယ်လှိုင်ဟာ မောင်လင်းမောင်ကို ဘာကြောင့် သတ်တာတဲ့လဲ"

ဦးဘသိုက်သည် သက်ပြင်းကိုချလိုက်ရင်း ...

"စံပယ်လှိုင်ဟာ သူ သတ်ပါတယ်လို့သာ ဝန်ခံသွားတယ်၊ ဘာကြောင့် သတ်တယ်ဆိုတာကို လုံးဝ မေးလို့မရဘူးတဲ့"

"ဟင် ... ဒါဖြင့်"

"မှန်ပါတယ်ဘုရား၊ အခုလို နှစ်ယောက်လုံး သေဆုံးသွားတော့ အဲဒီအကြောင်းဟာလည်း သူတို့ နှစ်ယောက်နဲ့အတူပဲ သေဆုံးသွားပြီ၊ ဘယ်သူမှ သိခွင့်မရလိုက်ကြပါဘူး"

"အခင်းဖြစ်ချိန်က သူတို့နှစ်ယောက်တည်းလား"

"မှန်ပါ ကလေးက ကျောင်းသွားနေပါတယ် ဘုရား"

"ဪ"

"ဒီအိမ်ထဲမှာ သူတို့ နှစ်ယောက်တည်း ရှိကြပါတယ်ဘုရား"

"ဟိုကောင်က သတ်ဖို့လုပ်လို့များ သူ့ကိုယ်သူ ကာကွယ်လေသလားကွယ်"

"အဲဒီလို လုံးဝမပြောဘဲ သူ သတ်ပါတယ်၊ သူ သတ်တာပါလို့ တစ်ချိန်လုံး ဝန်ခံသွားတဲ့ စံပယ်လှိုင်ပါပဲဘုရား"

အားလုံး၏ ရင်မှာ ပင်ပန်းကြီးစွာဖြင့် ငြိမ်သက်သွားကြသည်။

မြတ်ဆုမွန်ကို ဟိုဘက်ခြံမှာ ခေါ်ထားပြီး ဤနှစ်ထပ်ပျဉ်ထောင်အိမ်ကို ပိတ်ထားခဲ့ကြသည်မှာ စံပယ်လှိုင်ကို ဖမ်းဆီးသွားသည့်နေ့က ရွှေပါ။

ယနေ့ ဦးဘခင်မှ ရဟန်းဘဝသို့ ကူးပြောင်းသွားခဲ့သော ဦးဇင်းကြီး ရောက်ရှိလာလေမှ ဤအိမ်တွင် စုဝေးမိကြခြင်း ဖြစ်ပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စံပယ်လှိုင်မည်သော နူးညံ့သိမ်မွေ့လှသော မိန်းမသည် ခင်ပွန်းအား ဘာကြောင့် သတ်သည်။

ကိုလင်းမောင်မောင် ဘာကြောင့် အသတ်ခံသွားရသည်ဆိုသည် များကိုမူ ...

ကွယ်လွန်သူ ကာယကံရှင်နှစ်ဦးမှအပ မည်သူမျှ သိရှိနိုင်ကြ မည် မဟုတ်တော့ပါ။

▢





## အခန်းတစ်ဆယ်

မောင်ရိပ်သမ်းခါနီးလေမှ ခြံဝင်းတွင်းသို့ ကားတစ်စင်း ဝင်လာ၏။ ဆင်စွပ်ရောင်။ ဖောက်စဝက်ပွန်း ကားလေးတစ်စင်း။

"ဒါ ... ဒေါ်စံပယ်လှိုင်ရဲ့ ခြံပါနော်"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဒီနေ့ပဲ သူ့အဖေ ဦးပဥ္စင်းကြီးလည်း ကြွလာပါတယ်၊ အိမ်ထဲဝင်သွားပါ"

ဦးအောင်သိုက်၏ ဇနီး ဒေါ်ရွှေပွင့်က သားသမီးများကို ထမင်းနူးကျွေးရန် ဟိုဘက်ခြံသို့အပြန်၌ ဆို၏။

အိမ်ထဲမှာလည်း ယောကျ်ားကြီး သုံးလေးဦးသာ ကျန်တော့သည်။

ဒေါက်တာ တိုးလွင်ဦးသည် ဆု ပေးအပ်ထားသော လွယ်အိတ်ကို သူ့အတက်ချိုကေ့စ်ထဲသို့ ထည့်ပိတ်ထားခဲ့ပြီး အတွင်းမှ ဆေးဘူးများကို ကားကူရှင်ပေါ်မှာ တင်ထားခဲ့သည်။

အတက်ချိုကေ့စ်ကိုဆွဲလျက် ဘောင်းဘီနှင့် အရပ်မြင့်မြင့် ဖြူဖြူချောချော အသက်သုံးဆယ်၊ သုံးဆယ်ကျော်အရွယ် လူတစ်ဦးကို အားလုံးက ငိုင်းကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်ပဲ ဖြစ်မယ်"

"မြတ်ဆုမွန်ကို ခေါ်သွားတဲ့ ဆရာဝန်ဆိုတာပဲ ဖြစ်မယ်"

ဟူသော အဖြေကို အိမ်ထဲမှလူများက အားလုံး တွက်ချက်မိကြပြီးသားပါ။

ဒေါက်တာ တိုးလွင်ဦးကလည်း သူတို့ ထင်မြင်ယူဆထားသည့်အတိုင်းပင် သူ့ကိုယ်သူ မိတ်ဆက်ပြီးချိန်မှာ ရပ်ကွက်လူကြီးများအားလုံးသို့ အကြောင်းစုံ ပြောပြလိုက်ပါ၏။

"အရှင်ဘုရား တပည့်တော်ကို မမှတ်မိဘူးလား ဘုရား"

"မမှတ်မိပါလားကွယ်"

"အရှင်ဘုရားတို့ ဝင်ဒါမီယာမှာ ခဏလာနေပြီး စံပယ်ပင်တွေစိုက်ချိန်တုန်းက ခြံချင်းကပ်လျက်မှာ နေခဲ့ဖူးတဲ့ တိုးလွင်ဦးပါ ဘုရား"

"ဟယ်"

ဦးပဥ္စင်းအိုသည် အံ့သြဝမ်းသာစိတ်များ၏ ပိတ်ဆို့မှုကြောင့် တဒင်္ဂပင် ဘာစကားမှ မပြောဖြစ်နိုင်ရှာ။ ခဏကြာမှသာ ...

"တိုး ... တိုးလေးလားကွယ်"

"မှန်ပါဘုရား"

"တိုးကို ငါ့သမီး စံပယ်လှိုင်က သူ့မောင်လေး အရင်းအတိုင်းပဲ ချစ်လိုက်တာမှ တုန်လို့ကွယ်၊ ဒီပြောင်းလာပြီးတဲ့အထိ၊ အင်း ... ဦးပဥ္စင်း ရဟန်းဘဝ မရောက်ချိန်အထိ သူ ... ဒါယကာလေး တိုးရဲ့ အကြောင်းကို အမြဲပြောနေဆဲပါကွယ်"

"တပည့်တော် မမစံပယ်လှိုင်နဲ့ တွေ့လိုက်ရပါတယ်ဘုရား၊ သူ ... သူ ... အများကြီးလည်း မှာသွားရှာပါတယ်"

မမစံပယ်လှိုင်အတွက် လှိုက်လှဲသောရင်ဖြင့် တိုး ငိုမိလေပြီ။





ငိုသည်ဆိုသော်လည်း ယောကျာ်းမျက်ရည်မို့ မျက်ဝန်းတွင်းမှာ ရှိရှာ။

"တိုး ... သား ... သားလေးကိုမြင်တော့ မအေးမေကိုလည်း သတိရလှသကွယ်"

ဦးပဥ္စင်းအိုကြီး ရှိုက်ငင်ကာ ငိုကျွေးရှာလေပြီ။

"တို့မိသားစုလည်း လူလေးတို့ ခြံဘေးက ပြောင်းလာရပြီးကတည်းက အကုသိုလ်တွေ ဆက်တိုက်ဝင်တာပါပဲ သားရယ်"

ဦးပဥ္စင်းသည် ပရိဒေဝမီးလွှမ်းနေ၍ ရဟန်းသံဃာတို့၏ အခေါ် အခေါ်အဝေါ်ပင်လျှင် ပျောက်ဆုံးမေ့လျော့နေရှာသည်။

ဒေါက်တာ တိုးလွင်ဦး၏ ရင်မှာ တင်းကျပ်လာသည်။

"သူ့ကြောင့်"

ပြောင်းရွှေ့ လွင့်ပြေးခဲ့ကြရသည့်အကြောင်းကို မမစံပယ်လှိုင် သိရှိနေသလို ဦးပဥ္စင်းအိုကြီးလည်း သိရှိနေလေသလား။

"တိုး ဒါယကာလေး"

"ဘုရား"

"မေးလေးရောကွယ်"

"အဲဒီကိစ္စအတွက် တပည့်တော် ရောက်လာတာပါ ဘုရား၊ အရှင်ဘုရားနဲ့ တွေ့ရတာ အခန့်သင့်သွားပါတယ်"

"အင်း"

"မမစံပယ်လှိုင်က သူ့သမီးလေး ဆုကို တပည့်တော်လက်ကို အပ်ခဲ့ပါတယ် ဘုရား၊ စာတော်တဲ့ သမီးလေးကို ပညာသင်ပေးဖို့နဲ့ သူ့ဘဝကို ထိန်းသိမ်းပေးဖို့ မှာသွားပါတယ်၊ အဲဒါ"

"ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



“အမှန်အတိုင်း ပြောရလျှင်တော့ တပည့်တော်ဘက်မှာလည်း အခက်အခဲ အနည်းနဲ့အများတော့ ရှိပါတယ်၊ ဒါပေမဲ့ မမစံပယ်လှိုင်ရဲ့ ဆန္ဒအရ ဖြစ်အောင်ကူညီမယ်ဆိုလျှင်လည်း ရပါလိမ့်မယ် ဘုရား အရှင်ဘုရား အနေနဲ့ရော ဘယ်လိုသဘောရပါသလဲ၊ ဆုကို ဘယ်မှာ ထားလိုပါသလဲ”

ဦးပဥ္ဇင်းကြီးမှာ စဉ်းစားနေဟန်ပင် မပြတော့ဘဲ ...

“ဦးပဥ္ဇင်းဘဝနဲ့ မြေးမကို ဘယ်လိုလုပ် တာဝန်ယူနိုင်ပါ့မလဲ လေ၊ ပြီးတော့ ကလေးနဲ့ မတွေ့ရတာလည်း ဆယ်နှစ်ရှိပြီ”

“ဆယ်နှစ်”

“မှန်ပါတယ်၊ ကလေး ငါးနှစ်သမီးလောက်ကတည်းက ဒီအိမ်က ထွက်သွားခဲ့တာပါ၊ မအေးမေကလည်းဆုံး၊ သမက်နဲ့ နေရတာလည်း မနေချင်လို့ ထွက်သွားခဲ့တာပါ၊ ဒီတော့”

“အမိန့်ရှိပါ ဘုရား”

“ဦးပဥ္ဇင်းအနေနဲ့ မြေးမလေးရဲ့ တာဝန်ကို မယူနိုင်ပါဘူး၊ ယူလည်း မယူထိုက်ပါဘူးကွယ်၊ ဒါကြောင့် သမီး စံပယ်လှိုင် မှာခဲ့ သလိုပဲ ဆောင်ရွက်ပေးပါလို့ ဦးပဥ္ဇင်းကလည်း ဒါယကာလေး တိုး ကို ထပ်မံမှာကြားပါရစေ”

ဒေါက်တာ တိုးလွင်ဦးသည် လေးနက်ငြိမ်သက်စွာ တွေး၍ ခေါင်းကို ဖြည်းဖြည်းချင်း ညိတ်ဖြစ်ပါ၏။

အတက်ချိကေ့စ်ကို ဖွင့်ပြီးမှ ဘေး၌ လူစိမ်းများရှိနေ၍ မမ စံပယ်လှိုင် ပေးခဲ့သော လွယ်အိတ်ကို ထုတ်မနေတော့။ သူကိုယ်တိုင် ပင်လျှင် အတွင်း၌ ဘာတွေပါနေမှန်းမသိသေး၍ အများရှေ့၌ မထုတ် ဖော်ချင်ပါ။





နောင်အခါ လိုအပ်မှသာ ဦးပဥ္ဇင်းကြီး ဦးဘခင်နှင့် တိုင်ပင် ပါတော့မည်။

ယခု သူ့အိတ်အတွင်းမှ မမစံပယ်လှိုင်၏ ဆေးရုံမှ သေစာရင်း ကို ထုတ်ယူပြီး အသုဘကိစ္စကို ဆွေးနွေးရသည်။

ထိုအချိန်၌ ဦးအောင်သိုက်၏ ဇနီး ဒေါ်ရွှေပွင့်ကလည်း တစ် ဖက်ခြံမှ ပြန်ရောက်လာပြီး လူကြီးများအချင်းချင်း တိုင်ပင်လျက် ...

“ဆွမ်းသွတ်ဖို့၊ အသုဘချဖို့ ကိစ္စတွေအားလုံး ဒီကလုပ်ကြ မှာပါ၊ အခု ဦးပဥ္ဇင်း ဦးဘခင်လည်း ရောက်လာပြီ၊ ဆွမ်းကွမ်းကိစ္စ အဒေါ်ပဲ တာဝန်ယူပြီး ချက်ပြုတ်ပါ့မယ်၊ သုသာန်မှာ မီးသင်္ဂြိုဟ်ဖို့၊ အချိန်ယူဖို့တွေလည်း ဒီမှာလုပ်တတ်တဲ့လူ ရှိပါတယ်၊ ဒီခြံနားနီးချင်း ကလည်း ဘတ်(စ်)ကား တစ်စီးစာတော့ လိုက်ပို့ကြမှာပါ ဆရာရယ်”

“ဟုတ်ကဲ့၊ အသုဘကိစ္စ အဆင်ပြေအောင် ဒီက တာဝန်ယူ နိုင်ကြတယ်ဆိုရင် ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ဒီမှာ သင်္ဂြိုဟ် စရိတ် ငွေတစ်ထောင်ပါ”

ဒေါ်ရွှေပွင့်က ဦးပဥ္ဇင်းကြီးသို့ လှမ်းကြည့်သည်။

သူတို့အနေနှင့် အသုဘကိစ္စကို လူအားနှင့် ကူညီနိုင်သော်လည်း ငွေအားဖြင့် မတတ်နိုင်ပါ။

“ယူသာယူလိုက် မယ်ရွှေပွင့်၊ သူ့ကို ပြန်တွေ့ရတာ ကျုပ် အားတက်သဗျာ၊ အင်း ... ဒီခြံကအစ သူ့လက်ကိုပဲအပ်ပြီး မြေးမ လေးကို ပညာသင်ပေးပါလို့တောင် ပြောရမှာ”

သားအဖနှစ်ယောက်၏ ယုံကြည်အားကိုးမှုက တစ်ထပ်တည်း ပါလား။

ဒေါက်တာ တိုးလွင်ဦးသည်သာ ပြည့်စုံကြွယ်ဝခြင်းများနှင့်ပြည့် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ကာ အသစ်အသစ်သော အပေါင်းအသင်း



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် မွေ့လျော်နေမိသော်လည်း မမစံပယ်လှိုင်တို့လို တည်ငြိမ်သော ဘဝရှင်များအနေနှင့် ငယ်သံယောဇဉ်ဦးကို မမေ့နိုင်ကြပါလား။

"အခု မိန်းကလေးက ဘယ်မှာလဲ"

"ခင်ဗျာ"

"မြတ်ဆုမွန်ကို မေးတာပါ"

"သြော် ... ကျွန်တော့် အိမ်မှာပါ၊ အိမ်မှာ ကျွန်တော့်ဇနီးနဲ့ ကျွန်တော့်ရဲ့ သမီးလေးနဲ့အတူ ကျန်ရစ်ခဲ့ပါတယ်"

မိမိ၏သိက္ခာနှင့် ဆု၏ ဘဝလုံခြုံမှုအတွက် ကွယ်ကာပေးသော စကား။

"သြော် ... ဦးပဥ္စင်း ဘုရား"

"အေး"

"တပည့်တော်တို့ ငယ်ငယ်က အိမ်မှာထမင်းချက်တဲ့ ဒေါ်သက်ကို မှတ်မိပါသေးလား ဘုရား"

"မှတ်မိတာပေါ့ကွယ်၊ မအေးမေနဲ့ အလွန်ခင်ကြတာပဲ"

"အခု သူ ရှိပါသေးတယ်ဘုရား"

"ကျန်းမာရဲ့လား"

"မာပါတယ်ဘုရား"

"သူက ဘယ်မတုံး"

"တပည့်တော်နဲ့အတူ နေထိုင်လျက်ပါပဲ"

"ဟေ ... ကောင်းတာပေါ့"

"မေမေနဲ့ ဖေဖေ ဆုံးပြီးကတည်းက ဟိုခြံကိုရောင်းပြီး တပည့်တော် ခေါ်ထားတာပါ၊ အခု အိမ်မှာ ဆုကို စောင့်ပြီးကျန်ရစ်ခဲ့ပါတယ်။ မမစံပယ်လှိုင်ရဲ့ သမီးလေးလို့လည်း ပြောခဲ့ပါတယ်"

"အိမ်း ... ကောင်းပါလေ့ကွယ်"





စကားခေတ္တပြတ်ပြီး အရပ်လူကြီးများက အသုဘကိစ္စ ဆွေးနွေးကြသည်။

အချုပ်သမားဘဝနှင့် သေဆုံးသူမို့ သက်ဆိုင်ရာတို့၏ ထုံးတမ်းစဉ်လာကို မေးမြန်းဆောင်ရွက်ရန်ကအစ နှုတ်နှင့် ညှိနှိုင်းစီစဉ်နေကြချိန်မှာ ...

ဒေါက်တာ တိုးလွင်ဦးသည် ဦးပဥ္စင်းကြီး ဦးဘခင်နှင့် ဒေါ်ရွှေပွင့်တို့ကို ကြည့်ပြီး ...

"ကျွန်တော် တစ်ခုအစီရင်ခံပါရစေ"

"ပြောပါကွယ်၊ ပြောပါ"

"အခု သူ့အဘိုးလည်း ရောက်နေတယ်၊ ဒီက ကြီးကြီးဒေါ်ရွှေပွင့်တို့လည်း ရှိနေချိန်မှာ ဆုကို ဒီမှာ ခဏပြန်ပို့ထားပါရစေ"

"အကြီးတို့ အိမ်မှာ ထားပါ့မယ်၊ ရပါတယ်"

"နက်ဖြန် မနက်စောစော လာပို့ပါ့မယ်၊ အဲဒါလည်း အခု ခုနစ်ရက်မလည်ခင်သာ ထားမှာပါ၊ ဒီအတွင်းမှာ ဆု နေဖို့၊ ထိုင်ဖို့၊ ကျောင်းပ[illegible]က်ဖို့ကအစ တပည့်တော် တာဝန်ယူစီစဉ်ပါရစေဘုရား"

"ကောင်းတယ်၊ တိုး သင့်သလိုသာ စီမံဆောင်ရွက်ပါကွယ်၊ ဒကာလေးတိုးကို ပြန်တွေ့ရတာ ဦးပဥ္စင်း အားရှိလှပါတယ်"

ကိစ္စအားလုံး ဆွေးနွေးပြီးချိန်မှာ ဦးပဥ္စင်းကို ကန်တော့လျက် အားလုံးကို နှုတ်ဆက်ပြီး ဒေါက်တာ တိုးလွင်ဦးသည် မမစံပယ်လှိုင် ပိုင်ဆိုင်သည်ဆိုသော ခြံကြီးအတွင်းမှ ကားမောင်း၍ထွက်ခဲ့ချိန်မှာ လုံးဝ မှောင်နေခဲ့လေပြီ။

ဆု အတွက်။

ဆု၏ တစ်ဘဝစာအတွက် ...



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးတည်ဆောက်ပေးရန် အတွေးများစွာ၊ စေတနာများစွာတို့ဖြင့် စိတ်အစဉ်မှာ ဖွဲ့စည်းနေပါလျက်နှင့် ...

ဥပေက္ခာမပြုသာသော၊ မပြုရဲသော မိုနီကာ ရှိရာသို့ ကားကို ဦးတည်မောင်းနှင် လိုက်ရပါတော့သည်။

ဒေါက်တာ တိုးလွင်ဦး တည်ဆောက်လျှောက်လှမ်း လာခဲ့ပြီးသော သက်တမ်းသုံးဆယ်ကျော် ကာလမှာ သည်မျှ လှုပ်ရှားရသော ခံစားမှုမျိုးကို မဖြစ်ထွန်းဖူးခဲ့သေးပါ။

မိဘများ သေဆုံးစဉ်က ရင်နှင့်တနင့် ဝမ်းနည်းကြေကွဲမိပါသော်လည်း ဇနီးနှင့်၊ သမီးလေးနှင့်၊ အလုပ်နှင့်၊ တာဝန်နှင့်မို့ အချိန်နှင့်အမျှ ပူဆွေး၍ မနေသာခဲ့ပါ။

ယခု ...

မမစံပယ်လှိုင်နှင့် ပြန်လည်တွေ့ဆုံရခြင်း၊ ယခု ဘကြီး ဦးဘခင်ကို ရဟန်းဘဝနှင့် ဆုံတွေ့ရခြင်းအပြင် ...

အိမ်မှာရောက်ရှိနေလေသော ဆု။

မိုနီကာနှင့် ရင်ဆိုင်ရမည့် ပြဿနာ။

စသည်တို့သည် ကားမောင်းနေရသော ဒေါက်တာတိုးလွင်ဦး၏ အတွေးဝန်းကျင်မှာ ဝိုင်းလည်အုံ့ဖွဲ့နေကြသည်။

အားလုံးထဲတွင် ထိပ်ဆုံးမှ အသိချင်ဆုံးသောအရာမှာ ...

"မမစံပယ်လှိုင်ဟာ သူကိုယ်တိုင် သူ့ယောကျ်ားကို ဘာလို့ သတ်ရတာလဲ"

"ဘာအတွက်များ သတ်ပစ်ရတာလဲ"

❒





## အခန်းဆယ့်တစ်

ဆောင်းနှင့်ပွင့်တို့သည် နွေနေ၏ အရှိန်အဝါအောက်တွင် ဘဝပျောက်သွားရပြီးနောက်မှာ ...

နွေနေကိုလည်း မုတ်သုံလေတို့က အတင်းဝင်ရောက်တိုက်ခိုက်ငြိမ်းမိုးလာခဲ့သည်။

မာန်ရှိန်ဟုန်ပြင်းသော နွေသည်လည်း မုတ်သုံမိုးစက်များအောက်သို့ သူ၏ အပူမာန်ရှိန်ကို လျှော့ပေးလိုက်ရလေတော့သည်။

မိုးစက်ပွင့်များအောက်တွင် လန်းလတ်စိမ်းမြနေသော စံပယ်ရုံလေးမှ အဖြူပွင့်ငုံလေးများကိုကြည့်ပြီး ...

"စံပယ်ပွင့်လေး အောင်မြင်စွာ ပွင့်အာလာနိုင်အောင် မြေ၊ လေ၊ ရေနဲ့ မြေဩဇာတွေ ဖြည့်ဆည်းပေးရမှာ ဥယျာဉ်မှူးတို့ရဲ့ တာဝန်ပဲ"

"ငါလည်းလေ ဆုရဲ့ ဘဝလေး အောင်မြင်အောင် ပြုစုပေးရမှာ ငါ့တာဝန်"

"လိမ္မာတဲ့ ဆုရဲ့ ဘဝလေး မွေးပါစေ၊ လန်းပါစေ၊ အောင်မြင်ပါစေကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ခြံထောင့်မှ စံပယ်ရုံလေးကိုကြည့်ပြီး ဒေါက်တာတိုးလွင်ဦး တွေးနေမိသည်။

သူ ထိုင်နေသည်က တိုက်၏ ခေါင်းရင်းဘက်ခြမ်းမှ ပြင် မျက်နှာစာ ဖြစ်သည်။

အခန်းတစ်ခု၏ရှေ့ အပေါ်ထပ် ဘုရားဆောင်၏ အောက်မှာ အကာမရှိ၊ တာရာစီ ကြမ်းခင်းပေါ်မှာ ကုလားထိုင်များ ချထားသည်။ တိုက်၏ပြင်ပ စင်္ကြံနေရာလေးဖြစ်၍ ခြံတွင်းကို လွတ်လပ်ကျယ်ပြန့်စွာ မြင်နေရပေသည်။

အာဖရိကန် ဒေစီပန်းခင်း ရောင်စုံများထက်ပင် ခြံထောင့်ဆီရှိ စံပယ်ရုံစိမ်းစိမ်းလေးကို ဒေါက်တာ တိုးလွင်ဦး ပို၍တမ်းတစွာ ကြည့် နေမိသည်။

"မင်းကြီးကတော် ဒေါ်မေမေခင်"

သည် ဒေါက်တာ တိုးလွင်ဦး ငယ်စဉ်ကပင် သိကျွမ်းရင်းနှီး ချစ်ခင်ခဲ့ရသော အမျိုးသမီးကြီး။

သူ့သား စိုးဝေထွန်းနှင့်က မူလတန်းကျောင်းသားဘဝကတည်း က သူငယ်ချင်း။

စိုးဝေထွန်းလည်း စာတော်ပါသည်။

သို့သော်လည်း ဆေးတက္ကသိုလ်သို့မဝင်၍ သူ စိတ်မာတတ်ကျပြီး ဒုတိယနှစ်ကတည်းက သင်္ဘောလိုက်သွားခဲ့သည်။

စိုးဝေထွန်း၏ ညီမ 'ခိုင်ခိုင်' ကလည်း ဘီကွမ်းဘွဲ့ရပြီး အလုပ် ဝင်နေသဖြင့် နေ့လယ်ဆို အိမ်ဖော်နှင့် ဒေါ်မေမေခင် နှစ်ယောက်တည်း။ ခြံကလည်းကျယ်၊ နှစ်ထပ်တိုက်ကလည်း ကြီးသဖြင့် အဖော်လည်းရ အောင်၊ ဝင်ငွေလည်း တစ်ဖက်တစ်လမ်းကရှိအောင် ငွေကြေးတတ်နိုင် သော ကျောင်းသူသန့်သန့် ရှစ်ယောက်ကိုသာ လက်ခံသည်။





အောက်ထပ်မှ အိပ်ခန်း၊ ထမင်းစားခန်းများကို လေးခန်းဖွဲ့ပြီး နှစ်ယောက်တစ်ခန်းထား၏။ ထမင်းချက်မစားရ၊ ချိုင့်မှာစားသူများသာ ဘား၍ ချမ်းသာသော မိဘများ၏ သမီးများသာ ထားနိုင်သည်။ ရှမ်း ပြည်နယ်မှ ကျောင်းသူများနှင့် မန္တလေးသူတစ်ဦး ရှိသည်။ အိကိုနှင့် လော တက်နေသော တက္ကသိုလ်ကျောင်းသူများ ချည်းသာ။ တချို့က အဆောင်မရ၍၊ တချို့က စာမေးပွဲကျ၍ ပြင်ပဘော်ဒါဆောင်မှာနေရ သူများ ဖြစ်လေသည်။

"ဟာ ... ဦး၊ ဒီနေ့မလာဘူးဆိုလို့ အဝတ်တွေလျှော်ပြီးမှ ရေချိုးမလို့၊ ဦး လာတယ်ဆိုတာနဲ့ အဝတ်တွေ ရေစိမ်ခဲ့ပြီး ဇရအမြန် ချိုးပြီး ပြေးထွက်လာခဲ့တာ၊ စောင့်နေရတာ ကြာသွားလားဟင် ဦး"

စိုးရိမ်အားနာသော မျက်နှာလေးနှင့် မေးနေသော ဆု။

သူ့မျက်နှာမှာ ဘာဆိုဘာမှ လိမ်းခြယ်မထား။ သနပ်ခါးလိမ်း နေချိန်ပင် မပေးတော့ဘဲ ပြေးထွက်လာတွေ့ရှာသော ဆု။

မမစံပယ်လှိုင်၏ မျက်နှာလှလှလေးအတိုင်းမှာ အသားက ဆွတ်ဆွတ်ဖြူနေ၍ ဆု၏ အလှကို ဘာနှင့်နှိုင်းပြရမှန်းကို မသိတော့။ နှိုင်းပြစရာပင် ရှိမည်မထင်ပါ။

"ဦး ဒီနေ့ ဆေးခန်းမသွားဘူးလားဟင်"

"သွားမယ်၊ ဒီနေ့ ဆု ကျူရှင်မရှိတာသိလို့ ခဏဝင်တွေ့ဦး မယ်ဆိုပြီး လာခဲ့တာ၊ ဘာလိုသေးလဲ"

"ဘာမှမလိုပါဘူး ဦးရယ်၊ ဒါပေမဲ့ ဦး လာလျှင် သမီး သိပ် ပျော်တာပဲ၊ ဆု သိပ်အားရှိတာပဲ"

သူ့ကိုယ်သူ သမီး ဟူ၍လည်းကောင်း၊ ဆု ဟူ၍လည်းကောင်း ပြောတတ်ရှာလေသူ။

"ဒါကြောင့်လည်း ဦးက အားတိုင်းလာနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဦး"

"ဟင်"

"သမီး ဒီနှစ် အင်္ဂလိပ်စာ အောင်ပါ့မလား မသိဘူး၊ တခြားဘာသာတွေတော့ အကုန်ရပါတယ်၊ အမ်စီမဝင်လျှင် သမီး ရှုံးလိမ့်မယ်ထင်တယ် ဦးရယ်"

"အို ... အဲဒီလောက်ကြီး အစွဲအလမ်း မထားရဘူးလေ၊ ဘာလို့မဝင်ရမှာလဲ၊ ပြီးတော့ ဦးတို့တုန်းကလို ဆယ်တန်းအောင်ပြီးတာနဲ့ တန်းပြီးသွားရတာ မဟုတ်ဘူး၊ ကြားမှာ ရီဂျင်နယ်လ် နှစ်နှစ်တောင် ခံနေသေးတာပဲ"

"ဟာ ... ဒါပေမဲ့ ဆယ်တန်းက အမှတ်ကောင်းထားမှ ဦးရဲ့၊ ပြီးတော့ ဆယ်တန်းတုန်းက ဂုဏ်ထူး ဘယ်နှစ်ဘာသာရတယ် ဆိုတာလည်း တစ်သက်လုံး မှတ်တမ်းတင်ရမှာ"

ဒေါက်တာ တိုးလွင်ဦး ဆုကို ပြုံး၍ကြည့်မိသည်။ သူ ငယ်ငယ်က ကြိုးစားသည်ထက်ပင် ပို၍ကြိုးစားနေသော ကလေး၊ တစ်ချိန်လုံး စာမှစာ။

သူနှင့် တွေ့လေတိုင်း တခြားအကြောင်းရာ သူ့မှာ ဘာမှပြောစရာမရှိ။ စာအကြောင်း၊ ကျောင်းအကြောင်း၊ ကျူရှင်အကြောင်းများသာ။

"ကျန်းမာရေးလည်း ဂရုစိုက်ဦး၊ ညရော ဆယ့်တစ်နာရီ မှန်မှန်အိပ်ရဲ့လား"

"ဦး အိပ်ခိုင်းတဲ့အချိန်တိုင်း သတိရပါတယ်၊ ဒါပေမဲ့ ဖိုးစစ်တွေကို ထပ်ထပ်တွက်နေတာနဲ့ ညက တစ်နာရီမှအိပ်တယ်"

"ဟင် ... မနက်ကလည်း ကျောင်းအစောကြီး သွားရတယ်မဟုတ်လား"





"ရပါတယ် ဦးရယ်၊ ခြံမှာနေတုန်းက သမီး မနက်ငါးနာရီဆိုသနေကျပါ"

သည်စကားကို ဆု အမှတ်မဲ့ ပြောလိုက်မိရာမှ စကားဆုံးတော့ ချက်နှာလေး ညှိုးကျသွားသည်။

မိခင်ရင်ခွင်၏ ဘဝဟောင်းလေးကို သူ ဆွတ်ကျင်ကြေကွဲစွာ တမ်းတမိရှာမည်။

"သြော် ... ဟိုနေ့က လိုက်အပ်ပေးတဲ့ သင်္ချာကျူရှင်ဆရာမ အဆင်ပြေလား"

"ပြေတယ် ဦး၊ သူပြောတာ နားကိုရှင်းသွားတာပဲ၊ မြတ်ဆုမွန်က ဉာဏ်လည်းကောင်းတယ်၊ ကြိုးလည်းကြိုးစားတယ်တဲ့၊ ဒီထွက်မှာ သေချာတယ်လို့ ဆရာမကပြောလို့ ဆုတောင် မြှောက်သွားတယ် ဦးရဲ့ သိလား"

စကားလမ်းကြောင်း ပြောင်းပေးလိုက်တော့လည်း ဆု၏ အပြုံးမျက်နှာကို ပြန်လည်မြင်တွေ့ရပါ၏။

"ဆေးခန်းမသွားခင် တကူးတကန့်လာရတာ တကယ်အားနာပါတယ် ဦးရယ်၊ ဒါပေမဲ့ ဦး လာလျှင် သမီး သိပ်အားရှိတာပဲ၊ ဦး လာတယ်ဆိုလျှင် ပျော်သွားတာမှ ရင်တွေကိုခုန်လို့"

ရင်ခုန်တတ်သောအရွယ် ရောက်လာပြီဖြစ်သော်လည်း ဆု၏ မျက်နှာလေးမှာ ကလေးငယ်လေး တစ်ယောက်လိုပင် ပကတိ သန့်စင်နေသည်။

ခရီးမှပြန်လာသော ဖခင်ကို မြင်တွေ့ရသော သမီးငယ်၏ အပြုံးအတိုင်းပါပင်။

ဒေါက်တာ တိုးလွင်ဦးသည်လည်း ဆုကို မြင်ရလေတိုင်း ယခု



www.burmeseclassic.com

www.burmeseclassic.com



လို ဆုက ဝမ်းသာပြုံးများနှင့် ကြိုဆိုလေတိုင်း ရင်ထဲမှာ အေးငြိမ့်စွာ ကြည်နူးရပါလေသည်။

"ငါ့သမီးလေး ကြီးလာလျှင်လည်း"

ဆိုသော အိမ်မှ သမီးလေးနှင့် နှိုင်းနှိုင်းပြီး ဖခင်စိတ်ဝင်စွာ ဆု အပေါ်မှာ မေတ္တာသက်ဝင်မိပါ၏။

"မမစံပယ်လှိုင်၏ သမီးလေး"

ဟူသော သံယောဇဉ်စိတ်များ။

"ငါ့ကိုပဲ အားကိုးနေရှာတာ"

ဟူသော တာဝန်ယူ အသိစိတ်များဖြင့် ဆုကို တိုးလွင်ဦး ဖခင် ဆန်စွာ ချစ်သည်၊ သနားသည်။ သူ ရယူလိုသော ဆေးပညာဘွဲ့ကို မိမိကိုယ်မှခွာ၍ ပေးလို့ရလျှင်ပင် ပေးလိုက်ချင်ပါသည်။

"ဦး"

"ဘာလဲ ဆု"

"ဟိုဘက်ခန်းမှာနေတဲ့ တောင်ကြီးက မမနန်းယိမ်းက ပြော တယ်၊ သမီးရဲ့ အင်္ကျီတွေက ပုံမကျဘူးတဲ့၊ သူ ဗိုလ်ချုပ်ဈေးမှာ လိုက် အပ်ပေးမယ်တဲ့၊ သမီးက ဦးကို မေးကြည့်ဦးမယ်လို့ ပြောထားတယ်၊ အဲဒါ"

"ဒီနှစ် စာကလွဲလို့ ဘာမှစိတ်မဝင်စားပါဘူးဆို"

"ဟုတ်ကဲ့ပါ၊ သူပြောတာ ပြောပြတာပါ"

"သူတို့က သိပ်ခေတ်မီလွန်းတယ်၊ အဲဒါတွေ အားမကျစမ်းနဲ့၊ ဗိုလ်ချုပ်ဈေးလည်း မသွားရဘူး၊ လိုချင်တာ ဦး ဝယ်ပေးမယ် ကြား လား"

"ဟုတ်ကဲ့ပါ ဦးရယ်၊ သူပြောလို့ မေးကြည့်ထားတာပါ၊ သမီး မှာ အင်္ကျီချုပ်စရာ အဝတ်စလည်းမရှိ၊ ပိုက်ဆံလည်း မရှိပါဘူး ဦးရာ၊





အလကား လျှောက်မေးမိတာပါ၊ သမီး ဘယ်မှမသွားဘူး၊ ဘယ်သူ ခေါ်လဲ မလိုက်ပါဘူး၊ ဦး စိတ်ချပါနော်"

"အေး ... ဒီတစ်နှစ်တော့ ဘာမှစိတ်မဝင်စားနဲ့ဦး၊ ဆယ်တန်း အောင်ပြီးမှ"

"အင်းပါ ဦးရာ၊ ပြောမိတာ မှားသွားပြီ၊ သမီး စိတ်ထဲမှာ နှစ်မျိုးပဲ ရှိပါတယ်"

"ဘာနှစ်မျိုးလဲ ဆု"

"ဒီနှစ် စာမေးပွဲကို အမှတ်အကောင်းဆုံးနဲ့ အောင်ချင်တာရယ်၊ မေမေ့ကို သိပ်လွမ်းတာရယ်"

ရင်ထဲမှာ မကောင်းမိ။

ဆုကိုတော့ နှစ်သိမ့်စကား တမင်မဆို။ တစ်ခါတစ်ရံ နှစ်သိမ့် ပေးခြင်းသည် ဝမ်းနည်းမှုကိုပင် ဖိတ်ခေါ်ပေးမိသလို ဖြစ်တတ်သည်။ မျက်ရည်လမ်းကို ထွင်းသွယ်ပေးသလိုလည်း ဖြစ်တတ်၍ ဒေါက်တာ တိုးလွင်ဦး မသိချင်ယောင်ဆောင်ပြီး တခြားစကားများကိုသာ ဦးတည် ၍ ပြောခဲ့သည်။

"ရော ... ငွေနှစ်ရာ ထပ်ယူထားလိုက်ဦး"

"ဟာ ... ဆုမှာ ရှိသေးတယ်"

"မဟုတ်ဘူး၊ အင်္ကျီလုံချည် အဆင်ပြေတာတွေ့လျှင် ဝယ်ဝတ် အောင်"

"နေပါစေ ဦးရယ်၊ ဦးရဲ့ ကျေးဇူးတွေ သမီးမှာ များလှပါပြီ"

"မဟုတ်ဘူးလေ ဆု၊ ဒါ ဆု မေမေ ပေးခဲ့တဲ့ ငွေထဲကပါ"

"ဘာပဲဖြစ်ဖြစ် ဦး ယူထားလည်း ရပါတယ်လေ၊ သမီးရဲ့ ဘဝတစ်ခုလုံးကို တာဝန်ယူထားရတယ်ဆိုတာ သမီး နားလည်ပါတယ် ဦးရယ်၊ ညတိုင်းလည်း ကန်တော့အိပ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“အေးပါ၊ ဒီကုသိုလ်တွေကြောင့် သမီး ဆရာဝန်ဖြစ်မှာပါ ကဲ ... ဦးသွားတော့မယ် သမီး၊ တနင်္ဂနွေနေ့ကျမှပဲ ဦး ဂေါ့ဖ်ရိုက်က အပြန် ဝင်ခဲ့တော့မယ်နော်”

“ဟုတ်ကဲ့ ဦး”

“နေခဲ့၊ နေခဲ့ ခြံထိပ်အထိ မလိုက်နဲ့တော့”

“ဟုတ်ကဲ့ပါ ဦး”

ဒေါက်တာ တိုးလွင်ဦး၏ကား ကွယ်ပျောက်သွားသည်အထိ ဆုသည် တမ်းတအားကိုးစွာ လိုက်၍ကြည့်နေမိပါ၏။

ဒေါက်တာ တိုးလွင်ဦးသည်လည်း ကားမောင်းလာရင်းမှပင် ...

ဩော် ... မိနီသာ အဆင်ပြေခဲ့လျှင်၊ နားလည်မှုရှိတဲ့မိန်းမ ဖြစ်ခဲ့လျှင် ဒီကလေးကို ကြီးကြီးစုနဲ့ အတူနေစေပြီး ငါ့ မျက်စိအောက်မှာ ထားလို့ရတယ်။

ခုတော့ အလကားနေရင်းတောင် ရန်လုပ်နေတာ၊ ဒီကလေးကို ငါ ခေါ်မထားရဲဘူးလေ၊ ဒီအရွယ်ဟာ မိဘနဲ့ ရင်အုပ်မကွာနေသင့်တဲ့ အရွယ်လေး၊ ပတ်ဝန်းကျင် ခပ်သိမ်းဟာ ဘယ်နေရာမှ စိတ်ချစွာ မထားသင့်တဲ့ အချိန်မျိုးမှာ ဘော်ဒါထားရတယ်၊ ပြန်စရာနေရာ မရှိတဲ့ ထာဝရဘော်ဒါကျောင်းသူလေး ဆု။

“ဩော် ... ဆု ဆိုတဲ့ ကလေးဟာ ငါ့ရဲ့ သမီးအရင်းလေးပဲ ဖြစ်လိုက်ပါတော့ကွယ်”

□





## အခန်းဆယ့်နှစ်

လူနေမှုစရိတ်များ တစ်စတစ်စ မြင့်မားလာသည်နှင့်အမျှ ဒေါ်ရွှေပွင့်တို့ ခြံမှထွက်သော ဟင်းသီးဟင်းရွက်များသည်လည်း ပိုမိုဈေးမြင့်စွာ ရောင်းချခဲ့ရသည်။

ဦးအောင်သိုက်မှာ အသက်ကြီးလာ၍ သိပ်ပင်ပင်ပန်းပန်း မလုပ်နိုင်တော့သော်လည်း သားသမီး လေးယောက်လုံး ကြီးလာပြီး မိဘတို့၏ ခြံလုပ်ငန်းကို စိတ်ပါစွာ ဝင်ရောက်လုပ်ကိုင်ပေးကြသဖြင့် အခြေအနေလေး ကောင်းလာသည်။ စားသောက်ရုံမက ငွေလေးနည်းနည်း ပါးပါးပင် ပိုလျှံ၍ အိမ်ကိုပြင်သင့်သည်ပြင်၊ အဝတ်ကလေးများ ဝယ်သင့်သည်ကိုဝယ်ပြီး တင့်တင့်တယ်တယ်လေး နေနိုင်လာသည်ကို ဦးအောင်သိုက်က ...

“ရွှေပွင့်ရေ တို့ခြံလေး ခုလို စိုပြေဖြစ်ထွန်းနေတာ ဟိုဘက်ခြံက ရေတွေ အလျှံပယ်ရနေလို့ပဲနော်”

“ဟုတ်ပတော်၊ အလျင်ကဆို ငင်လိုက်ရတာ၊ ခုတော့ သူတို့ထားပစ်ခဲ့တဲ့ အဝီစိတွင်းရေကို အလျှံပယ် သုံးခွင့်ရနေတော့ ကျုပ်တို့သားမိတစ်တွေမှာ ပဒေသာပင် ဖြစ်နေရတယ်လေ၊ အင်း ... စံပယ်လှိုင် ... စံပယ်လှိုင် တယ်နှလုံးကောင်းတဲ့ မိန်းကလေးပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းကလေးမျိုးမှ ဒီလောက်ဆိုးတဲ့အဖြစ် ဖြစ်ရတယ်လို့ ကွယ်"

"အင်းလေ နှလုံးကောင်းတဲ့ မိန်းကလေးမှ နှလုံးရောဂါဖြစ်ရ၊ နူးညံ့သိမ်မွေ့ပြီး အကုသိုလ် ကြောက်တတ်တဲ့ မိန်းကလေးမှာမှ လူသတ်ရသတဲ့တော်၊ ရင်ထဲမှာ တွေးလိုက်တိုင်း နာတုန်း"

ဒေါ်ရွှေပွင့်က မျက်ရည်များ ဝဲလာ၏။ လက်ကြားထဲမှ ဆေးလိပ်တိုသည် ဆတ်ဆတ်တုန်နေသည်။ ဆေးပေါ့လိပ်မှ မီးခိုးညွန့်များကို ငေးကြည့်ရင်း ဆက်လက်သောက်ရန် မေ့လျော့နေမိဆဲမှာ ...

"ဝုန်း" ဆိုသော အသံကြောင့် ဦးအောင်သိုက်နှင့် ဒေါ်ရွှေပွင့်တို့ အလန့်တကြား ကြည့်လိုက်တော့ သူတို့၏ ဒုတိယသား 'အောင်ထူး' က သူ သယ်လာသော ထင်းချောင်းများကို ပစ်ချလိုက်ပြီး အိမ်ရှေ့ဘက် ကသုတ်ကရက်ထွက်၍ အိမ်ကပြင်မှာ ငူငူကြီး ထိုင်နေလေတော့သည်။

"ကိုအောင်သိုက်"

"ဟေ"

"တော့သား အောင်ထူးကို သတိထားမိလား"

"ဘာကိုလဲ"

"ဒီကိစ္စပြောတိုင်း"

"အေး ... ငါလည်း ဒီအကြောင်းတွေးမိနေတာ ကြာပြီ၊ မင့်ပြောလျှင် မကြိုက်မှာစိုးလို့"

"ဒီကောင်ဟာ ဟိုဘက်ခြံက လူသတ်မှုအကြောင်းပြောတိုင်း ဒီလိုချည်း ဖြစ်ဖြစ်နေတယ်၊ သူဟာ တစ်ခုခုကို ဖုံးအုပ်ထားရသလိုပဲ"

"အေး ... စံပယ်လှိုင်တို့ လင်မယား ရန်ဖြစ်ကြချိန်က ဒီကောင် ဟိုဘက်ခြံမှာ ထင်းပေါက်ပေးနေတယ်လေ"





"သူ့ကို ဟိုလင်မယား နှစ်ယောက်လုံးက သိပ်ချစ်ကြတာ"

"ဟုတ်တယ် ဒါကြောင့် ဒီကောင် သိပ်စိတ်ထိခိုက်နေတာ ထင်တယ်"

"စိတ်ထိခိုက်ရုံမကဘူး၊ သူ တစ်ခုခုဖြစ်နေတယ် ထင်တယ်"

"မင်း ဖွင့်မေးကြည့်ပါလား"

"မေးပြီးပါပြီတော်"

"ဘာပြောလဲ"

"အစ်ကိုဟာ မမစံပယ်လှိုင်ပေါ်မှာ မကောင်းပေမယ့် ကျွန်တော့်ပေါ် သိပ်ကောင်းတာ၊ ခိုင်းတိုင်း ပိုက်ဆံအများကြီးပေးတာတဲ့၊ သူတို့ကို သနားလွန်းလို့ပါ အမေရာတဲ့၊ နောက်ကို ဒီအကြောင်း ဘာမှထပ်မမေးပါနဲ့တဲ့"

သား အောင်ထူး မကြားအောင် ဒေါ်ရွှေပွင့်က တီးတိုးပြောရသည်။

"အေး ... တို့မိသားစုလည်း ဒီကိစ္စဟာ မျက်စိထဲ သဲပက်လိုက်သလိုပါပဲကွ၊ တစ်ခါတလေများ ဟိုဘက်ခြံမှာ သူတို့တွေ ရှိနေသေးတယ်လို့ချည်း ထင်မိနေတယ်"

"ဟုတ်ပါ့တော်၊ ဘယ်လို ဝိပါကဝဋ်တွေကြောင့်များ အခုလိုတစ်ကွဲစီ တစ်ပြားစီဖြစ်ပြီး မကြားဝံ့ မနာသာတဲ့ အသေဆိုးတွေနဲ့ သေကုန်ကြရတာပါလိမ့်နော်"

"အင်း ... မအေးမေက ကျုပ်တို့ မျက်စိအောက်မှာတွင် သူ့ရင်ကျပ်ရောဂါနဲ့ ဆုံးရှာတယ်၊ ဟိုတစ်လောက ထွန်းရှိန် မန္တလေးသွားတော့ ဦးပဉ္ဇင်းကြီး ဦးဘခင်တောင် ပျံလွန်တော်မူသွားပြီဆိုတာ သိကြရတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မြတ်ဆုမွန်ဆိုတဲ့ ကလေးတစ်ယောက်ကလွဲလို့ မိသားစုတစ်ခုလုံး ပြုတ်ပြုတ်ပြုန်းသွားကြပြီနော်"

"ကိုဘခင်ညီ ကိုဘရင်တို့ မိသားစုတော့ ရှိသေးတယ် မဟုတ်လား"

"စကားထဲ ထည့်ပြောလို့ကွာ၊ ဒီခြံကို ငွေအမ်းပြီးကတည်းက အစ်ကိုကို ရန်လုပ်ပြီး ထွက်သွားခဲ့ကြတာလေ၊ သောက်လိုက်စားလိုက်နဲ့ ရှိတာတွေကုန်ပြီတဲ့၊ သူ့မိန်းမရဲ့ ရွာရှိရာ မအူပင်နယ်ကို ပြောင်းသွားကြပြီဆိုလား၊ ဈေးမှာ ကြားခဲ့တယ်၊ သူတို့ကတော့ တစ်ဇာတ်သိမ်းပါပြီ ရွှေပွင့်ရယ်"

သူတို့ ဇနီးမောင်နှံမှာ စံပယ်လှိုင်တို့အကြောင်းကို အသီးသီး၏ ရင်၌ မြှုပ်နှံထားမိကြသော်လည်း ပြောဖြစ်ကြပြီဆိုလျှင်ဖြင့် အတောမသတ် ဖြစ်နိုင်ကြတော့ပါ။

"ဟဲ့ ... ရွှေပွင့်"

"တော်"

"မောင်လင်းမောင်ဘက်က ဆွေကြီးမျိုးကြီးတွေဟဲ့၊ သူ့အဖေသေတော့ သူ့အဖေရဲ့ အစ်မရယ်၊ ညီရယ် ကျန်သတဲ့"

"ရှင့် ဘယ်သူပြောလဲ"

"မောင်လင်းမောင်ပဲ ပြောပြခဲ့ဖူးတာ"

"ဟင်"

"အဲဒါ သူ့ကြီးကြီးကလည်း အပျိုကြီး၊ သူ့ဦးလေးကလည်း မိန်းမရပြီး ကလေးမရဘူးတဲ့၊ အခု မိန်းမဆုံးသွားတော့ မောင်နှမနှစ်ယောက်တည်း ဦးထွန်းမြတ်လမ်းမှာ နေကြတာတဲ့၊ အဲဒီက အမွေတွေအားလုံးလည်း ကျွန်တော် တစ်ယောက်တည်းပဲရမှာ အဘရဲ့လို့ ငါ့ကို ပြောဖူးတယ် ရွှေပွင့်ရဲ့"





"တော်ကလည်းတော်၊ ပေးမယ့်လူက အသက်ရှင်ချင် ရှင်နေဦးမှာ၊ မောင်လေးမောင်က သေပြီပဲ၊ ရှင်ကလည်း သချိုင်းကထပြီး အမွေယူစေချင်သေးလို့လား"

"ပြောရတာ နားဝေးပါ့ဟာ"

"ဘာလဲတော့"

"အဲဒီ မောင်လင်းမောင်မောင် ရထိုက်တဲ့ အမွေအားလုံး သူ့သမီး မြတ်ဆုမွန် ရမယ်ဟ၊ နားလည်လား"

"အို ... ဒါကလည်း ဟိုက ပေးဦးမှကိုး"

"မပေးလည်း အဲဒီ အဘိုးကြီး အဘွားကြီး သေလျှင် ရမှာပေါ့"

"ဒါကလည်း ဆက်မိဦးမှကိုးတော့"

"အေး ... ဒီအကြောင်းကို ငါလည်း အခုမှပြောရင်း စဉ်းစားမိတယ်၊ ဟိုဆရာဝန်လာလျှင် ငါ့ကို မောင်လင်းမောင် ပြောထားတာတွေ အသေးစိတ် ပြောပြလိုက်မယ်"

"ကောင်းတယ်၊ သူတို့ဆိုတော့ ပေါက်ရောက်တယ် မဟုတ်လား၊ ဆုလေး ရပါစေတော်"

"ဒီကလေးက မိဘနှစ်ပါးလုံး ပိုးစိုးပက်စက် ဖြစ်သွားပေမယ့် အဲဒီဆရာဝန်က မွေးစားထားတာ ကံကောင်းပါတယ်"

"ဟုတ်တယ်၊ စံပယ်လှိုင်က အဲဒီဆရာဝန်ကို အကုန်လုံးအပ်ခဲ့တာ၊ ဟိုဘက်ခြံကို သူ ရောင်းစားပစ်လည်း ရတာပဲ၊ အဲဒါကို ကျုပ်တို့ဆီ မကြာခဏ ရောက်လာပြီး ဒီခြံကို ဆုရဲ့ နာမည်နဲ့ပြောင်းဖို့ ကောင်စီတွေနဲ့ လာလာလုပ်နေရှာတာ၊ နာမည်ထွက်တော့မှာပါ သူတော် ကောင်းလေးပါတော်"

"အင်း ... စံပယ်လှိုင် ... စံပယ်လှိုင်"

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေပွင့်၏ တမ်းတသံနှင့်အတူ အောင်ထူး၏ ဝှန်းဆို ကြမ်းကို လက်သီးနှင့်ထုလိုက်ပြီး ...

"အမေတို့မှာ ဒီအကြောင်းကလွဲလို့ တခြားအကြောင်းပြောစရာ မရှိကြတော့ဘူးလားဗျ"

ဒေါ်ရွှေပွင့်က ဒေါသနှောသော ထိတ်လန့်စိတ်နှင့် အောင်ထူးထံ ထ၍သွားဟန်ပြင်စဉ် ဦးအောင်သိုက်က လက်ကိုဆွဲထားလိုက်ပြီး ခေါင်းယမ်းပြ၏။ အသာနေဆိုသည့်သဘော။

"သား ... အောင်ထူး၊ အဖေ့ဆီလာစမ်း သား"

"ဘာလုပ်မလို့လဲဗျ"

"ခဏလေး သား၊ လာစမ်း အဖေ ခေါ်တဲ့ဆီကို"

အောင်ထူး ထလာသည်။

မျက်နှာမှာ ကြောက်လန့်စရာ တစ်ခုခုနှင့် တွေ့လာရသလို ဖြူဖျော့နေ၏။

"ဒီမှာ ငါ့သား၊ သားသမီးရဲ့ကိစ္စကို မိဘကလွဲလို့ စေတနာနဲ့ ဖြေရှင်းပေးနိုင်တဲ့လူ ဒီလောကမှာမရှိဘူး ငါ့သား"

"အဖေ ဘာပြောတာလဲ"

"အဖေလည်း သိတယ်၊ မင်းအမေ ရွှေပွင့်လည်း သိတယ်"

"ဘာကိုလဲ အဖေရဲ့"

"စံပယ်လှိုင် သတ်လို့ မောင်လင်းမောင် သေရတဲ့ကိစ္စမှာ"

"ဟာဗျာ တော် ... တော်ပါတော့ ဒီအကြောင်း"

"ငါ့သား စိတ်အေးအေးနဲ့ အဖေ ပြောတာကို နားထောင်စမ်း"

အောင်ထူးသည် အိမ်ငယ်လေး၏ ဝဲယာကို လှည့်ကြည့်လိုက်သည်။





အစ်ကိုနှင့် ညီရော ညီမလေးပါ မရှိကြဘဲ မိခင်၊ ဖခင်နှင့်သာရှိ၍ စိတ်လုံသွားဟန်နှင့် သက်ပြင်းချ၏။

"ပြောလေ အဖေ"

"ခုနပြောတဲ့ကိစ္စမှာ ငါ့သားဟာ တစ်ခုခု ခံစားနေရသလိုပဲ၊ မင်း စိတ်ဆင်းရဲနေတာကြာပြီ အဖေ သိတယ်၊ အဖေ့ကို ဖွင့်ပြောစမ်း သား"

"အဖေ"

"ဟေ"

"အမေ"

"ဘာလဲ လူလေး"

"အဖြစ်မှန်ကို အမေကို့ မသိကြဘူးနော်"

အောင်ထူးက အံကြိတ်၍ပြောလိုက်သဖြင့် ဦးအောင်သိုက်နှင့် ဒေါ်ရွှေပွင့်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီးမှ အောင်ထူးဘက်သို့လှည့်၍ ချော့ချော့မေးလေတော့ အောင်ထူး ငိုလေပြီ။

"သား ... သားရယ်၊ ပြောစမ်း ငါ့သား ဘာဖြစ်နေသလဲ၊ ပြောစမ်းပါကွယ်"

"အစ်ကို သေရတာ အစ်မ စံပယ်လှိုင် သတ်လို့ မဟုတ်ဘူးဗျ"

"ဟင်"

"ကျွန်တော့်ကြောင့်၊ ကျွန်တော် ... ကျွန်တော်"

"ဟိုက်"

"အလိုလေး မြတ်စွာဘုရား"

"ကျွန်တော် သတ်တာဗျ"

"အမယ်လေး မိုက်လှချည်လား ငါ့သားရယ်၊ ဘယ် ... ဘယ်လိုဖြစ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... သတ် ... သတ်တာတော့ မဟုတ်ဘူး၊ ကျွန်တော့်ရဲ့ဒင်းကြီးနဲ့ ..."

"ဒါနဲ့ စံပယ်လှိုင်က သူသတ်တာပါလို့ ဝန်ခံသွားတာပဲ"

"ဟုတ်တယ် သူ ထင်သွားတာ"

"ဘုရားရေ"

"အမှန်တော့ ကျွန်တော့်ကြောင့်ပါ အမေတို့ရယ်"

"မငိုပါနဲ့ လူလေးရယ် မငိုနဲ့၊ မငိုနဲ့၊ တိုးတိုးပြော ကိစ္စကပြီးနေပြီပဲ၊ ငါ့သား ဘာမှမဖြစ်စေရဘူး"

"အစ်ကို့ကို ကျွန်တော် ချစ်ပါတယ်ဗျာ"

"အေးပါ သိပါတယ်"

"ဒါပေမဲ့ အစ်ကို ... အစ်ကို သေရတာ ကျွန်တော့်ကြောင့်"

"အစ်ကို လင်းမောင်မောင်ကို သတ်တာ ကျွန် ... ကျွန်တော် ကျွန်တော် အောင်ထူးဗျ"

❒





BURMESE CLASSIC .com

## အခန်းဆယ့်သုံး

"ကိုကို သမီးကို မူကြိုထားဖို့ စုံစမ်းထားဦးနော်"

"သမီးလေးက အခုမှ နှစ်နှစ်နဲ့ ရှစ်လပဲ ရှိသေးတယ် မိုနီ၊ လာမယ့်နှစ် နေပါစေဦး၊ လေးနှစ်ပြည့်ပြီးမှပဲ မူကြိုပို့ကြတာပေါ့"

"သူ စကားတွေလည်း တတ်လာပြီ၊ ကျောင်းမှာဆိုတော့ ဆရာမက ကဗျာလေးတွေ နှုတ်တိုက်သင်ပေးတာပေါ့"

"အမှန်က ကလေးဆိုတာ ငါးနှစ်လောက်မှ ကျောင်းထားသင့်တာ၊ မူကြိုကျောင်းတွေကလည်း လေးနှစ်မှ လက်ခံတာ၊ အပြင်စီးပွားရေးသမား တွေက ကလေးထိန်းကျောင်းဖွင့်တယ်၊ ကလေးကို မထိန်းချင်တဲ့ မိခင်တွေက သွားပို့ထားကြတယ်၊ အလုပ်လုပ်ရတဲ့ မိခင်တွေကတော့ ထားပါတော့၊ အိမ်မှာ အိမ်ဖော်နဲ့ ထားခဲ့ရမှာထက်စာလျှင် ကလေးထိန်းဌာနက စနစ်တကျရှိတယ်ဆိုပြီး တချို့ မိခင်တွေက သနားလျက်နဲ့ ထားကြရတာ၊ ကိုကိုတို့ သမီးလေးကတော့ ကျောင်းမှာ သွားပစ်ထားရလောက်အောင် မလိုအပ်ပါဘူး မိုနီရယ်"

"ရော့ ... ရော့ ... ရေတစ်ခွက်သောက်လိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com

မိုနီကာက ဒေါက်တာ တိုးလွင်ဦး ထိုင်နေသော စားပွဲရှေ့ ရေတစ်ခွက်ချပေးရင်း မထိလေးစား အမူအရာနှင့် ကြည့်နေသည်
"စကားတွေ တဆက်တည်းပြောလို့ မောသွားပြီ၊ ရေသောက်လိုက်ဦး ပေါ့လေ"

ဆက်မပြောနေလျှင် အဆင်ပြေစရာအကြောင်း မရှိမှန်းသိ ...ပ်ညင်ညင်သာသာ ထရသည်။

"နေဦး ကိုကို၊ မိုနီ ပြောစရာရှိသေးတယ်"

သည်တော့လည်း မထဝံ့ပြန်။

ဒေါက်တာ တိုးလွင်ဦးသည် ပျော့ညံ့လွန်းသော မယားကြော ယောကျ်ားစားမျိုးထဲကတော့ မဟုတ်ပါသော်လည်း ...

အထက်စီးက ပြောတတ်သော၊ ဒေါသကြီးလွန်းသော၊ စကား များသော မိုနီကာနှင့်ယှဉ်၍ မိန်းမဆန်စွာ ရန်မဖြစ်ချင်။

ရန်မဖြစ်ချင်၍ ရန်ကိုရှောင်လေ မိုနီကာ၏ စကားများ အနိုင်နှင့် အဆုံးသတ်ပေးလိုက်သလိုဖြစ်ရလေ ဖြစ်နေလေတော့သည်

"မိုနီ ရန်မဖြစ်ချင်ဘူးကွယ်၊ ကိုကိုနဲ့ အေးအေးဆေးဆေး ဆွေးနွေးပါရစေ"

ဒေါက်တာ တိုးလွင်ဦး၏ စကားများ မိုနီကာ့ထံ ရောက်သွား၍ ပြုံးမိသည်။

"မာမီတို့ ဩစတြေးလျကို ပြောင်းကြဖို့လုပ်နေတာ ကိုကို သိနေပြီပဲ၊ အဲဒါ မိုနီနဲ့ ကိုကိုလည်း စဉ်းစားရအောင်လေ"

"ဘာကိုလဲ မိုနီ"

"လိုက်သွားဖို့လေ"

မိုနီကာ့ကို အံ့သြစွာ ကြည့်မိသည်။





"ကိုကို့မှာလည်း ဘာသံယောဇဉ်မှ မရှိဘူးလေ ကိုကို၊ ချစ် ...ရောဆိုလို့ မိုနီနဲ့ သမီးလေးပဲရှိတယ် မဟုတ်လား"

ခေါင်းညိတ်ပြမိပါ၏။

"မိုနီ့ မိသားစုကလည်း သွားကြမှာဆိုတော့ မိုနီတို့ နှစ်ယောက် ...ည်း ဒီမှာ ဘာလုပ်နေခဲ့မလဲနော်၊ လိုက်သွားသင့်တယ်လို့ ကိုကိုရော မထင်ဘူးလားဟင်"

ဒေါက်တာ တိုးလွင်ဦး ငြိမ်နေမိသည်။

"ကိုကို ဘာစဉ်းစားနေသလဲဟင်"

"အမိနိုင်ငံကို မစွန့်လွှတ်နိုင်ပါဘူး၊ ဘာညာ ကြီးကြီးကျယ်ကျယ် တွေ ကိုကို မပြောလိုပါဘူး မိုနီရယ်၊ ဒါပေမဲ့ ကိုကိုတို့ဟာ ဒီမှာ လည်း အစစအရာရာ အဆင်ပြေနေသားပဲ၊ တခြားနိုင်ငံကိုပြောင်းပြီး တစ်က ပြန်စရအောင် မလိုအပ်ဘူးလို့ ကိုကို ထင်မိတယ်"

"ဒီမှာကျန်ခဲ့ရမှာ ပျင်းစရာကြီး ကိုကိုရာ"

"ပျင်းတာလောက်နဲ့တော့ မလိုက်သင့်ဘူးလို့ ထင်တာပဲ မိုနီ၊ အန်ကယ်လ်နဲ့ အန်တီကရော ဘာပြောလဲ"

"မြန်မာပြည်က ဆရာဝန်တွေလည်း ဟိုရောက်လျှင် အဆင့် မမီလို့ အတော်တော့ ကြိုးစားရတယ်တဲ့၊ ဒါပေမဲ့ ဖြစ်သွားမှာပါတဲ့၊ သမီး မာမာတို့နဲ့ မခွဲချင်လို့ လိုက်ချင်လျှင်တော့ မောင်တိုးလွင်ဦးကို ပြောကြည့်လေတဲ့၊ မိသားစုဆိုတော့ ဟိုရောက်လျှင် အဆင်ပြေသွား မှာပါတဲ့၊ ဒက်ဒီက အဆက်သွယ်ရှိပြီးသား မဟုတ်လားတဲ့"

"မိုနီကရော လိုက်ဖို့ဆုံးဖြတ်ပြီးပြီလား"

"မဆုံးဖြတ်လို့ ကိုကို့ကို မေးနေတာပေါ့၊ မိုနီက ကိုကို့ကို ခွဲပြီးတော့လည်း လိုက်မသွားနိုင်ပါဘူး ကိုကိုရယ်၊ ကိုကိုပဲ စဉ်းစား ပေးလေနော်"



www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ ပခုံးကိုမှီ၍ ပြောလာသော မိုနီကာ၏ စကားကြေ
သူ့ပခုံးလေးကို သိုင်း၍ဖက်ထားလိုက်မိသည်။

ကိုကို့ကို ခွဲပြီးတော့ လိုက်မသွားနိုင်ပါဘူး ကိုကိုရယ်ဆိုသေ
စကား၏ အတိုင်းအတာသည် သူ့မိသားစုထက် ပို၍ချစ်ကြောင်း ဖွ
လှစ်ဖော်ပြသော စကားစုလေး။

မိုနီကာ၏ ရင်တွင်းမှာ သူ့ပေါ်တွင် သံယောဇဉ်များ ထားရှိ
ဆဲပါလားဟူသော အသိဖြင့် ...

မေတ္တာတရား၏ သင်္ကေတအဖြစ် ပါးပြင်ကို ခပ်ဖွဖွလေး နှ
ရှိုက်ပြီးမှ မိုနီကာ တောင့်တလေ့ရှိသော၊ မိုနီကာ ကိုယ်တိုင် စတင်
အင်္ဂလိပ်လို နမ်းတတ်သော သူမ၏ နှုတ်ခမ်းကို နှုတ်ခမ်းဖြင့် နမ်
ဖြစ်ပါ၏။

ဇနီးမောင်နှံတို့၏ သဘာဝသည် သဘောထား မတိုက်ဆိုင်ခြင်း
စိတ်ကောက်ခြင်း၊ ရန်ဖြစ်ခြင်းနှင့် ပြေလည်သောအနမ်းများ၊ တပ်မက်
သော ရမ္မက်များကြားတွင် သံသရာလည်နေတတ်ကြလေသည်တကား

□





BURMESE CLASSIC .com

## အခန်းဆယ့်လေး

မှတ်ပေါင်း ၄၉၆ မှတ်၊ ဂုဏ်ထူး လေးဘာသာဖြင့် ဆယ်တန်း
မေးပွဲကို အောင်မြင်ခဲ့ပြီးသော မြတ်ဆုမွန်သည် ဒေသကောလိပ်
မှတ် (၂) တွင် ဇီဝဗေဒဘာသာတွဲဖြင့် ဒုတိယနှစ် သင်တန်းသို့ပင်
က်ရောက်သင်ကြားနေခဲ့လေပြီ။

ပထမနှစ်တွင်လည်း ဂုဏ်ထူးလေးဘာသာပင် ရရှိထားပါ၏။

ယခု ဒုတိယနှစ် လိုင်းခွဲတွင် ဆေးတက္ကသိုလ်သို့ ဝင်ခွင့်ရလိမ့်
ည်ဟု မျှော်မှန်းနိုင်ပါပြီ။

ဆယ်တန်းအမှတ်နှင့် ပထမနှစ်အမှတ်၊ ဒုတိယနှစ်အမှတ်၊
ုံးနှစ်လုံး ဆက်တိုက် အသေအလဲ ကြိုးစားပါမှ မိမိတို့ မျှော်မှန်းရာ
ညာရေးလိုင်းခွဲသို့ ဝင်ခွင့်ရမည်ဖြစ်သော ပညာရေးစနစ် အချိန်အတွင်း
 မြတ်ဆုမွန် ကံဆိုးစွာ ကျရောက်သွားခဲ့သည်။

ဘာပဲဖြစ်ဖြစ် ဆယ်တန်းအမှတ်က ကောင်းလွန်းရုံမက မြန်မာ
ခ်ပြည်လုံးမှ ဆယ်တန်းအောင်သူများ အားလုံးထဲတွင် ပိုစေရှင်ခေါ်
ဆင့်တစ်မှ တစ်ရာအတွင်း ဝင်ခဲ့သော မြတ်ဆုမွန်သည် အစိုးရ၏
ညာသင်ဆု စကော့လားရှစ်(ပ်)အဖြစ် တစ်လလျှင် ငွေ ၇၅ ကျပ်က
မေးပွဲ မကျသမျှ စာသင်နှစ် ပြီးဆုံးသည်အထိ ရရှိနေပေမည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်လုံးလုံး မလျှော့သောခွဲတို့ဖြင့် အသေအလဲ ကြိုးစားမည်ဟူသော ရည်ရွယ်ချက်များ၏ပိုင်ရှင် မြတ်ဆုမွန်ပါတည်း။

နေရသော ဒေါ်မေမေခင်၏ အာတီးယားလမ်းမှ အဆောင်နှင့် ဒေသ (၂) သို့ သွားရသည့် လမ်းခရီးကလည်း အဆင်ပြေပါ၏။ လိုင်းကားလည်း အဆင်သင့်ပါ။ တစ်ခါတစ်ရံ လှည်းတန်းအဆောင်မှ သူငယ်ချင်းများနှင့်ကြုံလျှင် လမ်းလျှောက်၍ပင် ပြန်လာတတ်သည်။

ယနေ့တော့ ဒေသ (၂) မှ ကားစီး၊ ကမာရွတ် ဂါတ်တဲထိပ်မှာဆင်းပြီး လှည်းတန်းဈေးသို့ ဝင်ခဲ့သည်။

ထမင်းဟင်းချိုင့်က အဆင်သင့်ရရှိသော်လည်း နံနက်စောစောနှင့် ညစာစားစရာ ဘာမုန့်မှ မရှိတော့။

ဦး၏ ညွှန်ကြားချက်အတိုင်း ကြက်ဥ တစ်နေ့တစ်လုံး စားစရာလည်း ကုန်ပြီ။ ငှက်ပျောသီးနှင့် ဘီစကစ်မုန့်များလည်း ဝယ်မည်ဟူသော စိတ်ကူးဖြင့် ဈေးမှာ အစုံဝယ်နေစဉ် …

"သူ ငါ ကားပေါ်က ဆင်းကတည်းက ပါလာတယ်"

"သူ့ကို ငါ မသိပါဘူး"

"သူ ဘယ်သူလဲ"

ရွှေအိုရောင်ဘောင်းဘီနှင့် ရှပ်အင်္ကျီပွပွ အဖြူရောင်နှင့် အရပ်မြင့်မြင့်လူကို သည်တစ်ခါ လှည့်ကြည့်မိတော့လည်း သူ့ကို ကြည့်နေသည်။

သုံးကြိမ်မြောက် အကြည့်ချင်းဆုံမိခြင်း။

ရင်မှာ လှိုက်ခုန်တက်လာသည်။ ဝယ်စရာလည်းစုံပြီမို့ ရှုပ်ထွေးနေသော လှည်းတန်းဈေးမှထွက်ပြီး လှည်းတန်းလမ်းမကြီးကို ဖြတ်အကူး …

"ကျွဲ"





"အား"

ကားက ဘရိတ်အုပ်လိုက်၍သော မတိုက်မိခြင်းပါ။ ကားနှင့် မြတ်ဆုမွန်နှင့်က တစ်တောင်စာမျှသာ အကွာအဝေးမှာ ရှိပါ၏။

"ငယ်ငယ်လေးရှိသေးတယ် သေချင်ပြီလား"

ကားသမားက ခေါင်းထုတ်ကာ ကျိန်ဆဲပြီး ဆက်မောင်းသွားတော့မှ လမ်းလယ်မှာ တစ်ကိုယ်လုံး လန့်ထိတ်တုန်ယင်စွာ ရပ်နေခဲ့။

"ပစ္စည်းတွေကလည်း မနိုင်မနင်းနဲ့၊ ကျွန်တော့်ကို ပေးပါ ဒီငှက်ပျောသီးဖီးကြီး၊ ကဲ … လာ … လာ၊ ကားရှင်းတုန်း ကူးရအောင်"

ဆု၏ လက်တွင်းမှ ဖီးကြမ်းငှက်ပျောဖီးနှင့် မုန့်ထုပ်ကိုလုယူပြီး ဦးဆောင်ကူးသွားသော သူ့နောက်မှ ပြေးလိုက်ဖြစ်၏။

တစ်ဖက် ပလက်ဖောင်းမှ အပ်ချုပ်ဆိုင်ရှေ့ ရောက်တော့မှ …

"ပေးလေ"

"နေပါစေ ကျွန်တော် လိုက်ပို့ပါ့မယ်၊ ငှက်ပျောဖီးကြီးက အလေးကြီးပါလား"

ဦးကို သတိရပြီး စိတ်ဆိုးချင်လာသည်။

ဦး၏ အာဟာရစာရင်းထဲမှာ ငှက်ပျောသီး စားရမည်ဆို၍ ကြိုက်ဘဲနှင့် နှစ်၍မှိုနေရသော ငှက်ပျောသီး။

ဒီငှက်ပျောဖီးကြီးကြောင့် လူကို ရှက်လိုက်တာမှ မျက်နှာကို ဘယ်ထားရမှန်း မသိတော့။

"သွားနှင့်လေ၊ ဒေါ်မေမေခင့် အဆောင်အထိ ကျွန်တော် လိုက်ပို့ပါ့မယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



အံ့အားတသင့်နှင့် ကြည့်ဖြစ်သော ဆုကို သူက ရွှန်းဝေသော အပြုံးဖြင့် ပြန်၍ကြည့်နေ၏။

"ဆုကို သိချင်လွန်းလို့ လိုက်စုံစမ်းနေခဲ့တာ ကြာပါပြီ"

"အို"

ရှက်စိတ်နှင့် လှိုက်ခုန်သောရင်ဖြင့် ဆု ခပ်မြန်မြန် လျှောက်လာဖြစ်သည်။

ဆု ရှေ့က ရောက်နေပေမယ့် ဖိးကြမ်းငှက်ပျောဖီးကြီးက နောက်က သူ့ဆီမှာ။

မကြာခင်မှာပင် ဆုနှင့် သူ ယှဉ်၍လျှောက်လိုက်လာပြီး ...

"ကျွန်တော်က ကိုက်စားတတ်တဲ့ သတ္တဝါ မဟုတ်ပါဘူး ဆုရဲ့၊ ရီဂျင်နယ်(လ်)တူး မက်(သ်စ်)ကပါပဲ၊ စက်ကင်းယီးယားကပါ"

ကျောင်းသားချင်းဆိုသော အသိကြောင့် တော်ပါသေးရဲ့ဟု အတွေးဝင်သည့်တိုင် ရင်ခုန်နှုန်းက မပြေနိုင်သေး။

"ပေးပါ ဆုကို လိုက်မနှောင့်ယှက်ပါနဲ့"

မတ်တတ်စုံရပ်ပြီး ဒုက္ခပေးနေသော ငှက်ပျောဖီးကို လှမ်းတောင်းတော့ ...

"နှောင့်ယှက်တယ်လို့ မယူဆပါနဲ့၊ ကူညီတာပါ၊ ပြီးတော့ ဆုကို စိတ်ဝင်စားလွန်းလို့ ကျွန်တော် ဆုအကြောင်း လိုက်စုံစမ်းနေတာ ကြာခဲ့ပါပြီ၊ ဒီနေ့ ဆုနဲ့ ကျွန်တော်နဲ့ မိတ်ဆွေဖြစ်ရတဲ့နေ့လို့ သတ်မှတ်ပါရစေလားဗျာ"

"အို ... မလိုဘူး၊ မလိုဘူး၊ ဆုအတွက် ဘာမိတ်ဆွေမှမလိုဘူး"

ဒေါသစိတ်ကြောင့် ဆု၏ မျက်နှာလေး ပန်းရောင်သွေးပြေးလာသည်။



BURMESE CLASSIC .com



"ပေးလေ"

"ကျွန်တော် လိုက်ပို့ပါရစေ"

"ဘာမှလိုက်မပို့နဲ့ ယူထားလိုက်တော့၊ ရှင် မိကောင်းဖခင်သားသမီးဆိုလျှင် ဆု နောက်ကို မလိုက်ခဲ့ပါနဲ့၊ ဒါပဲ"

ဒေါသကြောင့် ကျယ်လောင်တုန်ယင်သော အသံလေးနှင့်ပြောပြီး ဆု ဖွတ်ထွက်လာခဲ့သည်။ သူ့ကိုလည်း လှည့်မကြည့်။ ငှက်ပျောဖီးနှင့် မုန့်တစ်ထုပ်ကိုလည်း သံယောဇဉ်ဖြတ်ခဲ့ပါပြီ။

ဆု အဆောင်ရောက်သည်အထိ သူ နောက်က လိုက်မလာတော့ကြောင်း သေချာသည်။ နောက်ဖက်က ဘာသံမျှမကြားရ။

အဆောင်၏ ခြံရှေ့အရောက် နောက်လှည့်ကြည့်တော့လည်း သူ့ကို မတွေ့ရ။

အခန်းတံခါး ဖွင့်ပြီးသည်နှင့် အခန်းတွင်းရှိ ကိုယ်ပိုင် သောက်ရေအိုးလေးမှ ရေတစ်ခွက်ကို အလျင်ဆုံး ခပ်၍သောက်လိုက်ရသည်။

ရီဂျင်နယ်(လ်)ကျောင်းရောက်မှ စာပေးခံရတာတို့၊ ကျောင်းထဲမှာ လှတယ်၊ ချစ်စရာကောင်းတယ်ဆိုသော သီချင်းစောင်းဆိုတာတွေများနဲ့ အပစ်ခံရတာတွေ၊ လှေကားထိပ်မှစောင့်ပြီး ကြောနေကြသူတွေများစွာနှင့် ကြုံဖူးသည်။

ဆု ဘယ်သူ့ကိုမှမကြည့်။ ပေးလာသောစာကို လွှင့်ပစ်ခဲ့သည်။

ဆု၏ ပုံကိုလည်း ကြည့်ပါဦး။ ဆံပင်တိုလေးကိုပင် ပုံကျကျဆိုင်မှာ မညှပ်တတ်။ ပုံမကျလှသော ဘလောက်(စ်)နှင့် ထဘီခပ်ဟောင်းဟောင်းလေးနှင့် မျက်နှာက အပြောင်သား။ စာကြမ်းပိုးမလေးမို့ ဆု၏အလှက မပေါ်လွင်။ တောက်ပပြောင်လက်သော ဆေးဆိုးရောင်ခြယ် မျက်နှာများစွာနှင့် အဝတ်စားသစ် ပြိုင်ပွဲကြီးများကြားမှ ဆု၏ အလှက ငုပ်လျှိုးနေခဲ့သည်သာ။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလွယ်အိတ်အတွင်းမှ စာအုပ်များကို စားပွဲပေါ်တင်ပြီး အင်္ကျီ၊ လုံချည်များ လဲလှယ်နေဆဲမှာ …

"ဒေါက် … ဒေါက် … ဒေါက်"

"ဘယ်သူလဲ"

"မမနန်းယိမ်းပါ ဝင်ခဲ့မယ်နော်"

တံခါးခေါက်သံနှင့်အတူ နန်းယိမ်းယိမ်း ဝင်လာသည်။

"ဟောတော့"

နန်းယိမ်းယိမ်း၏ လက်ထဲမှာ ငှက်ပျောဖီးကြီးနှင့် မုန့်ထုပ်။

"အံ့သြသွားလား၊ ဆိုင်မှာ မေ့ကျန်ခဲ့တယ်ဆို"

"ဟင်"

ဆု မျက်လုံးပြူးနေလေ နန်းယိမ်းယိမ်းက မေ့ကျန်ပျောက်ဆုံးခဲ့သော ပစ္စည်းကို ပြန်လည်တွေ့ရှိရ၍ အံ့သြနေရှာသည်ဟုထင်လေ ဖြစ်နေသည်။

"အဲဒါ ဘယ်သူလာပို့လဲ သိလား"

မရွံ့မရဲ၊ မလုံမလဲ မျက်နှာနှင့် ခေါင်းခါပြလိုက်တော့ …

"မက်(သ်စ်)ရဲ့ကင်း စိုးပြည့်စုံတဲ့"

"ဟင် … ကင်းဆိုတာ ဘာလဲ"

"ရော … ခက်ပြီကော၊ ဘိုင်အိုကွင်းတို့၊ ဘော်တနီကွင်းတို့ မကြားဖူးဘူးလား"

"သိတယ်လေ မေဂျာတစ်ခုရဲ့ အလှဆုံး မိန်းကလေးကို ကွင်းဆိုတဲ့ အလှဘုရင်မဘွဲ့ ပေးကြတာ"

"အေး … စိုးပြည့်စုံကလည်း ဒုတိယနှစ် ကျောင်းသားထဲမှာ အဖြောင့်ဆုံး၊ အမိဆုံး၊ အလှဆုံး ဘုရင်တစ်ပါး 'ကင်း' (KING) တဲ့ရှင့် သိပလား"





"အဟား ဟား မသိပါဘူး၊ မမနန်းယိမ်းက ကင်းဆိုတော့ ဆက ကိုက်တတ်တဲ့ ကင်းလားလို့"

"ဟုတ်တယ် ကိုက်ချင်လို့ လိုက်လာတာပဲဖြစ်မယ်၊ စိုးပြည့်စုံ အကိုက်ခံရလျှင် ပိုအဆိပ်ပြင်းလိမ့်မယ်နော် ဆု၊ အဲဒီချစ်ဆိပ်က ဖြေဆေးမရှိသေးဘူး"

"ဟာ … မမနန်းယိမ်းကလည်း၊ ဆုမှ မသိတဲ့ဟာကို"

"အေးပါ ဆု မသိပေမယ့် သူက သိလို့ လာပေးသွားပြီလေ"

"ဘာပြောသွားသေးလဲ"

"မြတ်ဆုမွန် ဆိုင်မှာမေ့ကျန်ခဲ့လို့ လာပို့ပေးတာပါတဲ့၊ စိုးပြည့်စုံရဲ့ အစ်ကိုက မမနန်းယိမ်းတို့နဲ့ စိမ်း(မ)ဘက်(ချ်)လေ၊ လောဖိုင်နယ်က သူဌေးသားတွေပဲ၊ ဒီကောင်လေးကို သိနေတာလည်း ကြာပါပြီ၊ စာတော်တယ်၊ အာရ်အိုင်တီ ဝင်လိမ့်မယ်ထင်တယ်"

စာတော်တယ်ဆို၍ စိတ်ဝင်စားသွားမိသည်။ ယခုအချိန်မှာ ဆု စိတ်ဝင်စားဆုံးသောအရာသည် 'ပညာ' နှင့် 'ဦး' ပါပဲ။

"သူ ဆယ်တန်းက ဒီဘယ်နှစ်ခုရလဲ"

"ခြောက်ဘာသာ"

"ဟာ … တယ်တော်ပါလား၊ ဒါနဲ့ ဘာလို့ ဘိုင်အိုမယူတာလဲ"

"အင်ဂျင်နီယာ ဖြစ်ချင်လို့နေမှာပေါ့ အဟား … ဟား … ဟား"

"အို … ဘာရယ်တာလဲ၊ မမနန်းယိမ်းကလည်း"

"ကင်းဆိုတာနဲ့ စိတ်ဝင်စားသွားတာကို ရယ်ချင်လို့ပါ"

"အို … သူ့ဟာသူ ကင်းပဲဖြစ်ဖြစ်၊ မြွေပဲဖြစ်ဖြစ် စိတ်မဝင်စားပါဘူး၊ စာတော်တယ်ဆိုလို့ မေးကြည့်တာ"

"အလကား မမနန်းယိမ်းက ကြားက ကြားပေးတာ၊ ဆုတို့ အောင်တဲ့နှစ်က ခြောက်ဘာသာ လေးယောက်တည်း ရှိတာလေ၊ စိုးပြည့်စုံက သုံးဘာသာပဲ ဂုဏ်ထူးရတာပါ၊ သူ့အစ်ကို မရဲ့ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်း စိုးပြည့်ဝေက တစ်ဘာသာမှ ဂုဏ်ထူးမရဘဲ လောရောက်လာတာ"

စိုးပြည့်စုံ ဆိုသောသူသည် သားချည်းသုံးယောက်ရှိသော မိသားစုမှ အငယ်ဆုံးဖြစ်ကြောင်း၊ သမားတော် ဆရာဝန်ကြီးနှင့် တက္ကသိုလ်မှ လက်ထောက်ကထိက ဆရာမ၏ ရင်နှစ်သားချစ်လေးဖြစ်ကြောင်း၊ မိဘစဉ်ဆက် ချမ်းသာကြောင်း၊ စာတော်ကြောင်း၊ အားကစားလိုက်စားကြောင်း၊ ရိုးသားသဘောကောင်းကြောင်း ...

ဖသော စိုးပြည့်စုံ၏ ကောင်းခြင်းမင်္ဂလာ အဖြာဖြာကို ရတုရကန် ရွတ်သလို ရွတ်ပြသွားလေသော နန်းယိမ်းယိမ်း။ သူကိုယ်တိုင်ကလည်း သူနှင့် အတန်းတူ သူငယ်ချင်း စိုးပြည့်စုံ၏ အစ်ကို စိုးပြည့်ဝေကို စိတ်ဝင်တစား ရှိနေကြောင်း သူ့စကားများအရ ဖော်ပြနေပါ၏။

"ကိုစိုးပြည့်စုံ ... တဲ့"

ဖြူဖြူ သွယ်သွယ် မြင့်မြင့်၊ ရွှေအိုရောင်ဘောင်းဘီနှင့် သူ၏ သဏ္ဌာန်သည် ဆု၏ မျက်ဝန်းမှာ ပြန်လည်ထင်မြင်လာသည်။

ဆု၏ ရိုင်းပျမှုကို ခွင့်လွှတ်ခြင်းဖြင့် အနိုင်ယူသွားခဲ့လေသလား။ အရှုံးပေးသွားခဲ့လေသလား ဆု မသိ။

"မေ့ကျန်ခဲ့လို့ လာပို့ပေးတာပါ"

ဟူသည် သူ၏ လုပ်ဇွာထားရစ်ခဲ့သော စကားများကြောင့် မမ နန်းယိမ်း ဘာမှသံသယမဝင်ရှာ။

ဆုက ရိုးသားစွာ ဆိုင်မှာ မေ့ကျန်ခဲ့သောပစ္စည်းကို ဆုအား စိတ်ဝင်စားနေသူ စိုးပြည့်စုံက အလိုက်သိစွာ လာရောက်ပို့ပေးသည်။ ဆုက ဘာမှမသိလိုက်ရှာဟု နန်းယိမ်းယိမ်း ထင်မြင်သွားအောင် ကာဆည်းပေးခဲ့ရှာသော သူ့စကားများ။

ရှင် မိကောင်းဖခင် သားသမီးဆိုလျှင် ...

ဆိုတဲ့ စကားကြောင့် သူ ရပ်ကျန်ခဲ့တာ ဖြစ်မှာပါလေ။





"ဪ ... သူများကိုတော့ 'မိကောင်းဖခင်သားသမီးဆိုလျှင်' တဲ့၊ ပြောတတ်လိုက်တဲ့ ငါ"

"ငါ့အမေဟာ ငါ့အဖေကိုသတ်သူဆိုတဲ့ ငါ့ရဲ့ နောက်ကြောင်း ရာဇဝင်ရိုင်းကိုများ သူ သိခဲ့လျှင်"

ထိုနေ့က ...

မိမိဘဝကို အားငယ်စွာ ပြန်လည်တွေးမိခြင်းနှင့်အတူ ...

စိုးပြည့်စုံ ဆိုသောသူသည် ဆု ဘဝ၏ ပထမဆုံးသော တွေးတောစဉ်းစားစရာ စိတ်ဝင်စားစရာဖြစ်လာသည့် လူသားတစ်ယောက်ပါတကား။

❐



www.burmeseclassic.com

www.burmeseclassic.com

# အခန်းဆယ့်ငါး

ဒီနေ့ သမီးလေး 'ဒေဝစ္ဆရာ' ၏ လေးနှစ်မြောက်မွေးနေ့ ဖြစ်သည်။

အမည်ကို ဒေဝစ္ဆရာဟု ပေးထားသော်လည်း အားလုံးက 'ဘေဘီလေး' ဟု ခေါ်ကြပါ၏။ မိုနီကာဝိုလို အင်္ဂလိပ်အမည်မပေးဘဲ မြန်မာဆန်ဆန်ပေးရအောင်ဟု ပြောမိသဖြင့် မိုနီကာ ပေးထားသော အမည်ဖြစ်၏။ တမင်များ ရွဲ့၍ပေးထားလေသလား မသိ။ ဒေဝစ္ဆရာတဲ့။

"မွေးနေ့တစ်ရာတိုင်ပါစေ"

"သမီးလေး ဒေဝစ္ဆရာအတွက် မွေးနေ့လက်ဆောင်မွန်"

စသော စာတမ်းအသီးသီးများ အင်္ဂလိပ်စာတမ်းများစွာနှင့် Birth-day Wishes များတို့က အသင့်ပြင်ထားသော စားပွဲပေါ်တွင် စုပြုံကျပ်သိပ်စွာ ကျန်ရစ်ခဲ့ကြသည်။

ရောင်စုံခြယ် ဧည့်သည်များစွာတို့က အားလုံးလောက်နီးနီး ပြန်ကုန်ကြလေပြီ။ အရင်းနှီးဆုံးနှင့် ဒေါ်မိုနီကာ၏ မိသားစုတို့သာ ကျန်ရစ်ကြပါ၏။

"ဟဲ့ ... သမီးလေး ဆု၊ ပန်းကန်တွေက လက်ချိုမီး ဆေးလိမ့်မယ်လေ"





"သူ ဆေးနေတာပါ၊ များလွန်းလို့ မနိုင်မှာစိုးလို့ ဆုက ဝိုင်းကူသိမ်းပေးတာပါ၊ ရပါတယ် ကြီးကြီးစု အပြင်မှာသွားနေပါ၊ ဆုနဲ့ နှငယ်နဲ့ အားလုံး သိမ်းလိုက်မယ်"

ဒေါ်စုသည် ဆုကို ကြင်နာချစ်ခင်စွာကြည့်ပြီး ပြုံးနေရှာသည်။

မိဘမရှိသော်လည်း ကိုယ့်ဘဝကိုယ်သိစွာဖြင့် လိမ္မာလွန်းသော မိန်းကလေး။

အကျွေးအမွေးက ကြက်သားနှင့် ပလာတာ၊ အိုက်စကရင်နှင့် ကိတ်မုန့်များ၊ ကျောက်ကျော၊ ယိုးဒယား သကြားလုံး၊ သပျစ်သီးသည်များမှ အိမ်မှာ ဘာမှချက်ရပြုတ်ရခြင်း မရှိ။ အားလုံး ဆိုင်ကမှာသော်လည်း အလှူတစ်ခု၏ ထုံးစံအတိုင်း နောက်ဖေးချောင် လုပ်သားများ ဖတ်ဖတ်မောကြရသည်။

"မာမီ ဒီမှာလေ၊ ကိုကို့ရဲ့ တူမလေး မြတ်ဆုမွန် ဆိုတာ"

"ဪ ... အေး ... မိန်းမချောလေးပဲ၊ တစ်မနက်လုံးလည်း သူချည်း ဒိုင်ခံလုပ်နေတာပဲ၊ အတော်အားကိုးရတဲ့ ကလေးပဲ၊ အိမ်မှာ ခေါ်ထားလည်း အဖော်ရသားနဲ့"

"အင်းလေ ကိုကိုက ဒီမှာပဲ အနှောင့်အယှက်ဖြစ်မှာစိုးလို့လား၊ သူ့တူမပဲ စာကျက်ပျက်မှာစိုးလို့လား မသိဘူး သူ့အမေဆုံးပြီးကတည်းက ဘော်ဒါထားတာ"

"အဖေလည်း မရှိဘူးလား"

ဒေါ်မိုနီကာက သူ့မိခင် မိန်းမကြီးကို ခေါ်လာပြီး ပြောပြနေခြင်းပါ။ သူ၏ နောက်ဆုံးမေးခွန်းကို ဆု မဖြေဝံ့အောင် ဖြစ်နေသည်။

"ဟုတ်ကဲ့ သူ့အဖေကတော့ သူ ငယ်ငယ်လေးကတည်းက ဆုံးခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကယ်တင်သူက ကြီးကြီးစု။

သူတို့ သားအမိနှစ်ယောက်သည် ဆု ယခုလို သည်အိမ်သို့ ဝင်ထွက်လုပ်ကိုင်ပေးနေသည်ကို ရှက်ခြောက်ကြွေလေးတစ်ခု လေနှင့်အတူ လွင့်ပါလာသလောက်သာ သဘောထားကြပုံရသည်။

ဆု သည်အိမ်မှာ ဝင်ထွက်ခွင့်ရရှိသည့်အတွက် သူတို့အနေနှင့် အလေးအနက်ထားစရာ ပြဿနာတစ်ခုဟု မထင်မြင်ကြ။

ဆု သည်အိမ်သို့ စတင်ရောက်ခွင့်ရလာပုံက ဒုတိယနှစ် စာမေးပွဲဖြေခါနီးမှာ ဖြစ်သည်။ စာမှစာ အပြင်းအထန် ကြိုးစားရာမှ အားနည်းပြီး အပြင်းဖျားသည်။ စာမေးပွဲကလည်း သုံးရက်သာလိုတော့သည်။

ကြီးကြီးစုကို ဆု၏ အဆောင်သို့ ပို့ထားသော်လည်း ဒေါက်တာ ကိုးလွင်ဦး ဘယ်လိုမှ စိတ်မချနိုင်တော့ပါ။

ဆရာဝန်တစ်ယောက်နှင့် အနီးကပ် မပြတ်အောင် ကြည့်ရှုကုသမှသာ ဖြစ်တော့မည့် အခြေအနေ။

စာမေးပွဲ မဖြေနိုင်လျှင်လည်း ဆုသည် ကြေကွဲစိတ်နှင့် ရူးသွားနိုင်သည်အထိ စာ၌ အာရုံကြီးလွန်းနေသည်။

အိမ်ခေါ်သွားရန် ကြီးကြီးစုက စတင်၍ အကြံပေးသည်။

ဆုကို ပထမဆုံး အိမ်ကိုခေါ်လာသည့် မမစံပယ်လှိုင် သေဆုံးသည့်နေ့က ဆုနှင့် မိုနီကာတို့ အိမ်မှာ မဆုံလိုက်ကြ။

“ကိုတိုးရဲ့ယယ် မင်းရဲ့ မိဘဘက်က ဆွေတွေမျိုးတွေကိုလည်း သူတို့ သိကြတာမှမဟုတ်တာ၊ ကိုတိုးရဲ့ အစ်မဝမ်းကွဲက မွေးတဲ့ကလေး ဆိုပြီး ပြောကြတာပေါ့၊ ကြီးကြီးစုတို့နေတဲ့ နောက်ဖေးခန်းမှာပဲ ကလေးကိုထားလျှင် မိုနီကာ ဘာမှပြောမှာ မဟုတ်ပါဘူး၊ အိမ်ပဲခေါ်





သွားကြရအောင်၊ သိပ်ငိုနေတယ်၊ ရောဂါလည်းပျောက်ချင်၊ စာမေးပွဲလည်းဖြေချင်နဲ့ ကလေးဟာ သိပ်သနားစရာကောင်းပါတယ်”

“မိုနီ့ အကြောင်းလည်း ကြီးကြီးစု သိတဲ့အတိုင်း၊ ဖြစ်ပါ့မလား ဗျာ”

“အို … သူ ယုံအောင် ကြီးကြီးစု ပြောပြပေးပါ့မယ်၊ ကိုတိုးသင်သလောက် သူက အလေးအနက်ထားနေမှာ မဟုတ်ပါဘူးလေ”

ကြီးကြီးစု ထင်မြင်ချက်အတိုင်းပါပင်။

ဆင်းရဲသော ဝမ်းကွဲတူမလေး နေမကောင်း၍ ခဏခေါ်လာသည်ဆိုသည်ကို မိုနီကာ ယုံကြည်၏။ ကြီးကြီးစု၏ အခန်းတွင်းသို့ နှစ်ခါဝင်၍ လူမမာ သတင်းမေးရုံမှလွဲ၍ မိုနီကာ ဆုကို လုံးဝစိတ်ဝင်စားခြင်း မရှိခဲ့ပါ။

ဆု နေကောင်းတော့ အဆောင်ပြန်ပို့သည်။ စာမေးပွဲပြီးသည့်ဘိုင် ဆုကို အဆောင်မှာသာနေစေပြီး တစ်ခါတစ်ရံ ဤခြံသို့ ဆုကို ဒေါက်တာ တိုးလွင်ဦး ခေါ်ခေါ်လာခဲ့သည်။

ယခု သမီးလေး၏ မွေးနေ့မတိုင်မီ နှစ်ရက်အလိုကတည်းက ဆုရောက်လာပြီး တစ်အိမ်လုံး၏အလုပ်ကို သိမ်းကျုံး၍ လုပ်ပေးနေရှာသည်။

“ဦး၏ အိမ်မှုကိစ္စကို ကူညီခွင့်ရတာလည်း ဦးရဲ့ ကျေးဇူးကို ဘစ်ထောင့်တစ်နေရာက ဆပ်ခွင့်ရတာပါပဲလေ”

ဟူသော အတွေးများ၊ စေတနာများနှင့် ပန်းကန်များသိမ်းအပြီးမှာ ညစ်ပေးနေသော မီးဖိုချောင်ကြမ်းပြင်ကို အားရပါးရ ဆေးကြောကြမ်းတိုက်နေစဉ် ဦး ဝင်လာသည်။

“ဆု ထစမ်း”



www.burmeseclassic.com

www.burmeseclassic.com



ဆု မတ်တတ်ရပ်လိုက်တော့ ထဘီ၏ အောက်ပိုင်းတစ်ခုလုံး ရေနှစ်စိုလျက်။

“ဒီလောက်အထိ လုပ်စရာမလိုဘူး၊ သွား လုံချည်သွားလဲစမ်း”

“ပြီးတော့မှာပါ ဦးရဲ့”

“မနက်ကတည်းက စပြီး,ပင်ပန်းနေတာ သွားစမ်း၊ ဟော ... မငယ်၊ လာ ... ဒါ ဆက်လုပ်လိုက်၊ လုပ်နော်”

ဦး ပြန်ထွက်သွားသည့်တိုင် ဆက်၍မလုပ်ရဲတော့။ ဦးတို့ မိသားစုအတွက် လုပ်ပေးချင်လှသော်လည်း ဦး မကြိုက်သည့်အလုပ်ကို မလုပ်ကိုင်တော့ပါ။

ဘယ်သောအခါမှ ဦး မကြိုက်သည့်အလုပ်ကို ဆု မလုပ်မိအောင် နေပါမည်ဟူ၍လည်း သိန္နိဋ္ဌာန်ချပြီးသားပါ။

* * *

“မမဆု ဒါယူသွား”

“မယူပါဘူး ညီမလေးရယ် မဟုတ်တာ”

မက်(ချ်)ဘောက်(စ်)မှ ပုံစံတူ ကားငယ်လေးနှစ်စင်းအနက်မှ တစ်စင်းကို ဒေဝဋ္ဌရာဟူသော ဘောဘီလေးက ဆုကို ပေးနေသည်။

ခြေကလေးဆင်း၍ထိုင်ပြီး သကြားလုံးကိုခွာလျက် ...

“ရော့ ... မမဆု စား”

ပါးစပ်ထဲအရောက် ထည့်ကျွေးသော ညီမလေးကို ပွေ့ယူပြီး ရင်ခွင်တွင်းမှာ နစ်နေအောင် ပိုက်ဖက်ထားလိုက်မိသည်။

ဘောဘီလေးမှာ စကားလည်းပီသည်။ ရုပ်ကလေးကလည်း သိပ်ကိုချစ်စရာကောင်းရုံမက သဘောကောင်းလှသော ကလေးငယ် တစ်ယောက်လည်း ဖြစ်ပါ၏။





အဖော်မရှိရှာသော တစ်ဦးတည်းသော သမီးလေးမှာ သူ့အလိုကျ၍ သူကြိုက်သလို ကစားပေးနေသော ဆုကို သူ သိပ်ပြီးတွယ်တာနေရှာသည်။

မွေးနေ့ပြီးတော့လည်း ဦးက ပြန်မပို့သေး။

ဆု ကိုယ်တိုင်ကလည်း မပြန်ချင်၍ ပို့ပေးပါဟု မပြောဖြစ်။

ယနေ့တော့ ထုံးစံအတိုင်း မိုနီကာ ကားမောင်း၍ ထွက်သွားပြီ။

ဧည့်ခန်း ဆိုဖာပေါ်မှာ ဒေါက်တာ တိုးလွင်ဦးက တိုင်း(မ်) အင်္ဂလိပ်မဂ္ဂဇင်းကို ထိုင်၍ဖတ်နေ၏။

“ညီမလေးရေ တူပီ”

အလယ်ခန်းမှ ပြေးထွက်လာပြီး ဦး၏ ဆိုဖာနောက်မှာ ဆုက ကပ်၍ ပုန်းနေလိုက်သည်။

“အ ... ဟား ... ဟား”

ဆိုသော ရယ်သံလွင်လွင်လေးနှင့် ပြေးထွက်လာသော ဒေဝဋ္ဌရာက ဆိုဖာနှင့်ကွယ်နေသော ဆုကို လုံးဝမမြင်ရှာ။

“ဖေဖေ မမဆုရော”

“ရှာလေ သမီးရဲ့”

“တွေ့ဘူး ဖေဖေရဲ့”

“ဒီဆိုဖာတွေကြားဟွေမှာ ကြည့်လေ”

သူ့ရှေ့မှ ဆိုဖာများကို ညွှန်ပြပြီးပြော၍ ဆုကို ပုန်းထားစေသည်။

ဘောဘီလေးမှာ ဆိုဖာများနောက်သို့ တစ်လုံးပြီးတစ်လုံး လှည့်ပတ်ရှာရာမှ ဒေါက်တာ တိုးလွင်ဦး ထိုင်နေရာဘက်သို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘေဘီလေးက မတ်တတ်လျှောက်လျက် တရွေ့ရွေ့ ကွေ့ စဉ် ဆုကလည်း ဆောင့်ကြောင့်လေးထိုင်လျက်က တဖြည်းဖြည်း ပြီး ဒေါက်တာ တိုးလွင်ဦး၏ ဘေးမှတစ်ဆင့် ရှေ့ဘက်ခြေထော ချထားရာသို့ ကွေ့ပတ်ရွေ့လာခိုက်မှာ ...

"ဟား ... ဟား ... ဟား မိပြီ"

အမြန်နှုန်း ကွာဟမှုကြောင့် ဘေဘီလေးက ဘွားခနဲ တွေ့လိုက် ရသော သူ၏ အောင်မြင်မှုကြောင့် ဆု၏ နောက်ကျောဘက်မှ အ ကုန်လှမ်းလိုက်သဖြင့် ရှေ့သို့ စိုက်ကျသွားသော ဆုကလည်း သူ့ဦး ခြေအစုံကို ဖက်မိလျက်သား။

အားလုံး၏ ရယ်သံက ခန်းလုံးပြည့် လွင်ကြည်စွာ ပျံ့သွားတော့ သည်။

မိမိ၏ ခြေထောက်အစုံကို ရင်နှစ်သမီးလေးနှင့် ရင်နှစ်ကဲ့သို့ ချစ်လှစွာသော တူမလေး ဆုတို့က လုံးထွေးပတ်ဝိုင်းလျက်။

"ဦးတော့ သမီးတို့ညီအစ်မ ဆော့တာနဲ့ စာဖတ်ပျက်ပြီ"

"ဦး ကြည်နူးလှပါတယ် သမီးတို့ရယ်"

လှိုက်လှဲသောရင်နှင့် ပြောမိသော နှလုံးသားတွင်းမှ ကြည် ခြင်းစကား။

"မမဆု မချိန့်၊ သမီး ပုန်းခလှည့်"

"အေး ... အေး ... သွားပုန်း"

ဘေဘီလေးက ပြေးပြီး တယ်လီဗေးရှင်း စင်ဘေးမှာရပ်လျ ပုန်းနေ၏။

ဒေါက်တာ တိုးလွင်ဦး ရှေ့မှောက်မှ ကြမ်းပြင်မှာပင် ဆု မျက်စိကို လက်ဝါးနှင့်ပိတ်ပြီး ထိုင်နေသည်။





ဒေါက်တာ တိုးလွင်ဦးလည်း စာမဖတ်ဖြစ်တော့။ တူတူပုန်း ပွဲကြည့်ပရိသတ်တစ်ယောက် ဖြစ်သွားလေပြီ။

"တူပီ"

သူ့အသံကြားသည်နှင့် ထလိုက်ကတည်းက ဂါဝန်ပြာနှင့် ဘေဘီလေးကို အထင်းသား မြင်နေရပါသော်လည်း ...

"တူပီဆိုလို့ လိုက်ရှာတယ်"

"ဘေဘီလေး ဘယ်ရောက်နေပါလိမ့်"

မြင်နေပါလျက် မမြင်ဟန်ဆောင်ပြီး ဟိုငုံ့ရှာ ဒီငုံ့ရှာ ဆုက ည်နေလေ ဘေဘီလေးက သဘောအကျကြီးကျပြီး ရယ်သံမထွက် အောင် သူ့ပါးစပ်ကလေးပိတ်ပြီး ရပ်နေပုံလေးက ချစ်စရာကောင်းလှ ဘိ။

"ကြွက်ကလေးရေ လုံအောင်ပုန်း၊ ကြောင်ကြီး လိုက်လာပြီ"

ဆု၏အသံ မဟုတ်ပါ။

ဒေါက်တာ တိုးလွင်ဦး ကိုယ်တိုင် ကစားဝိုင်းသို့ ပါဝင်လာ သာသူ တစ်ဦးအဖြစ် အသံပေးအော်နေခြင်း ဖြစ်တော့သည်။

ဆုက ခပ်ကြာကြာရှာ၍ ဘေဘီလေးကို မမြင်ဟန်ဖြင့် ကျော် သွားပြီးမှ ဆတ်ခနဲ ပြန်လှည့်လိုက်ကာ ...

"ဟိတ် ... ဒီမှာ မိပြီ၊ မိပြီကွ"

"အ ... ဟား ... ဟား ... ဟားဟား" သည်တစ်ခါ ရယ်သံ ဘို့က ပို၍ပင် လွင်ကြည်စွာ ပျော်စရာကောင်းလှပါဘိတော့သည်။

ဒေါက်တာ တိုးလွင်ဦးသည်လည်း ကလေးများ၏ ပျော်ရွှင်မှု ားစက်ကာ ကြည်နူးရပါဘိခြင်း။

"ညီမလေးရယ် တော်ပြီနော်၊ မမ ရေချိုးရတော့မယ်"

"ဟင့်အင်း ဟင့်အင်း နောက်မှချိုး"



www.burmeseclassic.com

www.burmeseclassic.com



"မမဆုက ပြန်ရတော့မှာ ညီမလေးရဲ့"

ကလေးကိုချီ၍ ချော့ပြီးပြောတော့ ဒေါက်တာ တိုးလွင်ဦးက

"ဆုက ပြန်တော့မလို့လား"

"ဒီညနေ ပြန်ရမှာမဟုတ်လား"

"ဆုက ပြန်ချင်လို့လား"

"ဒီညနေ ဦး ပြန်ပို့မှာ မဟုတ်လား"

"ဦး မေးတာဖြေ၊ ဆုက ပြန်ချင်လို့လား"

"ဆုကတော့ ဘယ်ပြန်ချင်ပါ့မလဲ ဦးရယ်၊ ကျောင်းကလည်း ပိတ်ထားတာပဲ၊ ဟိုမှာက တစ်ယောက်တည်းနေရမှာ၊ ဒီမှာက ညီမလေးနဲ့ ဆော့ရတာ သိပ်ပျော်စရာကောင်းတာပဲ၊ ဒီနေ့ ဦးက ပြန်ခိုင်းတော့မယ် မှတ်လို့ပါ"

စောစောက ကြည်နူးမှုလေးများအစား ရင်ထဲမှာ နင့်သွားသော ဆု၏ စကားများပါ။

ယခု ဒုတိယနှစ်ဖြေအပြီး တက္ကသိုလ်အသီးသီးသို့ ဝင်ခွင့်ရရန် ကြေညာမည့်အချိန်ကို စောင့်ဆိုင်းနေရသောကာလ။

တခြား ကျောင်းသူများလည်း မိဘများ၏ ရင်ခွင်ရှိရာသို့ အသီးသီး ပြန်ကုန်ကြလေပြီ။

အဆောင်မှာ ဆု တစ်ယောက်တည်း။

ဆု မပြန်ချင်သလို ဒေါက်တာ တိုးလွင်ဦးကလည်း ပြန်မပို့ရက်တော့ပါ။

"နက်ဖြန်ညနေမှပြန်တော့ ဟုတ်လား၊ နက်ဖြန် ဆေးခန်းအသွားမှ ဝင်ပို့ပေးတော့မယ်"

"ဟာ … ပျော်စရာကြီး"





ဆုက လက်ကလေးနှစ်ဖက်ယှက်၍ ကြွရုံလေးခုန်ပြီး တကယ့်ကို ပျော်သွားရှာသည်။

"ဟေး … ပျော်တယ်၊ ဟော့ … လာ မမဆု ပြန်ကစားကြမယ်"

"ကြာလျှင် တို့ညီအစ်မကို ရိုက်ထုတ်လိမ့်မယ်၊ လာ ညီမလေး ခြံထဲမှာ စိန်ပြေးတမ်း သွားကစားရအောင်"

ဆုက ဒေဝဒ္ဒရာ၏ လက်ကိုဆွဲ၍ ပြေးသည်။ ဒေဝဒ္ဒရာက ခုန်ပေါက်ပြီး ပါသွားလေ၏။

ဒေါက်တာ တိုးလွင်ဦးသည် မဂ္ဂဇင်းကို မဖတ်ဖြစ်တော့ဘဲ မြက်ခင်းပေါ်မှာ ပျော်ရွှင်စွာ ပြေးလွှားနေကြသော နှစ်ယောက်ကို ငေးကြည့်နေမိသည်။

"သြော် … ဆုရယ်"

"ဘော်ဒါဆောင်က အခန်းကျဉ်းလေးထဲမှာ တစ်ယောက်တည်း နေရရှာတဲ့ဘဝထဲကို သူလည်း ဘယ်ပြန်ချင်ရှာပါ့မလဲလေ"

မမစံပယ်လှိုင် ဆုံးပြီးမှ ဆု အခုလို ပြုံးနေပျော်နေပုံမျိုးကို တစ်ခါမျှ မမြင်ရဖူးသေးပါ။

'အရွယ်နှင့်မမျှသော သောကရင်နှင့်အတူ စာကို အသေအလဲ ကြိုးစားခဲ့ရှာသော ဆု၏ ဖြတ်သန်းခဲ့ပြီးသည့် ကာလများမှာ ပျော်စရာဆို၍ ရှာရနိုင်စရာ မရှိခဲ့ရှာ။

ဆုသည် သံယောဇဉ်ကြီး၏။ ချစ်တတ်သူဖြစ်ပြီး အချစ်ခံတော်သူလည်း ဖြစ်ရှာသည်။

ဆုသည် သမီးလေးအား နှစ်နှစ်ကာကာ ချစ်ရှာကြောင်း ဒေါက်တာ တိုးလွင်ဦး မြင်နေရသည်။

သူ ဒီမှာ ပျော်ရွှင်လှသည်။ အထီးကျန်ဘဝ၏ အခန်းကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



လေးအတွင်းသို့ သူ မပြန်ချင်ပါဘဲလျက် နက်ဖြန်တော့ ပြန်ပို့ရဆ
တော့မည်။

ဆု ရောက်နေတာချည်း လေးရက်ရှိလေပြီ။

မိုနီကာက ဘာမှမပြော၍ တော်ပါသေးသည်။ ဘာပဲဖြစ်ဖြစ် ကြာရှည်တော့ မလွယ်ပါ၊ မဖြစ်ပါ။

တစ်လ တစ်ယောက်လောက် ထွက်ထွက်သွားနေသော အိမ်ဖော်များသည် မိုနီကာကို ရွံရှာစွာ ထွက်သွားကြသည်ချည်းသာ။

ဆုနှင့်လည်း ကြာကြာထားလျှင် ပြဿနာဖြစ်လာမည်မှာ အသေအချာ။

"သြော် … ဆုရယ်"

"နက်ဖြန် ပြန်ပေဦးတော့ ကလေးရယ်"

□





## အခန်းဆယ့်ခြောက်

ဘီလေး ငို၍ကျန်ရစ်မည်စိုးသဖြင့် ကြီးကြီးစုက ခြံနောက်ဘက်သို့ ညာ၍ခေါ်ထုတ်သွားရသည်။

ဒေါက်တာ တိုးလွင်ဦးက ဆေးတိုက်သို့သွားရန် အတက်ချိ ာစ်ကို ဆွဲ၍အဆင်းမှာ တယ်လီဖုန်းမြည်လာသည်။

ဆုကတော့ လှေကားရင်းမှာ သူပါလာသော ခြင်းတစ်လုံးဆွဲ၍ လွယ်အိတ်ကိုလွယ်လျက် ရပ်စောင့်နေရပါ၏။

ဒေါက်တာ တိုးလွင်ဦးက ဖုန်းပြောနေရာမှ စကားပြောခွက်ကို လက်နှင့်ပိတ်၍ ဆုရှိရာသို့ လှမ်းကြည့်ကာ …

"ဟော့ … ဆု … ဆုနဲ့ စကားပြောချင်လို့ ဆိုပါလား၊ စိုးပြည့်စုံတဲ့"

"ဟင်"

ဆု လန့်သွားသည်။ ဦးကိုလည်း ကြောက်သွားပါ၏။ စိတ်မှာလည်း …

"သူ … သူ … ဘယ်ကများ ဒီတယ်လီဖုန်းနံပါတ် ရပါလိမ့်၊ ဦးကတော့ ငါ ပေးထားတယ်ထင်မှာ ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

မပြောချင်ဘူးလို့လည်း မပြောရဲ၍ ဦး လှမ်းပေးသော တယ်လီဖုန်းခွက်ကို လက်ပြောင်း၍ ယူလိုက်ရသည်။

"ပြောလေ ဘာလဲ"

တယ်လီဖုန်းလည်း မထူးတတ်၊ ပြောနေကျလည်း မဟုတ်သော ဆုက တုံးတိတိ ပြောချလိုက်သည်ကို နားထောင်ရသော ဒေါက်တာ တိုးလွင်ဦးဘက်ကတော့ ...

"ပြောပုံက ရင်းနှီးလှချည်လား"

"စိုးပြည့်စုံဆိုတာ ဘယ်သူများပါလိမ့်" ဟူသော အတွေးစိတ်များနှင့်အတူ ဆု၏ အနားမှ ထွက်ခွာလာခဲ့သည်။

နားလည်စွာ ထွက်ခွာလာခြင်း ဖြစ်ပါသော်လည်း ဆုအတွက် သောကနိဒါန်း စခဲ့ရပါလေပြီ။

ဆုသည်လည်း လိုက်လိုက်ခုန်သောရင်ဖြင့် ပြောလေ ဘာလဲ ဟု ဖြေပြီးသည်နှင့် ...

"ကျွန်တော် စိုးပြည့်စုံပါ၊ ဆုကို ဝမ်းသာစရာ ပြောချင်လို့ ဖုန်းဆက်တာပါ"

"ဒီ ... ဒီအိမ်မှာ ရှိနေတယ်ဆိုတာ သူ သိတယ်လား"

"အခု ဆုရဲ့ အဆောင်က ဆက်နေတာလေ၊ ကျွန်တော် လာလည်တော့ ဆုရဲ့ ဦးလေးအိမ်ကို ပြန်သွားတယ်ဆိုလို့ ဒီမှာ ဖုန်းနံပါတ်မေးပြီး ဆက်လိုက်တာပါ၊ အနှောင့်အယှက် ဖြစ်သွားပါလားဟင်၊ ဆု ခုန ဖုန်းကိုင်တာ ဘယ်သူလဲ"

"ဦးပေါ့"

"ကြိုက်ပါ့မလား"

"မသိဘူး"

"ဒီမှာ ဒီနေ့ အမှတ်စာရင်းတွေ အတွင်းက စုံစမ်းလို့ပြီ၊ ပျှမ်းမျှ





အမှတ်က ရှစ်ဆယ် ဒသမ တစ်တစ် (၈၀.၁၁) တဲ့ ဆုက ရှစ်ဆယ်ကျော် အများကြီးကျော်တယ် မဟုတ်လား၊ ဒါကြောင့် ဆု အမ်(မ်)စီ ဝင်ပါပြီ"

"အဲ ... အဲဒါ သေချာလားဟင်"

"သေချာတယ်၊ ဆု အမှတ်စာရင်းတွေလည်း ပြန်တွက်ကြည့်ရအောင်လေ၊ ဆု ဘယ်တော့ပြန်လာမှာလဲ"

"အခု ပြန်လာတော့မလို့"

"ဒါဖြင့် ကျွန်တော် စောင့်နေမယ်နော်"

"ဦး ပါလာမှာ"

"ဒါဖြင့် ကျွန်တော် အပြင်ထွက်နေပေးမယ်လေ၊ ဆုရဲ့ ဦးဦးကြီးပြန်သွားမှ အဆောင်ထဲ ပြန်ဝင်လာခဲ့မယ်လေနော်"

"အာ ... ဟို"

"ဒါပဲလေ ဆု၊ ဆု ပြန်လာတဲ့အထိ ကျွန်တော် စောင့်နေမယ်နော်"

ဖုန်းချသွားလေပြီ။

သူ ဖုန်းဆက်သည့်အတွက် တုန်လှုပ်ရသည့်စိတ်၊ ဦးကို ကြောက်လန့်ရသည့်စိတ်နှင့် မင်္ဂလာသတင်းဦး ကြားရသဖြင့် ဝမ်းသာသောစိတ်တို့ ရောထွေးစွာ ခံစားနေရသော ဆု၏ ရင်ခုန်သံသည် ဆု၏ လည်ပင်းနှင့် နားအာရုံကြောများဆီသို့ အရှိန်ပြင်းစွာ တိုးမြည်နေပါ၏။

ဦးက ဘာမှမပြော၊ ကားတံခါးကို ဖွင့်ထား၍ ထုံးစံအတိုင်း နောက်ခန်းမှ ခပ်ကုပ်ကုပ်ကလေး ထိုင်လိုက်ခဲ့ရသည်။

ဝင်ဒါမီယာမှထွက်ပြီး အင်းလျားလမ်းအတိုင်း မောင်းလာခဲ့သည်။ ဒေါက်တာ တိုးလွင်ဦး နောက်ကြည့်မှန်ဖြင့် ကြည့်လိုက်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



အမှုရာပျက်နေသော ဆုကို တွေ့ရသည်နှင့် မသိချင်ယောင်ဆောင်နေထိုက်သော လူကြီးတို့၏ ဣန္ဒြေကို ပွေ့ပိုက်ထားနိုင်စွမ်း မရှိတော့၍ …

"ဆု"

"ရှင် … ဦး"

"စောစောက ဖုန်းဆက်တာ ဘယ်သူလဲ"

"စိုး … စိုးပြည့်စုံ"

"စိုးပြည့်စုံဆိုတာ ဘယ်သူလဲ"

"ကျောင်းသားပါပဲ"

"ဒီအရွယ် ကျောင်းသားဖြစ်မယ်ဆိုတာတော့ ဦး သိတာပေါ့၊ ဆုနဲ့ ဘယ်လိုပတ်သက်သလဲ၊ ဘယ်ကကောင်လဲ၊ ဘယ်သူ့သားသမီးလဲဟင်"

ဦး၏ လေသံတို့က ကျယ်လောင်မာကျောလှချေသည်။

ငြိမ်သက်စ ရင်သည် ပြန်လည်၍ အခုန်မြန်ရပြန်ပြီ။

"ဟို … မက်(သ်စ်)ကပါ၊ ဆုကို ငှက် … ငှက်ပျောသီး လိုက်ပို့ရင်း ခင်သွားတာ"

"ဘာ"

"အမယ်လေးနော်၊ ဒီဇာတ်လမ်းအစကို ဦး ရေလည်အောင် ငါ ဘယ်လိုရှင်းပြရပါမလဲ"

ဆုမှာ စိတ်ညစ်ညူးလှစွာ တွေးမိရပါပြီ။

အထစ်ထစ် အငေါ့ငေါ့ စကားများဖြင့် အတိုချုံး၍ ရှင်းပြပြီး …

"နောက်တော့ ကျောင်းမှာတွေ့လျှင်လည်း နှုတ်ဆက်တယ်၊ မမနန်းယိမ်းယိမ်းဆီ လာလည်ရင်လည်း ဆုကို နှုတ်ဆက်ပါတယ်၊ အခု အမှတ်စာရင်းသိရလို့ ဆု အမ်(မ)စီ ဝင်နိုင်မယ်တဲ့၊ အဲဒါ ဆက်ပြောတာပါ ဦး"





"ဟုတ်လား ဝင်မတဲ့လား"

"သူ ပြောတာပဲ"

ဒေါက်တာ တိုးလွင်ဦးသည်လည်း ဆုကို မမစံပယ်လှိုင် မျှော်မှန်းခဲ့သည့်အတိုင်း ဆရာဝန်မလေးတစ်ယောက် ဖြစ်စေချင်သည့်ဆန္ဒက ဘာနှင့်မှ မလဲနိုင်အောင် လွန်လွန်ကဲကဲ ရှိနေပါ၏။

"ဦးတို့တုန်းကတော့ ဆယ်တန်းတစ်နှစ် ကြိုးစားရုံပဲလေ၊ ဆုတို့ကျတော့ သုံးနှစ်ဆက်တိုက်ဆိုတော့ ပင်ပန်းလွန်းပါတယ်၊ ရသင့်သူလည်း ကျန်ရစ်နိုင်သလို၊ မရသင့်သူလည်း ဝင်သွားနိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ဆု ရထားတဲ့ အမှတ်တွေက အားရစရာပါ၊ ဦး မေးကြည့်မိသလောက်တော့ မနှစ်ကခေါ်တဲ့ အမှတ်ထက် ဆုက အများကြီးကျော်နေတာပဲ ဝင်မှာပါ၊ ဝင်ပါစေ"

ဦး၏ စိုးရိမ်စိတ်ဖြင့် အသံမာကျောခဲ့မှုများသည် ဆု ဆေးတက္ကသိုလ် ဝင်ခွင့်ရမည်ဆို၍ ကြည်နူးမှုများထဲမှာ စီးမျောသွားခဲ့လေပြီ။

အဆောင်ရောက်တော့ ရှင်းလင်းတိတ်ဆိတ်နေပါ၏။

စိုးပြည့်စုံ၏ အရိပ်အယောင်ကိုမျှ မမြင်တွေ့ရ။

"ညီမလေးများ ငိုနေမလား မသိဘူးနော်"

"အင်း … သမီးက ဆုကို သိပ်ချစ်နေပြီ"

"ဒီတစ်ခါ လေးရက်တောင် နေခွင့်ရခဲ့တာကိုး"

"အင်း"

"ဦးတို့ အိမ်မှာ နောက်တစ်ခါ အလှူလုပ်ဖြစ်ပါစေလို့ ဆုဆုတောင်းနေမယ်"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလှူရှိမှ ဦးက လာခေါ်မှာလေ၊ ညီမလေးမွေးနေ့ တစ်နှစ် တောင် စောင့်ရဦးမှာ"

"ဒီကြားထဲ အဆင်ပြေလည်း လာခေါ်မယ်လေနော်"

"ဒီမှာလည်း ဆု အဆင်ပြေအောင် နေတတ်ပါတယ်၊ ပျင်းတာ တစ်ခုပါပဲ"

"ကျောင်းပိတ်ထားတော့ ဆု တစ်ယောက်တည်းလေ ဦးရယ် ဟိုမှာဆို ညီမလေးနဲ့ ဆော့ရတာ သိပ်ပျော်စရာကောင်းတာပဲ"

ဦး မျက်နှာမကောင်းဖြစ်သွားသည်ကို မြင်ရတော့မှ ရည်မိသည့် စကားအတွက် နောင်တရဖြစ်ပါ၏။

"အခန်းထဲသွားတော့ ဆု၊ ဦး အန်တီ ဒေါ်မေမေခင်ဆီ ခဏ တက်သွားလိုက်ဦးမယ်"

ကျောင်းသူများမရှိ၍ ပိုပြီးဂရုစိုက်ပေးပါ၊ အကြောင်းရှိလျှင် သူ့ထံ ဖုန်းဆက်ပါဟူသော စကားများဖြင့် ဘော်ဒါပိုင်ရှင် အဘွား ကြီးကို အပ်နှံနေမည်ဖြစ်ကြောင်း ဆု သိပြီးသားပါ။

ဒေါ်မေမေခင် ကိုယ်တိုင်ကလည်း မြတ်ဆုမွန် ဟူသည် ဒေါက် တာ တိုးလွင်ဦး၏ သွေးစပ်သော တူမငယ်လေး ဖြစ်သည်။ မိဘမရှိ ၍ ထိန်းကျောင်းရန် တာဝန်ရှိသော်လည်း မိုနီကာ မကြည်ဖြူ၍ သူ့ ထံမှာ စိတ်ချစွာ လာရောက်ထားလေသည်ဟု ယုံကြည်နေရှာသူပါ။

ဦးထံသို့ ရောက်ရှိမလာမီက ဆု၏ ဟိုဘက်ပိုင်းဘဝတို့သည် ဤဝန်းကျင်မှာ ပျောက်ဆုံးနေချေသည်သာ။

ဦး အပေါ်ထပ်မှ ဆင်းလာသံ၊ ကားတံခါးပိတ်သံများကို ကြား ရပါလျက် ဆု ထွက်ပြီးနှုတ်မဆက်တော့။

ဤခြံ၏ ဝန်းကျင်တွင် စိုးပြည့်စုံ ရှိနေမည်လေ။

ကားစီးခဲ့ရ၍ လေတိုက်သဖြင့် လွင့်မျောရှုပ်ထွေးလာခဲ့သော





ဆံပင်ကို ပြန်ဖြီးပြီး မျက်နှာကို ကရင်ပတ်(ဖ်)တို့မည်လုပ်ပြီးမှ ပြန် ချထားလိုက်သည်။

စိုးပြည့်စုံကို အလှပြင်၍ ကြိုဆိုစရာမလိုပါ။ အလှပြင်ရမှာကို ပင် ရှက်သွားမိသလိုလို။

စိုးပြည့်စုံသည် ဆုနှင့် ကြုံဆုံခွင့်ရရှိလေအောင် နည်းမျိုးစုံနှင့် အားထုတ်နေသော်လည်း ဆု အနေနှင့် လုံးဝစိတ်ဝင်စားခြင်း မရှိခဲ့ သည်မှာ သစ္စာစကားပါ။

ဆု၏ ဘဝမှာ ပထမက စာ၊ ဒုတိယက ဦး၊ ယခု တစ်ယောက် တိုးလာပြီ ဒေဝဏ္ဏရာဆိုသည့် ဘောဘီလေး၊ ချစ်စရာ ညီမလေး၊ ဒါပဲ ဖြစ်သည်။

"မဆု ညည်သည်ရောက်နေတယ်"

ဘော်ဒါဆောင် သန့်ရှင်းရေးအတွက် ခေါ်ထားသော မိန်းကလေး က လာခေါ်၍ အခန်းတံခါးသော့ပိတ်ပြီး ထွက်ခဲ့ရသည်။

ဧည့်ခန်းမှာ သစ်လွင်သပ်ရပ်သော အဝတ်အစားများနှင့် ဆု ကို ထိုင်၍စောင့်နေသော စိုးပြည့်စုံ။

"ဆု ဟိုအိမ်မှာ သွားနေတာ လေးရက်တောင်ရှိပြီနော်" ၊ဘ

"အင်း … ညီမလေး မွေးနေ့လုပ်လို့" နှးအိုး

"ဆုရဲ့ ဦးက ဖုန်းဆက်တာ ဘာပြောလဲ"

"မကြိုက်ဘူး ထင်တယ်"

"အဆူခံရသေးလား"

"အင်း … သိပ်မကြိုက်ဘူး၊ အမှတ်အကြောင်းပြောတော့ သာသွားပုံရပါတယ်"

"ဆုရဲ့ ဦးလေးက ဆုကို တကယ်ချစ်တယ်နော်၊ သိပ်ဂရုစိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိဘမှ မရှိဘဲလေ၊ မေမေက ဦးကို အပ်ခဲ့တာ"

"ဆုရဲ့ မေမေက"

"အမှတ်အကြောင်းပဲ ဆု ကြားချင်တယ်"

"ဟုတ်ပါရဲ့၊ ဒီလိုလေဆု၊ ဆုရဲ့ ဆယ်တန်းအမှတ်က ၄၉ နော်၊ ပထမနှစ်မှာက ငါးဘာသာပဲ ဖြေရတာမှာ ဂုဏ်ထူးလေးခုနော်"

"ဟုတ်ကဲ့"

"ဒုတိယနှစ် ဆုရဲ့ အမှတ်ကိုလည်း ကျွန်တော် သိတယ်လေ စားသောက်ကုန်ယူတော့ ဖြေရတာ ခြောက်ဘာသာမှာ ငါးဘာသာ ဂုဏ်ထူးနဲ့ အမှတ်ပေါင်းက ငါးရာနှစ်ဆယ်"

သူက သူ့အင်္ကျီအိတ်တွင်းမှ ကာလ်ကူလေတာခေါ် ဂဏန်းတွက် စက်ပြားလေးကို ထုတ်ယူ၍ ဆု ရရှိသော သုံးနှစ်စာ အမှတ်များကို တစ်နှစ်စီ ပျမ်းမျှတွက်ချလိုက်သည်။

သူက တွက်ပြရင်း ဆုဘက်ကို တိုးလာသလို ဆုကလည်း စိတ်ဝင်စားလာသဖြင့် ခေါင်းလေးငဲ့ပြီး သူ့ဘက်ကို ကြည့်နေတော့ လူချင်းနီးကပ်သွားသည်။

"ပထမနှစ် ၄၉၆ ကို ခြောက်ဘာသာနဲ့စားတော့ ၈၂ ဒသမ ၆ ၍ ထံ ပျမ်းမျှရတယ်နော်"

"ပထမနှစ်က ၄၂၀ ကို ငါးဘာသာနဲ့စားကြည့်၊ ဒီမှာ ၈၄ ဤ ဂိ"

"အခု ဒုတိယနှစ်မှာက အမှတ်တွေအများကြီး ရကြတာ၊ ဆုရ ဟာ ၅၂၂၊ အဲဒါကို ခြောက်ဘာသာနဲ့စားတော့ ၈၇ မှတ်တောင် ရတယ်"

"ကဲ ... သုံးနှစ် ပျမ်းမျှအမှတ်တွေကို ပြန်ပေါင်းမယ်နော်၊ ၈၂ ဒသမ ၆ အပေါင်း၊ ၈၄ နဲ့ အပေါင်း ၈၇ ဆိုတော့ အားလုံးပေါင်း သုံးနှစ်စာ ၂၅၃ ဒသမ ၆ မှတ် ရတယ်"





"ကဲ ... အဲဒီ သုံးနှစ်လုံး ပျမ်းမျှပြန်ထွက်လာအောင် သုံးနဲ့ ဘားမယ်၊ ဒီမှာကြည့် ၈၄ ဒသမ ၅ ရတယ် တွေ့လား ဆု"

"ဟုတ်ကဲ့"

"ဒီနှစ် အမ်(မ)စီကခေါ်မယ့် အနိမ့်ဆုံးအမှတ်က ၈၀ ဒသမ ၁၁ လေ၊ ဆုက အမှတ်အများကြီး ကျော်နေတယ်၊ ပြီးတော့ ဆယ်တန်းအမှတ်ကောင်းလို့လည်း ပညာသင်ဆုရဦးမှာ၊ ဆုက သိပ်စာတော်တာပဲဗျာ"

"သူရော"

"ကျွန်တော်လည်း ဝင်ပါတယ်၊ မက်ကယ်နီကယ်(လ်) ရမှာပါ"

"စက်မှုတက္ကသိုလ်မှာ မက်ကယ်နီကယ်ဆိုတဲ့ စက်မှုက အမြင့်ဆုံးပဲလေ၊ သူလည်း စာတော်တာပါပဲ"

"ကျွန်တော် အရှ်အိုင်တီ ဝင်မှာထက်ကို ဆု အမ်(မ)စီဝင်မှာ ကို ပိုပြီးဝမ်းသာမိပါတယ် ဆုရယ်၊ တကယ်ပါ"

ရွှန်းဝေရွှင်ကြည်သော အကြည့်များဖြင့် ကြည့်နေ၍ ဆုက ခေါင်းကလေးငုံ့ပြီး အကြည့်ကိုလွှဲ၍ စားပွဲပေါ်ရှိ ပလတ်စတစ်ပန်းအိုးမှ ပလတ်စတစ် အရွက်စိမ်းလေးများကို ကိုင်နေမိသည်။

"ဆု"

"ဟင်"

"ကျွန်တော် စဉ်းစားလာပြီးမှ တစ်ခုစိုးရိမ်သွားမိတယ်"

"ဘာကိုလဲ"

"ဩော် ... ဆု အမ်(မ)စီဝင်လို့ ဒီစကားပြောတယ် ထင်မှာ စိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



နားမလည်သော အကြည့်ဖြင့် သူ့ကို တစ်ချက်လှမ်းကြည့်ပြီးမှ အကြည့်ကို လွှဲထားရသည်။

"အလျှင်တုန်းက တွေ့ရတာလည်း မနန်းယိမ်းယိမ်း အဖြစ်နေတယ်လေ၊ ကျောင်းမှာဆိုလည်း ဆုကို ကျွန်တော် နှုတ်ဆက်ရုံရရုံကလွဲပြီး စကားပြောခွင့် မရခဲ့ဘူး"

ဆုက နှုတ်ခမ်းလေးနှစ်ခု ဖိကိုက်ပြီး စိတ်ကျဉ်းကျပ်စွာ နားထောင်နေရသည်။

"အခုလို လူရှင်းတုန်း ဆုနဲ့ ပြောခွင့်ရတုန်း ပြောပါရစေတော့ဆုရယ်၊ ကျွန်တော် ဆုကို သိပ်ချစ်ပါတယ်၊ ကျွန်တော့်ရဲ့ အချစ်ဟာ"

"တော် ... တော်ပါတော့ ကိုစိုးပြည့်စုံ၊ ဒါတွေ ဆု ဘာမှစိတ်မဝင်စားသေးဘူး၊ ကြားလည်း မကြားချင်ဘူး"

"ကျွန်တော်နဲ့ ကျွန်တော့်ရဲ့ မေတ္တာတရားအပေါ်မှာ ဆု သံသယဖြစ်နေလို့လားဟင်"

"မဟုတ်ဘူး ဘာမှမဆိုင်ဘူး၊ ဆု ဆုံးဖြတ်ထားတာ ရှိလို့ပါ"

"ဘာများလဲ ဆုရယ်"

"ပညာရေး ဆုံးခန်းမတိုင်ဘဲ ဆု ဘာကိုမှ စိတ်မဝင်စားချင်ဘူး"

"ပညာရေးရဲ့ အခက်ခဲကို ကျော်ခဲ့ကြပြီလေ၊ လိုရာပန်းတိုင်ဆီကို သွားနိုင်တဲ့ လမ်းဖြူးဖြူးလေးပေါ်မှာ လျှောက်ခွင့်ရခဲ့ကြပြီပဲလေဆုရယ်၊ တစ်ယောက်နဲ့တစ်ယောက် ချစ်ရင်းနဲ့ ပညာရေးကို ဦးစားပေးကြိုးစားကြပြီး ဘွဲ့ရတော့မှ လက်တွဲကြတဲ့ ကျွန်တော်တို့ရဲ့ ရှေ့ကချစ်သူတွေလိုပဲ"

"ဟင့်အင်း ဟင့်အင်း၊ ဆုကတော့ ဒီလိုခံယူမထားဘူး၊ ချစ်သူ





လည်း မထားချင်ဘူး၊ ယောကျ်ားလည်း မယူချင်ဘူး၊ ဆရာဝန်ပဲ ဖြစ်ချင်တယ်"

"ဆရာဝန် ဖြစ်ပြီးလျှင်ရော"

"သိပ်ဝေးသေးတဲ့ အချိန်ရဲ့ ဟိုဘက်ကိုတော့ ဘာလို့ထည့်တွက်နေမှာလဲ"

"မဟုတ်သေးဘူး ဆု၊ ကျွန်တော် ပြောပါရစေဦး"

မြတ်ဆုမွန် သည်းခံစွာ ငြိမ်၍ထိုင်ပေးနေရသည်။

"ဖတ်(စ်)ယီးယားကတည်းက မြတ်ဆုမွန်ကို ကျွန်တော် စိတ်ဝင်စားခဲ့တာပါ၊ အဆန်းဆုံးတွေကြားမှာ အရိုးဆုံးဖြစ်တဲ့ ဆုဟာ အဆန်းဆုံးလေး ဖြစ်နေတာကို ကျွန်တော် သိပ်မြတ်နိုးမိတယ်ဗျ

အဆန်းဆုံးတွေကြားမှာ အရိုးဆုံးက အဆန်းဆုံးဖြစ်နေတယ ဆိုသော သူ့စကားလို ဆန်းအောင် ရိုးပြနေခြင်းတော့ မဟုတ်ခဲ့ပါ။ ဆု၏ အကြောင်းကို ဆုသာ အသိဆုံးပါလေ။ သူက စကားပြန်ဆက်၏။

"ကျွန်တော် မှန်တာဝန်ခံရလျှင် ကျွန်တော့် သူငယ်ချင်းတွေလို လှတာမြင်တိုင်း လိုက်ပြီးကြည်သွားတာမျိုးကို ကျွန်တော် မလိုလားဘူး၊ အချစ်စစ်လို့လည်း မထင်ဘူး၊ ဒါကြောင့် ဘယ်သူ့ကိုမှလဲ မလိုက်ခဲ့ပါဘူး၊ ဆုဆိုတဲ့ မြတ်ဆုမွန်ကိုတော့ ကျွန်တော် မြတ်နိုးစွာချစ်လို့ ဖွင့်ပြောတယ်ဆိုတာ ဆု ယုံပါနော်"

"ကိုစိုးပြည့်စုံ"

"ဆု"

"ကိုစိုးပြည့်စုံ ဆိုတဲ့အတိုင်း အရာရာကို ပြည့်စုံစွာ စိုးမိုးနိုင်သူဖြစ်ပါလိမ့်မယ်ရှင်၊ မိဘဂုဏ်ရှိန်ရယ်၊ အင်ဂျင်နီယာလျှောင်း တစ်ယောက်ရယ်၊ နောက် ရုပ်ချောတာရယ်အတွက် ကိုစိုးပြည့်စုံနဲ့ အထိုက်တန်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး မိန်းကလေးကိုပဲ ရွေးပါ၊ ဆုက ကိုပြည့်စုံကို မမုန်းတဲ့ စိတ်
မကဘဲ ခင်မင်တဲ့စိတ်နဲ့ အကြံပေးတာပါ"

"မဟုတ်သေးပါဘူး ဆုရယ်"

"ဟုတ်ပါတယ် ကိုစိုးပြည့်စုံ၊ ဆုရဲ့ ဘဝဟာ အားလုံးမပြည့်
တဲ့ ဘဝပါ၊ ဆုရဲ့ ဘဝမှန်ကိုလည်း ကိုစိုးပြည့်စုံ မသိသေးပါဘူး

"ဘာကိုပြောတာလဲ ဆု"

"ဘာမှမမေးပါနဲ့ရှင်၊ ဆု ဘယ်သူ့ကိုမှ ဘယ်သောအခါ
မပြောပြနိုင်ပါဘူး"

"ဆု ဘာပဲဖြစ်ဖြစ် ကျွန်တော် ချစ်မယ် ဆု"

"ဆုက ဘာမှမဖြစ်ခဲ့ပါဘူးရှင်၊ ဆုရဲ့ ပတ်ဝန်းကျင်က ဖြစ်
တာပါ၊ ဆု တောင်းပန်ပါရစေ၊ ဒီမှာ ကိုစိုးပြည့်စုံ"

"ဆုရယ်"

"ကိုစိုးပြည့်စုံ အခုလို ကြိုတင်လာပြောတဲ့အတွက် တကယ်
ကျေးဇူးတင်ပါတယ်၊ ကိုစိုးပြည့်စုံကို ဆု လေးလည်းလေးစားပါတယ်
စာတော်လို့ အထင်လည်းကြီးပါတယ်"

"ဆုကလည်းဗျာ"

"ပြီးတော့ အခုလိုပြောတဲ့အတွက်လည်း စိတ်မဆိုးပါဘူး
ဆု ဝန်ခံပါတယ်၊ ဒါပေမဲ့ ဆု တောင်းပန်ပါရစေ၊ ဆုကို နောင်ဘယ်
သောအခါမှ ဒီစကားမျိုး မပြောပါနဲ့တော့နော်"

"ဆုရယ်၊ ဆု ပြောပါဆိုတဲ့နေ့အထိ ကျွန်တော် စောင့်မယ်
ဆိုလျှင်ရော"

"မဖြစ်နိုင်ဘူးထင်ပါတယ် ကိုစိုးပြည့်စုံ၊ ဆု စာကိုပဲ ကြိုးစား
ပါရစေ၊ ပြီးတော့ ဆု ဘယ်သူ့ကိုမှလဲ စိတ်ဝင်စားမှာ မဟုတ်ပါဘူး
ဆိုတာလည်း ယုံပါရှင်"





"ဘာပဲဖြစ်ဖြစ် ဆုရယ်၊ အခုလို ခင်မင်မှုလေးကိုတော့ ဆက်လက်
းရှိပါရစေလို့ ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

မြတ်ဆုမွန် ခေါင်းညိတ်၍ ပြလိုက်မိသည်။ ဘ
သူ့ကို မချစ်နိုင်သည့်တိုင် မုန်းစရာလည်း ဘာအကြော
ခဲ့ပါ။

ဆေးတက္ကသိုလ်သို့ ဝင်ခွင့်ရမည်ဆိုသော ဝမ်းသာမှုလေးများ
ည်ပင်လျှင် ...

ကိုစိုးပြည့်စုံနှင့် ဘဝချင်းယှဉ်ရသလို ဖြစ်ခဲ့ရသောအခါ အတိတ်
င်းသည် အားငယ်ဝမ်းနည်းမှုအပေါင်းကို ဆောင်ကြဉ်းကာ အရာ
အားလုံးကို ဖုံးလွှမ်းပစ်ခဲ့ပါသတည်း။

□



www.burmeseclassic.com

www.burmeseclassic.com



## အခန်းဆယ့်ခုနစ်

"ဘာဖြစ်လို့ ဒီလောက်ငိုနေသလဲ မိုနီ၊ မိုနီ ကိုယ်တိုင် ဆုံးဖြတ်ထားတဲ့ ကိစ္စပဲလေ"

"ဒါပေမဲ့ တကယ်တမ်း ခွဲသွားရမယ်ဆိုတော့ သမီးလေးကို လွမ်းတယ်"

အကြင်နာလျှော့သော အကြည့်ဖြင့် ကြည့်ဖြစ်သည်။ မိုနီကာ၏ အလွမ်းထဲမှာ 'ကိုကို' ဆိုသော ဒေါက်တာ တိုးလွင်ဦး မပါပါ။

သူ့ကဲ့သို့ပင် ဒေါက်တာ တိုးလွင်ဦးလည်း သမီးလေးကို မခွဲနိုင်ပါ။

သို့ပေမယ့် ဖြစ်သင့်သည်က မြန်မာမိသားစုတို့၏ ဖွဲ့စည်းမှုအတိုင်း ကလေးသည် မိခင်နှင့်အတူ ပါသွားစမြဲ။ အဖေနှင့် အမေ ကွဲလျှင် အမေ မည်မျှဆင်းရဲပါစေ ရင်သွေးတို့သည် မိခင်ရင်ခွင်မှာ ကျန်ရစ်ဆဲ ဓမ္မတာပါ။

ယခုတော့ ...

ဖခင်က ရောက်နှင့်စီစဉ်ထားသော ဩစတြေးလျနိုင်ငံသို့ မိုနီကာ လိုက်သွားမည်။ မြန်မာနိုင်ငံသို့ ခေတ္တပြန်လာသော မိခင် ဒေါ်ကာ





ိုင်းနှင့်အတူ မိုနီကာ လိုက်သွားဖို့ အားလုံးစီစဉ်ပြီးလေပြီ။ ဘွဲ့ရကတည်းက တစ်ခါမှ အလုပ်မလုပ်ဖူးသေးသော မိုနီကာ အတွက် ဿည်း ဟိုတယ်ကြီးတစ်ခု၏ ဧည့်ကြို (Reception) ဌာနမှာ မိုနီကာ လုပ်ရမည်ဟု ဆိုသည်။

နှစ်နှစ်စာ အလုပ်,လုပ်ခွင့်နှင့် မြန်မာပြည်မှ မိုနီကာ ထွက်ခွာ ားမည်။

အလုပ်သွားလုပ်သော မိခင်နှင့် ကလေးပါသွားရန် မသင့်ဟု ိကာ ဒေဝစ္ဆရာကို ထားခဲ့မည်။

ပညာရေးကလည်း တစ်ပိုင်းတစ်စ ဖြစ်သွားမည်။

ယခုဆို သမီးလေး ဒေဝစ္ဆရာပင်လျှင် ခုနစ်နှစ်သမီး၊ နှစ်တန်း ကျောင်းသူကြီး ဖြစ်နေလေပြီ။

"ကိုကို"

"မိုနီ"

"သမီးလေးကို ဂရုစိုက်ပါနော်"

"စိတ်ချပါ မိုနီ"

"အဟင့် ... ဟင့် ... ဟင့်"

မိုနီကာ ရှိုက်ကာငင်ကာ ငိုကြွေးပါလေပြီ။ အိမ်ထောင်သက် ာမ်း တစ်လျှောက်လုံးမှာ မိုနီကာ သည်မျှလောက် ရှိုက်လှဲ့စွာ ငိုကြွေးပုံမျိုးကို ဒေါက်တာ တိုးလွင်ဦး တစ်ခါမှ မမြင်ဖူးသေး။

"မငိုပါနဲ့ မိုနီရယ်၊ တကယ်တမ်း အခုလို ငိုထိုက်သူက ကိုကိုနဲ့ သမီးလေးပါ"

"ဟင်"

"မိုနီက ကိုကိုနဲ့ သမီးလေးကို ထားရစ်ခဲ့ပြီး ခွဲခွာသွားမယ့်သူပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမပြောပါနဲ့ ကိုကိုရယ်၊ မိုနီ့ဘက်ကလည်း တွေးပေးပါ၊ မိသားစု အားလုံးကလည်း ဟိုမှာရှိတယ်၊ အလုပ်ကလည်း ချက်ချင်းရမယ်၊ ဒါကြောင့်မို့ပါ"

"မိုနီ့ ဆန္ဒကို ကိုကို ဘာမှ မကန့်ကွက်ခဲ့ပါဘူးလေ"

"မိုနီ ဟိုမှာဟန်ကျလျှင် ကိုကို လိုက်ခဲ့ပါနော်"

ဒေါက်တာ တိုးလွင်ဦး ငြိမ်တွေနေမိသည်။

"ကိုကိုပါ တစ်ခါတည်းလိုက်ခဲ့လျှင် ဖြစ်လျက်သားနဲ့၊ အင်း ... အလုပ်ကလည်း ထွက်ခွင့်မပေးဘူးနော်၊ ထွက်ဖို့မလွယ်လိုက်တာ"

"မိုနီ နှစ်နှစ်ကြာလျှင် ပြန်လာမှာ မဟုတ်လား‌ယ်"

"ဟိုမှာမဟန်လျှင် ပြန်လာခဲ့မယ်လေ၊ ဟန်ကျလျှင်တော့ ကိုကို ဘို့ လိုက်လာခဲ့ကြပါနော်"

"မိုနီပဲ ပြန်လာခဲ့ပါကွယ်၊ ကိုကို မိုနီ့ကို အမြဲမျှော်လင့်ပြီး လွမ်း‌ခနေပါ့မယ်"

"ကိုကိုရယ်"

၏ မိုနီကာက ဒေါက်တာ တိုးလွင်ဦးကို ဖက်၍ငိုလေပြီ။

ဒေါက်တာ တိုးလွင်ဦးဘက်လည်း မိုနီကာက ချမ်းသာလို့ ...

မိုနီကာ၏ဘက်ကလည်း ဆရာဝန်မို့ဆိုသော ဈေးကွက်အတွင်းမှ ဈေးတွက်,တွက်ကာ နှစ်ဖက်မိဘချင်း စပ်၍ပေးစားခဲ့ကြသော အိမ်ထောင်ရေးမို့ ချစ်ခြင်းမေတ္တာ မပါရှိခဲ့သော်လည်း ...

အိမ်ထောင်သက် ဆယ်နှစ်ကျော် ရှိလာခဲ့သော အိမ်ထောင်တစ်ခုမို့ သံယောဇဉ်တွေ နှောင်တွယ်မိခဲ့ကြရသည်။

'သမီးလေး' ဟူသော ရစ်ဖွဲ့မှုကလည်း မိခင်နှင့် ဖခင်ကို ပိုမိုစုစည်းထားစေခဲ့သည်။

အချစ်မပါသော်လည်း သံယောဇဉ်များဖြင့် ဖွဲ့စည်းထားခဲ့ပြီးသော အိမ်ထောင်ရေးအဖြစ်နှင့် ခွဲခွာခါနီးကာလမှာ ရင်နင့်ရသည်တော့ အမှန်ပါ။

"တိတ်ပါ မိုနီရယ်၊ စာရော၊ ဖုန်းရော၊ လူကြုံရော ဆက်သွယ်လို့ရတဲ့ အရပ်ကို မိုနီ သွားမှာပဲလေ"

"ကိုကို စာမှန်မှန်ရေးပါနော်"

"ရေးမှာပေါ့ကွယ်"

"သမီးလေးကိုလည်း ဂရုစိုက်ပါနော်"

"သမီးဟာ ကိုကိုနဲ့ ပိုထိတွေ့တယ်၊ ကိုကို သမီးကို ဘယ်လောက်ဂရုစိုက်တယ်ဆိုတာ မိုနီ အသိပါကွယ်"

"သိပါတယ် ကိုကိုရယ်၊ ဒါပေမဲ့ ခုလို တကယ်ခွဲရတော့မယ်ဆိုတော့လည်း စိတ်မချနိုင်တော့ဘူး"

"သမီးအတွက် စိတ်ချပါ၊ ပြီးတော့ ဟိုရောက်လျှင်လည်း မိုနီ့မိသားစုနဲ့ ဆုံရမယ်၊ သာယာဖွယ် ဆွဲဆောင်မှုမျိုးစုံလည်းရှိတဲ့ နိုင်ငံမို့ မိုနီ မကြာခင် ပျော်သွားမှာပါလေ"

ဒေါက်တာ တိုးလွင်ဦး၏ စကားအနက်အဓိပ္ပာယ်ကို မိုနီကာ ဥပေးစားမိခြင်း ရှိဟန်မတူ။ အငိုသာ ဆက်နေလေသည်။

မိုနီကာသည် နှလုံးသားနှင့် ရင်းရသော ခံစားမှုဆိုသည်ကို ဘယ်တုန်းကမှ မခံစားခဲ့ဖူးသော မိန်းမမျိုးပါ။

သူ၏ ခံစားမှုကလည်း တက်လွယ်ကျလွယ်နှင့် အပြောင်းလဲမြန်ဆန်လွန်းတတ်လှချေသည်။

ယခုလို သမီးလေးနှင့် ခွဲခွာရခါနီးမှာတော့ သူ တကယ်လွမ်းဆွတ်စွာ ခံစားရသည်အမှန်ပါ။

ဟိုနိုင်ငံ ရောက်သွားခဲ့လျှင်လည်း သူ့မိသားစုနှင့်ဆုံကာ အပျော်





ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်သော မိုနီကာ ပျော်သွားမှာပါဟု ဒေါက်တာ တိုးလွင်ဦး တွက်ချင့်ပြီးသားပါလေ။

ဘာပဲဖြစ်ဖြစ် ...

နောက်ဆုံးနေ့ နောက်ဆုံးနာရီက လေယာဉ်ပေါ် တက်ခါနီး ဆဲဆဲအထိ မိုနီကာသည် ...

သမီးကိုရော ခင်ပွန်းကိုပါ နမ်းရှိုက်လျက် လှိုက်လှဲသည်းထန်စွာ ငိုကြွေးကာ သိုင်းအဲယားဝေးစ် လေယာဉ်ကြီးနှင့် ပါသွားခဲ့ပါသတည်း။

ရှိုက်ငိုကျန်ရစ်သော သမီးချစ်ကလေးကို ချိုပိုးရင်း လက်ပြနှုတ်ဆက်နေသော ဒေါက်တာ တိုးလွင်ဦး၏ မျက်ဝန်းမှာလည်း မျက်ရည်ကြည်များ သီဝေ့ပြည့်အိုင်လျက်။

❒





## အခန်းဆယ့်ရှစ်

...ဘက်တော်ခြံသို့ မရောက်ဖြစ်ခဲ့သည်မှာ လနှင့်ချီ၍ကြာခဲ့ပြီ။

ဒေါက်တာ တိုးလွင်ဦး၏ကား ဝင်လာသည်နှင့် ဦးအောင်သိုက်...က လှိုက်လှဲဝမ်းသာစွာ ကြိုဆိုကြရှာပါသည်။

"ဟာ ... ဆုလည်း ပါလာတယ်လား"

"ဟုတ်တယ်၊ သူ့မိဘအတွက် နှစ်လည်ဆွမ်းကျွေးချင်တဲ့ ...ရဲ့ ဆန္ဒကြောင့်ပါ"

"အင်း ... ဘာလိုလိုနဲ့ သူတို့ ဆုံးကြတာတောင် ရှစ်နှစ်ရှိပြီ... ကဲ ... ဆင်းလေ မိန်းကလေး"

ကားတွင်းမှ ဆုကို ဦးအောင်သိုက်က ငုံ့ကြည့်လိုက်မိသည်။

လှလာလိုက်သည့် မိန်းကလေးနှယ်။ သူ့အမေထက်တောင် ...ယ်ပြန်သာပါလား။

ယင်းအတွေးများဖြင့် ညှိုးငယ်စွာ မျက်ရည်ဝိုင်းနေသော ဆု၏ ...က်နှာကိုကြည့်ပြီး ဆု၏ ပေါင်ပေါ်မှ ...

"အို ... ကလေးကလည်း အိပ်လို့ပါလား၊ ဘယ်က ကလေး...ပေါင်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးရဲ့ သမီးလေးပါ"

"ဆု နှုတ်လိုက်လေ၊ ဆင်းခဲ့ကြ"

"အိပ်ပါစေ ဦးရယ်၊ အကြီးရွှေပွင့် တဘက်ကလေး တစ်ထည် လောက်ပေးပါလား၊ ကလေး ခေါင်းအုံးလုပ်ရအောင်"

"ဟာ ... ကားထဲမှာ ပူကပူနဲ့၊ သမီး ထထ၊ ခြံထဲဆင်းကြည့်စမ်း"

ဒေါက်တာ တိုးလွင်ဦး၏ အသံကြောင့် ဒေဝစ္ဆရာ နိုးလာသည်။ အားလုံး ခြံထဲဆင်းလာဖြစ်ကြပါ၏။

"ခြံတစ်ခုလုံးလည်း ရှင်းလို့ပါလား"

"ဒီဘက်မှာပါ အခင်းတွေကြီမလို့လေ၊ ရတဲ့ငွေကိုလည်း ဆရာ တို့ကို ကန်တော့ဖို့ပါ"

"မလိုပါဘူးဗျာ"

"ဆရာက မလိုပေမယ့် အဒေါ်တို့အနေနဲ့က ကျေးဇူးကြီးလှ ပါတယ်လေ၊ ကဲ ... လာပါ၊ ဒီဘက်အိမ်ပဲ တက်ကြမလား၊ အဒေါ် တို့အိမ်ကို သွားကြမလား"

"အိမ်ကိုပဲသွားမယ် အကြီး"

ဆုက ဦးဆောင်၍ နှစ်ထပ်ပျဉ်ထောင်အိမ်ပေါ်သို့ တက်ရောက် သွားလေသည်။

မျက်ရည်များဝေလျက် လေးကန်သော ခြေလှမ်းများဖြင့် သူ မွေးဖွားခဲ့ရာ၊ သူ ကြီးပြင်းခဲ့ရာ သူ၏ အိမ်ဆီသို့ သွားနေသော ဆု၏ နောက်မှ အားလုံး လိုက်သွားကြရသည်။

မြတ်ဆုမွန်ကို ဒေါက်တာ တိုးလွင်ဦး ကြည့်ရှုစောင့်ရှောက်လာ ခဲ့ပြီးသော ရှစ်နှစ်တာ ကာလအတွင်းမှာ ဆုသည် ယခုဒုတိယအကြိမ် မြောက် ရောက်ရှိခြင်းသာ ဖြစ်ပါ၏။





မမစံပယ်လှိုင် ဆုံးခါစက သူ့အဘိုး ဦးပဥ္စင်းလည်း ရောက်လာ သဖြင့် ရက်လည်ပြီးသည်အထိ ဆု နေခဲ့ရသည်။

ဒုတိယအခေါက် ဆု ရောက်လာတော့ ဆု ငိုသဖြင့် ဦးအောင် သိုက်တို့ကို မှာစရာရှိတာမှာပြီး ဒေါက်တာ တိုးလွင်ဦး ချက်ချင်း ပြန် ခေါ်သွားခဲ့သည်။

သည့်နောက် မရောက်ဖြစ်။ ဒေါက်တာ တိုးလွင်ဦးကလည်း မခေါ်။ ဆုကလည်း ခြံသို့သွားချင်သည်ဟု မပြောခဲ့။ တစ်နေ့ကမှ ...

"မေမေ့ကို ဆု အိပ်မက်မက်တယ် ဦးရယ်၊ အိပ်မက်ထဲမှာ ဆုနဲ့ မေမေနဲ့က တစ်အိမ်တည်း အတူတူနေနေကြတာတဲ့၊ ထူးထူး ခြားခြားကြီး မက်တာမျိုး မဟုတ်ပေမယ့် ဆု ရင်ထဲမှာ မကောင်းနိုင် သောဘူး၊ ဒါကြောင့် ဆု ပညာသင်ဆုရတဲ့ တစ်လ ၇၅ ကျပ်ကို ဦးက ဆု ကြိုက်တာသုံး ဆိုခဲ့တယ်လေ၊ အဲဒါ ဆု မသုံးဘဲစုထားဟာ ငွေ ငါးရာကျော် ရှိပါတယ်၊ အဲဒီငွေနဲ့ ဖေဖေနဲ့ မေမေ့အတွက် ဆုတို့ရဲ့ အိမ်မှာ ဆွမ်းကျွေးချင်တယ်၊ အဲဒါ ဦး အားတဲ့ရက် ဆုကို လိုက်ပို့ ပေးပါနော်"

ဟူသော ဆု၏ တောင်းပန်စကားအရ ရောက်ရှိလာကြခြင်း ဖြစ်ပါ၏။

ဒီနေ့ ခြံမှာ အေးအေးဆေးဆေး နေကြမည်ဟူသော ရည်ရွယ် ချက်ဖြင့် စားစရာများ၊ ဓာတ်ဘူးနှင့် ကော်ဖီ၊ သောက်ရေကအစ ပါ လာသည်။ အဘ ဦးအောင်သိုက်တို့ဖို့လည်း စားစရာတစ်ထုပ်ကြီးနှင့် ပျော်ရွှင်စရာခရီးလို လာခဲ့ကြရာမှ ဆု မျက်ရည်ကို မြင်လိုက်ရတော့ ဒေါက်တာ တိုးလွင်ဦး ရင်မချမ်းမြေ့နိုင်တော့ပါ။

အိမ်ပေါ်ရောက်ပြီး ဆု ငိုနေသဖြင့် အားလုံး ငြိမ်သက်နေကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုသည် ပြန်လည်သက်ဝင်လာသလို အားလုံးကို လိုက်ကြ
ပြီး သူ့မျက်ရည်ကိုသုတ်ကာ အငိုမျက်နှာကို ဖာတ်သိမ်း၏။

ရင်တွင်းမှာတော့ အငိုဇာတ်လမ်းသည် အခန်းဆက်ဆဲ။

အားလုံးအထဲတွင် ဆု နီးပါးမျှ ကြေကွဲစွာ မျက်နှာပျက်နေ
သော ဦးကို မြင်တွေ့လိုက်ရသည်နှင့်ပင် ဆု ရင်မှာ သိမ့်သိမ့်ခါသွား
မိ၏။

ဆုကြောင့် ဦး ယခုလို မျက်နှာမညိုးရစေချင်။ ကြေကွဲစ
ခံစားမှုများကို ဦးအား မျှဝေမပေးရက်။

"အကြီး ရွှေပွင့်၊ ဆုမှာ ပါလာတဲ့ငွေနဲ့ ဘုန်းကြီးငါးပါးလော
ဆွမ်းကပ်ချင်လို့ စီစဉ်ပေးပါနော်"

ဆုက ငွေကိုထုတ်၍အပ်သည်။ ပါလာသော မုန့်ထုပ်မျာ
လက်ဆောင်ပေးသည်။ ရင်တွင်းမှ ဝေဒနာများ လွင့်စဉ်ပြေပျောက်သွာ
ဟန်ဆောင်သည်။

ဆု၏ ရင်တွင်းမှ ခံစားမှုဝေဒနာ မပြယ်လွင့်သေးကြော
ဆု၏ ဦးကဲ့သို့ မည်သူမျှ သိနိုင်စွမ်းမရှိကြ၍ အားလုံး စကားပြေ
စည်စည်ဝေဝေဖြင့် ဆွမ်းကျွေးမည့်ရက်နှင့် ဆွမ်းကျွေးမည့်ဟင်းလျာ
စသော အစီအစဉ်များဘက်သို့ ရောက်ရှိသွားကြတော့သည်။

အားလုံး ဆု၏ ဆန္ဒအတိုင်း အဆင်ပြေအောင် ဆောင်ရွ
ပေးကြမည့် ဒေါ်ရွှေပွင့်တို့ မိသားစုပါ။

"ဆု ပြန်မလား၊ နေချင်သေးလားဟင်"

"ဦး သဘောပါ"

"ဆု ပြောပါ"

"ဦးက နေဆိုနေမယ်၊ ပြန်ဆိုပြန်မယ်"

"ဆု ဝမ်းနည်းမနေဘူးဆိုလျှင်တော့ ဒီမှာ ဦးက နေချင်သေး





တယ်၊ ခြံထဲမှာနေရတာ တစ်နေ့တလေ စိတ်လွတ်လပ်မှု ရမလားလို့၊
ဒါပေမဲ့ ဆုက ပြန်ချင်တယ်ဆိုလျှင်"

"ဟင့်အင်း ... ဟင့်အင်း ... ဆု မပြန်ချင်သေးပါဘူး၊ အစက
အစီအစဉ်အတိုင်း ဒီခြံမှာပဲ နားနားနေနေ နေကြပြီး ညနေကျမှပဲ
ဆုတို့ ပြန်ကြမယ်လေနော် ဦး"

ဒေါက်တာ တိုးလွင်ဦး ခေါင်းညိတ်ဖြစ်၏။

တနင်္ဂနွေမို့ ဆေးခန်းလည်း သွားစရာမလို။ ဒေဝဗ္ဗရာကလည်း
ကျယ်ဝန်းသောခြံတွင်းမှာ ပျော်ရွှင်နေ၍ ဆု မပြန်လိုတော့ပါ။ ဆု
ကိုယ်တိုင်လည်း ဆု မွေးဖွားကြီးပြင်းခဲ့ရာ ဆု၏ အိမ်ကို အသေးစိတ်
ရှာဖွေကြည့်ရှု ထိန်းသိမ်းချင်စိတ် ပေါ်လာမိသည်။

ဆု၏ အစီအစဉ်ဖြင့် ခြံတွင်းမှ လူနှစ်ဖက်စာ ခရေပင်စည်ကြီး
ဘေးမှာ ပက်လက်ကုလားထိုင်တစ်လုံး ကိုအောင်ထူးက လာချပေး
သည်။

"ဒီခရေရိပ်မှာ ဦး ထိုင်နားပါနော်၊ ဆု ကော်ဖီနဲ့ မုန့်နဲ့ ယူလာ
ခဲ့မယ်၊ ဒြော် ... ဒီနေ့ သတင်းစာလည်း ကားထဲမှာပါလာတယ်၊ ဦး
မဖတ်ရသေးဘူးလေ"

ဦးအတွက် အစစ အဆင်ပြေအောင် စီစဉ်ပေးပြီး ညီမလေး
ဒေဝဗ္ဗရာ၏ လက်ကိုဆွဲလျက် အိမ်ပေါ်သို့ ပြန်တက်ဖြစ်ခဲ့သည်။

ဆုတို့၏ အိမ်မှတံခါးများကိုဖွင့်လျက် လင်းချင်းစွာ ရှိနေသော်
လည်း ဦးအောင်သိုက်နှင့် ဒေါ်ရွှေပွင့်တို့၏ မျက်နှာမှာ ညိုးမှိန်လျှချေ
သည်။

တစ်စုံတစ်ခုကို ထိန်းသိမ်းထားရမလား၊ ဖွင့်ထုတ်ပြောရမလား
ဟူသော ဝေခွဲမရသည့် ဒွိဟစိတ်ကြောင့် အဘိုးကြီးနှင့် အဘွားကြီး
နှစ်ယောက်တို့မှာ ချောက်ချောက်ချားချား ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ကော်ဖီနဲ့ ဆင်းဒဝစ် စားနော်၊ ပြီးလျှင် တစ်ရေး ပြန်အိပ်လိုက်ဦး၊ ငါ့ညီမလေး သနားပါတယ်ဟယ်"

အိပ်ချင်စိတ် မပြေသေးသော ဒေဝစ္ဆရာကို ဆုက တစ်ချက် နမ်းလိုက်ပြီးမှ မှန့်ကျွေးထားဆဲမှာ ဖျာ၊ ခေါင်းအုံးနှင့် အညာစောင် လေးပါခြုံဖို့ အသင့်ပြင်ပေးထားသည်။ ခြံကလည်း ခြင်အပေါသား။

"ကဲ ... ကလေးကို သိပ်ပြီးလျှင် သမီးကို အဘ ပြောစရာ ရှိတယ်"

"ရှင်က ဖွင့်ပြောလိုက်တော့မလို့လား" ဟူသော အကြည့်ဖြင့် ဒေါ်ရွှေပွင့်က သူ့ခင်ပွန်းကို အမေးကြည့်၏။ ဦးအောင်သိုက်က ...

"ဒီအကြောင်း ဖွင့်မပြောလျှင် မိန်းကလေး စိတ်ထဲမှာ သူ့ အမေဟာ သူ့အဖေကိုသတ်သူအဖြစ်နဲ့ တစ်သက်လုံး မှတ်ယူသွားတော့ မယ်ကွယ်၊ တို့များလည်း အသက်ကြီးပြီ၊ ပြောသင့်ပြောထိုက်တာတော့ ပြောလိုက်တာပဲ ကောင်းပါတယ်"

"ဘာများလဲ အဘတို့ရယ်"

"သြော် ... မိန်းကလေးတို့ ငယ်ငယ်က မိဘတွေအကြောင်း ပေါ့"

"ဦးကလည်း ဆုတို့ရဲ့ အကြောင်းကို သိပ်သိချင်နေရှာတာ"

"သူ သိလို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ ဆုရဲ့ဘဝနဲ့ ဆုရဲ့ ကိစ္စမှန်သမျှ ဦး မသိလို့ သာမဖြစ်တာ၊ အားလုံး သူ သိမှဖြစ်မှာမို့ ဦးကို ခေါ်ပါရစေ"

ဒေါ်ရွှေပွင့်က တွေဝေနေသော်လည်း ဦးအောင်သိုက်က တိကျ သော ဆုံးဖြတ်ချက်များရှိဟန် မြင်ရသည်။

"ဦးကလေ ဆုရဲ့ ငယ်ငယ်က ဘဝအကြောင်း အထူးသဖြင့် ဖေဖေရဲ့ အကြောင်းကို သိပ်သိချင်နေရှာတာ၊ မေမေနဲ့ကတော့ တွေ့





[illegible]ကိုရတယ်လေ၊ အဲဒါ ဆုကိုမေးတော့ ဆုက ပြောရင်း ဝမ်းနည်းပြီး [illegible]ိုတာနဲ့ နောက်ထပ် တစ်ခါမှ မမေးတော့တာ"

"တကယ် သဘောကောင်းရှာပါတယ်ကွယ်၊ ဆုကို သူ မွေးစား [illegible]ာ ဆု တကယ်ကံကောင်းတယ်"

"ဟုတ်ကဲ့၊ ဒါကြောင့် ဆုကလည်း မေမေ့ဆီက အကုန်သိထား [illegible]ဲ့ ဆုရဲ့ ငယ်ဘဝကို ပြောပြမယ်၊ အဘကလည်း အဘတို့ ဖွင့်ပြော [illegible]င်တယ်ဆိုတဲ့ကိစ္စကို ဦး ရှေ့မှာတွင် ပြောပြကြပါ၊ ဆု ဦးကို သွား ခေါ်လိုက်ဦးမယ်နော်"

❒



www.burmeseclassic.com

www.burmeseclassic.com



## အခန်းဆယ့်ကိုး

စံပယ်လှိုင်၏ ရင်ခုန်ရပုံက သူငယ်ချင်း အေးမိ ပြောပြခဲ့ဖူးသော ရင်ခုန်ရပုံမျိုးနှင့် လုံးဝခြားနားလို့နေသည်။

အေးမိက သူ့ချစ်သူနှင့် ချိန်းတွေ့ရသောအချိန်မျိုး ချစ်သူက သူ့လက်ကလေးကို နမ်းသွားစဉ်က သူ့ရင်ထဲမှာ နွေးသွားတာလား အေးသွားတာလား မသိ၊ သိမ့်သိမ့်ခါရသော အဖြစ်များကို ပြောပြခဲ့ဖူးသည်။

ယခု ကိုလင်းမောင်မောင်သည် အဖေတို့မှ တစ်ဆင့်ခွင့်တောင်းပြီး စံပယ်လှိုင်နှင့် လက်ထပ်ရန် အားလုံးစီစဉ်ပြီးခဲ့ပြီ။

စံပယ်လှိုင်ကို ပွေ့ဖက်လျက် အကြိမ်ကြိမ် နမ်းရှိုက်ခဲ့ဖူးပါလျက် အေးမိ ပြောသော ရင်သိမ့်ခါပုံမျိုးကို တစ်ခါတစ်ကြိမ်မျှ ရင်၌မဖြစ်ထွန်းခဲ့မိ။

ရှက်ခြင်း၊ ကြောက်လန့်ခြင်းများဖြင့်သာ ရင်၌မွန်းကျပ်စွာခံစားရသည်။ အခက်အခဲ အကျပ်အတည်းတစ်ခု အတွင်းသို့ သက်ဆင်းနေရသလို ငိုချင်လာအောင် စိတ်ညစ်ရသည်ချည်းပါ။

ကိုလင်းမောင်မောင် ရောက်လာပြီး နူးညံ့ညင်သာစွာ ထွေးပွေ့





ရှိုက်နမ်းမည်ကိုပင် မိမိအား ရိုက်ပုတ်ညှဉ်းဆဲတော့မည့်သူတစ်ယောက် ရောက်ရှိလာတော့မလို ရင်ဖိုရပါဘိလေ။

"ပျော်ပျော်ရွှင်ရွှင်နေစမ်းပါ သမီးရယ်၊ ငါ့သမီးက သိပ်ကံကောင်းပါတယ်၊ အခုဆို နှစ်ထပ်ပျဉ်ထောင်အိမ် တစ်လုံးတောင် ဆောက်ပေးထားရှာတာ၊ ပြီးတော့ သမီးဖို့ဆိုလည်း လိုလေသေးမရှိ"

စံပယ်လှိုင် ဘာမှပြန်မပြောတော့ပါ။ အရာခပ်သိမ်းသည် လွန်မြောက်ပြီးဆုံးနေပြီပဲလေ။

မင်္ဂလာဦးရက်များကတော့ အမြင်သစ် လောကတွင်းသို့ တိုးဝင်ခွင့်ရခဲ့သဖြင့် ကိုယ့်ဘဝကို ကျေနပ်မိသလိုလို ဖြစ်ခဲ့ရသား။

ကိုယ်ပိုင်ကားစီးပြီး ရန်ကုန်၏ ပြင်ပသို့ သွားလည်ဖြစ်ကြသည်။ ကျိုက္ကလို့စေတီ၊ ထောက်ကြံ့ တစ်ခါတစ်ရံ ပဲခူးအထိ။

အပြန်မှာ နမ်(မ)စင်းလိုနေရာမှာ ညစာ စားခွင့်ရသည်။

တစ်ကြိမ်တစ်ခါမျှ ရောက်ဖူးခြင်းမရှိသော အင်းလျားလိပ်လိုနေရာမှာ ဒိုမိနို ဂေါ်ဇလာလို သစ်သီးစုံ နို့ရည်များ သောက်ရဖူးသည်။ ဗိုလ်ချုပ်ဈေးခေါ်သွားပြီး ထောင်ဂဏန်းနီးပါးမျှသော အဝတ်အစား အသုံးအဆောင်ပစ္စည်းများ ဝယ်ပေးရုံမက အဖေ့အတွက်၊ အမေ့အတွက်ပါ လုံချည်နှင့် ထဘီများ၊ မျက်နှာသုတ်ပဝါများကအစ ဝယ်ခြမ်းပေးလေတော့ ...

အဖေ့ မျက်နှာမှ ချမ်းမြေ့ခြင်း၊ အမေ့ မျက်နှာမှ ဝမ်းမြောက်ခြင်းတို့ကို မြင်လာရသောအခါများမှာ ...

"ဪ ... ငါ့အဖေနဲ့ ငါ့အမေ စိတ်ချမ်းသာနေတာဟာလည်း ငါ့ရဲ့ ကျေးဇူးဆပ်ခြင်း တစ်မျိုးပါပဲလေ၊ သူဟာ ငါ့ရဲ့ ခင်ပွန်းဖြစ်လာပြီ၊ ပြီးတော့ ကျေးဇူးရှင် ဖြစ်လာပြီ၊ ငါ့ဘက်က ဇနီးကောင်းတစ်ယောက် ဖြစ်နိုင်အောင် ကြိုးစားနေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူဟာ ငါ့ထက် အသက်ကြီးပေမယ့် သူ့ကို အစ်ကို လို့ မခေါ်ပါနဲ့တဲ့၊ ကိုကိုလို့ ခေါ်သံကိုလဲ ထပ်ပြီးမကြားချင်လို့ မောင် လို့ပဲ ခေါ်ပါတဲ့လေ။

"မောင် ... မောင် ခေါ်စေချင်တဲ့ မောင်လို့ပဲ ခေါ်ပါ့မယ်"

"ပြီးတော့လေ စံပယ်လှိုင်ဟာ ချစ်သူရှိခဲ့ဖူးတဲ့ မိန်းကလေးမှ မဟုတ်တာ၊ ကိုယ့်ယောကျ်ားကိုပဲ၊ မောင့်ကိုပဲ ချစ်လာနိုင်အောင် ကြိုး စားပါ့မယ်ကွယ်"

* * *

"လှိုင် ထမင်းစားပြီးပြီလား"

"ကိုယ့်ယောကျ်ားထက်ဦးပြီး ဘယ်တုန်းကများ စားဖူးလို့လဲ၊ ထမင်းပြင်လိုက်ရတော့မလားဟင် မောင်"

"လှိုင် မောင့်နား လာစမ်းပါဦး"

မောင့်ထံမှ အရက်ရနံ့သည် ချဉ်စူးစွာ ပျံ့နှံ့လာသည်။

"မောင်လို့ သုံးခွန်းခေါ်စမ်း"

"အို ... တိုးတိုးပြောပါ၊ အောက်မှာ အဖေတို့ ရှိတယ်"

"လင်မယားပဲဟာ ဘယ်သူ့ရှက်ရမှာလဲ"

"မောင်ကလည်းလေ"

"ခေါ်စမ်းပါ၊ ကိုကိုလို့ အခေါ်ခံခဲ့ရတာတွေ နားကြားပြင်းကပ် လို့"

"ဘယ်သူက ခေါ်တာလဲဟင်"

"အလကားဟာတွေပါ၊ မောင်က စံပယ်လှိုင်ကို ချစ်လို့ယူတာ၊ စံပယ်လှိုင်က သိပ်လှတယ်လေ၊ လှတော့ ချစ်တာပေါ့၊ ကဲ ... ပြော စမ်းပါ သုံးခွန်းသောစကား"





"ဘာလဲကွယ်"

"မောင်လို့ ခေါ်ပါဆို"

အရက်သောက်လွန်လာသော သူ့ကိုယ်ပေါ်မှ အင်္ကျီကိုချွတ်ပေး ပြီးတော့ သူ့စိတ်တိုင်းကျ ...

"မောင် ... မောင် ... မောင်"

"ဟေဟေး ... ဒါမှ ငါ့မိန်းမကွ"

စံပယ်လှိုင်၏ အသံ တိုးငြိမ်သလောက် သူ့အသံပြုကြီးနှင့် အော်ရယ်နေ၍ အဖေတို့ကို ရှက်ကြောက်လှပါဘိသည်။

မောင်ဆိုသော ကိုလင်းမောင်မောင်သည် သေသောက်ကြူးသူ တစ်ယောက်ဖြစ်ကြောင်း လက်ထပ်ပြီး လအနည်းငယ်အတွင်းမှာပင် အဖေတို့ ရင်မချမ်းမြေ့စွာ သိရှိခွင့်ရခဲ့ကြပါ၏။

ဒါပေမဲ့ ဘာများတတ်နိုင်ကြပါတော့မည်နည်း။

* * *

"ဒါ ... နင့်မိန်းမလား"

"ဟုတ်တယ်လေ အန်တီမြတ်ရဲ့"

"ဘယ်တုန်းက ယူလိုက်ပြန်ပြီလဲ၊ မင်းမလည်း မိန်းမယူ၀း ထမင်းစားရေသောက်ကျနေတာပဲ၊ မိန်းကလေးက ကိုယ်ဝန်တော ရှိနေပါရောလား၊ မိန်းမချောလေး၊ ဒီတစ်ခါတော့ အတည်တကျပေါင် ပါဟယ်"

"အန်တီမြတ်ကလည်းဗျာ၊ လှိုင့်ကို ကျွန်တော်က သိပ်ချစ်တာ ပါ၊ လှိုင် ဒါ ... မောင့်ရဲ့ အဖေရဲ့နှမ အပျိုကြီးလေ၊ မောင့်အဖေ ဆုံးသွားတော့ အရင်းနှီးဆုံးက ဒီက အန်တီမြတ်နဲ့ အန်ကယ် ဦးမောင် မောင်ထိုက်တို့ပဲ ရှိတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမြတ်တို့က မောင်နှမ သုံးယောက်တည်း ရှိကြတာလေ၊ အစ်ကိုကြီး ဦးအောင်ဟိန်း ဆုံးတော့ အန်တီမြတ်နဲ့ ဦးမောင်မောင် ထိုက်တို့ပဲ အရင်းရှိတယ်၊ သူကလည်း မိန်းမသားရတာ က"လေးမရဘူး၊ တို့မိသားစုထဲမှာ လင်းမောင်မောင် တစ်ယောက်ပဲရှိလို့ ဒီကောင် ဆိုးချင်တိုင်း ဆိုးနေတာ"

ဒေါ်ခင်မြတ်၏ စကားများကြောင့် စံပယ်လှိုင်သည် မောင်၏ အတိတ်လမ်းကြောင်းကို လန့်ကြောက်စွာ တွေးလာသည်။

"နာမည်က ဘယ်သူ",

"စံပယ်လှိုင်ပါရှင်"

"နေတော့ရော"

"ဘောက်ထော်မှာပါ"

"မိဘတွေက ဘာလုပ်လဲ"

"ခြံအလုပ်ပါပဲ"

အထင်သေးသော မျက်ဝန်းဖြင့် တစ်ချက်ကြည့်လိုက်ပြီးမှ ယ်ဝန်ဆောင်အင်္ကျီ အနီရဲရဲလေးဖြင့် လှပလွန်းသော စံပယ်လှိုင်၏ ဉ်နှာမှာ ရိုးသားခြင်း၊ ဣန္ဒြေရှိခြင်းများကို မြင်တွေ့လိုက်ရတော့မှ ...

"အေးလေ ဘာပဲဖြစ်ဖြစ် တစ်အိုးတစ်အိမ် ထူထောင်ပြီး ာင် သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းတာကိုပဲ အန်တီမြတ် ့က ဝမ်းသာရပါပြီ"

ဒေါ်ခင်မြတ်၏ စကားကြောင့် မောင့်မျက်နှာကို ကြည့်လိုက် တော့လည်း ခါတိုင်းလိုပင် ခပ်ပေါ့ပေါ့၊ ခပ်ပြောင်ချော်ချော် မျက်နှာ ထားမျိုးနှင့်ပင်။ အန်တီမြတ်ဆိုသော သူ့အဒေါ် အပျိုကြီးကို စလိုက် နောက်လိုက်နှင့်။

"မောင်ဟာ ဘာကိုမှ အလေးအနက်မထားတဲ့ သူပါပဲလေ၊





တော့ သူ ဘာတွေလုပ်ခဲ့သလဲ၊ မိန်းမတွေများ ရခဲ့ဖူးသလား၊ ငါ့ကို ဲ"

ဆက်မတွေးရဲ။

အငယ်အမြွှာင် သဘောဆိုလျှင်လည်း ယခုလို ပေါ်ပေါ်ထင် င် ခေါ်မည်မဟုတ်ပါ။ သူ့အပေါင်းအသင်းများ၊ သူငယ်ချင်းများ သို့လည်း သွားလာခဲ့ဖူးပြီ။ ခြံသို့လည်း မကြာခဏ ပါလာကြပါ၏။

ယခု သူ၏ အရင်းဆုံးသော မိဘသဖွယ်ဖြစ်သော အိမ်သို့ခေါ် ာခြင်းကပင်လျှင် သူ၏ တရားဝင်ဇနီးအဖြစ် ကြေညာနေကြောင်း သယဖြစ်စရာ မလိုပါချေ။

"ဒါ ... ဒါပေမဲ့ မောင်ဟာ အစက ဘာတွေဖြစ်ခဲ့သလဲ၊ ယ်သူတွေကို ချစ်ခဲ့သလဲ၊ ဘယ်နှစ်ယောက်နဲ့ လက်ထပ်ခဲ့ဖူးလို့ န်တီမြတ်က အခုလို စကားတွေ ဆီးပြောနေရတာလဲကွယ်"

"မောင် ... မောင် ဘာတွေလုပ်ခဲ့ဖူးသလဲ"

"မောင့်ရဲ့လုပ်ငန်းက ဘာလဲ"

"သူဌေးသားမှန်းတော့ သိပါတဲ့ယ်၊ ဒါပေမဲ့ မောင့်ရဲ့ အလုပ် ကိုင်က ဘာလဲ"

"မောင် ... မောင်ဟာ ဘယ်သူလဲကွယ်"

လက်ထပ်ပြီး နှစ်ဦးသား၏ မျိုးဆက်သွေးကို ရင်ခွင်လွယ်ထား ပြီးသော ကာလကျခါမှ ခင်ပွန်းသည်၏ အကြောင်းရာစုံနှင့် ခင်ပွန်း ည် ဖြတ်သန်းလာခဲ့သော ဘဝဇာတ်ကြောင်းစုံကို သိချင်နေသော း မသား။

သိခွင့်ရရှိနိုင်အောင် ကြိုးစားရဦးမည့် စံပယ်လှိုင်ရယ်လေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



အမေ ဒေါ်အေးမေသည် ၊ သမီးငယ် ဖြတ်သန်းရတော့မည့် ဒုက္ခလမ်း၏ အဝင်အဝမှာပင် ကွယ်လွန်ခဲ့ရှာသည်။

သမီးလေး စံပယ်လှိုင်သည် သူဌေးကတော်မလေးအဖြစ်နှင့် ဤလောကဝယ် တင့်တယ်စွာ ကျန်ရစ်ရှာလေသည်ဟူသော ကြည်နူးဖွယ်အသိများကို သယ်ဆောင်လျက် …

အမေသည် တမလွန်ဟူသော သံသရာခရီးရှည်ကို ဖြတ်သန်းရန် ထာဝရထွက်ခွာသွားခဲ့ရှာလေပြီ။

အမိမဲ့သောဘဝဖြင့် မိခင်သစ်ကလေး စံပယ်လှိုင်သည် …

နှလုံးသား ကိုယ်ပွားလေးတစ်ခုကို ရင်မှအန်ထုတ်လိုက်ရသည် သို့ပင်။

ချစ်မြတ်နိုးလှစွာသော သမီးဦးလေး 'မြတ်ဆုမွန်' ကို မွေးဖွားသန့်စင်ခဲ့ပါ၏။

"သမီးလေးပဲ မွေးဖွားပါရစေ"

ဟူ၍ ကိုယ်ဝန်စတင်ရှိစဉ်ကပင် စံပယ်လှိုင် ဆုတောင်းခဲ့သည်။

မိမိသည် သမီးမို့သာ မိဘနှင့် အချိန်ပြည့် ပူးကပ်ကာ ရင်အုပ်မကွာ နာခံခဲ့သော မိန်းကလေး။

သူ့လိုပင် သူနှင့်တူသော သမီးမိန်းကလေးကိုသာ ရယူချင်ပါ၏။

ဒုတိယ၊ တတိယ ကလေးများကိုတော့ သားလေးဖြစ်ချင်ဖြစ်ပါစေ၊ ပထမ ကလေးကိုတော့ သမီးလေးသာ ဖြစ်လိုပါ၏။ သို့မှသာ တစ်ယောက်တည်းသောသမီး ဖြစ်ခဲ့သည့် မိမိ၏ရင်သွေးသည် မိမိ၏ အဖော် ဖြစ်လာမည်။

သမီးဟူသည် မိခင်တို့၏ အရင်းနှီးဆုံးသောမိတ်ဆွေ၊ သူငယ်ချင်းလည်း မည်ပါလေ၏။





သို့အတွက် မြတ်သောဆုမွန်ကိုတောင်းပြီး ရရှိလာခဲ့သော သမီးဦးလေး၏ အမည်သည် …

"မြတ်ဆုမွန်"

* * *

သမီးဆိုတာ ဖခင်တို့အတွက် ရှက်စရာ။ သားရမှာသာ မျက်နှာပွင့်လန်းသည်။ အပေါင်းအသင်းတို့ အလယ်တွင် ဝင့်ကြွားနိုင်သည်။ သားရှင် သူငယ်ချင်းတို့က သမီးတောင်းကြမည့် နောက်ပြောင်မှုကို သည် မခံနိုင်။

"ရှက်တယ်ဗျာ"

ဟူသော နာကြည်းချက်ဖြင့် ထိုညက လူများဝိုင်းထမ်းလာရလောက်အောင် လင်းမောင်မောင် တစ်ယောက် အရက်တွေ အလွန်အကျွံ သောက်လာသည်။

ဆေးရုံ၌ ခက်ခဲပင်ပန်းလွန်းစွာ မီးဖွားသန့်စင်ခဲ့ရှာသော ဇနီးသည်ကိုလည်းကောင်း …

နှစ်ရက်တိုင်တိုင် ကိုလင်းမောင်မောင် လုံးဝ လာရောက်ကြည့်ရှုခြင်း မရှိခဲ့။

* * *

သမီး စံပယ်လှိုင်အတွက် စိုးရိမ်ပင်ပန်းလွန်းစွာ ဆေးရုံအောက်မှာ စောင့်နေခဲ့ရှာသော ဦးဘခင်။

ဦးအောင်သိုက်လည်း လိုက်လာသည်။

ဒေါ်ရွှေပွင့်သည် ဆုံးသွားရှာသော ဒေါ်အေးမေ၏ ကိုယ်စား



www.burmeseclassic.com

www.burmeseclassic.com



စံပယ်လှိုင်၏ မီးဖွားမှုကိစ္စ၌ ထိုက်ထိုက်တန်တန် အပင်ပန်းခံ၍ ကူညီခဲ့ရှာသည်။

ဆေးရုံတင်ပေးပြီးကတည်းက လင်းမောင်မောင် ပေါ်မလာ။

တယ်လီဖုန်းဆက်၍ မေးနေသည်ဟုသာ သိရသည်။

သားဦးမို့ အချိန်ကြာမြင့်စွာနာပြီးမှ စံပယ်လှိုင် မွေးဖွားနိုင်ခဲ့သည်။ မွေးချိန်က ညနေသုံးနာရီမို့ ဦးဘခင်တို့ ညှော်ချိန်ကုန်ဆုံးခါနီးမှာ ခပ်ကြာကြာ သမီးကို မြင်တွေ့ခွင့်ရပါ၏။

သူ လိုချင်သော သမီးလေးရသဖြင့် စံပယ်လှိုင် ပြုံးနေသော်လည်း ဦးဘခင်၏ ရင်ထဲတွင် လင်းမောင်မောင်ကို သတ်ပစ်ချင်လောက်အောင် ဒေါသထွက်နေသည်။

မီးဖွားရ၍ ပင်ပန်းနွမ်းနယ်နေရှာသော ဇနီးသည်သည် ခင်ပွန်း၏အပြုံးကို မြင်ရခြင်းထက် အစွမ်းထက်သောဆေး ဤကမ္ဘာပေါ်တွင် အမျိုးသမီးတို့အတွက် မဖော်စပ်နိုင်သေးပါ။

သမီးရှင်မို့ ကိုယ်ပိုင် အသိတရားများရှိလေ သမက်ကို ဒေါသထွက်လေ။

ထိုညက စိတ်လည်းချရပြီမို့ ဒေါ်ရွှေပွင့်နှင့် သားကြီး အောင်ကြည်တို့က ဆေးရုံမှာစောင့်၍ ကျန်ရစ်၏။

ဦးဘခင်နှင့် ဦးအောင်ဂိုက်တို့ ခြံသို့ပြန်ရောက်ချိန်မှာ ညသန်းခေါင်ရှစ်နာရီထိုးခါနီးနေပြီ။

ကိုလင်းမောင်မောင် အိမ်သို့ ပြန်ရောက်မလာသေး။

ညဦးဆယ်နာရီခွဲပြီးခါမှ တစ်လမ်းလုံး ဆူညံစွာ ကားသံနှင့် လူသံများနှင့်အတူ သူ၏ သူငယ်ချင်းများက မနည်းတွဲပြီး ခေါ်လာခဲ့ကြရသည်။

လူမှန်း မသိတသိ။





ဒီနေ့၊ ဒီရက်၊ ဒီအချိန်၊ ဒီညမှာမှ အရက်တွေမူးပြီး အပျော်ကြူးရက်သော သမက်ကို ကြည့်နေသော ဦးဘခင်၏ မျက်ဝန်းမှမီးများ ဝင်းဝင်းတောက်မတတ်ပါပင်။

ယခုပင် ဓားနှင့် အပိုင်းပိုင်းအတစ်တစ် ခုတ်၍ သတ်ပစ်လိုက်ချင်သည်။

သမီးလေး စံပယ်လှိုင်၏ မချိမဆံ့ ခံစားခဲ့ရသော ဝေဒနာကာလတွင် တာဝန်အရှိဆုံးပုဂ္ဂိုလ်၏ ရိုင်းပျသော ပျက်ကွက်မှုသည်။

"တောက် … တိရစ္ဆာန်လိုကောင်၊ ဘာအကြောင်းနာမှမရှိတဲ့ ခွေးလိုကောင်"

"ငါ့သမီးနဲ့ မြေးမလေးသာ မျက်နှာငယ် မကျန်ရစ်ဘူးဆိုလျှင် ဒင်းကို ဒီည ငါ့လက်နဲ့ သတ်ပစ်လိုက်မိမယ်"

ဦးဘခင်မှာ သမက်အပေါ် ဒေါသမီးများ ဟုန်းဟုန်းတောက်နေသော စိတ်များကြောင့် ထိုညက တစ်ညလုံး အိပ်၍မပျော်။

လင်းမောင်မောင်ကတော့ ဟောက်သံပြင်းပြင်း၊ အရက်နံ့စူးစူးဖြင့် စန့်စန့်ကြီး အိပ်မောကျလျက်။

နေ့ရက်နှင့် လများစွာ ပြောင်းလဲလာလေ လင်းမောင်မောင်၏ ဇာတိရုပ်က ပြလာလေလေပါ။

ခင်ပွန်းသည်၏ သေသောက်ကြူးသော ညများ၊ မထေမဲ့မြင် ပြောဆိုသောအခါများတွင် စံပယ်လှိုင်သည် ဖခင်ကြီး မသိတန်တာ မသိစေရအောင်၊ မကြားတန်တာ မကြားစေရအောင် ဖုံးရဖိရ ကာကွယ်ရ လုပ်နေရရှာသော သမီးငယ်၏ စိတ်ပင်ပန်းနေရမှုများသည် မကြည့်ရက်စရာ ကောင်းလောက်အောင်ပင် ဦးဘခင်၏ ရင်မှာ ဆို့နေသည်။

"အင်း … သူ့လင်၊ သူ့မယားကြားမှာ ငါ ဝင်ပါလို့လည်း မကောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ား၊ ယောက္ခမထီးကြီး ဆိုတော့လည်း သိလျက်နဲ့ အပြောခက်လှတယ်"

ငါ့အတွက် ငါ့သမီးလေးမှာ ပိုပြီးစိတ်ပင်ပန်းရ၊ တာဝန်ကြီးရ ဖေးရမရနဲ့ ဒုက္ခရောက်လှပါတယ်လေ၊ ငါ တရားကျောင်းမှာ ဆယ်ရက်စခန်း ဝင်နေလိုက်တော့မယ်။

ထိုဆယ်ရက်မှ အိမ်ခဏပြန်လာလိုက်၊ တစ်လ ဝင်သွားလိုက်၊ ခဏပြန်လာလိုက်၊ တစ်ဝါတွင်းလုံး တရားထိုင်လိုက်ဖြင့် …

နောက်ဆုံးတွင် ဦးဘခင် တစ်ယောက် ရဟန်းဘောင်သို့ လုံးလုံးလျားလျား ဝင်ရောက်သွားခဲ့ပါလေတော့သည်။

* * *

သမီးလေး မြတ်ဆုမွန် မတ်တတ်စမ်း၍ လမ်းလျှောက်တတ်သည့်အရွယ် ရောက်ခါမှပင် …

မိမိ၏ခင်ပွန်း ကိုလင်းမောင်မောင်သည် မထင်မရှား တစ်ယောက်၊ ထင်ထင်ရှားရှား နှစ်ယောက်ဖြင့် ဇနီးသုံးယောက်နှင့် ပေါင်းသင်းခဲ့ဖူးပြီးသား ယောကျ်ားတစ်ယောက်ဖြစ်ကြောင်း စံပယ်လှိုင် သိရှိခွင့်ရခဲ့လေတော့သည်။

ဘယ်ဇနီးနှင့်မှ ကလေးမရခဲ့။

အားလုံးနှင့်လည်း ပြတ်စဲကွာရှင်းခဲ့ပြီးသား။

ပစ္စည်းဥစ္စာအတွက်ချည်း ကွဲကုန်ကြသည်ဟု ယခုတော့ ဖွင့်လင်းစွာ ပြန်ပြောပြသည်။ သူဌေးသားမို့ ငွေမက်၍ယူခဲ့ပြီး သူတို့ထင်သလို ငွေမသုံးရ၍ ခွဲခွာသွားကြသည်ဟုသာ သိခွင့်ရခဲ့သည်။

ယခု စံပယ်လှိုင်ကျတော့ မျှော်လင့်ချက်နည်းလှသည်။ ပေးသမျှ ငွေမှလွဲ၍ ဘာဝယ်ပေးပါ၊ ဘာလုပ်ပေးပါဟု ဘယ်တုန်းကမှ နားမပူခဲ့။

ကိုလင်းမောင်မောင် မကြာခဏ ပေးလေ့ရှိသော ငွေငါးရာမျိုး





တစ်ထောင်မျိုးသည် စံပယ်လှိုင်တို့ သုံးစွဲခဲ့ရသော ငွေကြေးပမာဏနှင့် ဘာလျှင် များပြားလှနေပြီမို့ စံပယ်လှိုင် လောက်အောင်သုံးနိုင်ပါ၏။

မြန်မာအမျိုးသမီးတို့၏ ဖွံ့စည်းပုံ အိမ်ထောင်ရေး ဘောင်အတွင်းမှ ဇနီးကောင်းတစ်ယောက် ပီသအောင် ကြိုးစား၍နေရုံမက ခင်ပွန်းသည်ကို ချစ်နိုင်အောင် ကြိုးစားခဲ့သော စံပယ်လှိုင်၏ နှလုံးသားတွင်းသို့ …

မေတ္တာများ၊ မြတ်နိုးခြင်းများ စသော အမြတ်တရားများအစား နာကြည်းခြင်း၊ စက်ဆုပ်ခြင်း၊ မုန်းတီးခြင်းဆိုသော ခါးသီးဖွယ် ခံစားမှုများသည်သာ ဆင့်ကဲဆင့်ကဲ ဖြစ်ထွန်းနေရသော …

ကာလများစွာကို ဖြတ်သန်းပြီးချိန်မှာ …

* * *

"မောင့်ကို လှိုင် တစ်ခုမေးပါရစေ"

"ဘာလဲ"

"လှိုင့်ကို မောင် မချစ်တာတော့ သိပါပြီ၊ မောင်ရဲ့ ရင်သွေး မောင့်ရဲ့ သမီးလေးကိုရော မောင် ဘာလို့မချစ်တာလဲဟင်"

"ချစ်တယ်ဆိုတာ ဘာလဲ လှိုင်"

"ရှင်"

"ကောင်းကောင်းကျွေး၊ ကောင်းကောင်းထားပြီး မင်းတို့သားအမိ ကောင်းကောင်းနေရတာ ဘယ်သူ့ကြောင့်လဲ"

"မောင့်ကြောင့်ပါ၊ မောင်ဟာ …"

"အေး … တော်ပြီ၊ အဲဒီလိုထားတာဟာ မုန်းလျှင် ထားပါ့မလား"

"ဒါဖြင့် ချစ်လို့ပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ရှင်မင်းသား မင်းသမီးတွေမှ မဟုတ်တာ၊ ကြိုက်လိုက်တာ ချစ်လိုက်တာလို့ ပြောနေဖို့ လိုသေးလို့လားကွ၊ လှိုင် မင်းဟာ ရုပ်ကလေးလှသလောက် တယ်စိတ်ကူးယဉ်ချင်တဲ့ မိန်းမပဲ၊ ရုပ်ရှင်ရိုက်လျှင်တော့ အကယ်ဒမီရနိုင်တယ်"

"လှိုင် အမှုအရာလုပ်နေတာ မဟုတ်ပါဘူး၊ သမီးလေးကို အဖေ့ မေတ္တာ ရစေချင်လွန်းလို့ပါ"

"ဘယ်မိဘက ဘယ်သားသမီးကို မုန်းတယ်လို့ ပြောသံကြားဖူးသလဲ၊ တော်စမ်းကွာ"

သူ မတော်ခိုင်းလည်း လှိုင် တော်ပါတော့မည်။ ဖနီးနှင့်သမီးကို 'ချစ်တယ်' ဟူသော စကားလေးတစ်ခွန်းကို ပြောရမှာ ဝန်လေးတွန့်တိုနေသော ယောကျ်ား။

လက်ထပ်ထား၍သာ ခင်ပွန်းသည်ပါဟု ပြောနေရသည် အမေနှင့် အဖေတို့လို၊ ဦးအောင်သိုက်နှင့် ဒေါ်ရွှေပွင့်တို့လို အိမ်ထောင်ဖွဲ့စည်းပုံမျိုးမဟုတ်။

စံပယ်လှိုင်ကို ရခါစကတော့ မျက်စိအောက်က အပျောက်မခံသွားလေရာခေါ်ခဲ့သည်။ ကိုယ်ဝန်ခြောက်လလောက်အထိ သူ့ကားနှင့်သွားခွင့်ရပြီးနောက်ပိုင်းမှာ ...

အမေလည်းဆုံး၊ သူ့ကားလည်း ရောင်းပစ်လိုက်ရသဖြင့် စံပယ်လှိုင်ကို မြို့ထဲခေါ်မသွားတော့။

ယခု သူကိုယ်တိုင်ပါ အလာဝေးခဲ့ပြီ။

သမီးလေးနှင့်အတူ မိသားစုတို့ ဘုရားဖူး၍ တိရစ္ဆာန်ရုံသွားလိုကြောင်း စံပယ်လှိုင် အခါခါပြောသော်လည်း တစ်ခါမှ ခေါ်မသွားတော့။

ယခု သူကိုယ်တိုင်ပင်လျှင် ခြံသို့ မှန်မှန်မလာဖြစ်။





ညွှေ့သည်ကြီး တစ်ယောက်လိုပင် လာလိုက်လျှင်လည်း နှစ်ညအိပ်၊ သုံးညအိပ်ထက် မပို။

တစ်ခါတစ်ရံ တစ်ပတ်ဆယ်ရက်ထိအောင် ပေါ်မလာတတ်။ သူ့တွင် ဖနီးနှင့် သမီးလေး၏ တာဝန်ရှိသေးသည်ဟူ၍ သတိမှရရဲ့သား မသိ။

ကိုလင်းမောင်မောင် ဆိုသောသူသည် အလုပ်အကိုင်ကို ဘယ်ဘုန်းကမှ လက်ကြောတင်းအောင် မလုပ်ခဲ့။ ဘာကိစ္စကိုမှ အလေးအနက် ထားရှိသူမဟုတ်။ မေတ္တာတရား၏ လေးနက်ခြင်း၊ တုံ့ပြန်ခြင်းကိုလည်း သူ နားမလည်။ သံယောဇဉ်ဆိုသော နှောင်ဖွဲ့မှုကိုလည်း သူ့ထံမှ မည်သူ့ကိုမှ မရစ်ပတ်။ သူ့သို့လည်း ရစ်ပတ်နှောင်ဖွဲ့မခံသော လူသားတစ်ယောက်။

သူ့ရင်မှာ နှလုံးသားမပါဘဲများ မွေးဖွားလာခဲ့လေသလား။

အကယ်၍ ပါလာသည့်တိုင်အောင် ချစ်တတ်ခြင်းမရှိ။ အချစ်ကို ခံယူနိုင်စွမ်း၊ တုံ့ပြန်နိုင်စွမ်းမရှိသော တန်ဖိုးမဲ့သည့်၊ အနှစ်မရှိသည့် အကာနှလုံးသားနှင့် ယောကျ်ား။

စံပယ်လှိုင်သည် ပင်ကိုကမှ သူ့ကိုချစ်၍ ယူခဲ့ရသည်မဟုတ်။ သူ့ကို ချစ်နိုင်အောင် ကြိုးစားနေဆဲမှာပင် သူ၏ ရမ္မက်ချစ်များသည် တဖြည်းဖြည်း မှေးမှိန်ဆုတ်ယုတ်လာခဲ့သဖြင့် အချစ်နှင့် တုံ့ပြန်ခွင့်ကို မကြုံခဲ့တော့။

ယခုတော့ သူ၏ ရမ္မက်တဏှာ ချုပ်ငြိမ်းချိန်မှာ ဥပေက္ခာသည် အစားထိုး ဝင်ရောက်လာခဲ့ပြီ။

မောင်၏ ဥပေက္ခာ ကာလများအတွင်းသို့ပင် ဖွတ်တိုးဝင်၍ ...

"မောင့်ကို တစ်ခု တောင်းပန်ပါရစေ၊ သမီးလေးဟာ သိပ်ချစ်ဖို့ကောင်းပါတယ် မောင်၊ ဒီအရပ်က မူလတန်းကျောင်းမှာ ထားပါ



www.burmeseclassic.com

www.burmeseclassic.com



ရစေနဲ့၊ မောင် ပြဖူးခဲ့တဲ့ မြို့ထဲက ကျောင်းကောင်းကောင်းတွေမှာပဲ ထားပါရစေ၊ အဲဒါလေးတော့ မောင် စီစဉ်ပေးပါ မောင်ရယ်”

“မူလတန်းဆုံးအောင်တော့ ဒီမှာပဲ ထားလိုက်လေ၊ ငါးတန်းရောက်မှ”

“မဟုတ်ဘူး မောင်၊ ငယ်ငယ်လေးကတည်းက အခြေခံရအောင် ထားချင်တာ”

“ဒီမှာ”

“မောင်”

“ငါ့မှာ ကားမရှိတော့ဘူးဆိုတာ သိလျက်နဲ့ ဘာလို့ တမင်သက်သက် အရွဲ့တိုက်ပြီး ပြောနေတာလဲ”

“လှိုင့် စကားဟာ အရွဲ့တိုက်တဲ့စကား မဟုတ်ပါဘူး မောင်”

“ငါ့မှာ ကားမရှိ၊ စီးပွားပျက်ပြီး ဒုက္ခရောက်နေတာ မင်းဘာသိလဲ၊ ငါ ဘာပြောခဲ့လဲ၊ မင်းတို့သားအမိ အဝအပြဲစားဖို့ လစဉ်ငွေငါးရာပေးနေတာ တစ်ကျပ်လျှော့ဖူးသလား”

“ဟုတ်ပါတယ် မောင် ဆောက်ပေးတဲ့ အိမ်မှာနေပြီး မောင်ကျွေးတဲ့ထမင်းကို စားနေတာ လှိုင် သိပါတယ်၊ လှိုင့်အတွက်က ဒီထက်ဆင်းရဲလည်း ဖြစ်ပါတယ်၊ သမီးလေးအတွက် ပြောနေတာပါ”

“မလိုအပ်သေးဘူး၊ ဒီနားက ကျောင်းမှာပဲ အပ်လိုက်၊ လိုအပ်တဲ့အချိန်ကျမှ လုပ်ပေးမယ်၊ ကိုယ့်ယောကျ်ားမှာ ဘာဖြစ်လို့ ဖြစ်နေမှန်းလည်း မသိတဲ့ မိန်းမ”

* * *

ကိုယ့်ယောကျ်ား၏ အကြောင်းကို သိခွင့်ရရှိနိုင်အောင် အချိန်နှင့်အမျှ အတူတကွ ပေါင်းသင်းနေထိုင်ခွင့်ရရှိသော ဇနီးမယားမှ မဟုတ်သည်ဘဲလေ။





မောင့်ထံမှ မေတ္တာ၊ အကြင်နာနှင့် သံယောဇဉ်လည်း ရောက်လာ။

မောင်ကိုယ်တိုင်လည်း ရောက်မလာ။

ရောက်လာသည်က ဥပေက္ခာသာ။

မောင် ပို့သသော ဥပေက္ခာသည်သာ စံပယ်လှိုင်တို့ သားအမိမှာ ရရှိပိုင်ဆိုင်ပါလေ၏။

* * *

အလျင်တုန်းကတော့ မသွားရဲ၊ မလာရဲ၊ မသွားတတ်၊ မလာတတ်ခဲ့။

ယခုတော့ ...

“ငါ အိမ်ထောင်သည်ပဲလေ၊ ကလေးတစ်ယောက် အမေတောင်ဖြစ်နေပြီပဲ”

ဟူသော အားတင်းစိတ်များဖြင့် ခြံတွင်းမှ လမ်းထိပ်ထွက်ပြီး သိမ်ကြီးဈေးအရောက် ဘတ်(စ်)ကားစီးပြီး သုံးဘီးကားတစ်စီးကိုငှားသော့ ဦးထွန်းမြတ်လမ်းသို့ သုံးကျပ်တောင်းသည်။ ကွေ့ကွေ့ဝိုက်ဝိုက်ကားပြောင်း၍လည်း မစီးတတ်ပါသဖြင့် ကျေးဇူးတင်စွာ ငွေသုံးကျပ်ပေးပြီး ...

မောင် တစ်ခါက ခေါ်လာခဲ့ဖူးသော ကိုလင်းမောင်မောင်၏ အဒေါ်အရင်းနှင့် ဦးလေးအရင်းတို့ နေထိုင်ကြသောအိမ်သို့ မမစံပယ်လှိုင် ရောက်လာနိုင်ခဲ့ပါပြီ။

“ကျွန်မ စံပယ်လှိုင်ပါ အန် ... အန်တီမြတ်”

စံပယ်လှိုင်တို့ ဝန်းကျင်တွင် အကြီး၊ ဒေါ်လေး၊ ဒေါ်ကြီးသာ ခေါ်နေကျမို့ အန်တီဆိုသော စကားလုံးထွက်ရန် မနည်းအားယူ၍ ပြောလိုက်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးက ရှူးရှူးရှိုက်ရှိုက်ကြီးမှ ...

"ဩော် ... အေး ... ဟုတ်ပြီ၊ လင်းမောင်မောင်ရော ဘယ်မှာလဲ"

"သူ ... သူ ကျွန်မဆီ မလာတာ တစ်လနီးပါးတောင် ရှိသွားလို့ စိတ်ပူတာနဲ့ အန်တီမြတ်တို့ဆီ လာစုံစမ်းတာပါရှင်"

"သူနဲ့ တို့နဲ့ကလည်း သိပ်အဆက်အသွယ် ရှိလှတာ မဟုတ်ဘူး၊ လာချင်ပေါက်လာပြီး ပြန်ချင်တဲ့အချိန်ကျ ပြန်သွားပြန်ရော၊ အခု မင်းဆီ မလာတာ ဘယ်လောက်ကြာပြီလဲ"

"နှစ်ဆယ့်လေးရက် ရှိပါပြီ"

"နေဦး၊ ဒါဖြင့် ဒီကြားထဲမှာ ဒီကောင် တို့အိမ် ရောက်သေးတယ်ထင်တယ်၊ လွန်ခဲ့တဲ့ တစ်ပတ်လောက် ဆယ်ရက်လောက်တုန်း ရောက်လာသေးတာပဲ၊ ဟဲ့ ... တိုးလှ အပေါ်ထပ်မှာ နှင့်ဦးလေး သွားခေါ်လိုက်စမ်း၊ ငါက ခဏလာဦးလို့"

နှင့်ဦးလေး ဆိုသည်မှာ ဒေါ်ခင်ခင်မြတ်၏ မောင်၊ ကိုလင်းမောင်မောင်၏ ဦးလေး ဦးမောင်မောင်ထိုက်ပင် ဖြစ်ချေမည်။

"လင်းမောင်မောင်ကို မနည်းမေးယူရတယ်၊ မွေးတာ မိန်းကလေးဆို"

"ဟုတ်ပါတယ်ရှင့်"

"အင်း ... ဒီကောင်က သိပ်မလွယ်ဘူး၊ သိပ်ဆိုးတာ၊ တို့ယောက်မကြီးဆို သူ့သားအတွက် တငိုငိုနဲ့၊ တို့အစ်ကိုကတော့ ပြတ်တယ်၊ ဒီကောင့်ကို ဥပေက္ခာပြုထားတာ"

အပေါ်ထပ်မှ ဦးမောင်မောင်ထိုက် ဆင်းလာသည်။ နှာမည်ကြီး ရှေ့နေပီသစွာ စကားအပြောအဆို အထူးကောင်းပါ၏။

သူတို့နှစ်ဦးသည် စံပယ်လှိုင်နှင့် ဘာမှမဆိုင်ကြသော်လည်း





ယ်လှိုင်၏ ရင်သွေး မြတ်ဆုမွန်ဟူသည် သူတို့၏ တစ်ဦးတည်းသော မျိုးဆက်သွေးလေး ဖြစ်သော်လည်း ကလေး နေကောင်းရဲ့လား၊ ယ်အရွယ်ရောက်နေပြီလဲဟူ၍ တစ်ခွန်းမှ မေးဖော်မရကြ။

"ဒီလိုကွဲ့ စံပယ်လှိုင်ရဲ့၊ ဒီကောင်ရဲ့ဥာဉ်ကိုက ဘာကိုမှ တည်တကျ နေထိုင်လုပ်ကိုင်ချင်တာ မဟုတ်ဘူး၊ အိမ်ထောင်ကို ာင် အတည်တကျယူချင်တဲ့သူ မဟုတ်ဘူးလေ"

"ရှင်"

"သူယူခဲ့တဲ့ ကောင်မလေးတွေဆို ခြောက်လနဲ့ ကွာပစ်၊ ်နှစ်နဲ့ ကွာပစ်ပဲ၊ အခု စံပယ်လှိုင်ကျမှ ကွာမယ် ရှင်းမယ်လို့ သူ ပြောတာကိုတောင် ဦးတို့က အံ့သြနေမိတာ"

"ကျွန်မကို ကွာရအောင် ကျွန်မမှာ ဘာအပြစ်ရှိလို့လဲရှင်" ဟူ ာ စကားသည် ရင်၌အုံကြွနေသော်လည်း ပြောမထွက်၊ မပြောရဲ။

"အခု မင်း ဒီကို ဘာကိစ္စနဲ့ လာတာလဲကွဲ့"

"ကျွန်မ ယောကျ်ား ပြန်မလာတာကြာလို့ စိတ်ပူပြီး လာမေး ာပါရှင်"

"အေး ... တို့နဲ့လည်း သိပ်အဆက်အသွယ် မရှိဘူး၊ ဒါပေမဲ့ ်တစ်ပတ်က သူ လာပြောသွားတာက သူ ကျိုင်းတုံသွားမလို့တဲ့"

"ကျိုင်းတုံ၊ ကျိုင်းတုံဆိုတာ ဘယ်မှာလဲဟင်"

"အရှေ့ပိုင်း ရှမ်းပြည်နယ် ဟိုးအဝေးကြီးမှာ၊ ဒီကောင် သူ့အဖေရဲ့ ကိုရောင်းပြီး ဖဲကစားတာ၊ အင်း ... ဂျင်ကစားတာ သိန်းချီရှုံးသွား ယ်လေ"

"အို"

"မင်း မသိဘူးလား"

"ကျွန်မ ဘာမှမသိရပါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်ထိုက်သည် စံပယ်လှိုင်၏ ရိုးသားသန့်စင်သော မျက်နှာလေးကို သေချာစွာ ကြည့်ရှုလေ့လာပြီး ခါတိုင်းခါတိုင်း လာ နေကျ မိန်းကလေးများလို နစ်နာကြေးတို့၊ လျော်ကြေးတို့ ကွာရှင်း ပေးလျှင် ဘယ်လောက်ပေးပါတို့ဆိုသော စကားမျိုး တစ်လုံးမှ မပြော ကြားရှာသူလေးမှန်း သိပါလျက် ...

"သုံးဖို့ ငွေတွေဘာတွေ လိုသေးလို့လား"

"အို ... မဟုတ်ပါဘူး၊ ကျွန်မ လုံးဝ ငွေမလိုပါဘူးရှင်၊ အခု လာတာ သူ့ကို စိတ်ပူလွန်းလို့ လာခဲ့တာပါ"

"အေး ... မပူနဲ့၊ ဒီကောင်က မင်းလို ရိုးသားတည်ငြိမ်တဲ့ မိန်းကလေးနဲ့ ထိုက်တန်တဲ့ကောင် မဟုတ်ဘူး"

"ရှင်"

"သူ့ထိုက်နဲ့သူ့ကံ ထားလိုက်၊ မင်းကို တရားဝင် ယူထားတာ ပဲ၊ အချိန်တန်တော့လည်း ရသင့်ရထိုက်တာ ရလာမှာပေါ့ကွယ်"

"ကျွန်မ ငွေလိုချင်လို့လည်း မဟုတ်ပါဘူး၊ သူ့ထိုက်နဲ့သူ့ကံ ဆိုပြီးတော့လည်း ကိုယ့်ယောကျ်ားကို ဥပေက္ခာမပြုနိုင်ဘူး"

"အေး ... ဖြေပုံလေး ကြိုက်သကွယ်၊ မင်းက ဥပေက္ခာမပြု နိုင်ပေမယ့် သူက ဥပေက္ခာပြုနေတာပဲ"

"ဒီမှာ ဦးရယ်"

"ပြောပါ"

"မျက်နှာချင်းဆိုင် နေခွင့်ရပြီး ညှဉ်းဆဲနေတာကမှ တော်ဦး မှာပါ၊ သမီးလေးကလည်း အဖေကို မျှော်လှပါပြီ၊ ခုတော့ လူသား တွေရဲ့ ရက်စက်မှုအားလုံးထဲမှာ ဥပေက္ခာအပြုခံရတာ အဆိုးဆုံးပဲ ထင်ပါရဲ့နော်"





ရှေ့နေကြီး ဦးမောင်မောင်ထိုက်က ခေါင်းတဆတ်ဆတ် ညိတ်ပြီး ထောက်ခံသည်။

လင်းမောင်မောင် ဖန်တီးထားသော ဥပေက္ခာလွင်ပြင်မှာ ဤ သားအမိအတွက် နာကျင်ကြေကွဲမှုအပေါင်းကို ခံစားနေရပါကြောင်း ဦးမောင်မောင်ထိုက် နားလည်ခဲ့ရပါလေပြီ။

လင်းမောင်မောင်နှင့် ဆက်သွယ်မှုရလျှင်ရခြင်း အကျိုးအကြောင်း ပြောပြပါမည်။ စံပယ်လှိုင်တို့ထံ ပြန်ရန် အမြန်ဆုံး လွှတ်ပေးပါမည် ဟု၍ ဦးမောင်မောင်ထိုက်က စံပယ်လှိုင်အား နှစ်သိမ့်လိုက်သော်လည်း စံပယ်လှိုင်မှာ ထိုနေ့က မျက်ရည်စက်လက်နှင့် ဘောက်ထော်ခြံသို့ ပြန်ခဲ့ရပါ၏။

* * *

ခြံမှအပင်များ ကိစ္စအပြင် သမီးလေး မြတ်ဆုမွန်၏ ကျောင်း ကိစ္စ၊ သားအမိနှစ်ယောက်၏ ဖျားရေး၊ နာရေးကိစ္စများ ဖြစ်လာ၍ တစ်ဘက်ခြံမှ အကြီး ဒေါ်ရွှေပွင့်တို့ မိသားစု၏ အကူညီကို မယူ၍ မဖြစ်။

အဘ ဦးအောင်သိုက်နှင့် သားနှစ်ယောက်က ခြံလုပ်ငန်းကို ဆောက်ချလုပ်၏။ အကြီးဒေါ်ရွှေပွင့်က ထမင်းဟင်းချက်သည်၊ အငယ် နှစ်ယောက်က မနက်ဆိုလျှင် ခြံထွက်သီးနှံများကို ကိုယ်တိုင်ဈေးသို့ သွားရောင်းကြပြီး နေ့လယ်မှ ပြန်လာကြသည်။ တစ်ခါတစ်ရံ နှစ်ချက် သုံးနာရီလောက်မှ ပြန်ရောက်တတ်ကြ၍ ပေါ့ပေါ့ပါးပါး ခိုင်းစရာရှိ လျှင် ...

အောင်ကြည့်နှင့် အောင်ထူး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ညီအစ်ကိုသည်သာ စံပယ်လှိုင်တို့ သားအမိအတွ
အားထားရာ။

ကိုလင်းမောင်မောင်သည်မူ ...

ကျိုင်းတုံမှ ပြန်ရောက်လာပြီး အိမ်မှာ တစ်ပတ်လောက် လ
နေလိုက်သေးသည်။

ပြီးတော့ ပျောက်သွားလိုက်၊ ပြန်လာလိုက်နှင့်ပင် ကာလများ
ကို နင်းကျော်ဖြတ်သန်းခဲ့ကြသည်။

"ဟို အောင်ကြည်ဆိုတဲ့ကောင်ကို ထမင်းနေ့တိုင်း ကျွေး
သလား"

"မဟုတ်ပါဘူး၊ မောင်ရယ်၊ မိုးကျလာတာနဲ့ ပေါင်းတွေ
ိုင်းလို့ပါ၊ မနေ့ညနေက မောင် လာမယ်ထင်ပြီး ချန်ထားတဲ့ ဟင်
တွေလည်း ပိုနေတာနဲ့ ထမင်းစားခိုင်းလိုက်တာပါ"

"ဒီကောင်က မောင် မစားလျှင် သူ စားရတယ်ပေါ့ ဟုတ်
လား"

ရင်မှာ ဖျင်းခနဲ ဖြစ်သွားမိသည်။ ဘယ်လိုသဘောနဲ့ ဒီစကား
မျိုး ပြောတာလဲလို့ မေးပစ်လိုက်ချင်သည်။ စံပယ်လှိုင် ထင်မိသ
သူ့စကားက စွပ်စွဲခြင်းဆန်စွာ အောက်တန်းကျလိမ့်မည် မဟုတ်
လည်း သင့်မျှစွာ တွေးပေးမိသည်။

နောက်ပြီး စံပယ်လှိုင်၏ သိက္ခာတရားကိုလည်း စံပယ်လှိုင်
ကိုယ်တိုင် သိပြီးသား။

မောင်ဆိုသော ကိုလင်းမောင်မောင်ကို ကြည့်နေမိသည်။ သူ့
အကြည့်ကြောင့် လင်းမောင်မောင် ဘာမှထပ်မပြောတော့။ စံပယ်လှိုင်
၏ မျက်နှာတွင် မြင်ရခဲ့သော ဒေါသမျက်ဝန်းကြောင့်လည်း သူ
လျှော့လိုက်တာ ဖြစ်လေမည်။





"မောင်"

သူ မထူးဘဲ စံပယ်လှိုင်ကို ငြိမ်သက်စွာ လှည့်ကြည့်လာသည်။

"သမီးလေးဟာ အပျိုပေါက်ကလေး ဖြစ်လာပြီ မောင်၊ လူ
ရှိသေးရင်ရှိသေးဖြစ်အောင် အမေနဲ့ အဖေနဲ့ ရင်အုပ်မကွာ နေသင့်ပါ
တယ်"

"အဲဒါ တောစကားတွေ တောမှာပဲပြော"

"ဘာ"

"ဒီနေ့ခေတ်က ကိုယ့်ဘဝကိုယ် စွမ်းဆောင်ကြရတာ၊ မိန်းကလေး
လည်း အိမ်တွင်းပုန်းတို့၊ မိဘနဲ့ ရင်အုပ်မကွာတို့ ထားစရာမလိုဘူး၊
အနောက်နိုင်ငံမှာဆို အရွယ်ရောက်လာတာနဲ့ သူတို့ဘဝ သူတို့ ဖန်တီး
ကြရတယ်"

"ဟုတ်ပါတယ်၊ အဲဒါက အနောက်နိုင်ငံပါ၊ ဒီဟာက အရှေ့
ပါ၊ မြန်မာနိုင်ငံပါ မောင်၊ မြန်မာ့ဓလေ့ထုံးစံကို မြန်မာမတွေပယ်လျှင်
ဘဝပျက်တတ်တယ် မောင်ရဲ့"

"လှိုင် မင်းစကားက ဒီခြံ၊ ဒီရွာ၊ ဒီအရပ်မှာပဲပြော ကြားလား၊
အဲဒါတွေ ခေတ်ကုန်ပြီကွ"

"ကြည့်စမ်းပါဦး၊ သမီးအတွက် ပူပန်ဖော်မရတဲ့အပြင်၊ အို ...
တော်ပါပြီလေ၊ ခံယူချက်ခြင်းမတူတဲ့လူနဲ့ ငြင်းနေလို့လည်း အပိုပါပဲ"

"သိပ်ကြီးကျယ်မနေစမ်းပါနဲ့ လှိုင်"

စံပယ်လှိုင် ဆက်ပြောမနေတော့ပါ။

သူ့ဝေယျာဝစ္စများကို ခါတိုင်းအတိုင်းပင် စံပယ်လှိုင် လုပ်ပေး
ခဲ့ပါသည်။

ထိုညက ညစာစားပြီးမှ၊ အိပ်ရာခင်းပြီးမှ သူ ဘာစိတ်ကူးပေါက်
လာသည်မသိ ပြန်တော့မည်ဟု ပြင်ဆင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မှောင်ပဲမှောင်နေပြီ မပြန်ပါနဲ့တော့လား မောင်ရယ်"

တားချမရ။

လင်းမောင်မောင်၏ စရိုက်က သူ လုပ်ချင်သောကိစ္စကို ဘယ်သူကမှ တားချမရ။ ဒါကြောင့်လည်း မိဘက စွန့်ပစ်မထားရုံတမည်သာ သူ့ကို ဥပေက္ခာပြုပြီး ပြန်ချင်တဲ့အချိန်ပြန်၊ သွားချင်တဲ့ဆီသွားဆိုပြီး လွှတ်ထားရသည့် သားမိုက်တစ်ဦး။

စံပယ်လှိုင်ကို ချစ်ကြိုက်စဉ်ကလည်း သေတော့မတတ်။

ငွေကြေးများ ပုံအောသွန်လောင်း၍ အမေမှတစ်ဆင့် စံပယ်လှိုင်ကို အရယူခဲ့သည်။

ယခုတော့ စိတ်ကုန်ပြီထင်ပါ၏။

"ဤအချိန်မျိုးကျပြန်တော့လည်း ငါ ချစ်လို့ယူထားတဲ့ မိန်းမ မိဘ၊ ညီအစ်ကိုမောင်နှမ မရှိရှာဘူး၊ ငါ့ပဲ အားကိုးနေရတာ၊ အခုဆို သမီးလေးတောင် အရွယ်ရောက်လာပြီ"

ဟူသော ရင့်ကျက်ဖွယ် အတွေးများ လုံးဝမတွေး၊ စာနာကရုဏာစိတ် အလျှင်းမရှိ။

သူ့ဆန္ဒတစ်ခုကိုသာ ရှေ့တန်းတင်တတ်သည့် ယောကျ်ား အမျိုးအစား။

သူ့ပတ်ဝန်းကျင်မှာ ဘာကြီးပဲဖြစ်နေဖြစ်နေ သူ လုပ်ချင်ပြီဆိုလျှင် ထလုပ်မည်။ ဘယ်သူမှ တားချမရ။

သူ့ဘက်ကျတော့ ဆတ်ဆတ်ထိမခံ။ အနစ်နာခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အလိုလိုက်ပေးခြင်း ဆိုသည်များမှာ လင်းမောင်မောင်၏ ကမ္ဘာတွင် မကြားဖူးသောစကား။

"မောင် ရန်ကုန်ထဲ ပြန်မှာလား၊ ခရီးထွက်ဦးမှာလားဟင်"

"ရန်ကုန်ထဲတွင်ပါ"





"ဒါဖြင့် နှစ်ရက် သုံးရက်လောက်နေလျှင် မောင် ပြန်လာမှာပါနော်"

"ဘယ်ပြောနိုင်မလဲ"

"မောင်ရယ်၊ လှိုင်တို့ သားအမိကို အကြာကြီး ဥပေက္ခာပြုမထားပါနဲ့နော်"

"ဥပေက္ခာ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဥပေက္ခာဆိုတာ ပစ်ပယ်ထားတယ်ဆိုတာထက် ပိုပြီးလေးနက်တဲ့ ပါဠိစကားပါ"

"ဟေ့ ... ဘုန်းကြီးသမီးပီပီ ဥပေက္ခာတို့၊ မုဒိတာတို့၊ ဘာတို့ ညာတို့ ငါ့ကို ပြောမနေနဲ့၊ ငါ နားမလည်ဘူး၊ တကယ် အောက်တန်းကျတဲ့ မိန်းမ"

သူ ထွက်သွားတော့ အံကို တင်းတင်းကြိတ်လိုက်မိသည်။ ရင်သည် ဒေါသကြောင့် ဆတ်ဆတ်ခုန်နေ၏။

မျက်ရည်တစ်စက်မှမကျဘဲ တောင့်တောင့်ကြီး ရပ်နေဆဲ။ ငိုက်သံနုနုလေးက အဆက်မပြတ် ပျံ့လွင့်လာသည်။

"ဟင် ... သမီး ... သမီးလေး ... ဆု၊ ငိုနေတယ်လားကွယ်"

သည်တော့မှ သမီးကိုဖက်ပြီး နာကြည်းကြေကွဲစွာ စံပယ်လှိုင် ငိုရှိုက်မိပါလေတော့သည်။

* * *

စံပယ်လှိုင်တို့ ခြံလို လမ်းထိပ်နှင့် မနီးလှဘဲ အတွင်းထဲမှ ဦးရွှေဝွန်းခြံတွင် ကုက္ကိုတစ်ပင် လဲသည်။

ပင်စည်ကိုဖြတ်ပြီး ရောင်းသဖြင့် ဦးအောင်သိုက်တို့လည်း လည်းတစ်စီးတိုက်ဝယ်၊ စံပယ်လှိုင်လည်း လှည်းတစ်စီးစာ ဝယ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြံရှင်က သူ့နွား၊ သူ့လှည်းနှင့် အရောက်ပို့ပေးခပါ ပေးကြ ရသည်။

စံပယ်လှိုင်တို့ နှစ်အိမ်လုံး ထင်းနှင့်သာ ထမင်းဟင်း ချက်ကြ ပါ၏။ ကုက္ကိုသားသည် ခြံသမားအတွက် ထင်းအဖြစ်မှလွဲ၍ အသုံး မဝင်လှ။

"လှိုင့်ကို ထင်းပေါက်မယ့်သူ ရှာပေးစမ်းပါ အကြီးရယ်"

"တခြား ရှာမနေပါနဲ့ အေရယ်၊ အောင်ထူးကိုပဲ ခိုင်းပါလား အိမ်မှာလည်း သူပဲ ပေါက်နေတာပဲ၊ ဒီကောင်က ဗလကကောင်းတဲ့ ဘိနဲ့"

"နေပါစေ အားနာစရာ"

"အားနာစကား မပြောပါနဲ့အေ၊ တို့မှာ စောင့်ရှောက်ရမယ့် ဝတ္တရားလည်း ရှိပါတယ်၊ ညည်း အားနာလျှင် အောင်ထူးကို မုန့်ဖိုး လေး ပေးလိုက်လေ၊ အများကြီး မလိုပါဘူးနော်"

"ဟုတ်ကဲ့ အကြီးရှေ့မှင့်၊ ဒွါဆို အောင်ထူး အားတဲ့အချိန် ထင်းလာပေါက်ပေးဖို့ ပြောပေးပါနော်"

အပေးအယူ တည့်သွားကြသဖြင့် အောင်ထူးသည် ထင်းပေါက် ပေးနေပြီး သုံးရက်မြောက်နေ့တွင် ဖြစ်ပါ၏။

အဖေ ဦးဘခင် လက်ဟက်ကပင် သွေးထား သထားသော သံကောင်းကောင်းနှင့် ပုဆိန်ကြီးတစ်လက် ရှိသည်။ ထိုပုဆိန်နှင့်ပင် အောင်ထူးကို ထင်းပေါက်စေခဲ့ပါ၏။

အောင်ကြည်က ထင်းများကို အိမ်တွင်းသို့ သယ်ယူလာပြီး ထင်းစင်မှာ စီပေး၏။ ကျပ်ခိုးစင်မှာ တင်ပေး၏။

"အောင်ကြည် ထမင်းစားသွားဟယ်"

"နေပါစေ အစ်မလှိုင်"





"အို … စားသွားပါ၊ ငါးပနော်လေး ရေချိုချက်ထားတယ်၊ ဗန်ခါးသီး တို့စရာနဲ့ နင်တို့ဖို့ပါ ပိုချက်ထားတာ၊ စားသွား ငါ့မောင်၊ စားသွား"

ပြောပြောပြင်ပြင်နှင့် ထမင်းဝိုင်းပြင်ပြီး အောင်ကြည်ကို ကျွေးနှင့်သည်။ အောင်ထူးကတော့ ဒီတစ်တုံးပြီးမှ ရေချိုးပြီးမှစားမည်ပြော၍ ခေါ်မရ။

အောင်ကြည် ထမင်းစားနေစဉ် အငှားကားတစ်စီးဖြင့် ရောက်ရှိလာခဲ့သော ကိုလင်းမောင်မောင်ရယ်လေ။

စံပယ်လှိုင်အတွက် ဘဝပျက် အသက်ဆုံးစေမည့် ကြောက်မက်ဖွယ် အန္တရာယ်ဆိုးကြီးပါ သူနှင့်အတူ ပါရှိလာပေလိမ့်မည်ဟု စံပယ်လှိုင် မသိခဲ့။

"အောင်ကြည် ထားခဲ့၊ ထားခဲ့"

စားပြီးစမို့ ထမင်းဝိုင်းကို အောင်ကြည် မသိမ်းစေချင်။

"ရပါတယ် အစ်မလှိုင်ရဲ့"

"မဟုတ်ဘူး ထားခဲ့စမ်းပါ"

စံပယ်လှိုင်၏ စကားအဓိပ္ပာယ်ကို နားမလည်ရှာသော အောင်ကြည်က သူ့ကို အားနာ၍ထင်သဖြင့် ထမင်းဝိုင်းသိမ်း၊ ပန်းကန်ဆေး၊ ပန်းကန်တွေ ကြောင်အိမ်ထဲထည့်ပြီး ထမင်းစားပွဲခုံတို နံရံ၌ထောင်ပြီး အိမ်နောက်ဖေးဘက်မှ ဆင်းသက်သွားတော့သည်။ သူ ဒီနေ့ ရန်ကုန်ထဲ သွားစရာရှိတယ်ဟု စံပယ်လှိုင်ကို ပြောပြီးသား။

"ဟိုကောင်က ထမင်းစားရုံမကတော့ဘူး၊ အိမ်သားတစ်ယောက်လို ဖြစ်နေပြီလားဟင် စံပယ်လှိုင်"

"ခရီးရောက်မဆိုက်ကြီး အဲဒီစကားမျိုးတွေ မပြောပါနဲ့ မောင်ရယ်၊ ထိုင်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရော"

"ကျောင်းသွားတယ်လေ"

"အိမ်မှာ လှိုင် တစ်ယောက်တည်းပေါ့"

"တစ်ယောက်တည်းမနေလို့ ဘယ်သူနဲ့ နေရမှာလဲ၊ ကိုယ့်လင်က ကိုယ့်ပစ်ထားတဲ့ဥစ္စာ"

"ဒါလား ပစ်ထားတာ၊ မင်းတို့ စားစရိတ်၊ သောက်စရိတ် အကုန်ပေးနေတာပဲ၊ မင်းဝတ်ဖို့လည်း သောင်းဂဏန်းတန်တဲ့ စိန်၊ ရွှေ ငါ ဆင်ထားတာပဲ၊ ဒါ ဘာပစ်ထားတာလဲ"

"ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ မိန်းမဆိုတာ ကိုယ့်ယောကျ်ားနားမှာပဲ ကိုယ်နေချင်တာပဲ"

"မင်းဘဝက ပိုပြည့်စုံမနေဘူးလားဟင် လှိုင်"

"မောင် ဘာကိုပြောတာလဲ"

ကိုလင်းမောင်မောင်၏ မျက်နှာသည် နီမြန်းနေပြီး ကြောက်စရာကောင်းလောက်အောင် ဒေါသထွက်နေသဖြင့် စံပယ်လှိုင် နားမလည်နိုင်တော့။

ယခင်တစ်ခါ အောင်ကြည့်ကို ထမင်းကျွေးစဉ်က "ဒီကောင်က မောင်မစားလျှင် သူစားရတယ်ပေါ့ ဟုတ်လား" ဆိုသော စကားကို ပြောကြားစဉ်ကထက်ပင် သူ့မျက်နှာက ရုန့်ရင်းကြမ်းတမ်းနေသည်။

စံပယ်လှိုင်သည်လည်း အလျင်တစ်ခါလို မသိယောင်ဆောင်ပြီး မနေလိုက်ချင်တော့၍ ထပ်မေးဖြစ်၏။

"မောင် ဘာကိုပြောတာလဲလို့"

"ဘာပြောရမလဲ၊ ငါက မင်းတို့ သားအမိ စားဖို့ အတောင့်ပေးထားကို မင်းက မင်းအကောင်တွေ စောင့်ကျွေးနေ"

"ဘာ"





"ဘာ ... ဘာလဲ၊ မင်းလင်တွေလေ၊ နောက်ဖေးမှာတစ်ယောက်၊ ဟိုအိမ်ရှေ့မှာ တစ်ယောက်"

"ဟင် ... ဟင် ... ကြည့်စမ်း၊ ဒီကောင်လေးတွေနဲ့က မွေးကတည်းက အတူနေလာခဲ့ကြတာ၊ မောင်နော် မစော်ကား မစွပ်စွဲနဲ့၊ လှိုင်က မိကောင်းဖခင်သမီး သိလား"

"ဘုန်းကြီးသမီးကများ"

စံပယ်လှိုင် အသားဆတ်ဆတ် တုန်နေဆဲ ...

"ငါ မရှိတုန်းအချိန်မှာ ဒီကောင်လေး နှစ်ကောင်နဲ့ မင်း ဖြစ်ချင်သလို ဖြစ်လို့ရနေတာပဲ"

"ကြည့်စမ်း ... ရှင် ခွေးစကားမပြောနဲ့"

"ဟုတ်တယ် ဒီကောင်နှစ်ကောင်နဲ့နေတာ ငါ သံသယဖြစ်လာတာ ကြာပြီ၊ မြတ်ဆုမွန်တောင် ငါ့ကလေးမှ ဟုတ်ရဲ့လားမသိဘူး"

"ဖြန်း"

"ဖြန်း"

ဆိုသော အသံနှစ်ချက် ဆင့်ထွက်ချိန်နှင့်အတူ လင်းမောင်မောင်၏ မျက်နှာလည်း ဘယ်ပြန်ညာပြန် လည်ထွက်သွားသည်။

စံပယ်လှိုင်က အားနှင့် ပါးရိုက်ချလိုက်သည့်အတွက် မိမိ၏ ကိုယ်ခန္ဓာကို တုတ်၊ ဓား၊ လက်နက်တို့ဖြင့် ရိုက်နှက်သည်ထက်ပင် အဆပေါင်း တစ်ရာ၊ တစ်ထောင်မက နာကျင်စေသော၊ မိမိ သိက္ခာကို ရိုက်ချိုးဖျက်ဆီးခဲ့လေသည့် စကားများကြောင့် ...

စံပယ်လှိုင်၏ အပြုအမူကြောင့် လင်းမောင်သည် ရုတ်တရက် ကြောင်၍ ရပ်နေပြီးမှ သူ၏ ဒေါသသည် လောင်စာနှင့်ထိတွေ့သော မီးလိုပင် ဝုန်းခနဲ တောက်လောင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



စံပယ်လှိုင်၏ မျက်နှာကို လက်ပြန်ဖြတ်၍ ရိုက်ချပစ်လိုက်သည်။ လည်ထွက်သွားသော်လည်း လဲကျခြင်းမရှိသေး။

"နင်လို ကောင်မက ငါ့ကို ပါးရိုက်ဝံ့တယ်လားဟင်၊ ရိုက်ဦးဟ၊ ရိုက်ဦးဟာ"

"အား ... အား"

"အမလေး"

"သေပါပြီ"

ဆိုသော စံပယ်လှိုင်၏ အော်သံနှင့် ဒေါသတကြီး ပြောသံ၊ ဆဲသံ၊ ရိုက်နှက်သံများနှင့်အတူ 'ဝုန်း' ဆို ပြိုလဲကျသွားသော အသံများကြောင့် ...

စံပယ်လှိုင်တို့၏ ခြံထဲတွင် စံပယ်လှိုင်၏ ပုဆိန်ထက်ထက်ဖြင့် ထင်းပေါက်ပေးနေသော အသက်ဆယ့်ခုနစ်နှစ်ရွယ် အောင်ထူးသည် အိမ်သို့ အလန့်တကြား ပြေးတက်လာခဲ့သည်။

သူ့လက်တွင်းမှာ ပုဆိန်ကြီး တန်းလန်းနှင့်။

ချထားခဲ့ဖို့ မေ့သွားသဖြင့် ကိုင်ဆွဲပါလာခဲ့ခြင်းပါ။

ထိုအချိန်မှာ စံပယ်လှိုင်သည် ကြမ်းပြင်ပေါ်၌ လဲနေပြီ။

ကိုလင်းမောင်မောင်သည် သူ့ကို ပါးရိုက်ရကောင်းလားဟူသော ဒေါသစိတ်က စံပယ်လှိုင်ကို အစိမ်းလိုက် ဝါးစားပစ်ချင်လောက်အောင် စိတ်ရိုင်းဝင်နေပြီ။

ဒီမိန်းမကို စိစိညက်ညက်ကြေအောင် ပိုင်းဖြတ်ခုတ်ထစ် သတ်ပစ်ချင်သော မျက်နှာကြီးကို စံပယ်လှိုင်ရော အောင်ထူးရော ကျောစိမ့်အောင် မြင်နေရသည်။

အိမ်ရှေ့ဆီမှ အရိပ်တစ်ခုကျလာသဖြင့် ကိုလင်းမောင်မောင် လှည့်ကြည့်လိုက်တော့ ပုဆိန်ကြီးကိုင်လျက် ရပ်နေသော အောင်ထူး။





"ဒီခွေးမသားကပါ ငါ့ကို သတ်ချင်သေးလို့လား၊ ပေးစမ်း"

လူကြီးနှင့် ကလေး။

သွေးဆူနေသူနှင့် အံ့ဩနေသူနှစ်ဦး ဖြစ်နေကြသည့်အတွက် ကိုလင်းမောင်မောင်က အောင်ထူးလက်မှ ပုဆိန်ကို ဆတ်ခနဲ ဆွဲယူလိုက်သည်နှင့် အလွယ်တကူ ပါသွားခဲ့လေပြီ။

စံပယ်လှိုင်သည် မိမိ၏ အန္တရာယ်အတွက် ကြောက်လန့်ခြင်းကြီးစွာဖြင့် လဲနေရာမှ ကသုတ်ကရက် ကျုံး၍ထကာ သူ့ဘက်သို့ ပုဆိန်ဖြင့် လှည့်ရွယ်လာသော ကိုလင်းမောင်မောင်ကို အတင်းဝင်ပူး၍ လုံးသတ်သည်။

ခြံစိုက်သမလေး စံပယ်လှိုင်၏ အင်အားက မသေးလှ။

လူနှစ်ယောက် ရင်ချင်းအပ် ပူးကပ်သွားသဖြင့် ကိုလင်းမောင်မောင် မြှောက်ရွယ်ထားသော ပုဆိန်သည် ချိန်သားမကိုက်တော့။ စံပယ်လှိုင်သို့ အနည်းငယ် ထိရှသွားသည်။

လှမ်းခုတ်ရမည့် သူ၏ သားကောင်သည် သူ၏ လက်တစ်ကမ်းစာ အကွာမှာမရှိဘဲ သူ့ရင်ခွင်တွင်းမှာ သူ့ကို ဖက်တွယ်တိုက်ခိုက်နေသဖြင့် ...

ပုဆိန်က လွတ်ကျသွားတော့သည်။ စံပယ်လှိုင့်တို့ အိမ်က ရာထိုးခင်းမဟုတ်။ ပျဉ်ပြားများ ခင်းထားသဖြင့် နှစ်ကြာလာတော့ ပျဉ်များက ပို၍ကျဲလာသည်။ ပုဆိန်ရိုးသည် ကြမ်းကြားမှာ ဝင်စိုက်ပြီး အသွားက အပေါ်မှာ ချွန်မြိုင်မြိုင်စွာထောင်လျက် ရှိနေသည်ကို ဘယ်သူမှ သတိမထားမိကြ။

"တော်ကြပါဗျာ၊ တော်ကြပါ"

"အစ်ကိုရယ် အစ်မလှိုင်ကို မရိုက်ပါနဲ့ဗျာ၊ မရိုက်ပါနဲ့"

အောင်ထူးကလည်း အတင်းဝင်ဆွဲ၏။

www.burmeseclassic.com



စံပယ်လှိုင်က သားကောင်၊ ခံနေရသော မိန်းကလေး၊ လွတ်လမ်းရှာရင်း ရုန်းကန်နေရသူ။

ကိုလင်းမောင်မောင်က မိသည့်နေရာကိုဆွဲရိုက် ထိုးကန်နိုင်ရန် ကြိုးစားလှုပ်ရှားနေသော ဒေါသမုဆိုး။

အောင်ထူးက သူ့အစ်မ မနာရန် ကြားဝင်ခံရင်း ကိုလင်းမောင်မောင်ကို အတင်းဖက်၊ အတင်းဝင်လုံး၊ အတင်းလိုက်ဆွဲနေသည့် ကောင်လေး။

သုံးယောက်သား တစ်လုံးတစ်ထွေးကြီး ဖြစ်ပြီးချိန်မှာ နှစ်ယောက်အားနှင့် တစ်ယောက်အားမမျှ၍ ကိုလင်းမောင်မောင် လဲကျသွားတော့သည်။

ကျုံ့က ပက်လက်၊ ကျောနှင့် ပစ်ကျသွားခြင်း။

ကိုလင်းမောင်မောင်၏ ကိုယ်ပေါ်မှာ စံပယ်လှိုင်။

စံပယ်လှိုင့် အပေါ်မှာ အောင်ထူး။

ကိုလင်းမောင်မောင် လဲကျသွားမှ အောင်ထူးက ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။ ဒဏ်ရာရထား၍ နာကျင်နေသော စံပယ်လှိုင်က မထနိုင်သေးမီမှာပင် ...

"အင့် ... အင့် ... အ"

ဆိုသော အသံနက်ကြီး , ကိုလင်းမောင်မောင်ထံမှ မချိမဆံ့ ထွက်လာသည်။

မျက်လုံးကြီးက အပြူးသားနှင့်။

ထောက်ထားမိသော စံပယ်လှိုင်၏ လက်မှာ ပူနွေးစေးထန်းသောအရာများ စီးစိမ့်ခြင်းခံလိုက်ရမှ ကြည့်လိုက်တော့ ...

"အမယ်လေး"

"ဟာ ... သွေးတွေ ... သွေးတွေ"





အလန့်တကြား အော်ကြရင်း ကိုလင်းမောင်မောင်၏ ပခုံးတစ်ဖက်ကို မ,ကြည့်လိုက်တော့ ပုဆိန်ကြီးက တန်းလန်းစိုက်လျက်။

"အား"

နှစ်ယောက်သား အလန့်တကြား လွှတ်ချလိုက်ကြသည်။

အိခနဲ ပြန်ကျလာသော ကိုလင်းမောင်မောင်၏ ခန္ဓာကိုယ်ကြီးမှာ ပက်လက်ပြန်ဖြစ်လျက် မျက်လုံးကြီး အပြူးသားနှင့် ငြိမ်သက်သွားလေပြီ။

သူ အသက်မရှိတော့။

စံပယ်လှိုင်သည် တစ်ကိုယ်လုံး ချွေးစေးများနှင့်နစ်ပြီး မြင်ရသော အရာအားလုံး ယိမ်းထိုးဝေဝါးလာသည်။ ရင်ထဲမှာ လှိုက်ခနဲ လှပ်ခနဲဖြစ်ပြီး စံပယ်လှိုင် ပုံလဲကျသွားတော့သည်။

အောင်ထူးသည် ...

သေအံ့မူးမူး လူတစ်ယောက်၏ ကြောက်ရွံ့တကြီး ပြေးလွှားပုံမျိုးဖြင့် ပြေးရင်း ...

"အမေ ... အမေ ... ဟို ... ဟို"

သူ ဘာမှမပြောနိုင်။ စံပယ်လှိုင်တို့ ခြံဘက်သို့သာ လက်ညှိုးထိုးပြနေ၍ ဦးဘသိုက်နှင့် ဒေါ်ရွှေပွင့်တို့မှာ အန္တရာယ်တစ်ခု ဖြစ်နေပြီဟူသော အသိဖြင့် အပြေးအလွှား ထွက်ခဲ့ကြသည်။

ခြံစည်းရိုးချင်း ကပ်နေသော်လည်း အိမ်ချင်းကလှမ်း၍ ဘာမှမကြားရ ။

"အောင်မယ်လေး ကိုအောင်သိုက်ရဲ့"

တွေ့လိုက်ရသော မြင်ကွင်းကြောင့် ဒေါ်ရွှေပွင့်ပင် မေ့မြော လဲကျမသွားအောင် တိုင်ဖုံးကိုကိုင်ပြီး ကျောပေးနေလိုက်ရသည်။

"ဘုရား ... ဘုရား၊ နှစ်ယောက်လုံးများ သေနေကြပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ပက်လက် မျက်လုံးကြီးပြူးပြီး သွေးအိုင်ထဲမှာ စန့်နေသော ကိုလင်းမောင်မောင်ကိုတော့ ဦးအောင်သိုက်ပင် မကိုင်ဝံ့။

ပခုံးစွန်းမှာ သွေးစိုနေသော ဒဏ်ရာဖြင့်လဲနေသော စံပယ်လှိုင်ကို ထူမ၍ …

"မိန်းကလေး မလှိုင်၊ မိန်းကလေး"

လှုပ်ရုံလေး နှိုးရုံနှင့် စံပယ်လှိုင် ပြန်လည်သတိရလာခဲ့ပြီ။

ပထမတော့ အဖြစ်မှန်ကို သူ ဘာမှမှန်းလို့မရသေး။ အဘနှင့် အကြီးကို ကြောင်ကြောင်ကြီး ကြည့်ပြီးမှ နောက်ဘက်သို့ ဖြည်းဖြည်းချင်း လှည့်လိုက်ပြီးကာမှ သတိတရားအားလုံး ပြန်ရသည်နှင့် …

"အမလေး … အမလေး"

မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် ပိတ်ကာ၍ …

"လုပ်ကြပါဦး၊ ကယ်ကြပါဦး"

"ကျွန်မ ယောကျ်ားကို ကျွန်မ သတ်လိုက်ပြီ"

"ကျွန်မ ယောကျ်ားကို ကျွန် … သတ်လိုက်ပြီ"

"သတ်လိုက်ပြီ"

"သတ်လိုက်ပြီ"

❑





## အခန်းနှစ်ဆယ်

"အဖြစ်အပျက်စုံကတော့ အဲဒါပါပဲ ဆရာနဲ့ ဆုတို့ရယ်၊ ဒီအတွက် အဘရဲ့သား အောင်ထူးမှာ အပြစ်ရှိတယ် ဆိုလျှင်လည်း ဆရာတို့ ကြိုက်တဲ့ပြစ်ဒဏ်ကိုပေးပါ ခံပါ့မယ်၊ ရဲလက်တော့ မအပ်ကြပါနဲ့တော့ကွယ်"

မျက်ဝန်းမှ မျက်ရည်သွယ်ဆင်းနေသော ဆုက သူ့ဦးကို ကြေကွဲ မျက်နှာလေးနှင့် လှည့်ကြည့်လာသည်။

အဘ ဦးအောင်သိုက်တို့၏ တင်ပြတောင်းခံမှုကို သူ နားမလည်၊ ဆုံးဖြတ်မပေးတတ်။

ဆု၏ တောင်းဆိုမှုမျက်နှာကို နားလည်စွာ တစ်ချက်ကြည့်လိုက်ပြီးမှ ဒေါက်တာ တိုးလွင်ဦးက …

"ဒီကိစ္စဟာ အားလုံးပြီးဆုံးလို့ ကိုးဝန်းကျောင်းသူ ဆုတောင်အခု ဆရာဝန်မကြီး ဖြစ်တော့မယ်လေ၊ ပြီးတော့ အောင်ထူးဟာ ကိုလင်းမောင်မောင်ရဲ့ ရန်သူလည်းမဟုတ်ဘဲ သူ အမှတ်မဲ့ကိုင်လာတဲ့ ဓားဆိန်နဲ့ ကိုလင်းမောင်မောင် သေဆုံးရလို့သာ သူ့ကိုယ်သူ အပြစ်ရှိတယ်လို့ ထင်နေရှာတာ၊ တကယ်တော့ သူနဲ့ ဘာမှမဆိုင်ပါဘူး"

"တကယ်လား ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေပွင့်က ရင်ဘတ်ကလေးဖိပြီး စိတ်သက်သာရမှုကို မယုံ ယုံရဲဖြင့် မေးလာသည်။

"မောင်အောင်ထူးမှာ ကိုလင်းမောင်မောင်ကို သေစေလိုတဲ့စိတ် လည်း မရှိဘူး၊ သူ သတ်တာလည်း မဟုတ်ဘူး၊ မတော်တဆ ဖြစ် သွားကြတဲ့ ကိစ္စတွေပါ၊ ဒီအတွက် မောင်အောင်ထူးမှာ ဥပဒေအရလည်း အပြစ်ရှိစရာအကြောင်း မရှိပါဘူး၊ သေဆုံးသူတွေလည်း သေဆုံးကုန် ကြပြီမို့ မောင်အောင်ထူးအနေနဲ့ ဒီကိစ္စကို မေ့လိုက်ပါလို့သာ ဖျောင်းဖျ ပေးလိုက်ပါတော့နော်၊ အားလုံးဟာ ကိုလင်းမောင်မောင်ရဲ့ အမြင်မှား မှု ဒေါသတရားကြောင့် မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြရတာပါ"

"ဦး"

ရှည်လျားပြေလည်စွာ ရှင်းပြနေသော စကားဆုံးသည်နှင့် ဆု၏ ငိုရှိုက်သံလေးနှင့် ရောထွေးခေါ်လိုက်သော စကား ...

"ဘာလဲ ကလေး"

"ဆု အခုမှပဲ အဖြစ်မှန်ကိုသိရတော့တယ် ဦးရယ်"

"ဘာကိုလဲဟင်"

"မေမေဟာ ဖေဖေ့ကိုသတ်တဲ့၊ ကိုယ့်ယောကျ်ားကို ကိုယ်သတ် တဲ့ တရားခံမကြီးအဖြစ်နဲ့ လူ့လောကက စွန့်ခွာသွားရတယ်၊ တကယ် တော့ မေမေ့မှာ အပြစ်မရှိဘူး၊ မေမေ့မှာ ဘာအပြစ်မှမရှိဘူး ... ဟုတ် မရှိဘူး"

ဆု ရင်ဖွင့်ငိုလေပြီ။

ဒေါက်တာ တိုးလွင်ဦးက ဆု၏ ပခုံးလေးကိုကိုင်၍ နှစ်သိမ့် သည်။ ဦးအောင်သိုက်နှင့် ဒေါ်ရွှေပွင့်တို့ကလည်း ကံအကြောင်းတရား ပြ၍ တရားဓမ္မနှင့် နားချပြီးမှ ပြန်သွားကြရှာပါ၏။

"ဦး"





"ဆုရယ်"

"မေမေဟာ အင်မတန်မှ သနားစရာကောင်းတဲ့ မိန်းမတစ် ယောက်ပါ၊ ဆုကိုလည်း ငုံထားမတတ်ချစ်ရှာတဲ့ မိခင်ပါ၊ လင်ကိုလည်း သိပ်အားကိုး၊ သိပ်မျှော်လင့်ရှာတာ၊ ဖေဖေ လာတတ်တဲ့ ညနေဆို ခြံဝလေးက စောင့်နေတာ တကယ့်ကို သနားစရာကောင်းပါတယ် ဦးရယ်"

"အင်း ... လင်ယောကျ်ားရဲ့ ဥပေက္ခာဒဏ်ကို ခံသွားရတဲ့ မေစံပယ်လှိုင်ရယ်လေ"

"ဟုတ်တယ်၊ သူ့ဟာသူ ဥပေက္ခာပြုထားပြီး သူ့မျက်ကွယ်မှာ မေမေက ဖောက်ပြန်တယ် ပြောတော့လည်း ဘယ်ခံနိုင်ပါ့မလဲနော်"

"ဟုတ်တယ် ဆု၊ သိက္ခာတရားကို ထိန်းသိမ်းပြီး ကိုယ်ကျင့် တရားကို စောင့်ရှောက်တဲ့ လူသားတိုင်းဟာ အဲဒီလို အပြောအဆို ခံလာရလျှင် သိပ်နာကြည်းတတ်တယ်"

"မေမေဟာ ပညာမတတ်ပေမယ့် အဘက်ဘက်က ကောင်းမွန် အောင်နေတဲ့ မိန်းမပါ ဦးရယ်၊ ဘုရားတရား ကြည်ညိုတယ်၊ အိမ် ရှင်မ ပီသတယ်၊ ယောကျ်ားနဲ့ သမီးကို သိပ်ဂရုစိုက်ပါတယ်၊ ဒါပေမဲ့ မေမေဟာ ကိုယ့်ယောကျ်ားကိုယ် ပြန်သတ်ခဲ့တဲ့ မိန်းမရိုင်းကြီး တစ် ယောက်အဖြစ်နဲ့ ဒီလောကထဲက ထွက်သွားခဲ့ရရှာတာကိုတော့ ဆု ရင်နာလို့ မဆုံးတော့ပါဘူး"

မြတ်ဆုမွန်၏ စကားလုံးများနှင့် မျက်ရည်စက်လေးများတို့သည် ဒေါက်တာ တိုးလွင်ဦး၏ ရင်ကို နင့်သွားစေနိုင်ပါ့လား။

ယောကျ်ားစိတ်နှင့် အားတင်းမထားဖြစ်လျှင် သူပါ ဆုနှင့်အတူ မျက်ရည်ကျမိပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုကိုပင် အားပေးနိုင်စွမ်းမရှိတော့။ ငိုနေသော ဆုကို ကြေ
လိုက်လှဲသော ရင်ဖြင့်သာ ကြည့်နေမိသည်။

ဆုသည် သူ့အိမ်မှ သိမ်းဆည်းထားသော ပစ္စည်းများကို ယ
ကြည့်သည်ကြည့်နှင့်။

ဆုကို သည်အိမ်မှာ ဆက်လက်မထားချင်တော့သော်လည်း ဒ
နေချင်ရှာဦးမလားဆိုသောစိတ်နှင့် ပြန်မခေါ်ရက်။ သမီးလေးကလည်း
အိပ်ပျော်နေဆဲ။

"ဦး"

"မငိုပါနဲ့တော့ ဆုရယ်၊ ဦး မကြည့်ရက်တော့ဘူး"

မျက်ရည်ကန့်လန့်ကာ ခြားနေသဖြင့် ဝေဝါးနေသောအကြည့်
ဖြင့် ဦး၏ မျက်နှာကို ကြည့်လိုက်မိသည်။

ချစ်လှစွာသော ကျေးဇူးရှင် ဦးသည် မိမိအတွက်နှင့် သောက
မရောက်စေချင်။ မိမိ ရင်မှ အပူဒဏ်ကိုလည်း ဦး၏ ရင်သို့ ကူးစက်
မခံနိုင်၍ ဆုက သူ့မျက်ရည်များကို သုတ်သိမ်းပစ်လိုက်သည်။

ဗီရိုထဲမှ ဖုန်တက်နေသော စာအုပ်အချို့နှင့် ဓာတ်ပုံထည့်ထား
သော အယ်လ်ဘမ်စာအုပ်ငယ်လေးကို ထုတ်ယူဖုန်ခါရင်း ...

"ဦးကို မမြင်ဖူးခင်ကတည်းက ဦးရဲ့ အကြောင်းကို သမီး
ကြားဖူးနေတာပါ"

တစ်ခါတစ်ရံ သမီး၊ မီးဟု ပြောခြင်းဖြင့် ပိုမိုရင်းနှီး သွေးစည်း
ကြောင်းပြဆိုသော စကားအဖြစ် ဆုက ခံယူရင်း ဦး ရင်မှ သူ့အတွက်
ခံစားပေးနေရမှုကို ပယ်နုတ်ပေးမိခြင်းပါ။

"ဘယ်လိုကြားဖူးတာလဲဟင် ဆု"

"မေမေက အမြဲလိုပြောပါတယ်၊ အထူးသဖြင့် စံပယ်ပန်းလေး
တွေပွင့်တိုင်း သူ့မှာ စံပယ်ပန်းကို သိပ်ချစ်တဲ့ မောင်လေးတစ်ယောက်





ရှိတယ်တဲ့၊ အခုလောက်ဆို ဆရာဝန်ကြီး ဖြစ်ရောပေါ့တဲ့"

"ဆုကို မေမေက ဦး ငယ်ငယ်က ဘယ်လိုစာကြိုးစားကြောင်း၊
ဆရာဝန်ဖြစ်မည့်အကြောင်းတွေ ပြောရာကစပြီး ဆု ဆရာဝန်ဖြစ်ချင်
လာတယ်ဆိုပါတော့ ဦးရယ်၊ မေမေကလည်း ဆုများ ဆရာဝန်မလေး
ဖြစ်လျှင် သူ သေပျော်ပါပြီတဲ့လေ၊ ခုတော့"

ဆု စကားမဆက်နိုင်တော့။ မျက်ရည် မျက်နှာကိုလည်း ဦး
မမြင်စေချင်၍ ဦးကို ကျောခိုင်းပြီး စာအုပ်များယူသွားဖို့ စီနေရင်းမှ
အယ်လ်ဘမ်လေးကို ဖွင့်ကြည့်လိုက်တော့ လ;သမီးအရွယ်က ရိုက်ထား
သော ဆု၏ပုံ။

ပြီးတော့ ဂါဝန်လေးနှင့် ကျောင်းတက်ခါစအရွယ်။

ခြံထဲမှာ ရိုက်ထားသော ဆု၏ ဓာတ်ပုံများစွာ။

မိသားစု တွဲ၍ရိုက်ထားသောပုံများ တစ်ပုံမှ မမြင်တွေ့ရ။

ဖေဖေသည် ဆုတို့ သားအမိကို ထာဝရ ဥပေက္ခာပြုထားခဲ့
လေသူ။

ဖေဖေ၏ ဥပေက္ခာကြောင့်ပါပဲလေ။

အင်း ... မေမေ့နေရာက ကြည့်လျှင်တော့ မေမေ့ကို ဖေဖေ
ဟာ ဥပေက္ခာလွင်ပြင်မှာ ပစ်ထားလို့သာ နုလို ဘဝပျက်၊ အသက်
ဆုံး၊ ဆုလည်း သူ့စိမ်းပြင်ပြင်များထဲ ရောက်ရတာပေါ့လေ။

နာကြည်းကြေကွဲစိတ်များဖြင့် ဓာတ်ပုံ စာမျက်နှာများကိုလှန်၍
ကြည့်နေဆဲ နောက်ဆုံးနှစ်ပုံမှာ ...

ဆုကို မြတ်နိုးစွာချီ၍ ရယ်ရိုက်ထားသော မေမေ၏ ဓာတ်ပုံ
နှင့် ...

ဆုကို ပေါင်ပေါ်တင်ကာ အားပါးတရဖက်လျက် ပြုံးနေသော
မေမေ ဒေါ်စံပယ်လှိုင်၏ အနီးကပ်မျက်နှာ။



www.burmeseclassic.com

www.burmeseclassic.com



ဆု ရင်မှာ ဆို့နစ်လာသည်။

မေမေ့ကို နမြောတသ လွမ်းဆွတ်ရသောစိတ်နှင့် …

"မေမေရယ်၊ မေမေ့ဘဝနဲ့ မေမေ့အဖြစ်ကို သမီး သနားလှချည်ရဲ့ရှင်"

ဆု ထိန်းချုပ်နိုင်စွမ်းမရှိတော့။ ရင်နှင့်တနင့် အားပါးတရ ငိုရှိုက်လိုက်မိချိန်မှာ …

"ဆု … ဆု … ဘာဖြစ်လို့လဲဟင်"

ဦးက ပြေးလာပြီး ဆု၏ ပခုံးလေးကို ဖေးမစွာကိုင်၍ မေးသည်။

ဆု မဖြေနိုင်။

ကိုင်ထားသော ဆု လက်မှပုံကို ဦးကပါ မြင်တွေ့သွားခဲ့သဖြင့် …

"ဩော် … မမစံပယ်လှိုင်ရယ်"

ဦးထံမှလည်း မေမေ့အား တမ်းတသံ ကြားလိုက်ရ၍ ဆုသည် နှယ်မြက်တစ်ပင်မက တစ်ဘဝတာအတွက် အားကိုးမှီခိုခဲ့ရသော ဆု၏ ဦးကို အားကိုးတကြီး ဖက်တွယ်လျက် အားပါးတရ ငိုရှိုက်မိပါတော့သည်။

"ဆု … ဆုလေးရယ်"

ဦးက ပြန်လည်၍ နှစ်သိမ့်စွာ ဖက်ထားလိုက်တော့ အပူရင်နှစ်ခုကြားမှာ လေမတိုးသာအောင် ထိဆက်လျက်။

လှိုက်လှဲသည်းထန်စွာ ငိုရှိုက်နေသော ဆု၏ မျက်ရည်ပွင့်လေးများကို တယုတယ သုတ်ဖယ်ပေးခြင်းနှင့်အတူ …

ဆု၏ နဖူးပြင်၊ ပါးနုနုလေးနှင့် ပခုံးဦး ကျောပြင်ပြေလေးများကို ပွတ်သပ်နှစ်သိမ့် ချော့မော့ပေးနေရသော ဦးသည် …

"တိတ်ပါ ကလေးရယ်၊ ဆု အငိုတိတ်ပါကွယ်"

"ဆု … ဆု … ဦးရဲ့ဆု"





ယုယညင်သာစွာ ချော့နေရာမှ ကျစ်လျစ်ကြမ်းတမ်းစွာ ဖက်ထားလိုက်မိသည်။

ဒေါက်တာ တိုးလွင်ဦးသည် သူ့ရင်ခွင်တွင်းမှာ နစ်မြုပ်စွာရှိနေသော ဆုကို …

ဤလောကတွင်းသို့ ပြန်လည်ချမပေးချင်တော့။

သူ့ရင်ခွင်တွင်းသို့ ထွင်းဖောက်ဝင်ရောက်စေပြီး သူ့နှလုံးအိမ်တွင်းမှာ သိမ်းဆည်းထားလိုက်ချင်သည်။

ဆု၏ သောကအပူမီးအပေါင်းသည် သူ့နှလုံးအိမ်မှာ ထာဝရပြစ်တည်နေသော အကြင်နာစမ်းရေအေးမှာ စိမ်နှစ်၍ ဆု၏ဘဝသာဝရ အေးမြပါစေသားကွယ်။

ဆု၏ မျက်ရည်စက်ကလေးများက သူ့ရင်ခွင်မှာ စွန်းထင်းပွန္ဓေးလာ၍ ဆုကို ပို၍တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်မိသည်။

ဆတ်ဆတ်ခုန်လှိုက်နေသော ဆု၏ နှလုံးသားထက်ပင် ဒေါက်တာ တိုးလွင်ဦး၏ နှလုံးခုန်သံ ပိုမိုမြန်လာသည်။ အသက်ရှူသံကပါပြင်းလာ၏။

ထိုနေ့က …

ခြံမှအိမ်သို့ ပြန်လည်ရောက်ရှိလာပြီးသည်အထိ ဆု၏ ငိုသံကလည်း မရပ်။

ဒေါက်တာ တိုးလွင်ဦး၏ ရင်ခုန်နှုန်းကလည်း ငြိမ်သက်ခြင်းမရှိ။

□



www.burmeseclassic.com

www.burmeseclassic.com



## အခန်းနှစ်ဆယ့်တစ်

ဆရာဝန်ကြီး၏သား ကားနှစ်စီးလဲ၍စီးနိုင်အောင် ချမ်းသာသော စက်မှုတက္ကသိုလ်မှ ဘွဲ့ရပြီးစ ဖြောင့်ဖြောင့်မိမိနှင့် လူချောလေး စိုးပြည့်စုံ။

အာရ်အိုင်တီမှာ အချောအလှရှားသည်ဆိုပြီး ထိုအချိန်က ရာဇ္ဇုးဟုဆိုသော ပင်မတက္ကသိုလ်မှာ လာလည်ရင်းက လွယ်ကူသော 'ဝင်းဝါလွင်' နှင့် တွဲဖြစ်သည်။

မိသားစု မန္တလေး၊ မေမြို့ခရီး သွားကြရင်းမှ မေမေ့ သူငယ်ချင်း၏သမီး အယ်နီထွန်းကျော်၏ သဲသဲမဲမဲ ရင်းနှီးအောင် ကြိုးစားမှုနှင့် သူ့မိဘတို့၏ တွန်းအားပေးခြင်းများကြောင့် အယ်နီထွန်းကျော်နှင့် ချစ်သူအဆင့်မျိုးအထိ ရောက်သွားပြီး သူတို့မိသားစုနှင့်အတူ မော်လမြိုင်၊ ကျိုက္ခမီနှင့် ကျိုက်ထီးရိုးတောင်အထိ အတူတက်ခဲ့ကြဖူးသည်။

သူတို့သည် စိုးပြည့်စုံ ဆိုသောကောင်ကို ချစ်ကြခြင်းမဟုတ်။

အကယ်၍သာ စိုးပြည့်စုံသည် ...

ဆရာဝန်ကြီးနှင့် ကထိက သားလည်းမဟုတ်၊ ကားလည်းမရှိ၊ B.E (Mech:) ဆိုသော ဘွဲ့ကိုလည်း ခွာချပစ်မည်ဆိုလျှင် ထွက်ပြေး





ိုက်မှာမှ စံချိန်သစ်အပြေးရှင်ပင် ဖြစ်နိုင်လောက်သည်။

ရည်းစားများထားဖူးပြီဟု ခံယူသော်လည်း 'ချစ်ဖူးပြီ' ဟု စိုးပြည့်စုံမိကိုယ်ကို မိမိ မခံယူပါ။

သူ့ကို ချစ်လှပါကြောင်း မိန်းကလေးပီသစွာ ပညာပြ၍သာ ါသွားမိသည်။ သူက ချစ်လှပါသည်ဆိုပြီး တွဲခဲ့ရဖူးသူ မရှိခဲ့သေးသော ိုးပြည့်စုံ။

ဟိုးလွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက စွဲနေခဲ့ဖူးသော န်းကလေး တစ်ယောက်ကို စိုးပြည့်စုံ ယခုအချိန်အထိ တမ်းတနေ ဆဲ။

"ဆုဆိုသော မြတ်ဆုမွန်"

အခါသင့် အခွင့်ရတိုင်း မြတ်ဆုမွန်တို့၏ ဆေးတက္ကသိုလ်သို့ ရောက်ခဲ့ပါ၏။

မြတ်ဆုမွန်ကို တွေ့ခွင့်ရခဲ့ပါသော်လည်း ပြုံးရုံ၊ ရယ်ရုံ၊ နှုတ်ဆက်ရုံကလွဲ၍ နှစ်ယောက်ချင်း တွေ့ဆုံခွင့်ကို ရရှိခဲ့လှသည်။

ဟိုတုန်းကတော့ စိုးပြည့်စုံ၏ ဘေးမှာ ဝင်းဝါလွင်တို့၊ အယ်နီထွန်းကျော်တို့ ရှိနေခဲ့ဖူးသည်။

စာများလှသော စက်မှုတက္ကသိုလ်၏ အမြင့်ဆုံး စက်မှုဘာသာ ည်မို့ မတရားကြိုးစားရသည်။ စာမေးပွဲနီးချိန်များမှာ အဆောင်မှာ ပြီး စာသွားကျက်ရသဖြင့် တခြား ဘာမှစိတ်မဝင်စားအား။

ယခုတော့ စိုးပြည့်စုံ၏ ပညာရေးခရီး ပြီးဆုံးခဲ့ပြီတည်း။

ကြိုတင်ခန့်မှန်း သိရှိခဲ့တာတော့ ကြာပြီ။ ယနေ့မှ ဂုဏ်ထူး ဘာသာနှင့် အောင်စာရင်းကြေညာသည်ကို သွားကြည့်ခဲ့ပြီး မြတ်ဆုမွန် ရှိနေရာ အနောက်ပိုင်းဆေးရုံသို့ ရောက်လာခဲ့ခြင်း ဖြစ်ပါ၏။

မြတ်ဆုမွန်သည် နောက်ဆုံးနှစ် ဆေးကျောင်းသူ Final Part



www.burmeseclassic.com

www.burmeseclassic.com



II ၏ တစ်နှစ်တာကို ကျော်ဖြတ်ပြီးခဲ့ပြီ။ ဆရာဝန်ပညာကို သင်ကြားရန်အချိန် ခြောက်လသာ ကျန်ရှိလေတော့သည်။

ယခု ခွဲစိပ်ကုပညာအတွက် ခွဲခန်းတွင်းမှာ ဆရာဝန်ကြီးများခွဲစိတ်နေသည်ကို ဝင်ရောက်ကြည့်ရှု လေ့လာပြီး၍ မြတ်ဆုမွန် ဆေးရုံမှ ပြန်ခွင့်ရခဲ့ပါပြီ။

အောက်ကြည့်မြင်တိုင် လမ်းပေါ်ရှိ ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီး၏ အရှေ့မှာရပ်လျက် ဦးကိုယ်တိုင် လာကြိုမည့်ကားကို မြတ်ဆုမွန် စောင့်နေဆဲ ...

ကားတစ်စင်း ထိုးရပ်လာပြီး လူချောချောတစ်ယောက် ဆင်းလာ၍ မြတ်ဆုမွန်ကို ပြုံးလျက်နှုတ်ဆက်၍ ...

"ဩော် ... ကိုစိုးပြည့်စုံ၊ ဒီဆေးရုံ ဘာလာလုပ်တာလဲ"

သူ့အမေးကို မဖြေဘဲနှင့် သူက ထပ်ဆင့်မေးခွန်းဖြင့် ...

"မြတ်ဆုမွန် ပြန်တော့မလို့လား၊ တစ်ယောက်တည်းလားဟင်"

"ဟုတ်တယ်၊ အော်ပရေးရှင်းကေ့စ် ပြီးသွားတာနဲ့ ဦးကားလာပြီလားလို့ ထွက်ကြည့်တာ"

"ကျွန်တော်တို့ အောင်စာရင်း ဒီနေ့ပဲထွက်လို့ အခုကြည့်ပြီးလာခဲ့တာ"

"အောင်တယ်မဟုတ်လားဟင်"

"ဂုဏ်ထူးနှစ်ခုနဲ့ပါ"

"ကိုစိုးပြည့်စုံက စာသိပ်တော်တယ်နော်၊ ဝမ်းသာပါတယ်ရှင်၊ ကွန်ဂရက်ကျူလေးရှင်း"

"ကျေးဇူးပါပဲဗျာ၊ အချိန်ရမယ်ဆိုလျှင် ဟိုအအေးဆိုင်လေးမှာ ခဏထိုင်ရအောင်လား၊ ကျွန်တော် စာမေးပွဲအောင်တဲ့အနေနဲ့ တစ်ခုခု ကျွေးပါရစေ"





လမ်းတစ်ဖက်ခြမ်းမှ ဆိုင်ကို လက်ညှိုးညွှန်၍ပြောတော့ ...

မြတ်ဆုမွန် နာရီကြည့်မိသည်။ ဦး လာကြိုဖို့ မိနစ်နှစ်ဆယ်လိုပါသေးသည်။

ရီဂျင်နယ်လ် ကျောင်းသူဘဝတုန်းက ငှက်ပျောဖီးကြီးကိစ္စလိုရက်ကြောက်နေခြင်းလည်း မရှိတော့။

နောက်ဆုံးနှစ် ဆေးကျောင်းသူအဖြစ်နှင့် အတွေ့အကြုံများစွာ၊ ကာလများစွာကို ဖြတ်သန်းလွန်မြောက်လာခဲ့ပြီးပြီမို့ ရင့်ကျက်စိတ်ဝင်စပြုနေပြီဖြစ်သော မြတ်ဆုမွန်ပါလေ။

"မြတ်ဆုမွန် ဘာသောက်မလဲဟင်"

"စာမေးပွဲအောင်လာတဲ့သူကို ဆုကပဲ တိုက်ပါရစေ၊ ကိုစိုးပြည့်စုံကြိုက်တာမှာပါ"

"ဆု သောက်တာ သောက်မယ်"

ဆုဟု သူပြောနေကျအတိုင်း ပြောလိုက်မိ၍ ကိုစိုးပြည့်စုံကလည်း ဆု ဖြစ်လာသည်။ ရှိစေတော့။

"ရှောက်ချိုသီးဖျော်ရည်ပဲ သောက်ကြရအောင်လေ"

"ကောင်းတယ်"

ဆိုပြီး သူက မှာလိုက်သည်။

"ငယ်ငယ်တုန်းကဆို ဆုက သိပ်လှတယ်၊ အခုလို တည်ငြိမ်တဲ့အရွယ် ရောက်လာတော့ ပိုပြီးငြိမ်ငြိမ်သက်သက်နဲ့ လှတယ်ဗျာ"

"အဟား ရှောက်ချိုရည် တစ်ခွက်တည်းနဲ့တော့ ဝဟန်မတူဘူးထင်တယ်"

"ကျွန်တော်က တိုက်ချင်တာပါ၊ ဆုက တိုက်မယ်ဆိုလို့ ငြိမ်နေလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ခဏအတွင်းမှာပင် ပိုက်တပ်ထားသော ဖန်ခွက်နှစ်ခွက်ရောက်လာ၍ မြတ်ဆုမွန် အချိန်မဆွဲအားဘဲ သောက်ဖြစ်သည်။

"ဆု"

"အင်း"

ပိုက်ကိုငုံထားရင်းထူး၍ သူ့ကို မျက်လုံးလေး လှန်ကြည့်ဖြစ်၏။

"စကားပြောဖို့ ဘယ်လောက်အချိန်ပေးနိုင်မလဲဟင်"

"တော်ကြာ ဦး၊ လာကြိုတော့မှာ"

"ဒါဖြင့်လည်း နိဒါန်းတွေ ပျိုးမနေပါရစေနဲ့တော့၊ ကျွန်တော် ဆုကို ချစ်တယ်၊ လက်ထပ်ချင်တယ်"

"အပိပဲနော်"

"ဒီလို ပေါ်တင်မပြောလို့ မဖြစ်တော့ဘူးလေ၊ ကျွန်တော် တစ်ခု ထပ်ပြောပါရစေ၊ ဆုဟာ သူဌေးရဲ့တူမမို့၊ ဆရာဝန်မမို့ ချစ်တာမဟုတ်ဘူးဆိုတာတော့ ဆု ယုံပါ"

ငြိမ်သက်နေသောရင်မှာ လှိုင်းအိလေးမျှလောက်သာ လူးလွန့်လာသည်။

"ကာလများစွာကတည်းက ကိန်းအောင်းနေခဲ့တဲ့ အချစ်တွေပါ ဆု၊ ဆုကို ကျွန်တော် လှိုက်လှိုက်လှဲလှဲ ချစ်တယ်ဆိုတာ ယုံပါ ဆုရယ်"

"ဆု ကျောင်းစာမှာနစ်နေဆဲပါ၊ ကိုယ်ချင်းစာပါ"

"သိပါတယ် ဆု၊ ဆုကို ချစ်တဲ့အချစ်မှာ မြတ်နိုးစွာ၊ လေးစားစွာနဲ့ ရင်ထဲ၊ နှလုံးထဲက ချစ်ရတဲ့ ချစ်ခြင်းမေတ္တာဆိုတာတော့ ဆု ယုံပါဗျာ"

စိုးပြည့်စုံက တကယ့်ကို သူ့ခံစားချက်နှင့်သူ ပြောလိုက်ခြင်း





ပါ။ သူ့တစ်သက်တာမှာ နောင်တစ်သက်ဆိုသည်ကိုပါ သိရှိခံစားခွင့်ရနိုင်ခဲ့လျှင်သော်မှ ...

မြတ်ဆုမွန်လို မြတ်နိုးစွာချစ်ရမည့် မိန်းကလေးမျိုး သူ ရှာတွေ့နိုင်မည် မထင်ပါ။

မြတ်ဆုမွန် အနေနဲ့ကတော့ ငယ်ဘဝနီးနီးလောက်ကပင် ခင်မင်ခဲ့ဖူးသူမို့သာ လက်ခံစကားပြောနေခြင်း ဖြစ်သည်။

လှလွန်းသော မြတ်ဆုမွန်၏ ဘေးမှာ ဝိုင်းလည်နေသောသူများကို အခုအချိန်ထိ တစ်ယောက်ဆို တစ်ယောက်မှ စိတ်ဝင်စားခြင်း မရှိခဲ့မိသေး။

"ဆု"

"အင်း"

"ပထမဆုံးက ကျွန်တော့် အချစ်ကို ယုံစေချင်လှပါတယ်"

"ဒုတိယတွေ၊ တတိယတွေရော ရှိသေးလို့လား"

ရယ်ရွှင်ဖွယ် စကားမျိုးလို ရှင်းနှီးစွာပြောလိုက်မိပါသော်လည်း စိုးပြည့်စုံကမူ လေးနက်တည်ငြိမ်စွာဖြင့် ...

"ရှိပါတယ် ဆု၊ ဒုတိယက ကျွန်တော့်ရဲ့ အချစ်ကို လက်ခံစေချင်ပါတယ်၊ တတိယကျတော့ မွန်မြတ်ရှားပါးလှတဲ့ ဆုရဲ့ အချစ်ကို ကျွန်တော် ပြန်လည်ပိုင်ဆိုင်ရယူချင်တယ်"

သူသည် စားပွဲပေါ်မှာ လက်ဖျံနှစ်ခုကို ယှက်ထောက်ပြီး မြတ်ဆုမွန်၏ မျက်နှာလေးကို မြတ်နိုးမှုလွန်ကဲစွာဖြင့် စူးစူးစိုက်စိုက် ကြည့်နေသည်။

ဆိုင်မှာ လူရှင်းရုံမက စုံတွဲတွေ ထိုင်နေကျဖြစ်သော်လည်း ယခုလို အနီးကပ် အကြည့်တွေ၊ အပြောတွေကြောင့် အနေကျုံ့လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး စိတ်ကျဉ်းကျပ်လာမိ၏။ လှိုင်းငြိမ့်ရဲ့ ရင်မှာလည်း လှိုက်ခုန်လာတော့သည်။

"ကိုစိုးပြည့်စုံ"

"ဆု"

"ဆု ဒီကိစ္စတွေကို ဘာမှမစဉ်းစားချင်သေးဘူး၊ စဉ်းလည်း မစဉ်းစားအားဘူး၊ ဆုရဲ့ ဘဝဟာလည်း ကိုစိုးပြည့်စုံ ထင်နေသလို ပြည့်စုံခြင်းများနဲ့ ဖွဲ့စည်းထားတာ မဟုတ်ပါဘူး၊ ဒါကြောင့် ဆုနဲ့ ပတ်သက်ပြီး မျှော်လင့်နေတဲ့ စိတ်တွေကို ပယ်ရှားပစ်လိုက်ပါလို့ပဲ ဆု ပြောပါရစေ"

"မရဘူး ဆု"

"ရှင်"

"ဆုဘက်က တုံ့ပြန်နိုင်ခြင်း ရှိ,မရှိ ဆိုတာက တစ်ပိုင်းပဲ၊ ကျွန်တော့် ရင်ထဲမှာ ဆုကိုချစ်ရတဲ့ အချစ်တွေ၊ ချစ်နေရတဲ့ အချစ်တွေကိုတော့ ဘယ်လိုအကြောင်းတရား၊ ဘယ်လိုအားအင်ကမှ နှင်ထုတ်နိုင်ခြင်းမရှိဘူးဆိုတာ ယုံပါ"

"ဘာပဲဖြစ်ဖြစ် ဆုအတွက် သိပ်အရေးကြီးနေတဲ့ အချိန်ပါ၊ ဆု ဘာကိုမှ မစဉ်းစားပါရစေနဲ့လား ကိုစိုးပြည့်စုံ"

"ကောင်းပါပြီ ဆု၊ ဆု စာမေးပွဲပြီးတဲ့အထိ ကျွန်တော် စောင့်နေပါ့မယ်"

"ဟော ... ဦးရဲ့ကား လာပြီ၊ ဆု သွားတော့မယ်"

"နေပါဦး ဆု"

လွယ်အိတ်ကိုယူပြီး ဆု ထလိုက်သောရှေ့က သူ ပိတ်၍ရပ်ပြီး ...

"စာမေးပွဲပြီးတာနဲ့ ဆု နားက ကျွန်တော် မခွာပါရစေနဲ့တော့





ဗျာ၊ ကျွန်တော် သိပ်ချစ်တယ်၊ ဆုကို ကျွန်တော် ပိုင်ဆိုင်ချင်တယ်"

သူသည် သို့သော စကားများ ပြောကြားနေစဉ်မှာ ဦးသည် ကားတွင်း၌ စောင့်မနေပါလား။

ကားပေါ်မှဆင်းလာပြီး ဆုတို့ နှစ်ယောက်ကို အသေအချာ ကြည့်၍ အကဲခတ်နေသဖြင့် ဆုက ဣန္ဒြေဆည်ကာ ပြုံးပြလိုက်ပြီး ...

"ဦးကား မလာသေးတာနဲ့ သူငယ်ချင်းနဲ့ အအေးသောက်နေတာ"

"သြော် ... အေး ... အေး၊ ပြီးရင် ပြန်ကြမလား"

"အန်ကယ်လ် အအေးသောက်ပါဦး ခင်ဗျ"

စိုးပြည့်စုံကပင် ပိုက်ဆံချပေးရင်း ဦးကို လောကွတ်ချော်တော့မှ ပိုက်ဆံပေးဖို့ ဆု သတိရသည်။ သူ ကိုက်မည်ဟု ပြောထားခဲ့သည်ပဲ။ မတတ်နိုင်တော့။ ဦးကို ကြောက်နေမိသည်။ ဘာမှမလှုပ်ရှားရဲပါ။

"မသောက်တော့ဘူးကွယ်၊ ဆေးခန်းသွားရဦးမှာမို့၊ ငါ့တူက ရော မက်ဒီကယ်လ် စတူးဒန့်ပဲလား"

"ဆေးကျောင်းသား မဟုတ်ပါဘူးခင်ဗျ၊ အာရ်အိုင်တီကပါ၊ ဒီနေ့ပဲ နောက်ဆုံးနှစ် အောင်စာရင်းထွက်လို့ ဆုကို အအေးလာတိုက်တာပါ"

"သြော် ... သြော် ... ဘယ်ပြန်မှာလဲ၊ လိုက်ခဲ့မလား"

"နေပစေ သူ့မှာ ကားပါတယ် ဦး၊ သူ့နာမည်က စိုးပြည့်စုံတဲ့၊ ကိုစိုးပြည့်စုံ ဒါက ဆုရဲ့ဦး၊ ဒေါက်တာ ဦးတိုးလွင်ဦးတဲ့"

"တွေ့ရတာ အထူးပဲ ဝမ်းသာပါတယ်ခင်ဗျာ"

"ကောင်းပြီ မောင်စိုးပြည့်စုံ၊ ဒါဖြင့် အန်ကယ်လ်တို့သွားတော့မယ်နော်၊ ကြုံရင်လည်း လာလည်ပေါ့ကွာ၊ အိမ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် ခင်ဗျ၊ ဒီဆန်းဒေးတောင် ရောက်ဖြစ်မယ်ထင်တယ်၊ ဆု မှာထားတဲ့စာအုပ် လာပို့မလို့ခင်ဗျ"

"အင်း ... အင်း"

ဆုက ကားပေါ်တက်ခါနီး သူ့ကို မျက်စောင်းရှူးရှူး ထိုးမိသည်။ ဦး၏ လူကြီးပီသစွာ ဖိတ်ခေါ်သောစကားကို လက်လွတ်မခံဘဲနှင့် ဒီဆန်းဒေး သူက လာလည်ဦးမတဲ့လေ၊ ဟင်း ... တွေ့ရပါလိမ့်မယ် အားကြီးကြီး၊ မြတ်ဆုမွန် မရှိဘူးလို့ဘဲ ပြောခိုင်းလိုက်မယ်။

ရင်လှိုင်းခတ်ခြင်းနှင့်အတူ အတွေးရိုင်းတို့ပါ ရောထွေးတွေးရင်း ဦး၏ ကားနောက်ခန်းမှ လိုက်ပါလာခဲ့ ...

"ဆု"

"ရှင် ဦး"

"ဆုနဲ့ ဘယ်တုန်းက သိနေတာလဲ"

"ကြာပါပြီ ဦးရဲ့၊ ဆု ရီဂျင်နယ် တက်နေတုန်းက အိမ်ကိုတောင် ဖုန်းဆက်ဖူးသေးတယ်၊ ဦးက သူ့ကို ဘာလို့အိမ်လာလည်ပါလို့ ပြောရတာလဲ"

"သူငယ်ချင်းဆို၊ အိမ်မှာ စကားပြောကြပေါ့၊ အခုလို အအေးဆိုင်၊ လက်ဖက်ရည်ဆိုင်ထိုင်တော့ ဘယ်မှာ လွတ်ခြွေရမလဲ"

"ဆု မှားသွားလျှင် ခွင့်လွှတ်ပါ ဦး၊ ဒါပေမဲ့ သူ့ကို အိမ်လည်ခေါ်တာတော့ ဦး မှားသွားပြီ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ခုပဲ သူက ဆုကို ရည်းစားစကား ပြောနေတာ၊ ဆု ကျောင်းပြီးလျှင် လက်ထပ်ပါရစေတဲ့"

"ဟေ"





ဒေါက်တာ တိုးလွင်ဦး၏ ကားပင်လျှင် တုံ့ခနဲ ရပ်သွားတော့သည်။

နောက်မှလိုက်လာသော စိုးပြည့်စုံ၏ အိပ်တီဖိုးမိုဒယ် ကရိုလာ ကားသစ် အဖြူလေးကို နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်လိုက် ...

ဆု၏ မျက်နှာမှာ ခံစားမှုသစ်များ ဖြစ်ထွန်းနေလေသလားဟူသော အကဲခတ်စိတ်များဖြင့် ကြည့်လိုက်ဖြင့် ဒေါက်တာ တိုးလွင်ဦး၏ အပြန်လမ်း ကားမောင်းရသည်မှာပင် ဖြောင့်ဖြောင့်ဖြူးဖြူး မရှိတော့ပါ။

❒



www.burmeseclassic.com

www.burmeseclassic.com



## အခန်းနှစ်ဆယ့်နှစ်

"နေစမ်းပါဦး ဒီဟာမလေးက ဘယ်လိုကဘယ်လို လင်းမောင်မောင်ရဲ့သမီး ဖြစ်ရတာလဲ၊ နောက်ပြီးတော့ ဘယ်လိုဆက်စပ်ပြီး တိုးလွင်ဦးဆီ ရောက်သွားရတာလဲ မောင်မောင်ထိုက်ရဲ့"

ဒေါ်ခင့်ခင်မြတ်က တအံ့တသြကြီးနှင့် ရင်ဘတ်စည်တီး မေးလိုက်သည်။

"မမြတ်ရဲ့တူ လင်းမောင်မောင် ရှုပ်ခဲ့တဲ့ ဇာတ်တွေထဲ တစ်ခါတုန်းက ကောင်မလေးတစ်ယောက် လာမေးပါရောလား၊ စံပယ်လှိုင် ဆိုတာလေ"

"ဩော် … အေး … မှတ်မိပြီ၊ ဟိုကောင် ကျိုင်းတုံ သွားနေတုန်းကလေ၊ ကောင်မလေး ခပ်ချောချော ရိုးရိုးလေးဟာ"

"ဟုတ်တယ်၊ ဒေါက်တာ မြတ်ဆုမွန် ဆိုပြီး အခု တိုးလွင်ဦးအိမ်မှာ ရောက်နေတဲ့ ကောင်မလေးဟာ အဲဒီ စံပယ်လှိုင်နဲ့ မမြတ်ရဲ့တူ လူရှုပ် လင်းမောင်မောင်တို့ရဲ့ ကလေးပဲ"

"တောက် … အောက်တန်းစားကိုယူလို့ ဒင်း ခွေးလိုဝက်လို





သေရတာလေ၊ အဲဒီ စံပယ်လှိုင်ကပဲ ငါ့တူကို သတ်ပစ်လိုက်တာဟုတ်လား"

"ပြောရလျှင်တော့ အရှည်ကြီးပဲ မမ၊ ဒီအကြောင်းတွေ ကျွန်တော်နဲ့ တိုးလွင်ဦးနဲ့ ဆွေးနွေးပြီးကြပြီ၊ ဘာပဲဖြစ်ဖြစ် အဲဒီ စံပယ်လှိုင်လည်း အခု သေသွားခဲ့ပြီပဲ"

"နေစမ်းပါဦး အဲဒီမိန်းကလေးက ဘာလို့ တို့နဲ့ လာပြီးပတ်သက်ရဘာလဲ၊ ဘာလဲ အမွေလိုချင်လို့တဲ့လား"

"ဟုတ်တယ်"

"အောင်မယ်တော် ရာရာစစ၊ ဒီမလောက်လေး မလောက်စားဘာမလေးကများ"

"အခုဟာ ဒီကောင်မလေးကပြောတာ မဟုတ်ဘူး၊ တိုးလွင်ဦးက ပြောတာ"

"လုံးဝ မပေးနိုင်ဘူး၊ ပေးစရာလည်း မရှိဘူးလို့ မင်းက အပြတ်မပြောလိုက်ဘူးလားဟင် မောင်မောင်ထိုက်"

"စကားပြောမလောနဲ့ မမြတ်၊ သူ့နောက်ကြောင်းက ဘာပဲဖြစ်နေဖြစ်နေ ဒီမြတ်ဆုမွန်ဆိုတာ လင်းမောင်မောင်ရဲ့ တရားဝင်သမီးပဲ၊ လင်းမောင်မောင်ဆိုတာ ကျွန်တော်တို့ရဲ့ အစ်ကိုကြီးအရှင်ဦးအောင်ဟိန်းရဲ့ သားဆိုတာ မမြတ် သိထားဦးမှပေါ့"

"အစ်ကိုကြီး လက်ထက်ကတောင် သူ့သားကို သူမနိုင်လို့ စွန့်လွှတ်ထားခဲ့တာပဲ၊ ဒီကောင် သွားချင်သလိုသွား၊ နေချင်သလိုနေ၊ သွေ့တဲ့မိန်းမတွေ ကောက်ယူ"

"ဒါတွေက ဥပဒေကြောင်းနဲ့ မဆိုင်ဘူး မမ၊ သားသမီးဆိုတာ စွန့်လွှတ်လို့လည်း ရတာမဟုတ်ဘူး၊ အစ်ကိုကြီးကလည်း သူ့သားကို တစ်ကြိမ်တစ်ခါမှ မစွန့်လွှတ်ခဲ့ဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဒီမြတ်ဆုမွန် ဆိုတာကို"

"ဒီလို မမမြတ်၊ ကျွန်တော့် စကားဆုံးအောင် နားထောင်စမ်းပါဦး"

ဦးမောင်မောင်ထိုက်သည် သူ့အစ်မ အပျိုကြီး ဒေါ်ခင်ခင်မြတ်ကို နားလည် နားဝင်အောင် စတင်၍ ရှင်းပြရလေသည်။

မကြာသေးမီက ဒေါက်တာ တိုးလွင်ဦး သူ့ထံသို့ ရောက်လာပြီး ဆွေမျိုးစပ်ပြခါမှ ...

တစ်ချိန်က စံပယ်လှိုင် ဆုံးသည့်နေ့က အိမ်သို့ပင် ခေါ်လာခဲ့ဖူးသော ကလေးမလေးသည် သူတို့၏ တစ်ဦးတည်းသော မျိုးဆက်သွေးလေး ဖြစ်ကြောင်းနှင့် ...

မြတ်ဆုမွန်သည် သဘောထားကြီးမြင့်စွာ သဘောကောင်းလွန်းသော ကလေးတစ်ယောက်ဖြစ်ပြီး စာလည်းတော်၍ ဆရာဝန်မလေးတစ်ယောက်ပင် ဖြစ်တော့မည်။

အခုအချိန်ထိ သူ့မိခင် အပ်ခဲ့သော လွယ်အိတ်ငယ်အတွင်းမှာ ဘာတွေပါသလဲ၊ ငွေဘယ်လောက် သုံးပြီးပြီလဲ ဆိုသည်များကို တစ်ကြိမ်တစ်ခါမျှ မမေးခဲ့ရှာ။

လွယ်အိတ်တွင်းမှာ ခြံ၏ ဂရန်စာချုပ်၊ စိန်နားကပ်တစ်ရံ၊ စိန်နှင့်နီလာနှင့် တစ်ကွက်စီခြားထားသော စိန်လက်စွပ်တစ်ကွင်း၊ ရွှေက ရှစ်ကျပ်သားခန့်နှင့် ငွေတစ်ထောင်ကျော်ပါရှိကြောင်း မြတ်ဆုမွန်ကို ပြောပြသော်လည်း သူ့ပစ္စည်းမို့ သူသိမ်းထားမည်ဟု တစ်ကြိမ်တစ်ခါမှ မပြောခဲ့ဖူးပါချေ။ ယခုအချိန်အထိလည်း ဘာတစ်ခွန်းမှ မမေးခဲ့ရှာ။

ဒေါက်တာ တိုးလွင်ဦး ပေးသမျှငွေနှင့် မဖြစ်,ဖြစ်အောင်နေပြီး မလောက်,လောက်အောင်သုံးသည့် မိန်းကလေး။





ဆေးကျောင်းသူ တစ်ယောက်၏ လိုအပ်မှုကိုသိသော ဒေါက်တာ တိုးလွင်ဦးက ရောဂါဗေဒ၊ ဆေးဝါးဗေဒနှင့် အနုနုဇီဝဗေဒ စာအုပ်များကို ဝယ်ခြမ်းပေးမှသာ မြတ်ဆုမွန် ကိုယ်ပိုင်ကိုင်၍ သုံးစွဲသည်။ ...တ်စုများဖြင့်သာ စာကျက်ရှာပါ၏။

ယခု ဦးမောင်မောင်ထိုက်ထံသို့ လာရောက်ဆွေးနွေးခြင်းမှာ ...

အမွေတောင်းခံခြင်း မဟုတ်ပါ။ မြတ်ဆုမွန် ဆိုသော မိန်းကလေးသည် ဦးအောင်ဟိန်း၏ တစ်ဦးတည်းသော အမွေဆက်ခံမည့် မြေးလေးဖြစ်ကြောင်းနှင့် ဦးမောင်မောင်ထိုက်နှင့် ဒေါ်ခင်ခင်မြတ်တို့ အနေဖြင့်လည်း တစ်ဦးတည်းသော မြေးမလေးအဖြစ် အသိအမှတ်ပြုကြရန်သာ ဖြစ်ပါကြောင်းများကို ရှည်လျားစွာ တင်ပြဆွေးနွေးသွားလေသော တိုးလွင်ဦး။

"အေးပေါ့၊ ပညာရှိတွေဆိုတော့ ပြောပုံက နားထောင်ကောင်းတာပေါ့၊ အမွေက အခုမယူလည်း တို့သေတော့ သူ ရအောင်ပေါ့ကွာ၊ အရှင်းကြီးပဲ"

"မမကြောင့် ခက်တယ်၊ ဒါကြောင့်လည်း ဒီအိမ်မှာ ဆွေမျိုးနီးနီးရော၊ ဝေးဝေးရော၊ အိမ်ဖော်တွေရော ဘယ်သူမှ ကြာကြာမခံဘဲ သန်ပြေးကြတာပေါ့"

"အကျိုးနည်း၊ မင်းပြောပုံက ငါကပဲ ဘီလူးသဘာက်မကြီးကျနေတာပဲ"

"ကဲ ... အဲဒါတွေထားဗျာ၊ မမနဲ့ ငြင်းမနေချင်ဘူး၊ အခု ကျွန်တော်နဲ့ မမမြတ်နဲ့ နေနေတဲ့အိမ်ဟာ မိဘများ လက်ထက်ကတည်းက ပိုင်တဲ့အိမ်၊ ကျွန်တော်တို့ တစ်သက်လုံး နေသွားရမှာပဲ၊ အဲ ... ကျွန်တော်တို့ သေလျှင် အဲဒီမြတ်ဆုမွန် ရမယ် ဒါပဲ၊ သေပြီးမှ ...ကောင်းမကာ နေမြော်နေချင်သေးသလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ... မပြောကောင်း မဆိုကောင်း၊ တို့အသက်က ဘယ်လောက်ရှည်ဦးမလဲ မသိဘူး"

"ဘယ်လောက်ပဲရှည်ရှည်ဗျာ မြတ်ဆုမွန်ထက်တော့ ဘယ်မှာပိုရှည်နိုင်ပါ့မလဲ"

"အေး ... အေး ... ပြီးရော ပြီးရော"

"မပြီးနဲ့ဦး၊ ဝင်ဒါမီယာထဲက အစ်ကိုကြီး တစ်ဦးတည်းပိုင်တဲ့မြေလေ၊ အဲဒါ မြတ်ဆုမွန်ရဲ့ နာမည်နဲ့ လွှဲပေးမလို့"

"ဟေ"

"မဟေနဲ့၊ အဲဒီခြံမှာ မြတ်ဆုမွန် မမွေးခင်ကတည်းက မြတ်ဆုမွန်ရဲ့အဘိုး ဦးဘခင်ကို ခြံစောင့်ထားခဲ့တာ၊ ဟိုဘက်ခြံက မခင်ထားထားက သူ့သားနဲ့ စိတ်မချပါဘူးလို့ အစ်ကိုကြီးကို သွားပြောပြီး နှင်ခိုင်းလို့ ပြောင်းသွားကြရတာ"

"သူ့သား တိုးလွင်ဦးနဲ့ ဘယ်သူနဲ့ စိတ်မချတာလဲ"

"အခု မြတ်ဆုမွန်ရဲ့အမေ စံပယ်လှိုင်နဲ့တဲ့၊ မမကလည်း လျှာရှည်လိုက်တာ"

"အေး ... အဲဒီ မခင်ထားထားလည်း ကံနည်းရှာတယ်နော်၊ ငယ်ငယ်နဲ့ ဆုံးကုန်ကြတယ်၊ တော်ပါသေးတယ် သားက ဆရာဝန်လည်းဖြစ် သူဌေးသမီးနဲ့လည်းရလို့"

"မတော်ပါဘူးဗျာ၊ မင်္ဂလာဆောင်တာကအစ မိုနီကာတို့ဘက်က တစ်ပြားမှထုတ်တာ မဟုတ်ဘူး၊ မိုနီကာတို့က သိပ်တင်စီးတာ"

"ထားပါဦး အဲဒီ မြတ်ဆုမွန်ကို အဲဒီခြံ လွှဲပေးရမယ်လား"

"ဟုတ်တယ်၊ သူ့အဘိုးရဲ့ နာမည်နဲ့ခြံမို့ သူ့မြေးလေးပဲ ရထိုက်တယ်"

"လုပ် ... လုပ်"





"လုပ်ပေးရမှာပဲ၊ ကျွန်တော်လည်း အိမ်ထောင်နှစ်ဆက် ရခဲ့တယ်၊ ဇနီးတွေ ကွယ်လွန်ခဲ့ကြတယ်၊ ကျွန်တော့်ရဲ့ ချွတ်ယွင်းမှုကြောင့် သားသမီးမရခဲ့လို့ ဒီတူမလေးကိုပဲ ရစေချင်တယ်၊ ရလည်းရထိုက်တယ်"

"မင်း မြင်ဖူးပြီလား"

"ကျွန်တော်နဲ့ ဆွေးနွေးပြီးမှ ကျွန်တော့် ရုံးခန်းကို တိုးလွင်ဦး ခေါ်လာတယ်၊ လှလိုက်တာမှ ရက်ရက်စက်စက်ပဲ"

"မင်းတောင် ချစ်သွားပြီလား"

"ကိုယ့်တူမ အရင်းလေးပဲ ချစ်တာပေါ့၊ မမမြတ်ကိုတော့ မြတ်ဆုမွန်က ကြောက်လို့တဲ့"

"ကြောက်ရအောင် ငါက သူ့ကို ဘာလုပ်လို့လဲ"

"သူ့အမေ ဆုံးတဲ့နေ့က တိုးလွင်ဦးက ဒီအိမ်ခေါ်လာသေးတယ်လေ"

"သြော် ... အေး ... ငါလည်း ဘာမှမပြောပါဘူး မောင်မောင်ရဲ့"

"ကဲ ... ဒါတွေထားလိုက်ပါတော့ဗျာ"

"ဒါဖြင့်လျှင် သူ့အမေ ငယ်ငယ်ကနေခဲ့တဲ့ခြံကို သူက ပြန်ပြီး အပိုင်ရမှာပေါ့နော်"

"ဟုတ်တာပေါ့၊ သူ့နာမည်နဲ့ တရားဝင်ဖြစ်အောင် ကျွန်တော် လုပ်ပေးရမယ်"

"မြေချည်းပဲ ကာလတန်ဖိုး ဆယ်သိန်းလောက်ရှိမှာ"

"သူ့ကုသိုလ်ပေါ့ဗျာ"

အိမ်အိုကြီးပေါ်မှာ ဇရာရုပ်သွင်ဖြင့် မောင်နှမနှစ်ယောက် ဆွေးနွေးပွဲ ခေတ္တရပ်နားပြီး အသီးသီး စဉ်းစားနေကြဆဲမှာ ဒေါ်ခင်ခင်မြတ်က တစ်စုံတစ်ခုကို အရေးတကြီး စဉ်းစားသွားမိသလို ...



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ … နေစမ်းပါဦး၊ တိုးလွင်ဦးနဲ့ တို့နဲ့ကလည်း အမျိ
မဟုတ်လား၊ ကောင်မလေးနဲ့ တိုးလွင်ဦးနဲ့လည်း သွေးတော်မှာပေ

"မမကလည်း ကြောင်နေပြန်ပါပြီဗျာ"

"ဘာလဲဟဲ့"

"အစ်ကိုကြီး ဦးအောင်ဟိန်း မိန်းမဘက်ကအမျိုးပဲ၊ အစ်ကိုကြ
မိန်းမနဲ့တောင် တစ်ဖက်စီတော်တဲ့ အမျိုးပါ၊ ရင်းတော့ ရင်းနှီးကြတယ
ဟိုဖက်တော် ဒီဖက်တော်တွေမို့ ဘာမှသွေးမစပ်ကြဘူးလေ"

"အေး … ဟုတ်သားပဲ၊ ဒါဖြင့် တိုးလွင်ဦး အိမ်မှာ ကော
မလေး သွားနေတာ သင့်ပါ့မလား၊ သူ့မိန်းမ မိုနီကာကလည်း နိုင်
ခြား သွားနေတဲ့ဥစ္စာ"

"စာမေးပွဲဖြေခါနီးမို့ စာပြဖို့ ခဏခေါ်ထားတာပါတဲ့၊ ဟိုအိ
မှာ ဒေါ်သက်စုလည်း ရှိတယ်၊ ဒေဝစ္ဆရာလည်း ရှိတယ်လေ၊ ပြီးတော
တိုးလွင်ဦးက မိန်းမနဲ့ ပတ်သက်လျှင် သိပ်သိက္ခာရှိတာပါ၊ ဒီမှာ မမ

"ဘာလဲဟဲ့"

"အဲဒါ ကျွန်တော်တို့အလုပ် မဟုတ်ဘူး၊ ကလေးတွေကိ
သူတို့ဟာသူတို့ ဘာပဲဆုံးဖြတ်ကြ၊ ဆုံးဖြတ်ကြဗျာ"

□





## အခန်းနှစ်ဆယ့်သုံး

"ဦး ခုတလော ဘာလို့ မျက်နှာပျက်နေတာလဲဟင် ကြီးစု"

ဒေါ်သက်စုက သက်ပြင်းချ၏။ ပြီးတော့ မလုံသည့်မျက်ဝန်းဖြင့် အခန်းဝကို လှမ်းကြည့်နေ၍ ဆုပါ ရော၍ကြည့်လိုက်မိတော့ ဒေဝစ္ဆရာဆိုသည့် ဘောဘီလေးက ကျောင်းစိမ်းလေးဝတ်လျက် ကျောင်းသွားခါနီးလေပြီ။

သူ့ကျောင်းချိန်က နံနက် ကိုးနာရီဆယ့်ငါးမိနစ်မှ ညနေ နှစ်နာရီခွဲဖြစ်သဖြင့် ဦးကိုယ်တိုင် မပို့နိုင်၊ မကြိုနိုင်။ ဒရိုင်ဘာဖြင့်သာ ကြိုရ ပို့ရပါ၏။

ယခု ဒေဝစ္ဆရာသည်ပင်လျှင် ကိုးနှစ်ရွယ် လေးတန်းကျောင်းသူကြီး ဖြစ်နေပေပြီ။ သူ့ကျောင်းက ပြည်လမ်းမှ အမက (၅) ဒဂုံ ယခင် ဘစ်ရှော့ပ်ဟုမ်း(မ်)။

"ညီမလေး ထမင်းဘူးထဲမှာ ညီမလေးကြိုက်တဲ့ အာလူးကြော် တစ်လစ် ပါတယ်နော်"

"အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် … ဦး မသိစေနဲ့၊ ကြောင်ကမ္ဘာ ဆီးပြားတစ်ထုပ်လည်း ထည့်ပေးလိုက်တယ်"

"ဒါမှ တို့ မမဆုကွ"

ဆုက ဒေဝစ္ဆရာ၏ ထမင်းဘူး၊ ရေဘူးနှင့် လွယ်အိတ်များကို ကားပေါ်အထိ လိုက်တင်ပေးသည်။

"အို … ဖိနပ်က ခြေအိတ်လည်း မပါသေးဘူး"

ဆုကိုယ်တိုင် ညီမလေး၏ ခြေအိတ်ကို တယုတယစွပ်၍ ဖိနပ်စီးပေးလိုက်သည်။

"ညီမလေး ပြန်လာလျှင် ဘောလုံးကန်ရအောင်"

"ဟာ … ယောကျ်ားလေးမှ ဘောလုံးကန်ရတာ"

"ဒါဖြင့် ဘာကစားမလဲ"

"ဘတ်တမင်တန်"

"ဟာ … မရိုက်ချင်ဘူး ပျင်းတယ်"

"ရှုပ်တယ်ကွာ၊ ဟိုတုန်းကလိုပဲ ခြံထဲမှာ လိုက်တမ်းပြေးတမ်း ကစားမယ်၊ တူတူပုန်းမယ်"

"မမဆု တကယ်စောင့်နေနော်"

"စောင့်မယ်၊ မမဆု ဒီနေ့အားနေတာ၊ ဘေဘီလေးကို နိုင်အောင် ပြေးနိုင်အောင် အားမွေးထားမယ် သိလား"

"အံမယ် … မရပါဘူးနော်၊ မိအောင် ဖမ်းပြမယ်"

"အေးပါ၊ ကြည့်ကြသေးတာပေါ့"

"အဟားဟား ပျော်စရာကြီးကွ၊ မမဆု"

"ဟင်"

"ပြန်ပြန်မသွားနဲ့နော်၊ ဒီမှာပဲနေနော်"

"နေမှာပါ ညီမလေးရယ်"





မမဆုမှာ ပြန်စရာအိမ်မှမရှိတာဆိုသော စကားကို ဆက်၍ မပြောဖြစ်လိုက်တော့ပါ။

ကျောင်းသက်နီးပါးတမျှ နေခဲ့ရသော ဒေါ်မေမေခင်၏ ဘော်ဒါဆောင်မှာ ပိတ်လိုက်လေပြီ။ ဦး၏ သူငယ်ချင်းဖြစ်သော ဒေါ်မေမေခင်၏သား နိုင်ငံခြားသဘင်္ဘောမှာ တာဝန်ထမ်းဆောင်ပြီး ပြန်လာကာ လက်ထပ်၏။

အိမ်မှာ ချွေးမပါလာနေ၍ ဘော်ဒါထား၍မဖြစ်ဟုဆိုသဖြင့် ပြောင်းပေးခဲ့ရသည်။

မြတ်ဆုမွန် တစ်ယောက်တော့ ထားချင်ထားပါဟု ဆိုသော်လည်း အိမ်ထောင်သည်နှင့် မိသားစုကြားမှာ ဆုကို မထားနိုင်၍ မာလာဆောင် ရှေ့ လမ်းကြားမှ ဘော်ဒါဆောင်သို့ ပို့သေးသည်။

လူကများ၊ စည်းကမ်းသတ်မှတ်မှုကနည်း၊ အတွဲတွေကလည်း ကဲတာကို ဦး မြင်သွားပြီးသည်မှစ၍ …

"ထားရတာလည်း စိတ်မချဘူး၊ စာတွေကလည်း အရေးကြီးနေပြီ၊ အိမ်မှာပဲ ပြောင်းနေတော့၊ ကြီးကြီးစရော သမီးရော ရှိတာပဲ"

ဟူသော ဦး၏ ဆုံးဖြတ်ခေါ်ဆောင်ချက်ဖြင့် မြတ်ဆုမွန် ဦး၏ အရိပ်အာဝါသမှာ မှီခိုခွင့်ရခဲ့ခြင်း ဖြစ်လေသည်။

ညီမလေးက ပြုံးပျော်ရွှင်ပျစွာ လက်ကလေးပြ၍ ထွက်သွားသည်ကို ပြန်လည်လက်ပြနှုတ်ဆက်ပြီး ခြံနှင့်ကွယ်သွားလေမှ မြတ်ဆုမွန် အတွင်းသို့ ဝင်လာခဲ့သည်။

အိမ်မှာ ဒေါ်သက်စု၊ အိမ်ဖော်မိန်းကလေး တစ်ယောက်နှင့် မြတ်ဆုမွန်တို့သာ ရှိပါ၏။

ညဆို ဦးက သမီးလေးနှင့် သူတို့ အိပ်ခန်းကျယ်ကြီးမှာ အိပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုက နောက်ဖက်မှ ကြီးကြီးစု အခန်းတွင် နေရပါ၏။

"ကြီးစု၊ ခုန ဆု မေးတာကို ကြီးစု တစ်ခုခု ပြောချင်နေပုံ ရတယ်၊ ညီမလေးရှိလို့ မဟုတ်လား"

"အေး"

"ဒါဖြင့် ပြောပြစမ်းပါ ကြီးစုရယ်၊ ဦးက ခုတလော ဘာဖြစ်လို့ စိတ်မချမ်းမသာ ဖြစ်နေရတာလဲဟင်"

"မိုနီကာပေါ့အေ"

"သူ ပြန်လာတော့မှာဆို"

"ပြန်တော့လာမယ်လေ၊ ပြန်မလာခင် သတင်းတစ်ခုကြားတယ်၊ အဲဒါ မိုနီကာနဲ့ ဖုန်းပြောပြီး ဖြောင်ဖွင့်မေးတော့ ဟိုက ဟုတ်တယ်လို့ ဝန်ခံတာနဲ့ မောင်တိုးလွင်ဦး စိတ်မချမ်းမသာဖြစ်နေတာ"

"ဒေါ်မိုနီကာက ဟိုမှာ ဖောက်ပြန်နေလို့ပေါ့နော် ကြီးစု"

"မဟုတ်ပါဘူး ဆုရဲ့"

"ဒါဖြင့် ဘာလဲ"

"နိုင်ငံခြားမှာ ကလေးဖျက်ချလို့တဲ့"

"အို"

"ဒီကိစ္စက ကြာပါပြီ၊ သတင်းက ခုမှရလို့၊ မိုနီကာ့မှာ ကိုယ်ဝန်ပါသွားတာ ဟိုရောက်မှ သိသတဲ့လေ"

"ကိုယ့်ခင်ပွန်းနဲ့ရတဲ့ ကိုယ်ဝန်ပဲ ကြီးစုရယ်၊ ဟိုမှာပဲမွေးမွေး၊ ဒီပဲပြန်လာလာ ဖြစ်လျက်သားနဲ့များ"

"အေးပေါ့ ဒါကြောင့် မောင်တိုးလွင်ဦးက အသည်းနာနေတာပေါ့၊ ပြီးတော့ ကလေးကလည်း အကောင်အထည်ဖြစ်နေပြီ၊ ယောကျ်ားလေးတဲ့"

"အို"





"မောင်တိုးလွင်ဦးက သားလေး သိပ်လိုချင်ရှာတာ"

"မြန်မာပြည်မှာဆိုလျှင် ဘယ်ဖြစ်မလဲနော်၊ နိုင်ငံခြားမှာဆိုတော့ ည်း လုပ်ချင်တိုင်း ဖြစ်နေတာပဲလေ"

"အေးပေါ့၊ ပြီးတော့လည်း သူက တစ်ယောက်တည်းသား ခဲ့ရတော့ သားသမီး များများလိုချင်ရှာတာလေ၊ သနားပါတယ်၊ ့အမေ ပေးစားခဲ့ပေမယ့် အိမ်ထောင်ရေးမှာ ကံမကောင်းရှာဘူး ရယ်"

ဆု ငြိမ်သက်စွာ တွေဝေသွားမိသည်။ ဦးတို့ ဇနီးမောင်နှံ၏ ရေးအခင်းကို သူ ဘာမှနားမလည်ပါ။ ဝင်၍ကူညီပေးကောင်းသော ်နမျိုးလည်းမဟုတ်၍ နှုတ်ပိတ်ရေငုံနေရုံသာ။

ဘာပဲဖြစ်ဖြစ် ကျေးဇူးရှင် ဦးသာ စိတ်ချမ်းသာပါစေ၊ အိမ် ာင်ရေး အဆင်ပြေပါစေ။

"အင်း ... မိုနီကာ မိုနီကာ၊ ပြန်လာတော့မယ်လို့တော့ ပြော တာပဲ"

"ပြန်လာပါစေ၊ အဆင်ပြေကြပါစေ"

"အေး ... ကြီးစုလည်း ဒီဆုပဲ တောင်းနေရတာပဲ၊ ကလေးက သေးတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဦးတို့ မိသားစု ပြန်ဆုံစည်းကြမှာကို ဆုလည်း ဝမ်းသာရပါတယ် ကြီးစုရယ်၊ ဒါပေမဲ့ ဒေါ်မိုနီကာ ရောက်လာလျှင် ဆုက ဒီအိမ်ကြီးကို ခွဲခွာပြီး တစ်နေရာရာမှာ တစ်ယောက်တည်း သွားနေရဦးမှာပဲနော်"

❐





## အခန်းနှစ်ဆယ့်လေး

ဆိုဖာဆက်တီပေါ်မှာထိုင်ပြီး ရေခဲသေတ္တာတွင်းမှ လိမ္မော်ရည်ကိုယူတိုက်ကာ ဧည့်ခံနေရသည်ကိုပင် စိတ်မှာ မလုံချင်။

အိမ်ရှင်လို ဆိုဖာကြီးပေါ်မှာ အခန့်သား ဘယ်သောအခါမှ မထိုင်မိ။ လုပ်စရာရှိတာ လုပ်ပေးပြီးလျှင် ကိုယ့်အခန်းထဲမှာပဲ နေဖြစ်သည်။ တစ်ခါတစ်ရံ ညီမလေးနှင့် ခြံထဲမှာ ဆော့ကြ။

ယခုတော့ ...

ကိုမိုးပြည့်စုံကို တကယ့်သူဌေးသမီးဟန်နှင့် ဧည့်ခံနေရသည်ကိုပင် စိတ်ကျဉ်းကျပ်နေမိပါ၏။

"သောက်လိုက်ဦးလေ"

"သောက်ပါ့မယ်ဗျာ၊ ဆု ကျွန်တော့်ကို ပြန်စေချင်နေတာ ကျွန်တော် သိပါတယ်၊ ကျွန်တော်ကလည်း မပြန်ချင်ဘူး၊ ဆု ရှေ့မှာပဲ ထိုင်နေခွင့်ရချင်တယ်"

"ဦး ပြန်လာမှာစိုးလို့ပါ"

"အဘိုးကြီးက ကျွန်တော့်ကို နှင်ထုတ်ချင်ပုံမရပါဘူး"

"အို ... ဆုရဲ့ ဦးက အဘိုးကြီး မဟုတ်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ဆုရယ်၊ အကြီးအကဲ အုပ်ချုပ်သူတွေကို အဘိုးကြီး အဘွားကြီးလို့ ခေါ်ကြတာပဲ၊ ဆုရဲ့ ဦးက ဆုကို တကယ့်သမီးအရင်း အတိုင်းပဲ သိပ်ဂရုစိုက်တယ်နော်"

"အင်း"

"ဆု အဖေရဲ့ညီလား၊ အမေရဲ့မောင်လားဟင်"

"သြော် ... ဟို ... ဆု ... ဆုအမေရဲ့မောင်ပါ"

ဆုကသာ ကိုယ့်ဘဝ ကိုယ့်အဖြစ်ကို မလုံမလဲ ရှိမိသည်။ စိုးပြည့်စုံအနေဖြင့် ဤကိစ္စသည် ပြဿနာတစ်ရပ်ဟူ၍ ယူဆပုံမရ။

"ဆု"

"ဟင်"

"ဆု မကြားချင်တဲ့စကားပဲ ပြောရမှာပဲ ဆုရယ်"

သူက အံ့ပူရင်ငြိမ်းစေအောင် လိမ္မော်ရည်တစ်ခွက် သောက်လိုက်ပြီးမှ ...

"ကျွန်တော် ဆုကို သိပ်ချစ်တာ ဆု ယုံသင့်ပါပြီဗျာ၊ ပြီးတော့ ဆုရဲ့ ဆုံးဖြတ်ချက်ကိုလည်း သိချင်လှပြီ၊ အဲဒီ ဆုံးဖြတ်ချက်ဟာ ကျွန်တော် ရင်ကွဲရမယ့် ဆုံးဖြတ်ချက် ဖြစ်ရမှာလည်း လန့်နေမိတယ်"

"ကိုစိုးပြည့်စုံ"

"ပြောပါ ဆု"

"ဆုကို မျှော်လင့်မနေပါနဲ့လို့ပဲ ပြောပါရစေ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဆု ဘယ်သူ့ကိုမှ မချစ်နိုင်လို့ပဲ"

"ဆု ချစ်နိုင်လာမယ့် တစ်နေ့ကို ကျွန်တော် စောင့် ..."

"နေ ... နေ ကိုစိုးပြည့်စုံ၊ ဆုပဲ ရှေ့ပြောပါရစေ၊ အဲဒါဟာလည်း ဘယ်နေ့ ဘယ်ရက်ရယ်လို့ ဘာရည်ရွယ်ချက်မှ မရှိသေးတဲ့ ဆုအတွက် အချိန်ကာလဆိုတာ သတ်မှတ်လို့ မရနိုင်ပါဘူး"





"ဆုရယ်"

"ပြီးတော့ ဆုရဲ့ အိမ်ထောင်ရေးဆိုတာကိုလည်း နည်းနည်း ...းမှ မစဉ်းစားသေးပါဘူး၊ တကယ်လို့ စဉ်းစားခဲ့လျှင်လည်း ဦး ...ဲ ရွေးချယ်ပေးပါလိမ့်မယ်၊ ဆုရဲ့ အဖြေဟာ ဒါပါပဲ၊ ဆုကို ခွင့် ...တ်ပါ"

စိုးပြည့်စုံသည် မျက်လွှာလေးချကာ ခေါင်းလေးငုံ့ထားသော ...ကို အကြည့်မလွဲဘဲနှင့် စူးစိုက်စွာ ကြည့်နေမိသည်။

ဤကြေ့ခြေရှင် မိန်းမလှ၏ ရင်တွင်းမှ ချစ်ခြင်းမေတ္တာကို ဘယ် ...ွမ်းအားများနှင့်မှ ရယူပိုင်ဆိုင်နိုင်ခွင့် ရှိမှာလဲဆိုသည်ကို သိချင်စမ်း ...ဘိ။

ယောက်ျားတို့၏ စွမ်းအားဖြင့် ဆု ဖြစ်စေချင်သည်များကို ...လာနိုင်အောင် ဘာပဲဖြစ်ဖြစ် သူ စွမ်းဆောင်ပစ်လိုက်ချင်သည်။

ဝင်းဝါလွင်တို့လို လွယ်ကူသောအချစ်နှင့် မြတ်ဆုမွန်လို ရှား ...သော မေတ္တာတရားနှစ်ခု၏ အတိမ်အနက်ကိုလည်း သူ ချင့်တွက် ...တ်ခဲ့ပါပြီ။

ရယူပိုင်ဆိုင်ချင်သော ရတနာသည် လက်လှမ်းဝေးလေ ဆန္ဒက ...င်းပြလေမို့ စိုးပြည့်စုံသည် ယခုပင် မြတ်ဆုမွန်ကို ရင်ခွင်တွင်း ဆွဲ ...င်းပွေ့ယူကာ ထွက်ပြေးသွားချင်မိသည်။

ဘယ်သူမှ လက်လှမ်းမမီနိုင်သောအရပ်၊ မြတ်ဆုမွန် ကိုယ်တိုင် ...မေတ္တာတွေ ပွင့်ဝေကြွေသက်ပေးမည့် ဒေသများ ရှိခဲ့ပါလျှင် ယခု ...် မြတ်ဆုမွန်ကို ရင်တွင်းထည့်ကာ ဆောင်ကြဉ်းသွားချင်လှပါ၏။

ဤအသိ၊ ဤဆန္ဒများဖြင့် ငုံ့နေသော မြတ်ဆုမွန်၏ အနားသို့ ...ကပ်ကာ မြတ်နိုးစုံမက်စွာ ရူးရူးစိုက်စိုက် ကြည့်နေဆဲမှာ ...

ဒေါက်တာ တိုးလွင်ဦး တိုက်တွင်းသို့ ဝင်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှု နှလုံးသားများပိုင်ရှင် နှစ်ဦးလုံးက ကားသံကိုပင် မကြားမိလိုက်ကြ။

မည်းခနဲကျလာသော လှုပ်ရိပ်တစ်ခုကြောင့် မြတ်ဆုမွန် မော့ကြည့်လိုက်တော့ ...

ဒေါက်တာ တိုးလွင်ဦးထံမှ တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ဖူးသော အကြည့်ထူးများဖြင့် စူးစူးစိုက်စိုက်ကြီး ခဏရပ်ကြည့်နေပြီးမှ အိပ်ခန်းတွင်းသို့ ရုတ်တရက် ဝင်ရောက်သွားတော့သည်။

မြတ်ဆုမွန်သည် ဦး၏ အကြည့်စိမ်းကြောင့် မျက်စိမျက်နှာမကောင်းစွာဖြင့် စိုးပြည့်စုံကို ကြည့်မိသည်ထင်၏။ သူက ...

"ကျွန်တော် ဦးကို သွားနှုတ်ဆက်ပြီး တောင်းပန်ပေးရမလားဟင် ဆု"

"အိပ်ခန်းထဲ ဝင်သွားပြီ"

"ကျွန်တော် ဦးကို စောင့်နေရမလားဟင်"

မြတ်ဆုမွန် ခေါင်းခါပြလိုက်မိသည်။

"ဒါဖြင့် ကျွန်တော် ပြန်ရတော့မလား ဆု"

သူက လေသံကို တိုးနှိမ့်၍မေး၏။

"ပြန်တာပဲ ကောင်းမယ်ထင်ပါတယ်"

"ဆု စာမေးပွဲအောင်တဲ့အတွက် ကျွန်တော့်ရဲ့ လက်ဆောင်ပါ"

အထုပ်တစ်ထုပ် စားပွဲပေါ်တင်ပြီး သူ ညင်သာစွာ ထွက်သွားရှာသည်။

ဤလက်ဆောင်ဆိုသည်ကို မယူချင်ပါသော်လည်း အငြင်းအခုံဖြစ်နေလျှင် ဦး ကြားသွားမည်စိုး၍ မြတ်ဆုမွန် ငြိမ်၍နေလိုက်ရပါ၏။

သူ့ကိုမူ တံခါးဝအထိ လိုက်ပို့ဖြစ်၏။





အင်အားနည်းလှသော သူ့အပြုံးကို အပြုံးနှင့်မှ ပြန်လည်တုံ့ပြန်နှုတ်ဆက်မိရဲ့လား မသိ။

နွမ်းလျှဟန်နှင့် ကားမောင်း၍ ပြန်သွားလေသူ စိုးပြည့်စုံကို မျှော်ငေး၍ ရှည်ကြာစွာ ကြည့်မနေနိုင်အားပါ။

"ဦး မကြိုက်ဘူးထင်တယ်"

"သူ့အိမ်မှာ ယောကျ်ားလေး တစ်ယောက်ကို တခမ်းတနားခည့်ခံနေတာကို မကြိုက်ဘူးထင်ပါရဲ့"

"ဦးရယ် ဆုကို စိတ်ဆိုးသွားတာလားရှင်"

ဦးထံမှ တစ်စုံတစ်ခုသော မှတ်ချက်ကို ကြားနာလိုမိပါသည်။ ဆူလျှင်လည်း ခံပါမည်။ ရိုက်လျှင်ပင် ကျေနပ်မိမှာပါ။

ယခုတော့ ...

ဦးကို လုံးဝမြင်ခွင့်မရ။ ဦး၏ အိပ်ခန်းထဲသို့ တစ်ခါမှလည်း မဝင်ဖူး၍ သွားပြီးမတောင်းပန်ရဲပါ။

ဦး ပြန်ထွက်လာမည့်အချိန်ကို စောင့်နေမိပါသော်လည်း ထိုတစ်ညဦးလုံး ဦးသည် ဆုကို မျက်နှာချင်းဆိုင်ခွင့် မပေးတော့ပါ။

စိုးပြည့်စုံ၏ လက်ဆောင်ကတော့ အဖိုးတန် စလင်းဘက်အဖြူရောင် အိတ်လှလှလေး။

❒



www.burmeseclassic.com

www.burmeseclassic.com



## အခန်းနှစ်ဆယ့်ငါး

ခြံကို ရှင်းလင်းထား၏။

ယိုယွင်းနေသော တဲငယ်လေးကိုပင် မူလပုံစံအတိုင်း ပြန်လည်
မွမ်းမံပြင်ဆင်ထားလေသည်။

ခြံတွင်းဝင်ရာ လမ်းတစ်လျှောက်နှင့် ခြံထောင့်များမှာ စံပယ်
စိုက်ခင်းလေးတွေ။

လန်းဝေစိုပြည်စ စံပယ်ပင်နုလေးများက မကြာခင်မှာပင် ရှ
သန်ကြီးထွားကာ စံပယ်ပွင့်ဖြူများဖြင့် တင့်ဝေတော့မည့် ခြံကျယ်ကြီး

"အုတ်နံရံကာထားတဲ့ ဟိုဖက်ခြံက တိုက်ကြီးဟာ ဦးတို့ရဲ့
တိုက်ပဲ၊ ခုတော့ ရောင်းလိုက်တာ ကြာပါပြီ၊ ဟိုတုန်းက ဘာမှမ
မရဘူးလေ"

"ဟင် ... ဒါဖြင့် ဒီခြံဟာ"

"ဟုတ်တယ်၊ အဲဒါ မမစံပယ်လှိုင် နေသွားခဲ့တဲ့ခြံပဲ ဆု၊ ဦး
ငယ်ငယ်က ဒီဖက်ခြံကိုလာပြီး သိပ်ပျော်ရွှင်ကြည်နူးခဲ့တဲ့ နေရာပဲလေ"

"အို"





"အခုတော့ ဒီခြံဟာ ဆု ပိုင်ဆိုင်တဲ့ခြံ ဖြစ်သွားခဲ့ပြီ၊ ကံကြမ္မာ ဆိုတာ ဆန်းကြယ်သားနော် ဆု"

အရာအားလုံးကို သိရှိခွင့်ရပြီးနေသော ဆုသည် ကံကြမ္မာ၏ ဆန်းပြားမှုဟု မယူဆချင်ပါ။

ဦးနှင့် မေမေနှင့် နီးစပ်မှာစိုး၍ ဦး မေမေ၏ အကြံပြုချက်ဖြင့် ခြံပိုင်ရှင် ဦးအောင်ဟိန်းက စံပယ်လှိုင်တို့ မိသားစုကို နှင်ထုတ်ပေးခဲ့သည်။

ဤအတွက် သူဌေးသားက သနား၍ဟုဆိုကာ စံပယ်လှိုင်တို့ အတွက် ငွေလာပေးရာမှ လှသော စံပယ်လှိုင်ကို မြင်တွေ့ပြီး ငွေနှင့် စက်လဲ ဝယ်ယူခဲ့သဖြင့် ဦးလင်းမောင်မောင် ဆိုသောသူသည် မြတ်ဆုမွန် ၏ ဖခင် ဖြစ်လာခဲ့ရသည်။

"ဦး"

"ဟင် ... ဆု"

"ကံကြမ္မာက ဆန်းကြယ်တာ မဟုတ်ပါဘူး ဦးရယ်၊ ဦးရဲ့ စွမ်းဆောင်ချက်ပါ"

"ဘာကိုလဲ ဆု"

"ဒီခြံကိစ္စပေါ့"

"ဟင်"

"ဆုရဲ့ ဘိုးဘိုးဟာ ဦးအောင်ဟိန်း၊ ပြီးတော့ တစ်ခါက မမျှော်လင့်ဘဲ ရောက်သွားခဲ့တဲ့အိမ်ဟာ ဆုရဲ့ အဘွားလေးနဲ့ အဘိုးလေး အရင်းဆိုတာတွေ ဆု ဘာမှမသိခဲ့ပါဘူးလေ၊ ဒါတွေအားလုံးကို ဦးက ဆက်စပ်ရှာဖွေ စွမ်းဆောင်ပေးလို့သာ ဒီခြံရဲ့ အမွေဆက်ခံသူအဖြစ် ဆုက ပိုင်ဆိုင်ခွင့်ရတာပါ၊ အရာခပ်သိမ်းဟာ ဦးရဲ့ ကျေးဇူးတရားတွေကြောင့်ချည်းပါပဲ ဦးရယ်"



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ တိုးလွင်ဦးသည် ဆု၏ အဖြေကို နှစ်သိမ့်စွာခံယူ ရင်း ဆုကို ပြုံး၍သာ ကြည့်နေသည်။

ဒေဝစ္ဆရာကို ကျူရှင်သို့ပို့ထားခဲ့ပြီး ဤခြံလေးသို့ ဦးနဲ့ ဆုတို့ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်ပါ၏။

ယနေ့ တနင်္ဂနွေ၊ ဦး အားနေသည်။ ဆုကလည်း ဟောက် ဆာဂျင်ဆိုသော အလုပ်သင်ဆရာဝန်ဆင်းနေချိန်မို့ ကျောင်းစာမရှိ ယနေ့ ဂျူတီလည်းမရှိ၍ လွတ်လပ်ပေါ့ပါးနေလေပြီ။

ကားကို ခရေပင်ကြီးအောက်မှာရပ်ခဲ့ပြီး စံပယ်ခင်းလေးများ ဘေးမှ နှစ်ယောက်သား လျှောက်လာခဲ့ကြသည်။

"မေမေ ကြိုက်ခဲ့တဲ့ စံပယ်ပင်လေးတွေကို ဦးက ပျိုးခိုင်းထား တာလားဟင်"

"ဟုတ်တယ် ဆု၊ ခြံသမားငှားပြီး စိုက်ခိုင်းထားတာလေ ဒီတနင်္ဂနွေတော့ အဘိုးကြီးကို နားခိုင်းလိုက်တယ်၊ ဦး ဆုကို ပြော စရာရှိလို့"

"ဘာအကြောင်းများလဲဟင် ဦး"

"တဲလေးထဲ သွားရအောင်လေ"

တဲပင်ဆိုသော်လည်း ခန်းဖွင့်ကျယ်၍ အလင်းရောင်က လွတ် လပ်ကျယ်ပြန့်စွာ ရနေသည်။

တစ်ဖက်တစ်ဖက်သော ခြံနှစ်ခုမှ သူဌေးတွေက ဘာကိုများ လူမြင်မခံချင်ကြသည်မသိ။ ကာထားလိုက်ကြတဲ့ အုတ်နံရံတွေက လူနှစ်ရပ်စာမက။

"ဆု"

"ရှင်"

"ဆုကို ဦး ပြောစရာရှိတယ်"





"ဟုတ်ကဲ့"

"ဆုနဲ့ မောင်စိုးပြည့်စုံနဲ့ ကြိုက်နေကြသလား"

"ရှင်"

"ဦး အမှန်အတိုင်း သိချင်တယ်"

"ဆုကလည်း အမှန်အတိုင်း ပြောပြချင်တာပါ၊ အဲဒီနေ့က ဦးကို ဆု စောင့်နေတာပါ၊ ဦး ထွက်မလာဘူးလေ၊ ဆု တစ်ညလုံး အိပ်လို့မရဘူး၊ ဦး စိတ်ဆိုးသွားမှာ ဆု သိပ်ကြောက်တယ်၊ အဲဒီအတွက် ဦးကို ဆု တောင်းပန်ပါတယ် ဦးရယ်"

"ဆု"

"ရှင်"

"ဦး မေးတာတော့ မဖြေဘဲနဲ့ ဘာတွေလျှောက်ပြောနေတာလဲ"

"ဘာကိုလဲ"

"စိုးပြည့်စုံနဲ့ ချစ်နေကြပြီလားဆိုတာ"

"ဟင့်အင်း မချစ်ပါဘူး၊ ဦးက မကြိုက်ဘူး၊ နောက်မလာပါနဲ့ လို့ တယ်လီဖုန်းဆက်ပြီး ပြောလိုက်ပါပြီ"

"ဆုက သူ့ဖုန်းနံပါတ်တောင် သိနေတယ်လား"

"မသိပါဘူး၊ ဒါရိုက်တစ်ရီထဲမှာ ရှာတာပါ၊ သူ့အဖေက နာမည် ကြီး ဆရာဝန်ပဲလေ"

"ဟုတ်တယ်၊ ဦး သိတယ်၊ မျိုးရိုးကောင်းတယ်၊ ချမ်းသာတယ်၊ ကောင်လေးကလည်း အင်ဂျင်နီယာ"

ဆုသည် ဒေါက်တာ တိုးလွင်ဦးကို နားမလည်နိုင်စွာ ကြည့် လိုက်ပြီး …

"ဦးက ဆုနဲ့ ကိုစိုးပြည့်စုံကို သဘောတူနေလို့လားဟင်"

ဒေါက်တာ တိုးလွင်ဦး မဖြေ။ ဆုကသာ …



www.burmeseclassic.com

www.burmeseclassic.com



"ဦးကို ဆု တစ်ခုပြောပါရစေ"

သူ လှည့်ကြည့်လာသည်။

"ဆုက စိုးပြည့်စုံကို မချစ်သည့်တိုင်အောင် ဦးက သဘော တယ်ဆိုလျှင် ဆု ယူမယ်၊ ဆုက သူ့ကို သိပ်ချစ်နေခဲ့သည့်တိုင်လည်း ဦးက သဘောမတူဘူးဆိုလျှင် ဆု နောက်ဆုတ်ပေးပါ့မယ်"

"ဟင် ... ဆု"

"ဆုဟာ ဆု မဟုတ်ပါဘူး ဦးပါ၊ ဦးရဲ့ဆန္ဒဟာ ဆုရဲ့ဆန္ဒ ဦး ပြုစုပျိုးထောင်ပေးလို့ ဆု ဒီလိုဘဝမျိုး ရောက်လာခဲ့ရတာ ဦးရယ်။ ဆုဟာ ဆုဆိုလျှင် ဆယ်တန်းတောင် အောင်မှာမဟုတ် ခြံထဲမှာပဲ သဲသရာလည်သွားမှာပါ၊ ဒါကြောင့်လေ"

"အင်း"

"ဆုရဲ့ဘဝကို ဦးကို အပ်ပါတယ်"

"ဟင်"

"ဦး ကြိုက်တဲ့လူနဲ့ ပေးစားပါ၊ ဘယ်သူ့မှ မယူရဘူးဆိုလည်း ဆု ဒီအတိုင်းပဲနေမယ်၊ ဦးရဲ့သဘော၊ ဦးရဲ့ဆန္ဒနဲ့ ဆုရဲ့ဘဝကို တည် ဆောက်ထားတယ်လို့ ဦး ခံယူပါနော်၊ ဆုလေ ဦးကို သိပ်ချစ်တယ် သိပ်လေးစားတယ်၊ သိပ်အားကိုးတယ်၊ ပြီးတော့ သိပ်ကြည်ညိုပါတယ် ဦးရယ်"

ဆု စကားဆုံးပြီးသည်နှင့် ဒေါက်တာ တိုးလွင်ဦးသည် နားမှထကာ ပြတင်းဝမှာ သွား၍ရပ်နေသည်။ မြတ်ဆုမွန်ကို ကျော ခိုင်းလျက်။

ဒေါက်တာ တိုးလွင်ဦး၏ ရင်တွင်းဝေဒနာကို ဘာမှမသိ သော ဆုက တဲလေးအတွင်းမှာ ဇယော်ဇယလေး ပြင်ဆင်ထားပုံများ ကို လှည့်ပတ်ကြည့်ရှုနေသည်။





တစ်ချိန်က မေမေ ဒေါ်စံပယ်လှိုင်သည် စံပယ်ပန်းလေးတွေ သီလျက် စံပယ်ခက်ဖွေးဖွေးလေးများကိုကိုင်လျက် သူချစ်သော မောင်လေး တို့ကို စောင့်မျှော်နေတတ်ရှာသည်ဆိုသော အကြောင်းလေးများကို ရင်နင့် ရင်သိမ့်စွာ တွေး၍နေမိလေသည်။

"ဩော် ... ဦး"

ဆု လှမ်းခေါ်တော့ နောက်လှည့်မကြည့်ဘဲ ဒေါက်တာ တိုးလွင်ဦး ထူးသည်။

"ဆု ခုမှ စဉ်းစားမိတယ်"

"ဘာကိုလဲ"

"ဦးရဲ့နာမည်က တိုးလွင်ဦးလေ"

"အင်း"

"မေမေက တိုးလို့ခေါ်ပြီး ဆုကျတော့ ဦးလို့ ခေါ်ဖြစ်တယ်နော်၊ အဲဒါကို ဦးရော သတိထားမိလားဟင်"

"သိပ်သတိထားမိတာပေါ့ ဆုရယ်၊ ဦးရဲ့ဘဝမှာ အေးချမ်းတဲ့ မေတ္တာတရားကို ရရှိခဲ့တာ အဲဒီနှစ်ယောက်ဆီကပါပဲ"

ပြုံးနေသော ဆု တုံ့ဆိုင်းလန့်ဖျပ်သွားရသည်။

"အို ... ဦးရဲ့ အသံတွေ တုန်လို့ပါလား"

ဦးနားသို့ကပ်ပြီး ဦးကို မြင်သာအောင် ပခုံးကိုဆွဲလှည့်လိုက် တော့ ...

"ဟင် ... ဦး"

ဒေါက်တာ တိုးလွင်ဦး၏ မျက်ဝန်းမှာ မျက်ရည်တွေပြည့်အိုင် လျက်။

"ဘာဖြစ်လို့လဲဟင် ဦး၊ ဟင် ... ဘာဖြစ်လို့လဲ"

"ဦး သိပ်ခံစားနေရတယ် ဆု"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲဟင် ဆုလည်း သိပါရစေ၊ ဆုကိုလည်း သိခွင့်ပေးပါနော်၊ ဦး … နော်"

"ဆု"

"ရှင်"

"ဦး မညာချင်ဘူး၊ ဦးကိုယ်ဦးလည်း မညာချင်ဘူး၊ ဆုကိုလည်း ညာမနေချင်တော့ဘူး၊ ကလေးရယ် ဦးလေ ဆုကို သိပ် … သိပ်ချစ်တယ်"

ဦးကို မော့ကြည့်နေသော ဆု၏ ပါးစပ်ကလေး ပွင့်ဟသွားသည်။

မထင်ခဲ့။

ဘယ်တုန်းကမှ မထင်ခဲ့။

ဦးသည် သူ့အပေါ်၌ ဖခင်လို၊ အစ်ကိုကြီးလို၊ ဦးလေးအရင်းလိုသာ ချစ်ခင်တွယ်တာရှာသည်ဟု ထာဝရယုံကြည်နေမိသည်။

ယခုမူ ဦး၏ နှလုံးအိမ်မှာ ဆန့်ကျင်ဘက် ဖိုမတို့သာ ချစ်တတ်ကြသော အချစ်မျိုးဖြင့် နင့်နင့်နဲနဲ လှိုက်လှိုက်လှဲလှဲ ချစ်နေရှာပြီဖြစ်သော ဦးရယ်တဲ့လေ။

ဆုသည်လည်း နှလုံးအိမ် ပွင့်ကွဲမတတ် ရင်ခုန်နှုန်းမြန်စွာ ခံစားမှုသစ်များ ဖြစ်ထွန်းလာမိသည်။

ဆရာဝန်မလေးဖြစ်အောင်၊ သူဌေးမလေးတစ်ယောက်ဖြစ်အောင် စွမ်းဆောင်ပေးပြီးမှ မယားကြီးရှိလျက်နှင့် သူ့ကို အပိုင်ကြံရက်လေခြင်းဟူသော အပြစ်မြင်ထိုက်သည့်အဖြစ်မျိုးဟု ဆု လုံးဝမမြင်ရက်၊ မထင်ရက်။

ဆယ်စုနှစ်ကာလတစ်ခုကို ဖြတ်သန်းလွန်မြောက်စွာ လက်တွဲလာခဲ့ရသော ဦး၏ ရင်တွင်းမှာ ယုတ်ညံ့၊ ယုတ်မာသော နှလုံးသားမရှိဟု ဆု သိပြီးသား။ ယုံကြည်ပြီးသားပါ။





ယခုလို ပြောဖြစ်သည့်တိုင်အောင် ဦး၏ ရင်ထဲတွင် လှပမြင့်မြတ်သော နှလုံးသည်းပွတ်များ ရှိနေဆဲပါဆိုသည်ကို ဆု ယုံသည်။

ဦးကို အသိနိုင်ဆုံးသော လူသားသည် ဆုသာဖြစ်မည်ဟု ဆု ပြန်သိနေသည်။

ဆုသည် ဦး၏ လက်တစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် ဖက်ဗိုက်လျက် ဆု၏ ပါးပြင်နှင့် ဦး၏ ပခုံးသားကို မှီကပ်ပွတ်တိုက်လျက် …

"ဦး မျက်ရည်တွေကို ပြန်သိမ်းလိုက်ပါ ဦးရယ်၊ ဦးကို ဆု နားလည်ပါတယ်"

"ဟင်"

"ဦး"

"ဗျာ … ဦးကို မုန်းမသွားဘူးလား ကလေးရယ်"

"ဦးကို သနားတယ်"

"အိုကွယ်"

လွတ်နေသော လက်တစ်ဖက်မှ ဆု၏ ပခုံးလေးကို ညင်သာစွာ သိုင်းဖက်ထားရင်းက …

"ဦး ရင်ထဲမှာ ဒီစိတ်တွေဖြစ်ထွန်းနေတာ ကြာပါပြီ၊ မပြောအပ်လို့၊ မပြောရက်လို့၊ ဆု မုန်းသွားမှာစိုးလို့ မျိုသိပ်ထားခဲ့တာပါ၊ ဒါပေမဲ့ ကလေးရယ်"

"ဆုအနေနဲ့ တစ်ယောက်ယောက်ကို ချစ်သွားမှာ ဦး သိပ်ကြောက်လာတယ်"

"ဆုလည်း ဆုံးဖြတ်ထားပါတယ်"

"ဟင်"

"ဦး မသိဘဲ ဘာမှမလုပ်ဘူး၊ ဦး မကျေနပ်တဲ့လူဆို ဘယ်သူ့မှ မချစ်ပါဘူးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဆု၊ အလိမ္မာလေးဆု၊ ဦးရဲ့ အချစ်ဆုံးလေး ဆုရယ်"

ဒေါက်တာ တိုးလွင်ဦးက ဆု၏ တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်ပိုက်ထားလိုက်သည်။

ဆုသည်လည်း ဦး၏ ချိုင်းအောက်မှ လက်လျှိုကာ ဦး၏ ကျောပြင်ကိုသိုင်းလျက် ပြန်လည်ဖက်တွယ်ထားမိသည်။

ဆုတို့၏ ဘောက်ထော်ခြံတွင် ဦးနှင့်ဆုတို့ ပွေ့ဖက်မိစဉ်ကာလက ဒေါက်တာ တိုးလွင်ဦးသည်သာ ဆုကို သူ့ရင်တွင်း၌ နစ်မြုပ်သွားအောင် ထာဝရ သွင်းပိုက်ထားချင်စိတ်နှင့် မရိုးမသားစွာ ဖက်တွယ်ထားမိသည်။

ဆုကမူ မိခင်၏ ခါတ်ပုံနှင့် ဖိမိ၏ ငယ်ဘဝကို မြင်တွေ့ရသောကြောင့် ကြေကွဲစိတ်နှင့် ငိုနေချိန်မှာ ဦးကို အားကိုးစွာ ဖက်တွယ်ထားခြင်းသာ။ ဆု၏ ရင်မှာ ရိုးသားသန့်စင်လျက်ပါ။

ယခုတော့ ...

ဆုသည်လည်း ဦးကို အားကိုးရုံမကတော့။ မရိုးသားသောစိတ်မျိုးအထိလည်း အစွန်းမထွက်သေးပါသော်လည်း ...

ဦးအတွက် ဦး၏မျက်ရည် ရပ်တန့်မှုအတွက် ဦး၏ရင်မှ ကြေကွဲနာကျင်မှုများအစား ကြည်နူးနှစ်သိမ့်မှုများ ဖြစ်ထွန်းလာစေရန်အတွက် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ပေးဆပ်လိုက်ချင်သော အဖြူရောင်ဇွဲစေတနာတို့သည် ဆု၏ရင်၌ အပြည့်အလျှံ။

ဒေါက်တာ တိုးလွင်ဦးသည် သူ့ရင်ခွင်တွင်းမှာ မျက်နှာအပ်ထားသော ဆု၏ မေးဖျားလေးကို ဆွဲမော့ယူလိုက်ပြီး ...

"ဆု ဦးကို မုန်းမသွားဘူးလားဟင်"

"ဘယ်မုန်းပါ့မလဲ ဦးရယ်"

"ဒါဖြင့် ဦးကို ဦးလိုရော ချစ်နိုင်မှာလား ကလေးရယ် ဟင်"





ဆုသည် ရုတ်တရက် ဘာမှမဖြေ။ သူတို့ဘေးမှာ အသင့်ရှိနေသော ပက်လက်ကုလားထိုင်မှာ ဦးကို ထိုင်စေလိုက်သည်။

ပြီးတော့မှ သူက ကြမ်းပြင်မှာထိုင်ပြီး ဦး၏ ပေါင်ပေါ်မှာ ခေါင်းတင်၍ ဦး၏ ခြေအစုံကို ဖက်ထားရင်းက ...

"ဆု ပြောတာ ဦး နားထောင်နော်"

"ကောင်းပါပြီဗျာ"

"ဦးဘက်ကတော့ ဆုကို ဘယ်လိုချစ်သလဲ မသိဘူး၊ ဆုဘက်ကတော့ ဦးကို ပြောခဲ့သလို အင်မတန်မှ ကြည်ညိုလေးစားရတဲ့သူမို့ ဦးအပေါ်မှာထားတဲ့ ဆုရဲ့စိတ်ကို ပြောပါရစေနော်"

"ပြောပါကွယ်"

"ဦးဟာ ဆုဘဝရဲ့ ဖန်တီးရှင်မို့ ဆုအနေနဲ့ ဦးအတွက်ဆိုလျှင် ဘဝတစ်ခုလုံးကိုလည်း ပုံပေးရဲတယ်၊ ကိုယ်ခန္ဓာတစ်ခုလုံးကိုလည်း ပုံအပ်ရဲတယ်၊ ကိုယ်ခန္ဓာက အစိတ်အပိုင်းတစ်ခုခု၊ ဥပမာ ခြေလက်၊ မျက်စိ၊ နှလုံးသားတို့ကို ဦးအတွက် ပေးဆပ်ဖို့ လိုအပ်တယ်ဆိုလျှင်လည်း ပေးဆပ်ဖို့ အသင့်ပဲ"

"ဆုရယ်"

"တကယ်လို့ ဦးက ဒါတွေတွင်မကဘဲ ဆုကိုပါ မလိုချင်တော့ဘူး၊ မလိုအပ်တော့ဘူးဆိုလျှင်လည်း ဦးနားကနေပြီး ဆု ထွက်ခွာသွားပေးဖို့ အသင့်ပါပဲ ဦး၊ အဲဒါဟာ ဆု ရင်ထဲမှာ ဖြစ်ထွန်းနေတဲ့ ဦးနဲ့ပတ်သက်တဲ့ ခံစားမှုအကုန်ပါပဲ"

ပေါင်ပေါ်မှာ မှီအိပ်နေသော ဆု၏ နဖူးလေးကိုသပ်ပြီး ဒေါက်တာ တိုးလွင်ဦး သက်ပြင်းမောကို ချမိသည်။

သူ၏ မေတ္တာတရားသည် ဆုလောက်မှ မွန်မြတ်ပါရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ စေတနာဆိုသည်များသည် ဆုလောက်မှ ခွန့်လွှတ်ပေးနိုင်ပါရဲ့လားဟူ၍ပင် သူ့ကိုယ်သူ သံသယစိတ်ဝင်လာမိ၏။

"ဦး"

"ဆု"

"ဆု ပြောတာ ဦး သဘောပေါက်ပါရဲ့လားရှင်"

"သဘောပေါက်ပါတယ်၊ နားလည်ပါတယ်ကွယ်"

"ဒါဖြင့် ဦး ကြိုက်သလို ဆုံးဖြတ်မယ့်လမ်းကို ဆု လိုက်ပါမယ် ဦး၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်လေ"

"ဘာလဲဟင် ဆု"

"အန်တီ မိုနီကာ ပြန်လာတော့မယ်ဆို၊ အဲဒီအခါကျလျှင် ဦးရဲ့ ချစ်သူအဖြစ်နဲ့ မပြောနဲ့ ဦးရဲ့ တူမလေးအဖြစ်နဲ့တောင် ဦးရဲ့ အနားမှာ နေခွင့်ရတော့မှာ မဟုတ်ဘူးလေ၊ ဦးနဲ့ အဝေးဆုံးအရပ်ကို သွားရောက်ရှောင်ဖယ်ပေးရမယ် ဆိုတာလည်း ဆု သိထားနှင့်ပြီးသားပါ ဦးရယ်"

"ဆု … ဆု"

ဆို့နင့်ကြေကွဲသံနှင့် ခေါ်လိုက်ပြီး ဒေါက်တာ တိုးလွင်ဦးလည်း ကိုယ်ကို ညွှတ်ချလိုက်သည်။ သူ့ပေါင်ပေါ်မှ ဆု၏ မျက်နှာလေးကို နမ်းပစ်တော့မည်ဟု ငုံ့လိုက်ပြီးမှ ခေါင်းကို သွက်သွက်ခါအောင်ယမ်းလျက် သူ့ပါးနှင့် ဆုပါးကို အပ်ထားလိုက်တော့သည်။

ဆုသည် ဦး၏ အဆုံးအဖြတ်ဖြင့် သူ့ဘဝကို ရပ်တည်မည်ဟု သိန္နိဋ္ဌာန်ချလိုက်ပြီးမို့ လှုပ်ရှားစိတ် သိပ်မရှိတော့။

ဦး ပြုသမျှ ငြိမ်သက်စွာခံယူမည်ဟု ငြိမ်နေဆဲမှာ ပါးပြင်ပေါ်သို့ ပူနွေးသော ထိတွေ့မှုများ ဆင်းသက်လာလေမှ ဆုက ရုတ်တရက် မျက်နှာချင်းခွာလိုက်ပြီး …





"အို … ဦး၊ ဦး ငိုနေတယ်လားဟင်"

"ဆုရယ် ဆုက အရွယ်နဲ့မလိုက်အောင် မြင့်မြတ်လွန်းတဲ့ မေတ္တာစကားတွေပြောနေတော့ ဦးကိုယ်ဦး သိမ်ငယ်သွားသလိုပဲ၊ ဦး ဘဝကိုလည်း ဦး ဝမ်းနည်းမိတယ်"

"ဝမ်းမနည်းပါနဲ့ ဦးရဲ့၊ ဆုရဲ့ မေတ္တာတရားဟာ ဦး ကြိုက်သလို ဆုံးဖြတ်နိုင်တဲ့အဆင့်မှာ ရှိနေတာပဲလေ"

"အဲဒါကြောင့် ဦး ပိုပြီးရင်ကွဲရတာပေါ့ကွယ်"

"ဦးကလည်း"

"ဦးကိုယ် ဦးတောင် ခွင့်မလွှတ်ချင်တော့ဘူး၊ ကလေးလောက် စိတ်ထားမမြင့်မြတ်မိပါလား"

"အားငယ်စရာတွေ မတွေးပါနဲ့ ဦးရာ"

"ဦးကို ပြန်မနှစ်သိမ့်နဲ့ ကလေးရယ်၊ ဦး ရှူးလိမ့်မယ်၊ ဦး သိပ်ပင်တ်ညစ်တယ်"

ဒေါက်တာ တိုးလွင်ဦး၏ ပေါက်ကွဲသံက ရင်ထဲမှ နှလုံးကွဲ၍များ ပွင့်လာလေသလား။

ဆုသည် ဦးကို မည်သို့သောစကားနှင့် နှစ်သိမ့်ရမည်မှန်း မသိတော့ပါ။

ဦးက သူ့အိတ်တွင်းမှ စာတစ်စောင်ကို ထုတ်၍ပေးသည်။

"ဘာစာလဲဟင် ဦး"

"ဆု ဖတ်ကြည့်ပါ"

ကိုကို …

မိုနီ စာရေးလိုက်တယ်။

ကိုကို့စာတွေ ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးပျက်သွားတဲ့ကိစ္စကို ကိုကိုက အကြီးအကျယ် ဒေါသထွက်နေတယ်ဆို၊ မိုနီ အပျော်လာတာမှမဟုတ်ဘဲ၊ မိုနီ အလုပ်လာလုပ်တာ၊ ဗိုက်နဲ့ ကလေးနဲ့ ဖြစ်မလား၊ ကိုကို စဉ်းစားကြည့်ပေါ့၊ ဒါဟာ ပြဿနာမဟုတ်ဘူး ကိုကို၊ မိုနီနဲ့ ကိုကိုနဲ့ ပြန်ဆုံရလျှင် ရင်သွေးဆိုတာ ရောက်လာမှာပဲ။

မိုနီ ရှေ့လထဲမှာ ပြန်လာခဲ့မယ်၊ ကိုကို ကြိုပြီး စဉ်းစားထားပါ၊ မိုနီနဲ့ လိုက်ခဲ့မလား၊ ဒါမှမဟုတ် မိုနီ့ကို ကွာရှင်းပေးမလား။

ဒီနှစ်လမ်းပဲ ရှိတယ်၊ မြန်မာပြည်မှာတော့ မိုနီ မနေနိုင်တော့ဘူး ကိုကို၊ မိုနီ ဒီမှာလည်း နေသားကျနေပြီ။

သမီးဆီလည်း သီးသန့် စာရေးလိုက်ပြီ၊ သမီးကို မြန်မာပြည်မှာ မထားနိုင်တော့ဘူး၊ မိုနီ လာခေါ်ရလိမ့်မယ်၊ ကိုကိုသာ လိုက်နိုင် မလိုက်နိုင် စဉ်းစားထားပါ။

ချစ်လျက်

မိုနီကာ

ဆစ်ဒ်နီမြို့

မြတ်ဆုမွန်သည် သက်ပြင်းချရင်း စာကို စာအိတ်ထဲသို့ထည့်၍ ဦး၏ အိတ်ထဲသို့တိုင် ပြန်၍ထည့်ပေးလိုက်သည်။

"ဦး ဆုံးဖြတ်ပြီးပြီလားဟင်"

ဒေါက်တာ တိုးလွင်ဦး ခေါင်းခါ၏။

"ဒီကိစ္စ မပြတ်သားသေးဘဲနဲ့ ဆုပေါ်မှာ ဦး စိတ်ပြောင်းဖို့ မကောင်းသေးဘူး ဦးရယ်"





"ဩော် ... သင့်မျှစွာ တွေးတတ်လိုက်တဲ့ ဆုလေးရယ်"

ဒေါက်တာ တိုးလွင်ဦးသည် လေးလံသောရင်မှ အန်ထွက်လာသော သက်ပြင်းကိုချရင်း ...

"ဦး ဘာဖြစ်လို့ပြောဖြစ်လဲ သိလားဟင်"

ဆု ခေါင်းခါပြလိုက်တော့ ...

"ဆု စိုးပြည့်စုံကို ချစ်သွားမှာစိုးလို့၊ သိလား ဆု၊ ဆုကို ဦး မွေ့ပေးနိုင်ဘူး၊ ဆု ဘယ်သူ့ကိုမှ မချစ်ရဘူး၊ ဦး မနာလိုဘူး၊ ဦး ဒေါ်တိုတယ်၊ အဲဒါ ဆုကို သိပ်ချစ်လို့၊ သိပ်ချစ်လို့ပဲ ဆုရဲ့"

စကားလုံးများမှ ဟုတ်ပါလေစ။ ဦး၏ နှလုံးသည်းပွတ်များ တစ်စစီ ကွဲကြေလွင့်စဉ်ရာမှ မြည်ဟည်းလာသော အသံတွေများလားကွယ်။

စိုးပြည့်စုံနှင့် ဆုကို အိမ်၏ဧည့်ခန်းမှာ ယှဉ်လျက်နီးကပ်စွာ တွေ့လိုက်ရစဉ်က ဒီကောင်လေးကိုပဲ ပြေးထိုးချင်သလိုလို။ ဆုကိုပဲ ဆုပ်ကြိမ်းမောင်းချင်သလိုလို ဖြစ်လာ၍ အခန်းတွင်းဝင်၍ တံခါးပိတ်ထားမိ၏။ စိတ်မှာ နံရံကို လက်သီးနှင့် ထိုးချင်လာသည်။ စားပွဲပေါ်မှ ပန်းအိုးကို ရိုက်ခွဲပစ်လိုက်ချင်၏။

သို့ပေမယ့် ဘာမှမလုပ်ဖြစ်။

ဘာတစ်ခုမှ မလုပ်လိုက်ရပါ။

ဩော် ... အသက်သုံးဆယ်ကျော် လေးဆယ်နား နီးနေပါလျက် အချစ်ဟူသောအရာသည် သူ့နှလုံးအိမ်မှာ တစ်ကြိမ်တစ်ခါမျှ မကိန်းအောင်းခဲ့ဖူးသေး။

မမစံပယ်လှိုင်ကို ကလေးသဘာဝအရ အစ်မလို ချစ်မိခဲ့သည်ကသွဲ၍ ...



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ တိုးလွင်ဦး၏ တစ်သက်တွင် ဘယ်မိန်းကလေးကိုမှ၊ ဘယ်သူ့ကိုမှ မချစ်ဖူးခဲ့သေး။

ယခု သူ့ရင်မှဖြစ်ထွန်းသော သမီးလေးနှင့် မခြားအောင် ချစ်ခဲ့ရသော ဆုသည် အရွယ်ရောက်ခဲ့ပြီ။ အထီးကျန် ယောကျ်ားတစ်ယောက်၏ဘဝမှာ အနေအနီးဆုံး မိန်းကလေးအဖြစ် ဆု ရောက်ရှိနေလေသည်။

သွေးမတော်စပ်သော သူစိမ်းပြင်ပြင်ဟူသော အသိကြောင့်လည်း ဆုပေါ်၌ သူ စိတ်ပြောင်းခဲ့သည်မှာ ကြာပါပြီ။

ဤကာလများကို မျိုသိပ်ကျော်ဖြတ်နိုင်ခဲ့ပါလျက် ဆုကို စိုးပြည့်စုံနှင့် အတူတွဲ၍ တွေ့လိုက်ရသဖြင့် ဒေါက်တာ တိုးလွင်ဦး ရင်နှင့်မဆံ့အောင် ခံစားရာမှ ပွင့်အန်လာရခြင်း ဖြစ်ပေသည်။

"ဩော် … အချစ်ဟူသောအရာသည် အရွယ်ဟူသော ကန့်သတ်မှုနှင့် မဆိုင်ပါလား"

နှလုံးသားအိုမှာ ပျိုရွယ်သော အချစ်ဦးအတွက် လေးနက်လွန်းသော ခံစားမှုများနှင့် ပြည့်လျှမ်းနေရှာသော ဒေါက်တာ တိုးလွင်ဦးရယ်ပါ။

"ဦး"

"ဟင် … ဆု"

"ဦး သိပ်စိတ်ပင်ပန်းနေပါပြီ ဦးရယ်၊ ဒေါ်မိုနီကာ လာမှပဲ ကိစ္စအားလုံးကို ဖြေရှင်းကြရအောင်ပါလေနော်"

ဦး ခေါင်းညိတ်၏။

"ပြန်ကြပါစို့နော်၊ ညီမလေး ကျောင်းကြိုရချိန်တောင် နီးနေပြီ"

"ဆု"





"ရှင်"

"ဦးရယ်၊ ဆုရယ်၊ သမီးရယ် ဘယ်တော့မှမခွဲဘဲ ခုလို အတူနေခွင့်ရချင်လိုက်တာ ဆုရယ်"

"ဒီပြဿနာကတော့ အချိန်ကပဲ ဆုံးဖြတ်ပေးပါလိမ့်မယ်လေ၊ ဆု အတွက်တော့ ဦး စိတ်ချပါ"

"ဘာကိုလဲဟင် ဆု"

"ဆု ဘယ်သူ့ကိုမှ မချစ်ဘူး"

"ဟင်"

"ဦး ယုံရဲ့လားဟင်"

"အဲဒါကို ယုံပါတယ်၊ ဦး ဆုကို သိပ်ချစ်တယ်ဆိုတာရော ဆု ယုံလားဟင်"

"သိပ်ယုံ"

"ဒါဖြင့် ဦးကိုရော ဆု ပြန်ချစ်မှာလားဟင်"

"ဆု ရင်ထဲကဆန္ဒကို ပြောပြီးပါပြီလေ၊ ဆု နှုတ်က ဖွင့်မပြောပါရစေနဲ့တော့၊ ဆုကို နားလည်ပါ ဦးရယ်"

ဆုသည် ယင်းစကားစုကို ဒေါက်တာ တိုးလွင်ဦး၏ ရင်မှာမှီကပ်လျက် မတ်တတ်ရပ်ရင်း ပြောဖြစ်သည်။

ဒေါက်တာ တိုးလွင်ဦး ဖက်တွယ်ထားသော လက်ကိုဖြင့် ဖယ်မပစ်ရက်။

ထိုနေ့က …

တိုးလွင်ဦးကို သိပ်ချစ်သော ဒေါ်စံပယ်လှိုင် နေထိုင်ခဲ့ရာ အိမ်လေးအတွင်းမှာပင် ဒေါ်စံပယ်လှိုင်၏ သမီးလေးကို ဒေါက်တာ တိုးလွင်ဦးက ကြာမြင့်စွာ ထွေးပွေ့ဖက်ပိုက်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုအတွက် အနမ်းဦးများကို မပေးဆက်ရက်။ ခဲယဉ်းပင်ပန်းစွာ သိန်းချုပ်ထားလိုက်ပါ၏။

ခြံတွင်းမှာ စံပယ်ရွက်ကလေးတွေက စိမ်းလတ်စွာ ထောင်မတ် နေကြသည်။

မကြာမီ ဖွေးဖွေးဝေအောင် ဖူးပွင့်ကြပေတော့မည်။

ဤအချစ်ဆုံး နှစ်ယောက်တို့၏ အချစ်သည်လည်း စံပယ်ပွင့် လေးများနှင့်အတူ လောကအလယ်တွင် ပေါ်ထင်ဝင့်ကြွားစွာ ပွင့်ဆေ ခွင့်မှ ရရှိနိုင်ပါ့မလားကွယ်။

❒





## အခန်းနှစ်ဆယ့်ခြောက်

နားမှာ Litmann ဟုခေါ်သော နားကြပ်တပ်လျက် B.P Cuff ခေါ် Syphomonometer သွေးချိန်ကိရိယာ၏ အတက်အကျကို အောက်မှ ပင့်၍ ဒေါ်ခင်ခင်မြတ် ကြည့်နေသည်။

အသားညိုသော သူ့မိခင်၏ အလှမျက်နှာနှင့် အသားဖြူဖွေး နေသော သူ့ဖခင်တို့၏ အလှများ ပေါင်းစပ်ထားရုံမက သူမ၏ ကိုယ်ပိုင်အလှများ ထပ်ဆင့်ထားသဖြင့် အဘွားကြီးဖြစ်သော ဒေါ်ခင်ခင် မြတ်ပင်လျှင် မြတ်ဆုမွန်ကို ကြည့်၍မဝ။

"မနေ့ကထက်စာလျှင် သွေးချိန်လျော့သွားပါပြီ၊ ဆေးတစ်လုံး ထိုးရအောင်နော် ဘွားဘွားမြတ်"

"ထိုးပါတော်၊ မနာအောင်တော့ထိုးနော် မြေးလေး"

"စိတ်ချ ဖြည်းဖြည်းလေးထိုးမယ်၊ ပြီးတော့ သမီး ပွတ်ပေး မှာပါ"

ဒေါက်တာ မြတ်ဆုမွန်သည် ဆေးထိုးအပ်ကို ကျင်လည်စွာ ကိုင်ပြီး Reserpine ထိုးဆေးရည်များကို စုပ်ယူ၍ ဒေါ်ခင်ခင်မြတ်၏



www.burmeseclassic.com

www.burmeseclassic.com



တင်ပါးကို တစ်ချက်ပွတ်ပြီးမှ ညင်ညင်သာသာလေး ထိုးပေး၊ ပွတ်ပေးလိုက်သဖြင့် ...

"ပြီးသွားပြီလား"

"ပြီးပြီလေ ဘွားဘွားမြတ်ရဲ့"

"တော်လိုက်တာတော်၊ ပုရွက်ဆိတ် ကိုက်သလောက်တောင် မနာဘူး"

"တော်မှာပေါ့ ဘွားဘွားမြတ်ရဲ့ မြေးပဲဟာ"

"အဟဲဟဲ"

အဘွားကြီးသည် ယခုလို ကြည်နူးကျေနပ်စွာ 'မုဒိတာ' စိတ်ဖြင့် မရယ်မမော ဖြစ်ခဲ့ရသည်မှာ နှစ်ပရိစ္ဆေဒပေါင်းများစွာ ကြာခဲ့လေပြီ။

"သမီး မီးဖိုချောင်ဘက် ခဏသွားလိုက်ဦးမယ်နော် ဘွားဘွား၊ မချို ချက်နေတာတွေ ဆားငန်မှာစိုးလို့ သွားပြောလိုက်ဦးမယ်၊ ဘွားဘွားအတွက် ငါးရေချိုချက်နဲ့ ဟင်းနုနွယ်ကြော်၊ ဘိုးဘိုးအတွက်တော့ ကြက်သားပဲ"

ဆုက သူ့ဆေးပစ္စည်းများကို သိမ်းဆည်းရင်း ပြောနေ၏။ ဒေါ်ခင်ခင်မြတ်သည် ဆု၏ လက်ကလေးကို သူ၏ အကြောပြိုင်းပြိုင်းထနေသော ဧရာလက်အိုဖြင့် တအားဆုပ်ကိုင်ထားပြီး ...

"သမီးလေး၊ မြေးလေး၊ ငါ့မြေးလေး ရောက်လာမှ ဘွားဘွားလေ နေလည်းကောင်းတယ်၊ စားလို့လည်းကောင်းတယ်၊ ခေါင်းလည်း မမူးတော့ဘူး၊ အားလည်း မငယ်တော့ဘူး၊ ဘွားဘွားမြတ်တို့ဆီမှာပဲ တစ်သက်လုံးနေပါတော့ သမီးလေးရယ်"

ဒေါက်တာ မြတ်ဆုမွန်က လှိုက်လှဲကြည်နူးစွာ ပြုံးရင်း ...





"အလျှင်က သွေးတိုးနေလို့ ဘွားဘွား ခေါင်းမူးပြီး နေမကောင်းဖြစ်နေတာပါ၊ အခုလို ဆေးထိုး Adelphane စားဆေးစား၊ အစားရှောင်လိုက်လျှင် အမြဲနေကောင်းသွားမှာပါ"

"အင်း ... မောင်မောင်ထိုက်ကလည်း ဟိုတစ်နေ့က သူ့ ဝမ်းတွေလျှော၊ အဖျားတွေတက်တာ သမီး ဆေးထိုး၊ ဆေးပေးလိုက်တာ ချက်ချင်းကောင်းသွားတယ်တဲ့လေ၊ သူကလည်း"

"ဘွားဘွားမြတ်ရယ် ဆေးကောင်းလို့ချည်းပဲ မဟုတ်ပါဘူး၊ အစားအသောက်ပါ ဝမ်းနာစာ မဖြစ်အောင်၊ သွေးတိုးစာမဖြစ်အောင် ဂရုစိုက်လို့ပါ"

"အေး ... အဲဒါတွေလည်း မြေးလေးပဲ စီမံပေးလို့ပေါ့၊ တို့ဆိုလျှင် ဘာတည့်လို့ တည့်မှန်းလည်း မသိဘူး၊ ခိုင်းတဲ့ ကောင်မတွေကလည်း ချက်ချင်တာ ချက်ကြတာပဲ"

မြတ်ဆုမွန် ပြုံးပြီး အခန်းတွင်းမှ ထွက်ခါနီးမှာ ...

"ဘွားဘွား မေးထားတယ်လေ၊ ဘွားဘွားတို့ဆီမှာပဲ နေပါလားလို့"

"အဲဒါက ဦးရဲ့သဘောလေ ဘွားဘွားရယ်၊ အခု ဦးက ဒီအိမ်လာပို့ထားတော့လည်း ရောက်လာရတာပဲ၊ သူ ဆက်ထားလျှင်လည်း နေရမှာပါပဲ၊ ဦးကိုပဲ မေးပါ"

"စံပယ်လှိုင် အပ်ခဲ့လို့ သူ သမီးကို ဆရာဝန်ဖြစ်အောင် လုပ်ပေးခဲ့ပြီပဲလေ၊ သူ့တာဝန် ပြီးဆုံးပြီပဲဟာ၊ ခုလည်း သူ့မိန်းမ မိုနီကာ ပြန်ရောက်လာတော့ အလုပ်တွေကိုရှုပ်လို့"

"အင်း"

"မိုနီကာ လာခေါ်လို့ လိုက်သွားကြမလို့တဲ့လေ၊ သမီးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ ထားရစ်ခဲ့ရတော့မှာပါ၊ ဒါကြောင့် ဘွားဘွားမြတ်တို့ဆီမှာပဲ အမြဲ နေပါလို့ ပြောနေရတာပေါ့"

"ဦးက နိုင်ငံခြားကို လိုက်သွားမှာတဲ့လားဟင်"

"အေးလေ၊ ဒါကြောင့် အလုပ်တွေ ရှုပ်နေကြတာပေါ့၊ နိုင်ငံခြား တစ်ခါထွက်ခါနီးဆိုလည်း အလုပ်က သေမတတ်များတာ မဟုတ်လား"

မြတ်ဆုမွန် ခေါင်းညိတ်ပြီး အသာထွက်လာခဲ့ရသည်။ စကား မတုံ့ပြန်ခဲ့။ တုံ့ပြန်မည့် အသံတို့သည် တုန်လှိုက်၍ နေလေမည်သာ။

ဘွားဘွားမြတ်၏ အခန်းမှထွက်ပြီး မီးဖိုချောင်ဘက်သို့ မသွား ဖြစ်တော့။ မနက်ပိုင်းကလည်း စီမံပေးပြီးသား။ မချိုက စိတ်ချရသူပါ။

နှစ်ထပ်တိုက်ကြီး၏ အိမ်ရှေ့ ဝရန်တာဆီသို့ ထွက်လာခဲ့သည်။

ဦးထွန်းမြတ်လမ်းပေါ်တွင် ကားမရှုပ်သော်လည်း ကားများ မပြတ်အောင် ပြေးနေကြ၏။

မြတ်ဆုမွန်သည် အပေါ်ထပ် လသာဆောင်မှာ ငြိမ်သက်စွာရပ် ရင်း ခြံကျယ်ကြီးကို ငေးမျှော်ကြည့်နေမိသော မျက်ဝန်းမှာ မျက်ရည် တို့ ရစ်ဝေလာ၏။

"ဦး လိုက်သွားတော့မယ်တဲ့"

ရင်တွင်းမှ နှလုံးသားသည် ရင်ကိုဖွင့်ခွဲကာ ထွက်ကျကြေမွသွား စေသော သတင်းစကား။

"ဦးရယ်"

"ဆုကို သိပ်ချစ်တော့ယ်ဆိုတဲ့ ဦးရယ်"

ရင်မှ တမ်းတမ်းတတ ခေါ်ဆိုမိသည်။ မျက်ရည်သည် ပါးပြင် ပေါ်သို့ ပွန်းစွာ လျှောဆင်းလာလေမှ သတိတရားရောင်ခြည်သည် မြတ်ဆုမွန်၏ ဦးနှောက်တွင်းမှ ဝင်းလက်လာ၏။





မျက်ရည်များကို သုတ်ပစ်လိုက်ရုံမက နောက်ထပ်မကျဖြစ် အောင် ချုပ်ထိန်းလျက်။

"ဟုတ်ပါတယ်လေ ဦး ဆုံးဖြတ်တာ မှန်ပါတယ်၊ သူ့ဇနီးရယ် သူ့သမီးလေးရယ်နဲ့ပဲ သူ့အိမ်ထောင်ကို ဖွဲ့စည်းသင့်ပါတယ်"

ဦးတို့ မိသားစု ပျော်ရွှင်ချမ်းမြေ့စွာ မြန်မာပြည်က ထွက်ခွာ သွားနိုင်ကြပါစေ။

"အခုဆို ညီမလေးဟာလည်း သူ့မိခင်ရင်း ရောက်လာတော့ သိပ်ပျော်နေရှာမှာ၊ ပျော်ပါစေကွယ်"

"ဘာပဲပြောပြော ဦးလည်း သူ့ဇနီးရောက်လာတော့ ပျော်ရွှင် ကြည်နူးသွားမှာပါပဲ"

"ငါဟာ ဘေးလူပဲလေ၊ ဘေးရောက်သွားရမှာပဲပေါ့"

ထိန်းချုပ်ထားပါလျက် မျက်ရည်တို့ ထပ်၍ကျလာဖြစ်သည်။

"မိဆု၊ နင်ပဲ ဦးကို ပြောခဲ့တယ်လေ၊ ဆုရဲ့ ခန္ဓာတစ်ကိုယ် လုံးဖြစ်စေ၊ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ဦးအတွက် ဆုတ်ဖယ်ပိုင်းဖြတ်ပေးနိုင်ပါတယ်လို့၊ နင် ငိုမနေနဲ့တော့၊ ဦး ပျော် တာကို နင် ကြည်နူးပါ၊ အခုဟာက ဦးအတွက် မလိုအပ်၊ အသုံးမဝင် တော့တဲ့ ငါ့ရဲ့ နှလုံးသားကို ပေးအပ်ခွင့်ရတာ မဟုတ်ဘဲနဲ့ ဆုံးရှုံးခံ လိုက်ရတာပဲ၊ မိဆုရယ် နင် ကျေနပ်ပါ၊ နင် သိပ်ချစ်တဲ့၊ နင် သိပ် မြတ်နိုးတဲ့၊ နင် သိပ်ကြည်ညိုတဲ့ ဦးအတွက်၊ ဦးရဲ့အတွက်ပဲလေ"

ကျဆင်းလာသော မျက်ရည်တို့ကို မသုတ်ဖြစ်တော့ပါ။ သုတ်၍ သည်း ရပ်တန့်သွားလေမည် မဟုတ်။

မြတ်ဆုမွန် ကြာမြင့်စွာရပ်နေစဉ် ခြံတွင်းသို့ ကားတစ်စင်းဝင် လာသည်။

လွှတ်တော်ရှေ့နေ ဦးမောင်မောင်ထိုက်၏ကား။



www.burmeseclassic.com

www.burmeseclassic.com



ယံင်းကားကိုပင် မြတ်ဆုမွန်၏ နာမည်နှင့် လွှဲပေးထားမည်ဆို၍ မနည်းတားထားရပါ၏။

ဦးမောင်မောင်ထိုက်သည့် အိမ်ထောင်နှစ်ဆက် ပျက်စီးသွားသော်လည်း သားသမီး မထွန်းကားခဲ့။

ယခုတော့ အသက်လည်း ခြောက်ဆယ်ကျော်နေပြီမို့ အိမ်ထောင်ပြုဖို့ စိတ်မကူးတော့ဘဲ အစ်မ အပျိုကြီးနှင့်သာ သတ်ဆုံးတိုင် နေထိုင်ကြရန် ဆုံးဖြတ်ထားချိန်မှာ သူတို့၏ တစ်ဦးတည်းသော မျိုးဆက်သွေးလေး ဒေါက်တာ မြတ်ဆုမွန် ရောက်ရှိလာခြင်း ဖြစ်ပေသည်။

လိမ္မာသော၊ သဘောထားမြင့်မြတ်သော၊ ချောမောလှပသော ဆရာဝန်မလေး တစ်ယောက်က ရောက်လာပြီးသည်နှင့် ကိန်းကြီးခန်းကြီး လုံးဝမရှိဘဲ မီးဖိုချောင်ကိုဝင်၊ အိမ်သန့်ရှင်းရေးလုပ်ပေး၊ ဆေးကုသမှုများပြုနေသော မြေးမလေးကို ဤအဘိုးလေးနှင့် အဘွားလေးတို့က ချစ်မြတ်နိုးစွာ ကြိုဆိုကြရှာပါသည်။

ဝင်ဒါမီယာမှ ခြံသာမက ဤမောင်နှမနှစ်ဦး လက်ရှိပိုင်ဆိုင်နေသော ဤခြံ၊ ဤကားနှင့် အတွင်းပစ္စည်း စသော သူတို့၏ပိုင်ဆိုင်မှုမှန်သမျှသည် မြတ်ဆုမွန် အတွက်ပါဟု ကျေနပ်စွာ ပြောထားကြပြီးသား။

ဤအသိတရားများကြောင့် …

ကွယ်လွန်လေပြီးသော မိဘနှစ်ပါးကို တမ်းတမ်းတတ သတိရလာခဲ့မိသည်။

မေမေသည် သေအံ့မူးမူးကာလ၊ ပြင်းပြသော ဝေဒနာကို ခံစားနေရစဉ် အချိန်မှာပင် သူချစ်သော၊ သူအားကိုးသော ဒေါက်တာ တိုးလွင်ဦးကို ရအောင်ရှာဖွေခဲ့သည်။

သူ့ကိုယ်နှင့်ထပ်တူ စိတ်ချယုံကြည်စွာဖြင့် သူပိုင်ဆိုင်သော





ပစ္စည်းလေးများကိုပေးလျက် မြတ်ဆုမွန်ကို ဒေါက်တာ တိုးလွင်ဦး၏ လက်သို့ အပ်ထားခဲ့ရှာသည်။

မိခင်၏ ကြီးမားသော မေတ္တာတရားဖြင့် ကြိုတင်သိမြင်စွာ စိတ်ချခဲ့လေသူ ဒေါက်တာ တိုးလွင်ဦးသည် မြတ်ဆုမွန်အတွက် ထိုက်ထိုက်တန်တန် တာဝန်ယူကာ အကောင်းဆုံးကျောင်း၊ အကောင်းဆုံး ကျူရှင်များပေးခဲ့၍ ယခု မြတ်ဆုမွန် ဆရာဝန်မလေး ဖြစ်ခဲ့လေပြီ။

ဦးသည် မေမေ ထားခဲ့သောခြံနှင့် စိန်ရွှေများကို လုံးဝမထိပါးဘဲ သူ့ငွေသက်သက်ဖြင့်သာ ဆုကို သည်ဘဝရောက်အောင် မြှောက်တင်ပေးခဲ့ရှာသူပါ။

ဤအရာများအားလုံး၏ အခြေခံသည် အနန္တကျေးဇူးရှင် မွေးမိခင်ကြီး ဒေါ်စံပယ်လှိုင်၏ ကျေးဇူးမေတ္တာများပါတည်း။

ယခု …

ဖခင် ဦးလင်းမောင်မောင်သည်လည်း …

သူ ပိုင်ဆိုင်ရရှိထိုက်သမျှသော အမွေပစ္စည်းများ အားလုံးသည် သမီးငယ်ထံသို့ ရောက်ရှိလာခဲ့ပြီ။ ဖခင်၏ ကျေးဇူးမေတ္တာကိုလည်း ယခုအချိန်မှာ သမီးလေးဆုသည် ထိုက်တန်စွာ ခံစားရပါလေပြီတည်း။

'ဒေါက်တာ မြတ်ဆုမွန်' ဟူသော အမည်ဖြင့် လောကအလယ်တွင် ဝင့်ထည်စွာ လျှောက်လှမ်းနိုင်တော့မည့် ကျေးဇူးရှင်သည် မေမေ၊ ဒုတိယက ဦး။

ခြံမြေနှင့် ပစ္စည်းများစွာ အမွေရ ပိုင်ဆိုင်မည့် သူဌေးမလေး မြတ်ဆုမွန် ဟူသော ဂုဏ်သတင်းဖြင့် ကြွယ်ဝပြည့်စုံရမည့် အခြေအနေသည် …

ဖခင်ကြီး ဦးလင်းမောင်မောင်၏ ကျေးဇူးတရားများပါတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... မိနှင့်ဖဟူသည် သေသည်၏အခြားမဲ့၌ ဖြစ်စေကာမူ ...

သားသမီးတို့အပေါ်တွင် မေတ္တာရိပ်များဖြင့် အုပ်မိုးဖြန့်ကျက်ထားလျက် ရှိနေဆဲပါတကား။

❒





## အခန်းနှစ်ဆယ့်ခုနစ်

'သမားတော်ကြီး ဒေါက်တာ ဦးအောင်မြတ်စိုး' နှင့် အင်္ဂလိပ်စာဌာနမှ 'လက်ထောက်ကထိက ဒေါ်ခင်မမနိုင်' တို့ လာရောက်တွေ့ဆုံကြမည်။ အားလပ်သောအချိန်မှာ ဆုံခွင့်ပြုပါဟု ဖုန်းဆက်စဉ်က မိနီကာ နိုင်ငံခြားမှ ရောက်ရှိလာသဖြင့် လာရောက်တွေ့ဆုံ နှုတ်ဆက်ကြမည်ဟု ဒေါက်တာ တိုးလွင်ဦး ထင်ခဲ့မိသည်။

ဆရာဝန်ချင်း ဖြစ်သော်လည်း မိုစ်စီနီယာ ဆရာကြီး ဦးအောင်မြတ်စိုးနှင့် ဒေါက်တာ တိုးလွင်ဦးက သိရုံသာ။ ရင်းနှီးခင်မင်ခြင်း မရှိလှ။

အပေါင်းအသင်းကောင်း၍ အပေါင်းအသင်းဆံ့သော မိနီကာနှင့် လာရောက်တွေ့ဆုံကာ ဩစတြေးလျတွင် ရှိနေသော ဒေါ်ခင်မမနိုင်၏ ညီအစ်ကိုမောင်နှမများအကြောင်း မေးမြန်းမည်ဟု မိနီကာကလည်း ထင်ခဲ့၏။

ဒေါ်ခင်မမနိုင်နှင့် မိနီကာ၏မိခင် ဒေါ်ကာရိုလိုင်းတို့မှာ တော့ ခင်မင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မြတ်စိုး ကိုယ်တိုင် ကားမောင်းလာပြီး သူတို့နှစ်ဦးနှင့် ဒေါက်တာ တိုးလွင်ဦး၊ မိုနီကာတို့ ဆုံဖြစ်ကြသည်။

မိုနီကာကလည်း နိုင်ငံခြားမှပါလာသော မုန့်များ၊ ချောကလက်များ ချကျွေးရင်း နိုင်ငံခြားရောက် မိသားစုများအကြောင်းကို ပြောကြားနေစဉ်မှာပင် ဦးအောင်မြတ်စိုးက ...

"ကဲ ... ကိုတိုးလွင်ဦးရေ လာရင်းကိစ္စလေးကို ပြောပါရစေ"

"အမိန့်ရှိပါ ဆရာ"

ဒေါ်ခင်မမနိုင်ကလည်း ...

"မိုနီကာလည်း ရောက်လာတုန်းဆိုတော့ တစ်ခါတည်း အဆင်ပြေသွားအောင်လို့ပါ၊ အမြန်ဆုံးလည်း စီစဉ်လိုက်ချင်လို့ပါ"

"ဘာများပါလဲ မမနိုင်"

ဒေါက်တာ တိုးလွင်ဦးနဲ့ မိုနီကာတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေမိစဉ်မှာပင် ဦးအောင်မြတ်စိုးက ...

"သားအငယ်ဆုံး စိုးပြည့်စုံလေ"

သူ့စကားမဆုံးဖြစ်မိ ဒေါက်တာ တိုးလွင်ဦး၏ ရင်မှာ လှုပ်ခနဲနေသော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရပါပြီ။ သိလိုက်ပါပြီလေ။

"သားအငယ်ဆုံးပေါ့၊ သူလည်း ဘီအီးဘွဲ့နဲ့ ကျောင်းပြီးသွားပါပြီ၊ အဲဒါ တိုးလွင်ဦးရဲ့ တူမလေးကို လိုချင်ပါသတဲ့၊ ဒက်ဒီနဲ့ မာမီက ပြောပေးပါဆိုတာနဲ့ တူမတောင်း လာခဲ့ရတာပဲဗျ"

ဒေါက်တာ တိုးလွင်ဦး ဣန္ဒြေမပျက်အောင် တပင်တပန်း ထိန်းထားရသည်။

မိုနီကာသည် မြတ်ဆုမွန်၏ အကြောင်းကို အသေးစိတ် မသိလှသော်လည်း ကျောင်းထားပေးသည်၊ ဆရာဝန်မ ဖြစ်သွားပြီ၊ အခု ဦးထွန်းမြတ်လမ်း အိမ်မှ သူ့အဘွားများနှင့် သွားနေသည်။ ဤအိမ်မှ





ခေတ္တခဏသာ လာရောက်ဖူးသည်ဟု သာမန်သာ သိထားနှင့်သူပါ။

"အဲဒီကိစ္စကို နိုင်ငံခြား မသွားဖြစ်ကြခင် စီစဉ်ပေးခဲ့ကြဖို့ပါပဲ ကိုတိုးလွင်ဦး"

"ဟုတ် ... ဟုတ်ကဲ့ ဆရာ၊ ကျွန်တော့်အနေနဲ့က ဦးလေးလည်း ဖြစ်နေတော့ သိပ်တော့မပိုင်ဘူးလေ၊ ကလေးတွေကိစ္စမို့ မြတ်ဆုမွန်ကို မေးကြည့်ပါရစေဦး"

"သားက ပြောတော့ ဒီလိုမဟုတ်ပါလား"

"ဗျာ"

"မြတ်ဆုမွန်က ပြောတယ်ဆို၊ သူ့ဦးလေးကိုပဲ မေးပါ၊ ဦးလေးစဉ်တာ သူ နာခံမယ်ဆိုပါလား"

ဒေါက်တာ တိုးလွင်ဦး၏ ကိုယ်ခန္ဓာတစ်ခုလုံး ရှိန်းနွေးလာပြီး ချွေးစေးများပင် ပြန်စို့လာ၏။

အလွန်အမင်း အကျဉ်းအကျပ်ကြီးတစ်ခု အတွင်းမှာ ရောက်ရှိနေရသူလို သူ ဘာကိုမှ မဖြေရှင်းတတ်။ ကိုယ့်ရင်ထဲမှ ပဋိပက္ခကို ကိုယ်သာ အသိဆုံးမို့ ပြောစရာ စကားလုံးများအားလုံး ပျောက်ဆုံးနေတော့သည်။

"ခုခေတ်က ယောကျ်ားလေးများ ရှားနေသလား မသိဘူး မိုနီရေ၊ သားကြီး စိုးပြည့်ဦးက အိမ်ထောင်ကျသွားလို့ ကိစ္စပြတ်သွားပြီ၊ အလတ်ကောင် စိုးပြည့်ဝေနဲ့ အငယ် စိုးပြည့်စုံတို့ဆီကိုများ ဖုန်းဆက်လိုက်ရင် ကောင်မလေးတွေဆီကချည်းပဲ"

"ဟုတ်တယ် ဟုတ်တယ်၊ မြန်မာပြည်မှာ ယောကျ်ားလေးအဖိုးတန်တွေ ရှားပါးပစ္စည်းဖြစ်နေလို့ သမီးကို နိုင်ငံခြားခေါ်သွားတော့လို့လေ မမနိုင်ရဲ့၊ အဟင်း ... ဟင်း ... ဟင်း"

ဒေါ်ခင်မမနိုင်၏ စကားက ရိုးရိုးသားသား ပြောလေသလား၊



www.burmeseclassic.com

www.burmeseclassic.com



တမင်ပြောလေသလား မသိ၍ မိနီကာက ပြန်ချေလိုက်ခြင်း ဖြစ်ပေသည်။

"ကဲ ... သူတို့လည်း သွားဖို့ကိစ္စ လုံးပန်းရဦးမယ်၊ ဆရာတို့ ပြန်ချင်ပြီ ကိုတိုးလွင်ဦး၊ အခု လာရင်းကိစ္စကိုပဲ သိချင်ပါတယ်"

"ကျွန်တော် ..."

စကားထစ်နေသည်။ ဘာအဖြေပေးရမှန်းကို မသိ။ ထူးထူးခြားခြားပင် ရင်က တုန်လှုပ်နေဆဲပါ။

"ပြောပါ အားမနာပါနဲ့၊ သဘောမတူလည်း မတူဘူးပေါ့"

ဦးအောင်မြတ်စိုးက တိကျပြတ်သားပြီး ရှည်လျားစွာ စောင့်ဆိုင်းရမည့် ကိစ္စမျိုးကို စိတ်ရှည်သူမဟုတ်။

"ကိုကိုကလည်း ဆရာကြီးတို့ အားနာစရာ"

မိနီကာက တပ်လှန့်ပြန်၏။

"ဒီလိုပါ ဆရာ၊ ကျွန်တော့်အနေနဲ့က မောင်စိုးပြည့်စုံကိုလည်း တွေ့ဖူးဆုံဖူးပါတယ်၊ သဘောမတူနိုင်စရာ မရှိပါဘူး"

"ဒါဖြင့်လည်း ..."

"နေ ... နေပါဦးခင်ဗျာ၊ ကျွန်တော့်ကို အချိန်နည်းနည်းပေးပါ၊ ကျွန်တော် မြတ်ဆုမွန်နဲ့ ဆွေးနွေးပြီးလျှင် ချက်ချင်း အကြောင်းပြန်ပါ့မယ် ခင်ဗျာ"

"ကောင်းပြီ ကိုတိုးလွင်ဦး၊ ကျေးဇူးပဲ"

ဦးအောင်မြတ်စိုးက ပြောပြောထထ ထရပ်လိုက်သည်။ မိန်းမပီပီ ဒေါ်ခင်မမနိုင်ကတော့ ...

"ဒေါက်တာ မြတ်ဆုမွန်ဆိုတာ ဘယ်လောက်ချောသလဲတော့ မမြင်ဖူးပါဘူး၊ ဒါပေမဲ့ သားက ဆုမှဆု ဖြစ်နေတယ်လေ၊ သူ ဒီမိန်းကလေးကလွဲပြီး ဘယ်သူ့မှ မချစ်နိုင်ဘူး၊ မယူနိုင်ပါဘူး၊ မာမီတို့





ရအောင်ပြောပေးပါဆိုလို့ လာခဲ့ရတာပါ၊ သား စိတ်ချမ်းသာမယ်ဆိုလျှင် ဘာပဲဖြစ်ဖြစ် လုပ်ပေးချင်တာပဲ၊ ကဲ ... မိနီကာကလည်း ဖြစ်အောင်ပြောပေးပါလေ၊ အဆင်ပြေလျှင်လည်း အမြန်ဆုံး စေ့စပ်လိုက်ကြရအောင်ပါ"

"ဟုတ်ကဲ့၊ စိတ်ချ မမနိုင်၊ မိနီကာ ကိုယ်တိုင် ဦးဆောင်စီစဉ်ပေးခဲ့မှာပါ"

ကားဆီသို့တိုင်အောင် လိုက်၍မပို့ဖြစ်။ ဒေါက်တာ တိုးလွင်ဦး၏ ရင်မှာ ဖြောင်းဆန်နေသည်။ ဤခံစားမှုမျိုးကို သူ့တစ်သက်တွင် မကြုံဖူး၊ မဆုံဖူးခဲ့သေး။

ဆုသည် စိုးပြည့်စုံကို မချစ်ပါဟု ဆိုထားပါလျက် စိုးပြည့်စုံနှင့် လက်ထပ်ပါဟု ဆုကို ဘယ်လိုနည်းနဲ့ ပြောရက်နိုင်မှာလဲလေ။

"ကိုကို"

မိနီကာ ပြန်ဝင်လာတော့ ပျက်လွန်းနေသည့် မိမိ၏မျက်နှာကို ပြင်လိုက်ရပါ၏။

"ကိုကိုက ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ၊ ဘာမှမဖြစ်ပါဘူး"

"သိပါဘူး၊ ကိုကို့ မျက်နှာကြီးကြည့်ရတာ မေ့မြောလဲကျသွားတော့မယ့် အတိုင်းပဲ"

"အဟဲဟဲ မဟုတ်ပါဘူး မိနီရယ်၊ သမီးရှင်၊ တူမရှင်ဆိုတာ ဒီလိုပဲထင်ပါရဲ့၊ ကိုကို ရှက်သွားလို့ မျက်နှာမထားတတ်တာပါ"

"အမယ်လေး ဒါများ ရှက်စရာကိစ္စလား၊ ဒီမှာ အဲဒီ ဆု ကိစ္စကို ဘယ်လိုလုပ်မှာလဲ"

"ဘာလုပ်ရမှာလဲ ဟိုဘက်က သဘောကျနေပြီဆိုတော့ ဆုကို



www.burmeseclassic.com

www.burmeseclassic.com



မေးရုံပေါ့၊ ဆုကပါ သဘောတူတယ်ဆိုလျှင်လည်း ပေးစားလိုက်ရုံပဲပေါ့၊ မဟုတ်ဘူးလားဟင်”

“အင်းပေါ့ ဒါပဲပေါ့”

လေးလံစွာ ထမ်းထားရသော ဝန်ထုပ်ကြီးတစ်ခု ပစ်ချလိုက်ရသလို ပေါ့ပါးသွားမိသည်။ သူ၏ ခပ်ပေါ့ပေါ့သဏ္ဌာန် ဟန်လုပ်၍ ဖြေလိုက်သောအဖြေကို မိုနီကာ ယုံကြည်စွာ လက်ခံသွားခဲ့လေပြီ။

“ကဲ … ကိုကို၊ အဝတ်အစားလဲတော့၊ ခုနစ်မိုင်ခွဲ အိမ်ကဖိတ်ထားတဲ့ ထမင်းစားပွဲ သွားကြစို့လေ”

“အင်း … အင်း … လဲမယ်၊ သမီးရော”

“ကိုကို့သမီး အလှပြင်နေတယ်လေ၊ လှချင်တဲ့ အရွယ်လေးတောင် ရောက်လာပြီလေ ကိုကိုရဲ့”

“အင်း”

“မိုနီကာ နိုင်ငံခြားအကြောင်းတွေ၊ အလှအပ အဝတ်အစားပေါ်ပုံတွေ၊ ပျော်ပွဲရွှင်ပွဲများပုံတွေ၊ ဖျော်ဖြေပွဲလေးတွေကအစ ကြည့်မဝအောင် ဆွဲဆောင်နိုင်ပုံတွေ ပြောပြတော့ သမီးက သိပ်သဘောကျနေတယ်၊ နိုင်ငံခြား သွားကြရမှာကို သိပ်ပျော်နေတယ်လေ”

ခေါင်းညိတ်ပြမိရပါ၏။

အလှပြင်ဖို့ စိတ်စောစွာ အခန်းတွင်းသို့ မိုနီကာ ပြေးဝင်သွား၍ တော်ပါသေးသည်။ ခုနစကားနှင့် တဆက်တည်း …

“သမီး ပျော်နေသလို ကိုကိုရော မပျော်ဘူးလားဟင်” ဟု မေးလိုက်လျှင် အခက်။

ပျက်နေသော မျက်နှာကိုပြင်၍ ပြုံးပြရလေဦးမည်သာ။

❐





## အခန်းနှစ်ဆယ့်ရှစ်

ကိတ်မုန့်လှီးနေရသော လက်တို့ ဆတ်ဆတ်တုန်နေသည်။ ဓားထက်ထက်ဖြင့် ပိုင်းဖြတ်ခံနေရသော ကိတ်မုန့်တုံးသည် မိမိ၏ အသည်းနှလုံးများ ဖြစ်နေပြီလား။

မချိုက ကော်ဖီဖျော်နေသည်။ မချို ကိတ်မုန့်လှီးပြီး ထုတ်လာလျှင်လည်း ဖြစ်ပါလျက်နှင့် ဤဝိုင်းကြီးအတွင်းမှာ မနေလို၍ နောက်ဖေးမှာ ဝင်ကူနေမိခြင်းပါ။

ဘွားဘွားမြတ်ရော၊ ဘိုးလေးပါ ဧည့်ခံနေကြသည်။ ဧည့်ခန်း၌ ရယ်မောသံများ လွှင့်ဝေလျက်။

ရောက်နေသော ဧည့်သည်က ဦးတို့ မိသားစု။

နှစ်ပတ်ကျော်ကြာမျှ မြင်ခွင့်၊ တွေ့ခွင့် မရရှိခဲ့သော ဦးကိုပြန်လည်တွေ့ဆုံရ၍ ကလေးငယ်တစ်ယောက် အဖေ ပျောက်ရာမှ ပြန်တွေ့ရသလို ငိုချင်လာမိသည်။

ဦးကလည်း မျက်နှာချင်းဆုံရာမှ မျက်နှာပျက်စွာ မျက်နှာလွှဲသွားခဲ့သည်။

မြတ်ဆုမွန်၏ ဝိုင်းတက်လာသော မျက်ရည်များကို ဘယ်သူမှ မမြင်မီ သိမ်းဆည်းရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"မမဆု"

ညှဲသွားသော အသံနှင့်အတူ ပြေးဖက်လာသူက ချစ်လှစွာသော ညီမလေး ဒေဝစ္ဆရာ။

"အိမ်မှာ ဘာလို့လာမနေတာလဲ၊ ညီမလေးကဖြင့် အောက်မေ့လို့"

ထမင်းစားပွဲဘေးမှ ကုလားထိုင်ကို ဆွဲထုတ်၍ ထိုင်လိုက်ပြီး သည်နှင့် ညီမလေးကို ပေါင်ပေါ်ဆွဲတင်ကာ ရင်ထဲမှာ ဖက်ပွေ့ထားလိုက်မိသည်။ သူ့ကျောပြင်လေးနှင့် ခုန်နေသော နှလုံးသား ကိန်းအောင်းလျက်ရှိရာ ရင်ပြင်မှာ ဖိကပ်ထားမိသည်။

"ညီမလေး ပျော်နေလားဟင်"

"မာမီ ရောက်လာတော့ ပျော်တာပေါ့"

"ဝမ်းသာပါတယ် ညီမလေးရယ်၊ မမဆု ဝမ်းသာပါတယ်"

"မမဆုနဲ့ နေရတုန်းကလည်း ညီမလေး ပျော်တာပဲ"

ခြံထဲမှာ ကစားကြပုံများ၊ ဦး၏ အားရက်များတွင် သုံးယောက်သား လျှောက်လည်ကြပုံများကို မျက်စိထဲ ပြန်လည်မြင်ယောင်တမ်းတလာမိသည်။

ယခုတော့ သူ၏ သံယောဇဉ်များနှင့် အပျော်ရက်ကလေးများ ကုန်ဆုံးချိန်ရောက်ခဲ့ပြီ။

"မမဆုနဲ့ နေရတုန်းက တကယ်ပျော်တာလားဟင်"

"တကယ့်ကို ပျော်တာ"

လေးနက်စွာ ခေါင်းလေးညိတ်ပြီး ပြောသည်။

"အခု ညီမလေး မာမီ ရောက်လာတော့ရော ပျော်တာပဲလားဟင်"

"ပျော်တာပေါ့"



"ဘယ်သူနဲ့နေရတာ ပိုပျော်လဲဟင် ညီမလေး"

"ကိုယ့်မာမီနဲ့နေရတာ ပိုပျော်တာပေါ့ မမဆုရဲ့၊ အခု ညီမလေး နိုင်ငံခြားကို လိုက်သွားရတော့မှာ၊ တအားပျော်တာပဲ"

ဖက်ပိုက်ထားသော လက်သည်ပင်လျှင် လန့်ဖျပ်စွာ ပြေလွတ်သွားမိ၏။

"ဟုတ်တယ်၊ ဟုတ်တယ်၊ သိပ်မှန်တဲ့ စကားလေးပဲပေါ့ ညီမလေးရယ်"

မြတ်ဆုမွန် ဟူသော မိန်းကလေးသည် ဦးတို့ မိသားစုပင်စည်ကြီးမှာ မှိုကပ်ရှင်သန်နေခဲ့ရသော နွယ်လေးတစ်ပင်။

ယခု အပင်က ကြာလေကြီးလေမို့ ဤနွယ်ကို ခွာချကြပေရော့မည်။

လုပ်သင့်၊ လုပ်ထိုက်၊ ဖြစ်သင့်ဖြစ်ထိုက်သော အလုပ်ကို လုပ်မို့ မြတ်ဆုမွန် အနေနှင့် ဝမ်းသာပေးရပါမည်။

မျက်ရည်ဖြင့်ပွင့်လာမည့် 'မုဒိတာ' ပန်းကို ပင်ပွင့်ဖြစ်အောင် တစ်ခါလောင်းကာ ပွင့်စေပါမည်။

"ဘွားဘွားမြတ်က ခေါ်နေတယ်၊ မဆု ထွက်ခဲ့ပါဦးတဲ့"

"နောက်ဖေးမှာ မအားလို့ပါလို့ သွားပြောပေးပါ စချိုရယ်"

"မရဘူး၊ ဟို ... ဗိုလ်ဆန်ဆန် မိန်းမက ခေါ်ခိုင်းတာ၊ ပြောစရာ ရှိလို့တဲ့"

"ဟင်"

"အဲဒါကြောင့် ဘွားမြတ်က မဆုကို လွှတ်လိုက်လို့ ပြောနေတာ"

"ဩော် ... အင်း ... အင်း"

မချို၏ အခန်းတွင်းဝင်၍ပင် အနွမ်းမျက်နှာ ဖြစ်နေမလားဟု



www.burmeseclassic.com

www.burmeseclassic.com



မှန်ကြည့်ကာ လက်ကိုင်ပဝါလေးနှင့် မျက်ရည်အစအနများကို သုတ်
ဖယ်၊ ဆံပင်ကို သပ်တင်ပြီးမှ အပြုံးတုကိုဆင်လျက် မြတ်ဆုမွန်
ထွက်လာခဲ့သည်။

ဧည့်ခန်းတွင်းသို့ ခပ်ဖြည်းဖြည်း ဝင်လာသော ဆုကို တမ်းတ
လွန်းသော အကြည့်ဖြင့် ငေးကြည့်နေသူက ဦး။

စက္ကန့်များစွာ မျက်ဝန်းချင်း ဆုံတွေ့ပြီးခါမှ မျက်နှာကိုငုံ့ပြီး
ဘွားဘွားမြတ်၏ ဘေးမှာ ဝင်ထိုင်လိုက်မိသည်။

"ဟာ ... ဆုက မတရား လှလာတာပါလား"

မိုနီကာက တအံ့တသြ ချီးမွမ်း၏။

"ဟုတ်ကဲ့၊ အန်တီ ရောက်နေတာ တွေ့ချင်ပေမယ့် လာဖို့
အဆင်မပြေလို့ပါ"

"လာလည်း တွေ့ချင်မှတွေ့မှာ၊ အစီအစဉ်တွေကို ထင့်
လေ၊ ကြီးကြီးမြတ်တို့ အိမ်ကိုတောင် အခုမှ ရောက်လာနိုင်
ကြည့်တော့ ဆုရေ"

အားနည်းသော အပြုံးကိုပင် မျက်နှာမှမချမိအောင် ဟန်
ထားရပါ၏။

နှစ်ယောက်ထိုင် ကြိမ်ကုလားထိုင်မှာ ဦးနှင့် သူ့ဇနီး၊
လေးက အလယ်မှပြုံးရွှင်စွာ။

ဩော် ... တင့်တယ်လိုက်ပါဘိလေ။

"အပြစ်ပြောလည်းခံရမယ် ကြီးမြတ်ရေ၊ နို့မဟုတ်လျှင်
တော်တော်နဲ့တောင် ရောက်နိုင်ဦးမှာ မဟုတ်သေးဘူး၊ ကိုကို
ထွက်ဖို့၊ တိုက်ရောင်းခဲ့ဖို့၊ ပြန်ထွက်ဖို့ ကိစ္စတွေက ရှုပ်ထွေးနေ

"ဒါပေါ့ကွယ် ကြီးကြီးမြတ် နားလည်ပါတယ်"





"အခုတောင် ဆုအတွက် အရေးကြီးတဲ့ကိစ္စရှိလို့ ဖြစ်အောင်
လာခဲ့ကြရတာ"

"ဆုအတွက် အရေးကြီးတဲ့ကိစ္စ ဟုတ်လား"

မြတ်ဆုမွန် မေးမည့် စကားလုံးအတိုင်း ဒေါ်ခင်ခင်မြတ်က
ဝင်မေး၏။ အဘွားကြီး မျက်နှာက အထိတ်တလန့်။ အခုတော့ ဘွား
ဘွားမြတ်တို့သည် ဆု၏ ပြဿနာတိုင်းကို ခံစားအားပေးတတ်ကြပါပြီ။

"ဟုတ်တယ် ကြီးမြတ်ရဲ့၊ မမနိုင်တို့ လာသွားတဲ့ကိစ္စ ပြော
လိုက်လေ ကိုကို"

"ဘာကိစ္စလဲဟင်"

ကြီးကြီးမြတ်ကပင် ဝင်မေး၍ ...

"မိုနီ ပြန်လာမှ မြန်မာပြည်မှာ ပြောနေကြတဲ့ စကားအတိုင်းပဲ
ကြီးမြတ်ရေ၊ ဆုရဲ့ ကုသိုလ်ကတော့ ကောင်းသလားမမေးနဲ့"

"ဟင်"

"ဆရာဝန်မဖြစ်၊ သူ့ဌေးမလေး ဖြစ်ရုံမကဘဲ ဟော ... အခု
တစ်ခါ ကောင်းလိုက်တဲ့ကံ၊ တကယ့် ဂရိတ်တွေရဲ့သား အင်ဂျင်နီယာ
လေးက လက်ထပ်ချင်လို့တဲ့၊ သူ့မိဘကိုယ်တိုင် ကိုကို့ဆီမှာ လာတောင်း
တယ်လေ"

"အို ... မပေးစားချင်သေးပါဘူး အေရယ်၊ တို့မြေးလေး တို့နဲ့
မှ နေလို့မဝသေးတာ"

နားမလည်နိုင်စွာဖြင့် ဆုက ဒေါက်တာ တိုးလွင်ဦးကို ကြည့်
လိုက်တော့ ...

"ကဲ ... ကြီးမြတ်၊ ဒီကိစ္စက လူကြီးတွေ ဆုံးဖြတ်ရမယ့်ကိစ္စ
မဟုတ်ဘူး၊ ဆုကိုယ်တိုင် ဆုံးဖြတ်တာကို ကျွန်တော်တို့က လိုက်ပေး
ရမှာလေ၊ သူ့စိတ်ထဲမှာ ဘယ်လိုပဲရှိရှိ လူကြီးတွေ ရှေ့မှာတော့ အမှန်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောရဲမှာမဟုတ်ဘူး၊ ဦးလေးနဲ့ တူမ နှစ်ယောက်တည်းမေးမှ ဖြစ်မယ်၊ မိုနီတို့ ကြီးမြတ်နဲ့ စကားပြောနေကြဦးနော်၊ လာ … ဆု အပေါ်ထပ်သွားရအောင်”

ဒေါက်တာ တိုးလွင်ဦးက ဤ်ဝိုင်းအတွင်းမှ ကြဲဖန်ခေါ်ထုတ်၍ အပေါ်ထပ်သို့ တက်သွားသည်။

နောက်မှလိုက်ရသော ဆု၏ ခြေလှမ်းများက နှေးကွေးလှချေသည်။

ဥပဒေ စာအုပ်များဖြင့် ပြည့်နှက်နေသည့် ဦးမောင်မောင်ထိုက်၏ စာဖတ်ခန်းတွင်းမှာ ဦးနှင့် ဆုတို့ မျက်နှာချင်းဆိုင်။

“စောစောက ကြားတဲ့အတိုင်းပဲ၊ စိုးပြည့်စုံရဲ့ မိဘတွေက စေ့စပ်ပါရစေတဲ့ လာပြောသွားတယ်၊ အဲဒါ ဆု ဘယ်လိုသဘောရသလဲဟင်”

စတင်မေးလာသော စကားရပ်က ပြတ်သားလွန်းနေသဖြင့် ဆုသည် ဒေါက်တာ တိုးလွင်ဦးကို နာကြည်းလွန်းသော အကြည့်များဖြင့် ရူးရူးစိုက်စိုက် ကြည့်ပစ်လိုက်သည်။

“ဦးကို ဒီလိုအကြည့်မျိုးနဲ့ မကြည့်ပါနဲ့ ဆုရယ်၊ ဆုရဲ့ ဆန္ဒကိုပဲ ဦး သိပါရစေ”

“ဆုရဲ့ဆန္ဒ ဟုတ်လား၊ ဟား … ဟား”

ခြောက်သွေ့ဆက်ကွဲစွာ ရယ်လိုက်ပြီး …

“ဆုဟာ ဆု မဟုတ်ဘူး ဦးပါ၊ ဦး ဆန္ဒဟာ ဆုရဲ့ဆန္ဒပါလို့ အပြတ်ပြောပြီးပြီးပဲ ဦးတိုးလွင်ဦးရယ်၊ ကဲ … ပြတ်ပြတ်သာ ပြောစမ်းပါ၊ ဆုနဲ့ စိုးပြည့်စုံနဲ့ ပေးစားချင်တယ် မဟုတ်လားဟင်”

“ညက ဦး တစ်ညလုံး အိပ်လို့မှရဘူး ဆု”

“အဲဒါတွေ ပြောမနေပါနဲ့လေ၊ ဆု မေးတာသာ ဖြေပါ”





“ဘာလဲ”

“စိုးပြည့်စုံနဲ့ ပေးစားချင်နေသလားလို့ပါ”

“အဲဒီကိစ္စကို စဉ်းစားတာ မိုးလင်းသွားပါတယ် ဆု၊ တကယ်တော့ ဦး မတရားဘူး၊ ဆုကို ဦး မပြောသင့်တာတွေ ပြောခဲ့မိတယ်ကွယ်၊ ဦး ရင်ထဲမှာ”

“တော်ပါရှင် တော်ပါ”

“မတော်ပါရစေနဲ့၊ ဦး ပြောပါရစေ ဆုရယ်၊ ဦးဆိုတဲ့ မိန်းမရှိတဲ့ ကလေးအဖေဖြစ်တဲ့ ဇရာရိပ်သမ်းနေတဲ့ လူတစ်ယောက်ဟာ ဆုနဲ့ ဘယ်နည်းနဲ့မှ မထိုက်တန်ပါဘူးလေ”

“ဪ”

“ဦး ပြောပါရစေ၊ စိုးပြည့်စုံနဲ့ဆိုလျှင် အရွယ်၊ ပညာ၊ ရုပ်ရည်၊ အဆင့်အတန်း အားလုံး တူညီရုံမက လောကအလယ်မှာလည်း တင့်တင့်တယ်တယ် ရှိနိုင်မယ်လေ၊ ပြီးတော့ ဒီကောင်လေးဟာ ဆုကို သိပ်ချစ်တယ်၊ ဒီမှာ ဆု”

ညင်သာစွာပြော၍ ပခုံးကိုကိုင်လာသော ဦး၏လက်ကို ဆု ပုတ်ချပစ်လိုက်သည်။

“ဆရာဝန်ကြီးရယ်၊ မိန်းကလေး တစ်ယောက်ရဲ့ ရင်ထဲက နှလုံးသည်းပွတ်ကို ခွဲထုတ်ယူ၊ ရင်ကိုပြန်ချုပ်ပြီး အသည်းနှလုံးမပါတဲ့၊ အသည်းနှလုံးဗလာနဲ့ ကိုယ်ခန္ဓာကို လိမ်ညာရောင်းမစားပါနဲ့ရှင်၊ တကယ်ချစ်တတ်တဲ့ ကိုစိုးပြည့်စုံ သနားပါတယ်”

ဆု၏ စကားဆုံးတော့ ဒေါက်တာ တိုးလွင်ဦးသည် ဖြန်းခနဲနေအောင် စားပွဲကို လက်ဝါးနှစ်ဖက်နှင့်ရိုက်ပြီး လက်ထောက်လျက် ဆုကို ကျောခိုင်းထားလိုက်သည်။

“ဆုကို ချစ်တယ်လို့ ပြောမိခဲ့တဲ့ ငမိုက်သား ငါ့ခုတော့ ဆု

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ချစ်နေရှာပြီ၊ သူ ခံစားနေရရှာပြီ၊ ငါ သိပ်မှားသွားတယ်၊ ငါ သိပ်မိုက်တယ်"

အတွေးထဲမှာ မိမိကိုယ်ကို စက်ဆုပ်ရွံရှာစွာ မုန်းတီးသွားမိသည်။

ဆု၏ ကမ္ဘာတွင် တွယ်တာစရာဆို၍ 'ဦး' ဟူသော သူတစ်ဦးတည်းသာ ရှိနေခဲ့သည်။ ဆု၏ရင်မှာ ချစ်စိတ်၊ ကြည်ညိုစိတ်၊ လေးစားစိတ်တို့ဖြင့် လျှမ်းပြည့်နေချိန်မှာ အနီးကပ် နေခွင့်ရခဲ့သဖြင့် ဆန့်ကျင်ဘက် သဘာဝတရားအရ သူ့လိုပင် ရောထွေးခံစားရရှာလေမည်ဟု ဒေါက်တာ တိုးလွင်ဦး သိခဲ့ပြီးပါပြီ။

ဆု၏ ရင်တွင်းမှာ သူနှင့် ပတ်သက်၍ ရယူချင်သောစိတ်၊ စွန့်လွှတ်နိုင်သောစိတ်၊ ဘာမဆို ပေးအပ်နိုင်သောစိတ်တို့ဖြင့် ရှုပ်ထွေးပြင်းထန်စွာ ခံစားနေရရှာပေလိမ့်မည်။

ချစ်လှပါသည်ဟူ၍ ဖွင့်ဟပြောမိခဲ့လေသော သူ၏ အပြစ်သက်သက်သာ ဖြစ်ပေ၏။

"ဒီမှာ ဦး"

အသံကြောင့် ဆု ငိုနေပြီဆိုသည်ကို သိလိုက်ပါပြီ။

"ဦးရဲ့ဇနီး ပြန်လာတာကြောင့် ဆုကို ကန်ထုတ်တာဟာ တရားပါတယ် ဦးရယ်၊ ဒါပေမဲ့ တစ်စုံတစ်ယောက်ရဲ့ ရင်ခွင်ထဲကို တွန်းပို့တာတော့ ဦး ရက်စက်လွန်းမနေဘူးလားဟင်"

"ဆုရယ်"

ဆု၏ မျက်ရည်ကိုမကြည့်ရဲ။ ဆု၏ ခံစားမှုမျက်နှာကို မမြင်ရက်၍ ကျောခိုင်းလျက်ပင်။

"ဆုရဲ့ ဘဝတစ်ခုလုံးကို ဦးကို အပ်ထားခဲ့တာပါ၊ ဦး စိတ်ဉ်





သမျှ နာခံပါမယ်လို့လည်း ဆု ဆုံးဖြတ်ပြီးသား၊ ပြောပြီးသားပါ၊ ဒါပေမဲ့ ဆု တစ်ခုပြန်ပြီး ဦးကို တောင်းပန်ပါရစေ"

"ဘာလဲ ဆု"

"ဦးတို့ မိသားစု ဆုကို စွန့်ခွာမသွားခင်မှာ ဆု အတွက် ဘာမှ မစိုးစဉ်ပေးခဲ့ပါနဲ့လို့ ဆု တောင်းပန်ပါရစေ ဦး"

ဒေါက်တာ တိုးလွင်ဦး မျက်ဝန်းမှ စီးကျလာသော မျက်ရည်များကို ဆု မြင်ခွင့်မရ။ ကျောခိုင်းထားလျက်ပါ။

"ဆု တစ်ယောက်တည်းပဲ နေခဲ့ပါရစေနော် ဦး"

အသံလှိုင်းတွေ ကြာမြင့်စွာ ရပ်တန့်နေကြသည်။

"ဆု ထပ်တောင်းပန်ပါရစေ၊ ဆုကို သူများရင်ခွင်ထဲမှာ မထားခဲ့ပါနဲ့ ဦးရယ်၊ ဆု ... ဆု တစ်ယောက်တည်းပဲ နေခဲ့ပါရစေ"

ငိုရှိုက်သံနှင့် ရောထွေးနေသော အသံလေးများ တဖြည်းဖြည်းဝေးရာမှ ပျောက်ဆုံးသွားသည်။

ဆု မရှိတော့။

သူ၏ ဦးနှင့် ဝေးရာအရပ်သို့ သူ ထွက်ပြေးသွားလေပြီ။ ဆု ရပ်တည်နိုင်စွမ်းရှိဟန် မတူတော့ပါ။

ဤအခန်းတွင်းမှာ ဆု၏ မျက်ရည်တို့ ကျကြွေကျန်ရစ်လေမည်ဆိုသော ရင်နာ ရင်ကွဲ အသိများဖြင့်ပင် ဒေါက်တာ တိုးလွင်ဦးသည်လည်း သူ့မျက်ဝန်းမှ မျက်ရည်စများကို သုတ်သိမ်းပစ်လိုက်ရပါ၏။

ဩော် ... အောက်ထပ်တွင်ရှိနေသော သူ့အား ပိုင်ဆိုင်သူများရှိရာသို့ ပြန်လည်ဆင်းသက်လာချိန်မှာ သူ့မျက်နှာ၌ မျက်ရည်စပေါ်လာ၍ မဖြစ်။

ရင်ထဲမှာငို၊ နှလုံးအိမ်ထဲမှာ ငိုပေပဦးတော့ ငမိုက်သားရေ။



www.burmeseclassic.com

www.burmeseclassic.com



ငါ ဘာပဲဖြစ်ရ ဖြစ်ရပါ။ ဆု ... ဆုလေး ဘယ်သို့ရှိလေသလဲ ကွယ်။

ကြည့်ခွင့်၊ ချော့ခွင့် မရရှိနိုင်အောင် ကမ္ဘာတစ်ခုခြားနေသော ဘဝနှစ်ခု သို့မဟုတ် ဦးနှင့်ဆု။

❐





## အခန်းနှစ်ဆယ့်ကိုး

သူတို့မိသားစု မြန်မာပြည်မှ ထွက်ခွာသွားကြလေပြီ။

လေဆိပ်သို့ လိုက်ပို့ရန် ဘွားဘွားမြတ်ရော၊ အဘိုးလေးပါ အကြိမ်အကြိမ်အခါခါ ခေါ်ပါသော်လည်း ဆု အားမနာစွာပင် ငြင်းပယ်လိုက်ရသည်။

ဦးကို နောက်ဆုံးအနေနှင့် မြင်တွေ့ချင်လှပါသည်။

အပြီးပိုင် ထွက်ခွာသွားတော့မည့် ဦးမို့၊ ထာဝရခွဲခွာခြင်း၏ နောက်ဆုံးအချိန်လေးမှာ ဦးကို မြင်တွေ့ခွင့် ရချင်လှပါသည်။

ဆု၏ ဦးသည် လွတ်လပ်သူမဟုတ်။

အနှောင်အဖွဲ့နှင့် လူတစ်ယောက်ကို တိတ်တခိုး ချစ်မြတ်နိုးရသည့်အဖြစ်သည် ကိုယ့်ရင်၌ ကွဲအက်စွာ ခံစားရသလောက် ပတ်ဝန်းကျင်၏ အမြင်မှာဖြင့် အရှက်မဲ့သော၊ သိက္ခာတရားကျဆုံးသော မိန်းမသားအဖြစ် မြင်ကြပေရော့မည်။

ဦးကို မြင်ခွင့်ရလျှင် ဆု ဘယ်နည်းနှင့်မှ ထိန်းထားနိုင်မည်မဟုတ်။ သည်းထန်လှိုက်လှဲသော ငိုပွဲကြီးတစ်ခု လေဆိပ်ဝန်းကျင်မှာ ခင်းကျင်းမိပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင် ဆိုသည့်ထက်ကို ...

ဦး မမြင်စေချင်၊ မတွေ့စေချင်။ ဆု၏ မျက်ရည်စက်များကို နောက်ဆုံး နှုတ်ဆက်ခြင်းအဖြစ်နှင့် ဦးကို မပြလိုက်ရက်။

"ရှိပါစေတော့ ဦးရယ်"

"ဦး သွားပါတော့"

"ဦးတို့ မိသားစု ထာဝရပျော်ရွှင်ကြပါစေရှင်"

မကြာခင်မှာပဲ ဦးကို ဘဝရော၊ အသည်းနှလုံးရော၊ ကိုယ်ခန္ဓာ အစိတ်အပိုင်းများပါ ပုံအပ်ပေးဆက်နိုင်အောင် သိပ်ချစ်တဲ့ ဆု ဆိုတဲ့ မိန်းကလေးကို ဦး မေ့သွားမှာပါ။

ဦး ဆုကို မေ့သွားမှာပါလေ။

မေ့သွားနိုင်ပါစေ။

* * *

လေဆိပ်မှ ပြန်လာကြသော ဘွားဘွားမြတ်တို့ မျက်နှာမကောင်းကြ။

ဆုကို ကြည့်သည့် အဓိပ္ပာယ်က တစ်မျိုး။ ငိုထားသည့်မျက်နှာကို ဖုံးမရသည့် ဆု၏ ရင်တွင်းဝေဒနာက ပေါ်လွင်နေလို့များလား။

"ဘွားဘွားမြတ်"

"ဟင်"

"ဦးက ဘာမှာသွားသေးလဲဟင်"

ဘွားဘွားမြတ် ခေါင်းခါပြသည်။ မျက်နှာလည်း မကောင်း။ ဦး၏ မျက်ရည်စက်များ ခြွေချသွားခဲ့လေသလား။

အို ... ဟုတ်မှာ မဟုတ်ပါဘူးလေ။ သူ့မိသားစုနဲ့ သူ သွားတာပဲဟာ။





အတွေးများကြောင့် ငေးငိုင်နေသော ဆု၏ မျက်နှာနွမ်းနွမ်းလေးကို ဘွားဘွားမြတ်က စိုက်ကြည့်ပြီး သက်ပြင်းချလျက် ...

"သွားတဲ့လူက သွားပြီပဲလေ၊ ကိုယ့်ကိုယ်ကိုယ် ပျော်အောင်ပဲနေပေါ့ သမီးရယ်"

ဒေါ်ခင်ခင်မြတ်က စိတ်မချမ်းသာသော လေသံများဖြင့် ပြောကြားရင်း အောက်ထပ်သို့ ဆင်းသွားလေတော့သည်။

ဆုသည် ဦးနှင့် နောက်ဆုံး တွေ့ဆုံခဲ့ရာ စာကြည့်ခန်းအတွင်းသို့ ဝင်ရောက်ခဲ့သည်။ ဦး၏ အရိပ်အငွေ့လေးများ မလွင့်ပြယ်သေးဟူသော အရှုးတွေးလေးများဖြင့်။

"ပျော်အောင်နေပေါ့တဲ့"

ဘွားဘွားမြတ်ရယ်၊ မိဆုရဲ့ တစ်ဘဝစာလုံးထဲက အားလုံးသော အပျော်များကို ဦး ယူဆောင်သွားခဲ့ပါပြီလေ။

အပျော်မဲ့၊ အဖော်မဲ့၊ နှလုံးသားမဲ့၊ မျှော်လင့်ချက်မဲ့သော အဖြစ်များနဲ့အတူ ...

ဥပေက္ခာလွှင်ပြင်မှာ ဆုကို ထားရစ်ခဲ့လေတဲ့ ဦးရယ်။

* * *

"မဆုရေ ဖုန်းတဲ့"

"ဘယ်သူတဲ့လဲဟင် မချို"

"စိုးပြည့်စုံလို့ ပြောပေးပါတဲ့"

"ဆု အိပ်နေတယ်လို့ သွားပြောလိုက်ပါနော်"

* * *



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး၊ စိုးပြည့်စုံက စကားပြောချင်လို့တဲ့"

"သမီး ခေါင်းကိုက်နေလို့ စကားမပြောချင်ဘူး ဘွားဘွားရယ်၊ နေမကောင်းဘူးလို့ ပြောပေးပါနော်"

* * *

"ဟယ်လို"

"ဆု မဟုတ်လားဟင်"

"ဘယ်သူပါလဲရှင်"

"ကျွန်တော်ပါ စိုးပြည့်စုံ"

"ဝမ်းနည်းပါတယ် ကိုစိုးပြည့်စုံ၊ ဆု ဘာစကားမှ မပြောပါရစေနဲ့ရှင်"

"မဟုတ်သေးဘူး ဆု၊ ဆုကို"

"ဆုကို ခွင့်လွှတ်ပါ"

သူ့အသံလှိုင်းများ စီးမျောမလာမီ တယ်လီဖုန်းကို ချပစ်လိုက်မိသည်။

❒





# အခန်းသုံးဆယ်

ရက်လများစွာသော ကာလတို့ ရွေ့လျောခဲ့လေပြီ။

"ဟောက်စ်ဆာဂျင်ဆိုသော အလုပ်သင်ဆရာဝန် တစ်နှစ်တာ ကာလလည်း ပြီးဆုံးသွားခဲ့လေပြီ"

နောက်ထပ် အလုပ်ရစရာကလည်း အလှမ်းဝေးလှပါသေးသည်။ ကိုယ့်ရှေ့ လေးငါးနှစ်မှ ဆရာဝန်များလည်း တစ်ပုံတစ်ပင်ကြီး အလုပ်မရသေး။

တချို့က ကိုယ်ပိုင်ဆေးခန်း၊ တချို့က ကိုယ့်ဆွေမျိုးရှိရာဒေသ၊ တချို့က ကိုယ့်ဇာတိရပ်ရွာသို့ပြန်၍ ဆေးခန်းဖွင့်သူများ၊ တချို့က ရန်ကုန် ဆင်ခြေဖုံးနေရာများမှာ ဆေးခန်းထိုင်သူများကထိုင်၊ တချို့က သမဝါယမ ဆေးခန်းထိုင်သူများဖြင့် သင့်သလိုဖွေရှာ၍ ကိုယ့်အတတ်ပညာကို အသုံးပြုနေကြချိန်မှာ....

ဆု ဘာမှမလုပ်။ ဘာလုပ်ဖို့မှလည်း ဆု မကြိုးစား။

မျှော်လင့်ချက်ရှိလေမှ ကြိုးစားအားထုတ်ရခြင်း၏ အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။

ဆု အနေနှင့် မျှော်လင့်ချက်ဆိုသော ရောင်ခြည်များအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပျောက်သွားခဲ့လေပြီမို့ ဆု တစ်ဘဝလုံး မှောင်ကြီးကျသလို ဖြစ်နေခဲ့ရတာ ကြာပါပြီ။

ချမ်းသာကြွယ်ဝခြင်းနှင့် ပညာတတ်ခြင်းဆိုသော လူ့ဘဝ၏ အခံဆောင်အယောင်များသည် လူသားတစ်ဦး၏ နှလုံးအိမ်ကို အေးငြိမ်းကြည်နူးအောင် စွမ်းဆောင်ပေးနိုင်သော အရာများ မဟုတ်ကြပါလား။

ချစ်ခြင်းမေတ္တာသည်သာ လူသားတို့၏ နှလုံးသည်းပွတ်မှာ သာယာချမ်းမြေ့ ကြည်နူးစေနိုင်သော အရာဖြစ်ကြောင်း ဆု ကောင်းစွာ နားလည်ခဲ့ရပါပြီ။

* * *

ဆု အောက်မှာ ညည်သည်ရောက်နေတယ်။

"ဟင် ... ဘယ်သူလဲ"

"ဆု ဆင်းမတွေ့မှာစိုးလို့ ဘွားဘွားမြတ် ကိုယ်တိုင် လာခေါ်တာ"

"အို"

"သမီးလေးကို မောင်စိုးပြည့်စုံက သိပ်တွေ့ချင်နေရှာတယ်ကွယ်၊ ခဏတော့ ဆင်းတွေ့လိုက်ပါနော်"

မြတ်ဆုမွန် ငြိမ်သက်တွေဝေသွားမိသည်။

သူ့ကို ဆု မမုန်းပါ။ မုန်းစရာလည်း ဘာအကြောင်းမှ မရှိပါ။ သို့သော်လည်း ...

သူ့ဘက်က တောင်းခံလာသောအရာ၊ မျှော်လင့်နေသောကိစ္စကို ဆုအနေနှင့် ပြတ်သားစွာ ငြင်းဆိုပြီးပြီပဲ။

သူ အကြိမ်ကြိမ် ဖုန်းဆက်သည်ကို ရှောင်လွှဲခဲ့ပြီးပြီပဲ။





သူနှင့် တွေ့ဆုံပြောကြားစရာ ဘာအကြောင်းမှ မရှိတော့ပါ။ တွေ့လည်း မတွေ့ချင်ပါ။ သူ တောင့်တ မျှော်လင့်နေသော ဆု၏ မေတ္တာကိုလည်း ဆု တစ်သက်မှာ ပေးဆက်နိုင်တော့မည် မဟုတ်ပါ။

ကိုစိုးပြည့်စုံကိုသာမက ဖြစ်နိုင်ပါလျှင် တစ်လောကလုံးမှ လူအပေါင်းနှင့် ဆု ဘယ်သူ့ကိုမှ မတွေ့ချင်။

ဆု ဘဝသည် တစ်ကြိမ်တစ်ခါမျှ မလှပခဲ့။

"ကဲ ... ထပါကွယ်၊ ဘွားဘွားနဲ့ စကားပြောနေတာတောင် ကြာပြီ၊ သနားပါတယ်၊ တကယ့်ကို စိတ်ထားမြင့်မြတ်တဲ့ လူသူတော်ကောင်းလေးပါ"

အားလုံးသည် စိုးပြည့်စုံဘက်ကချည်းပါလား။

"ကဲ ... လာ ... လာ ... ထ"

အိပ်ရာမှ ဆွဲထူလိုက်ပြီး ...

"ခေါင်းဖြီးဦးမလားဟင်"

"တော်ပါပြီ ဘွားဘွားရယ်"

အသက်ခုနစ်ဆယ်အရွယ် အဘွားကြီး ဒေါ်ခင်ခင်မြတ်က ပြန်ပြီး ဆုကို တယုတယ ဆွဲခေါ်လာခဲ့ရသည်။

ညည့်ခန်းတွင်းမှာ သူ့ကို ပထမဆုံး စတင်ဆုံဖူးစဉ်ကအတိုင်း ရွှေအိုရောင်ကို ဝတ်ထားသည်။ ဘောင်းဘီတော့မဟုတ်၊ ရခိုင်လုံချည် ဖြစ်ပါ၏။

"ဆု နေမကောင်းဘူးလားဟင်"

ကြင်နာစွာကြည့်ပြီး မေးလာသော သတင်းစကား။

"ကောင်းပါတယ်"

"ပိန်သွားလိုက်တာနော်"

ဆု ခေါင်းညိတ်ပြပြီး မကောင်းတတ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုးပြည့်စုံရော အလုပ်ဝင်နေပြီလားဟင်"

"ဟုတ်ကဲ့ ဒေါပုံ သင်္ဘောကျင်းမှာ လေ့လာရေး ဆင်းနေပါတယ်၊ ကျွန်တော် နိုင်ငံခြားသင်္ဘော လိုက်မလားလို့"

"ကောင်းပါတယ် နိုင်ငံခြားဆိုတာ ဒီမှာထက် အစစအရာရာ သာလွန်ကောင်းမွန်လို့သာ သွားကြမှာပေါ့နော်"

ဆု မည်သူ့ကို ရည်ညွှန်းကြောင်း နားလည်သော စိုးပြည့်စုံက ပြုံးလိုက်၏။

ဘွားဘွားမြတ်ကလည်း ဘေးကရပ်၍ပြုံးလျက် …

"ဘွားဘွားလည်း ထိုင်ပါလားခင်ဗျာ၊ ဆုက ကျွန်တော်နဲ့ နှစ်ယောက်တည်း ကျန်ရစ်လျှင် သိပ်စိတ်ကျဉ်းကျပ်နေပါ့မယ်"

"ရပါတယ် ကိုစိုးပြည့်စုံကိုလည်း ဆု အားနာလှပါပြီ၊ ဆက်သွယ်တိုင်း ငြင်းလွှတ်နေမိလို့လေ၊ မထူးတော့ပါဘူး ခုတော့ ပြတ်ပြတ်သားသားပဲ ဆွေးနွေးလိုက်ကြရအောင်ပါလေနော်"

"အေးအေး ပြောကြ၊ ဘွားဘွား ကော်ဖီဖျော်ခိုင်းပြီးမှ လာခဲ့မယ်"

"ဘွားဘွားရေ၊ မုန့်ပါ မမေ့နဲ့နော်"

ဒေါ်ခင်ခင်မြတ် ရယ်မော၍ ထွက်သွားသည်။ သူတို့နှစ်ဦး ဤအတိုင်းအတာအထိ ရင်းနှီးနေကြပြီဆိုသည်ကို ဆု အခုမှ သိခွင့်ရသည်။ ဘယ်အချိန်ကများ အဆက်အသွယ် ရနေကြပါလိမ့်။

"ဆု"

"ဟုတ်ကဲ့ ပြောပါ"

"ကျွန်တော် နိဒါန်းမပျိုးဘဲ တဲ့တိုးပဲပြောမယ်၊ ကျွန်တော့်ရှေ့မှာနေရတာ စိတ်ညစ်နေတယ်ဆိုတာ သိတယ်လေ"





"ဒီလောက်တောင်လည်း မဟုတ်ပါဘူးလေ၊ ပြောမယ်ဆိုတာသာ ပြောပါ"

"ဆုရဲ့ဦး ရှိနေတယ်၊ ဆုကို စောင့်နေတယ်"

"ဘာ"

တောင်စဉ်ခုနစ်ထပ်မှ လိမ့်ကျလာရသူ တစ်ယောက်၏ ခံစားမှုမျိုးလို …

"ဆုနဲ့ ဆုရဲ့ ဦးရဲ့အဖြစ်ကို ကျွန်တော် ကိုယ်တိုင် ရင့်နင့်လာဘာနဲ့ အခု ကိုယ်တိုင်လာပြီး ဖွင့်ပြောတာပါ"

စိုးပြည့်စုံ၏ အပြုံးက ကြည်လင်သန့်စင်လွန်းလှချေသည်။

"ဦးရဲ့ အဖြစ်ကလည်း တကယ်သနားစရာပါဗျာ"

ဆုထံမှ စကားသံတစ်ခွန်းမှ ထွက်မလာ။ ဆု တစ်ယောက် ကျောက်ရုပ်တစ်ရုပ် ဖြစ်သွားသလား ထင်ရသည်။

"ဆု ဘာကြောင်နေတာလဲဟင်"

"မယုံနိုင်လို့"

"ဗျာ"

"အခု ကိုစိုးပြည့်စုံ ရောက်လာတယ်ဆိုတာ တကယ်ပါနော်"

"ဗျာ"

"အို … ဆု ဘာပြောရမလဲ၊ ယုံကြည်ချင်လွန်းလို့ မယုံကြည်နိုင်တာပါ၊ တ … တကယ်လားဟင်"

"တကယ်ပါ၊ ဦး မြန်မာပြည်မှာ ကျန်ရစ်ပါတယ် ဆု"

"ခု … ခု … ဘယ်မှာလဲဟင်"

"ရှိတယ်ဟေ့ ရှိတယ်၊ သူ ရှိနေတာ ဆု မသိပါစေနဲ့ဆိုလို့ ဘွားဘွားမြတ်တို့ကပါ ဝိုင်းလိမ်ထားကြရတာ၊ သူ အလုပ်က ထွက်ခွင့်မရဘူး၊ အစိုးရက ထွက်ခွင့်မပေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားရေ အမြန်ဆုံး ရှင်းပြမှပဲ၊ တော်ကြာ ဆု သိပ်ကြောင် သွားပြီး ဦးဆီ မရောက်ဘဲ စိတ်ရောဂါကုဆေးရုံ ရောက်သွားပါဦးမယ် ဗျာ"

"အေး ... ဒါကြောင့် မင်းကို ဘွားဘွား ပြောခဲ့တာပေါ့၊ ဆုရဲ့ အခြေအနေဟာ မလွယ်ဘူးလို့၊ ကြာလျှင် လွမ်းဖျားလွမ်းနာကျပြီး ..."

"ဟုတ်တယ် ဘွားဘွား၊ ဟိုမှာလည်း ဒီလိုပဲ"

"အို ... ဘာတွေလဲ၊ ဘာပြောနေကြတာလဲ၊ ဆု ... ဆု အမြန်ဆုံး သိပါရစေ"

"သိရမယ် ဆုရေ၊ ဦးရဲ့ အကြောင်းစုံကို ဘွားဘွားက အလျင် ပြောပြလိုက်ပါ"

ဆု ဆတ်ခနဲနေအောင် ဘွားဘွားဘက်သို့ လှည့်လာမိ၏။

"ဒီလို သမီးရေ၊ သူတို့လင်မယား ဒီအိမ်လာတဲ့နေ့က သမီးနဲ့ မောင်တိုးလွင်ဦး အပေါ်ထပ်မှာ ဆွေးနွေးကြတယ် မဟုတ်လား၊ အဲဒါ ကို ဒေဝဏ္ဏရာက အမှတ်မဲ့တက်လာရင်း သမီးတို့နှစ်ယောက် ငိုနေကြ တာကိုမြင်တာနဲ့ ပြန်ဆင်းပြေးလာပြီး အိမ်ရောက်တော့ သူ့အမေကို ပြန်ပြောသတဲ့"

"အို"

"အဲဒီတော့ တိုတိုပြောရင် မိုနီကာက စွပ်စွဲရော"

"အမလေး"

"မပူပါနဲ့ အဲဒီကိစ္စကို သူ့အသက်နဲ့လဲပြီး သစ္စာပြုရဲပါတယ် ဆုနဲ့ တိုးလွင်ဦး ဘာမှမဖြစ်ကြပါဘူးလို့ ဒေါ်သက်စုက ကျိန်စာတိုက် ပြီး ပြောပေးပါတယ်တဲ့"

"ဒုက္ခပါပဲ"





"မဒုက္ခနဲ့၊ အရက်မူးတော့ ကျွဲခိုးပေါ်ဆိုသလို မိုနီကာကလည်း အမောက်ထောင်ပြတယ်လေ၊ သူ့သမီးကြောင့် ပြန်လာတာ၊ ရှင့်လိုလူမျိုး ကို ဂရုမစိုက်ဘူး ဘာညာပေါ့"

"အို ... ဆုအတွက်နဲ့"

"မဟုတ်သေးပါဘူး ဆုရဲ့၊ ဘာလို့ငိုရတာလဲဗျာ၊ ဘွားဘွား ပြောတာ ဆုံးအောင်နားထောင်လိုက်ပါဦးလေ၊ ပြီးတော့မှ ကျွန်တော် ပြောပါ့မယ်"

မြတ်ဆုမွန် နှုတ်ခမ်းကို တင်းကျပ်စွာ ဖိကိုက်ထားသော်လည်း မျက်ရည်က မရပ်တန့်။

"မိုနီကာက သူ့ကိုကြိုက်နေတဲ့ ဩစတြေးလျရောက် ဆံရာဝန် တစ်ယောက် ရှိတယ်ဆိုပြီး သူ့ပြဿနာကိုလည်း ရင်ဖွင့်သတဲ့"

"အဲဒါ ပေါက်ကွဲတာလည်း ပေါက်ကွဲတာပဲ"

"ဟင်"

"အမိက ကျွန်တော် သိရတာက ဦး အလုပ်က ထွက်ခွင့်မရ ဘူး၊ ဘွဲ့လွန်တစ်ခုရထားတဲ့ ဆရာဝန်မို့လည်း ထွက်ခွင့်မပေးတာ သဘာဝကျပါတယ်"

"ဦး ကိုယ်တိုင်ကလည်း အလုပ်က လုံးဝမထွက်ချင်ဘူး၊ မြန်မာပြည်ကို မစွန့်ခွာလိုဘူး၊ နိုင်ငံခြားကို အထင်မကြီးဘူး"

"ဟုတ်တယ် ဒါတော့ ဆုကို ဦး အမြဲပြောနေကျပါ"

"ဒီလိုနဲ့ မိုနီကာက ကြာကြာမစောင့်နိုင်ဘူးဆိုပြီး ပြန်သွား လိုက်တာ"

"ညီမလေးရော"

"ပါသွားတယ်လေ"

ဆု ရင်ထဲမှာ ဟာကျသွားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



“လေယာဉ်ကွင်း ဘွားဘွားတို့ လိုက်ပို့တဲ့နေ့က ဒေဝဣရာက ပျော်လို့ ရွှင်လို့ပါ၊ ကလေး မဟုတ်လား၊ နိုင်ငံခြားလည်း သွားရမယ်၊ အမေနဲ့လည်း လိုက်ရမယ်၊ ဟိုမှာ အဘိုးအဘွားတွေလည်း ရှိနေတယ် ဆိုတော့ ကလေးက ပျော်နေတာပေါ့”

“ဦးနဲ့ ခွဲရတာကျတော့ရော၊ သူတို့သားအဖက သိပ်ချစ်ကြတာ”

“ဒေဝဣရာက သိတတ်နေပြီပဲ၊ သူ့**အဖေ** အလုပ်ထွက်ခွင့်မရတာ သိတယ်လေ၊ ထွက်ခွင့်ရပြီးတာနဲ့ လိုက်လာမယ်ဆိုတာလည်း သူက ယုံကြည်နေတော့ ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ အဖေကိုနမ်းပြီးမှ လေယာဉ်ပေါ် တက်သွားတာ”

“ဦး သိပ်ခံစားရမှာပဲ”

“ဟုတ်တယ်၊ လေယာဉ်ထွက်မှ သူ့သမီးလေးအတွက် အကြာကြီး ရှိုက်ရှိုက်ပြီးငိုနေလို့ တို့များ မနည်းပြန်ခေါ်ခဲ့ရတာ”

သမီးကို ချစ်ရှာလွန်းသော ဦး၏ အကြောင်းကို သိရှိပြီးမို့ ရင်၌နင့်သွားအောင် ဆု ခံစားလိုက်ရသည်။

“ပြီးတော့ တို့များ အားလုံးကို ကတိတစ်ခုတောင်းလို့ ပေးခဲ့ရတယ်လေ၊ ဒါကြောင့် ဘွားဘွား ပြန်လာတော့ မျက်နှာမကောင်းတာပေါ့”

“ဘာကတိလဲဟင်”

“သူ မြန်မာပြည်မှာ ကျန်ရစ်တာ ဆု မသိစေရပါဘူးဆိုတဲ့ ကတိပဲ”

ဆုသည် တောင့်မတ်တည်ငြိမ်စွာ ထိုင်နေသည်။ ဆု အသက်မှ ရှူနေရဲ့လားမသိ။





ဒေါ်ခင်ခင်မြတ်က စိုးပြည့်စုံကို ကော်ဖီနှင့်မုန့် စားရန် ပြောကြားပြီးချိန်မှ …

“နေပါဦး သူတို့ သွားကြတာ သုံးလကျော်ပါပြီ၊ အခုမှ ဘာလို့ ဆုကို သိခွင့်ပေးကြတာလဲဟင်”

“ဒါက ဒီလို ဆု”

“မိုနီကာကလည်း နဂိုကတည်းက ဟိုမှာစိတ်သန်နေတဲ့ မိန်းမ၊ တိုးလွင်ဦးကလည်း အလုပ်က ထွက်ခွင့်ရအောင် ဘာမှဆက်မလုပ်တော့ဘဲ ဆေးခွင့်ပဲ ယူထားလိုက်တယ်လေ”

“အခု မိုနီကာက တိုးလွင်ဦးဆီ လှမ်းပြီး ကွာရှင်းစာတောင်းလို့ ပေးလိုက်ပြီးပြီတဲ့၊ မိုနီကာနဲ့ ဟိုက အထူးကုဆရာဝန် တစ်ယောက်နဲ့ လက်ထပ်ကြတဲ့ ဓာတ်ပုံတွေတောင် ပို့လိုက်ပြီလေ”

“အို … ကလေးတော့”

“ပျော်နေပါသတဲ့ကွယ်”

“ကဲ … ဘွားဘွား၊ ကျွန်တော်တို့ရဲ့ ရှင်းလင်းပွဲကြီး ရပ်ကြပါစို့ဗျာ၊ လာ … သွားမယ် ဆု”

“ဟင် … ရှင် … ဘယ်ကိုလဲ”

“ဦးဆီကိုလေ”

“အို”

“အိုမနေနဲ့၊ ငါ့မြေးတို့ နှစ်ယောက်ရဲ့အဖြစ်ကို ဘယ်သူမှ မကြည့်ရက်နိုင်တော့ဘူး၊ နှစ်ယောက်လုံး လူထဲသူထဲလည်း မထွက်ကြတော့ဘဲ အိပ်ရာထဲမှာပဲနေကြတော့ ကြာလျှင် ဆေးရုံပို့ရတော့မယ်လေ၊ ဒါကြောင့် ဘွားဘွားတို့ကပါ သဘောတူလိုက်ရပြီပေါ့”

“လာလေ ဆု”



www.burmeseclassic.com

www.burmeseclassic.com



"အို … နေဦး၊ ဆု … ဆု အဝတ်အစား သွားလဲလိုက်ဦးမယ်လေ"

စိုးပြည့်စုံနှင့် ဆင်းတွေ့ခါနီးက အလှပြင်ဖို့ဝေးလို့ ခေါင်းပင်မဖြီးချင်ဟုဆိုသော ဆု၊ ယခုတော့ …

* * *

"အချစ်ဆိုတဲ့ ခံစားမှုဟာ လူသားရဲ့ နှလုံးအိမ်မှာ စိုးမိုးပုံတွေဟာ သိပ်ပြီးဆန်းပြားပါတယ် ဆုရယ်"

"ကျွန်တော် ဆုကို သိပ်ချစ်တယ်"

"ဆုက ကျွန်တော့်ကို မချစ်ဘူးဆိုတာ သိလျက်နဲ့လည်း ဆုကို မျှော်လင့်နေမိတာပဲ"

"ဆုကို ပိုင်ဆိုင်ချင်တယ်၊ ရယူချင်တယ်၊ ဒါကြောင့် ဆုအကြောင်းကို အမြဲမပြတ် စုံစမ်းလေ့လာတဲ့အခါမှာ ဆုနဲ့ ဦးတို့ရဲ့ အတုမဲ့ မေတ္တာတရားကို ကျွန်တော် ရှာဖွေတွေ့ရှိလာခဲ့ပါတယ်"

"ကျွန်တော် လိုက်မမီနိုင်လောက်တဲ့ အချစ်မျိုးတွေနဲ့ ချစ်ကြတဲ့ ချစ်သူနှစ်ဦးဆိုတာ သိလာတာနဲ့အမျှ …"

"ဆုကလည်း ဟောက်(စ်)ပြီးကတည်းက ဘယ်မှမထွက်"

"ဦးကလည်း ဆေးခွင့်ယူပြီး အိမ်လေးထဲမှာပဲ နေနေကြတော့ ဆုတို့အဖြစ်ကို ကျွန်တော် ရင်နင့်လာတယ်၊ သနားလာတယ်၊ ကျွန်တော့်ဘက်က တစ်စုံတစ်ခုသော အတိုင်းအတာအထိ စွန့်လွှတ်ပေးပြီး ဆုတို့နှစ်ဦးရဲ့ စိတ်ချမ်းသာမှုကို ဖြည့်ဆည်းပေးချင်တဲ့ စေတနာတွေဝင်လာတာနဲ့ ကျွန်တော် ဦးကို သွားတွေ့ခဲ့ပါတယ်"

စိုးပြည့်စုံသည် ကားမောင်းလာရင်းမှ ဘေးက ပါလာသော ဆုကို တည်ငြိမ်သောမျက်နှာနှင့် ရှင်းပြနေရှာသည်။





"ဦးကလည်း ဆုကို မပိုင်ဆိုင်ရက်ပါဘူး၊ မင်းနဲ့ပဲ ထိုက်တန်ပါသတဲ့"

"တစ်ခါ ဘွားဘွားတို့နဲ့ ဆွေးနွေးတော့လည်း မပေးစားနိုင်ပါဘူးတဲ့"

"နောက်ဆုံးတော့မှ ဆုတို့နှစ်ယောက် ခုလို ကြာရှည်ထားလျှင် အလွမ်းရောဂါကနေ ကိုယ်ခန္ဓာရောဂါတွေ ရလာကြတော့မယ်ဆိုတာ သိလာကြတယ်လေ၊ ပြီးတော့ ဒေါ်မိုးနီကာရဲ့ ကွာရှင်းစာနဲ့ သူ လက်ထပ်ပြီးတဲ့ ဓာတ်ပုံတွေ တွေ့ကြတော့မှ ဦးကရော ဘွားဘွားတို့ကပါ ကျွန်တော့်ရဲ့ အကြံပြုချက်နဲ့ ကြိုးစားချက်ကို လက်ခံလာကြတာပါ"

"ကိုစိုးပြည့်စုံရယ်၊ ကျေးဇူးတင်တဲ့စကားကို ဆု ဘယ်လိုစကားလုံးမျိုးနဲ့ ပြောရမှန်းတောင် မသိတော့ပါဘူးရှင်"

"မလိုပါဘူး၊ ဘာမှမလိုပါဘူး ဆု၊ ဆုနဲ့ဦး ပျော်ရွှင်မှုကို ပေါင်းဆက်ပေးရလျှင်မဲ့ ကျွန်တော် ဝမ်းသာကျေနပ်နေပါပြီ၊ ဆုကို ကျွန်တော်က သိပ်ချစ်ခဲ့တယ် မဟုတ်လား"

"ဆု တစ်ဘဝတာလုံး ပျော်နေရှာမယ်ဆိုတဲ့ အသိနဲ့ပဲ ကျွန်တော် တစ်သက်လုံး ကြည်နူးနေပါ့မယ် ဆုရယ်"

ဦးထက် ငယ်ရွယ်သူက လူကြီးနေရာဝင်ပြီး ကူညီပေးနေရှာသည်။ မြင့်မြတ် ပြည့်ဝလွန်းသော သဘောထားပိုင်ရှင် စိုးပြည့်စုံကို သေသေချာချာ လှည့်ကြည့်မိရင်းက …

"ဆုကို ခွင့်လွှတ်ပါ ကိုစိုးပြည့်စုံရယ်"

"ခွင့်လွှတ်ရုံမက ကြည်နူးဝမ်းသာစိတ်နဲ့ ဆောင်ရွက်ပေးတာပါဗျာ"

"ကိုစိုးပြည့်စုံကို ဆု တကယ်ပဲ လေးစားပါတယ်ရှင်"

"ကောင်းပါပြီ ဆု၊ ကိုယ့်ချစ်သူရဲ့ စိတ်ချမ်းသာမှုကို ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရွက်ပေးနိုင်ခြင်းဟာ အမြင့်မြတ်ဆုံးသော ချစ်ခြင်းမေတ္တာပါ ဆိုတဲ့ ခံယူချက်နဲ့ ကျွန်တော် ခုလို ဆောင်ရွက်ပေးတာပါပဲ ဆု"

"ဆုကို ခွင့်လွှတ်ပေးပါရှင်"

"ဒါတွေပြောဖို့ မလိုအပ်တော့ပါဘူးလေ ဆုရယ်၊ ရှေ့ခြံမှာ ဦး ရှိနေပါတယ်"

"အို ... စကားပြောလာလို့ မကြည့်မိဘူး၊ ကြည့်စမ်း ဒါ ... ဦးရဲ့အိမ်မှာ မဟုတ်ဘဲ"

"ကဲ ... ရောက်ပြီ၊ ဆု ဆင်းတော့၊ ဟိုက စာတန်းကို ကြည့်လိုက်စမ်း ဆု"

**"စံပယ်လှိုင်ခြံ"**

**"မြတ်ဆုမွန်ဂေဟာ"**

ကားပေါ်မှဆင်းပြီး ဆင့်ထားသော စာတန်းလေးနှစ်ခုကို ဖတ်နေဆဲ ကိုစိုးပြည့်စုံ၏ ကားက လှည့်ကွေ့သွားတော့သည်။

အပြုံးတွေဝေနေသည်နှင့်အမျှ မျက်ဝန်းတွေပါ ဝေသီနေရှာသည့် ကိုစိုးပြည့်စုံရယ်လေ။

ကျေးဇူးရှင်ကို ကျေးဇူးတင်စကားပင် ပြည့်ဝစွာ မပြောလိုက်ရ သူကိုယ်တိုင်က ပြောခွင့်ပေးမသွားခဲ့ခြင်းပါ။

"စံပယ်လှိုင်ခြံ"

"မြတ်ဆုမွန်ဂေဟာ"

ဟူသည် ဝင်ဒါမီယာမှ မေမေ ဒေါ်စံပယ်လှိုင် ငယ်စဉ်က နေခဲ့ရသော ခြံလေး။ ယခု မြတ်ဆုမွန် ပိုင်ဆိုင်ခွင့်ရခဲ့သည့်မြေ။

တစ်ခြံလုံး စံပယ်တွေနှင့် ပွင့်ဝေနေခဲ့လေပြီ။

သင်းမြရင်အေးဖွယ် စံပယ်ရနံ့တို့သည် တစ်ခြံလုံး လှိုင်နေ၏။

စံပယ်ပွင့်များကို မခူးဆွတ်၍ တစ်ခင်းလုံး ဖွေးဖွေးလှုပ်အောင် ဖြူဖွေး မွေးမြနေသော စံပယ်ခင်းလေးရှေ့ အရောက်တွင် ...





"အား"

ခရေပင်ကြီးအကွယ်မှ ရုတ်တရက် ထွက်လာပြီး အားပါးတရကြီး လှမ်းဖက်လိုက်လေသော ဦးရယ်လေ။

"ဆု ... ဆု ... ဦးရဲ့ ဆုလေးရယ်"

ဦး၏အသံတွေ တုန်ပြီး မျက်ရည်တို့ စီးစိမ့်လာ၏။

ရင်ကွဲမတတ် ချစ်ရလွန်းသူတို့ ကွဲကွာရာမှ ပြန်လည်ဆုံတွေ့ရလေတိုင်း မျက်ရည်နှင့် ဆုံဆည်းဖြစ်ကြသည်သာ။

"ဦးရယ် ဆုကို ပစ်ထားတယ်"

ဆုသည်လည်း ရှိုက်ငင်တကြီး ငိုကြွေးလျက်။

ဝမ်းသာရလွန်းသော ခံစားမှုဝေဒနာ၏ သင်္ကေတ မျက်ရည်ပွင့်လေးများပင် ထင်သည်။

"ဆု ... ဆုလေးရယ်၊ ဦး သိပ်ချစ်ရတဲ့ ကလေးရယ်"

ဆု၏ တစ်ကိုယ်လုံး ကြေသွားမတတ် ဖက်ပိုက်ရင်း စံပယ်ခင်းလေးပေါ်သို့ ထိုင်ချလိုက်ကြသည်။

"ဦး ဆုကို ဘာလို့ အကြာကြီးပစ်ထားရတာလဲဟင်၊ ဥပေက္ခာလွင်ပြင်မှာ ဘာလို့များ ပစ်ထားရတာလဲ ဦးရယ်"

ဦးက ဖြေလည်းမဖြေ၊ ဆုကိုလည်း စကားပြောနိုင်ခွင့် ပိတ်ပင်လိုက်လေပြီ။

သူတို့ အောက်ခြေဆီမှ မရေမတွက်နိုင်အောင် များပြားလှသော စံပယ်ပွင့်လေးများထက်ပင် ပိုမိုများပြားစွာ ဦး၏ အနမ်းပွင့်များက ဖူး၊ နှုတ်ခမ်း၊ ပါးပြင်၊ လည်ပင်းပါမကျန် နေရာအနှံ့ တရစပ်။

"ဦး"

"ဗျာ ... ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးနဲ့ ဆုတို့ ဘယ်တော့မှ မခွဲတော့ဘူးနော်၊ ပြီးတော့ ဒီအိမ်လေးမှာပဲ ဆု နေချင်တယ်"

"ဟိုအိမ်မှ မရှိတော့တာ၊ ဦး ခုဒီမှာပဲနေတာ၊ ဦးနဲ့ ဆုလည်း ဟောဒီ စံပယ်ပွင့်လေးတွေကြားမှာ နေကြမယ်လေ၊ ပြီးတော့ ကလေးကို ဦးရဲ့ ရင်ခွင်ထဲမှာပဲ ထည့်ထားတော့မယ်"

"သွား ဘာကလေးလဲ"

"ဟာ ... ဆုဟာ ဦးအတွက် ထာဝရ ကလေးပဲလေ၊ ဦးရင်ထဲက နှလုံးသားလေး အပြင်ရောက်နေတဲ့ ရင်သွေးမို့ ကလေးလို့ ခေါ်တာ ဘာဖြစ်ရပြန်တာလဲဗျ"

"ကလေးဆို မချစ်တတ်ဘူး၊ ဒီမှာက ... ဒီမှာက သေမတတ်ချစ်တတ်နေပြီရှင့် သိရဲ့လား"

ဒေါက်တာ တိုးလွင်ဦးထံမှ တစ်ကြိမ်တစ်ခါမျှ မကြားဖူးသော လွင်ကြည်လွန်းသည့် ရယ်သံကြောင့် စံပယ်ပွင့်လေးများပင် လန့်ကုန်ကြလေမလား မသိ။

"ဦး"

"ကလေး"

"ကြည့် ... လုပ်ပြန်ပြီ"

"မှားလို့ မှားလို့၊ ကဲ ... ကဲ ... ပြန်ခေါ်"

"ဦး၊ ဆုရဲ့ ... ဦး၊ အချစ်ဆုံး ... ဦး၊ အချစ်ဦး ... ဦး"

"အို ... ဆုဆိုတဲ့ ဦးရဲ့ အချစ်ဆုံးရယ် ကဲဗျာ ကဲဗျာ"

ပြုံလဲလာသော အချစ်ဆုံးနှစ်ယောက်၏ အောက်မှာ စံပယ်ပွင့်လေးများ ပြွားပြွားဝပ်စွာ ငြိမ်သက်နေကြရပါ၏။

ကလျာ (ဝိဇ္ဇာ–သိပ္ပံ)

၁၁–၁၁–၁၉၉၆



www.burmeseclassic.com